၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် ၊ ကြာသပတေး၊ (မေ ၁၀ ၊ ၂၀၁၂)




မော်ဒယ်မြင့်ကားများ ပိုများလာတော့မည်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပါမစ်မလိုဘဲကားသွင်းနိုင်ပြီ

## ပိတ်သိမ်းခံခဲ့ရသော အသက်မွေးဝမ်းကျောင်းဆိုင်ရာလိုင်စင်များ သတ်မှတ်ချက်နှင့်ကိုက်ညီလျှင် ပြန်လည်ထုတ်ပေးမည်

**သီဟ**

**ရန်ကုန်၊ မေ-၂**

ယခင်ကာလများက နိုင်ငံရေးနှင့် ဆက်နွှယ်၍ ပိတ်သိမ်းခံခဲ့ရသော ဆေးကုသခွင့်လိုင်စင်များ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းလိုင်စင်များ၊ ရှေ့နေလိုင်စင်များအား သက်ဆိုင်ရာပုဂ္ဂိုလ်များက ကိုယ်တိုင်ပြန်လည် လျှောက်ထားလာပါက သက်ဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကာ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်၊

စာ(၁၂)သို့

## ကားပါမစ်ကိုင်ထားသူများ အထိနာ

**သတင်းအဖွဲ့**

**ရန်ကုန်၊ မေ - ၇**

ကားတင်သွင်းခွင့် မူဝါဒသစ်ကြောင့် ကားသွင်းခွင့်ပါမစ်များစွာ ဝယ်ယူထားသော လုပ်ငန်းရှင်များ ဆုံးရှုံးမှုများခဲ့ကြောင်း သတင်းရရှိသည်။

အချပ်ပို(D)သို့

## ကျပ်သိန်း၁၀၀ရှိလျှင် ၂၀၀၇မော်ဒယ်အထက် ဂျပန်ကားတစ်စီးဝယ်နိုင်

**အောင်သူရကိုကိုကြီး**

**နေပြည်တော်၊မေ-၇**

ပါမစ်မလိုဘဲ နိုင်ငံသားတိုင်းကို ကားတင်သွင်းခွင့်ပြုသော အစီအစဉ်ကြောင့် ငွေကျပ်သိန်းတစ်ရာဝန်းကျင်ဖြင့် ဂျပန်နိုင်ငံထုတ် ၂၀၀၇ မော်ဒယ်အထက် အင်ဂျင်ပါဝါ ၁၃၅၀စီစီ ကားတစ်စီးဝယ်စီးနိုင်ပြီဖြစ်ကြောင်း ကားအရောင်းပြခန်းဖွင့်လှစ်ရောင်းချသူများကပြောသည်။

"CIF( ဆိပ်ကမ်းရောက်တန်ဖိုး)၅၀၀၀ တန်ဖိုးကျတဲ့ ၁၃၅၀စီစီအင်ဂျင်ပါရှိတဲ့ ကားတစ်စီးကို လက်ရှိဒေါ် လာဈေးနဲ့တွက်ရင် ကညနရော၊ ဘဏ္ဍာအခွန်အတွက်အခွန်ဆောင်ပြီးသိန်းတစ်ရာဝန်းကျင်ပဲကျတယ်"ဟုမျိုးမော်တာဆားဗစ်ကားအရောင်းပြခန်းမှ တာဝန်ရှိသူကတွက်ပြသည်။

စာ(၃)သို့

SPECIAL REPORT

## ပို့ကုန်ရငွေရဲ့နိဂုံးလား

**အားမာန်**

"ပို့ကုန်ရငွေ(Export Earning)ဆိုတာ မရှိတော့ဘူး။ နိုင်ငံခြားငွေလဲနှုန်း ပေါင်းစည်းရေးလုပ်ငန်း ဆောင်ရွက်နေတယ်ဆိုတာ ငွေလဲနှုန်းက ဟိုတစ်မျိုး ဒီတစ်မျိုးမရှိရဘူး"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦး ပြောစကားဖြစ်သည်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလဲနှုန်း တည်ငြိမ်ရေးနှင့် နိုင်ငံခြားငွေလဲနှုန်းပေါင်းစည်းရေးအတွက် ဆောင်ရွက်နေမှုများကြောင့်

အချပ်ပို(B)သို့

## တရုတ်လုပ်ငန်းရှင်များ မော်ဘီ၊ တိုက်ကြီးမြို့နယ်မှ လယ်ကေသုံးသိန်း ငှားရမ်းလုပ်ကိုင်ခွင့် ကမ်းလှမ်း

**သန်းငွေး**

**ရန်ကုန်၊ ဧပြီ- ၁၇**



တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များက မော်ဘီနှင့်တိုက်ကြီးမြို့နယ်များအတွင်းရှိ လယ်မြေဧက သုံးသိန်းတွင် တစ်ဧကလျှင်စပါးတင်း ၂၀၀ ကျော် အာမခံစိုက်ပျိုးရန် ကမ်းလှမ်းထားကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက ပြောသည်။

"သူတို့က တရုတ်ပြည်မှာ တစ်ကေတင်း ၂၅၀ ထွက်အောင် စိုက်ထားတာ ကျွန်တော်တို့ကို ခေါ်ပြတယ်။ အဲဒီလယ်တွေကို နှစ် ၃၀ ပေးပါလို့ တောင်းတယ်။ ကျွန်တော်က မပေးနိုင်ဘူးလို့ပြောလိုက်တယ်။

စာ(၁၂)သို့




7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# တိုင်းရင်းသားဒေသအချို့တွင် ကလေးများ၏ဝင်ငွေက မိသားစုအတွက် အရေးပါ

**ထူးသန့်**

**နေပြည်တော်၊ မေ-၃**

ကလေးငယ်များ၏ လုပ်ငန်းခွင်မှ တစ်နေ့တာ ရရှိသည့် ဝင်ငွေမှာ ကျပ် ၁၀၀၀ မှ ၂၅၀၀ အတွင်းရှိနေပြီး အဆိုပါ ပမာဏမှသည် မိသားစုဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိကာ လစ်လျူရှုဖို့ ခဲယဉ်းလျက်ရှိကြောင်း Save The Children အဖွဲ့၏ တိုင်းရင်းသားဒေသအချို့တွင် အလုပ်လုပ်သူ ၃၀၀ကျော်ကို မေးမြန်းကောက်ယူခဲ့သော စစ်တမ်းတွင် ပါရှိသည်။

ကလေးငယ်များ ဝင်ငွေရှာရခြင်းကို မွန်ပြည်နယ်ရှိ သထုံမြို့နယ်တွင် အများဆုံးတွေ့ရှိခဲ့ရပြီး ယင်းအခြေအနေနှင့် ပတ်သက်၍ “ကလေးတွေအလုပ်လုပ်နေရတာကို ထင်ထားထက်ပိုတွေ့ရတယ်။ ဒါကို မိဘတွေကလည်း ခိုင်းနေကြတယ်။ ဒီလိုခိုင်းမှလည်း စားဝတ်နေရေး ဖူလုံတယ်လို့ ပြောကြတယ်။ ကလေးတွေကတော့ သူတို့ရှာရတဲ့ငွေကို မိဘတွေက အရက်သောက်၊ လောင်းကစားခြင်းများဖြင့် ဖြုန်းပစ်တယ်လို့ပြန်ပြောကြတယ်” ဟု Save The Children မှ ကလေးသူငယ်ကာကွယ်ရေးနှင့် အခွင့်အရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာဒေးဗစ်က ပြောကြားသည်။

ကရင်ပြည်နယ်၊ ဘားအံဒေသအတွင်း ကောက်ယူခဲ့သော စစ်တမ်းများတွင်မူ ကလေးများမှာ ကော်ပစ္စည်းကောက်ခြင်းဖြင့်ဝင်ငွေရှာဖွေလျက်ရှိပြီး၊ ၎င်းတို့မှာလည်း ပစ္စည်းအဝယ်ဆိုင်များ၏ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ မိဘများ၏ အကြပ်ကိုင်စေခိုင်းခြင်း၊ ပတ်ဝန်းကျင်၏ ကဲ့ရဲ့နှိမ့်ချမှုများ ခံစားရလျက်ရှိကြောင်း သိရသည်။ ၎င်းဒေသတွင် ကလေးများ အသက် ၁၅ နှစ်မပြည့်ခင်၌ပင် အိမ်ထောင်ပြုမှုများရှိနေပြီး အများဆုံး အိမ်ထောင်ပြုကြသည့် အရွယ်အပိုင်းအခြားမှာ အသက် ၁၆ နှစ်မှ ၁၈ နှစ် အကြားဖြစ်ကြောင်း စစ်တမ်း၌ ဖော်ပြထားသည်။

ရှမ်းပြည်နယ် နမ့်ခမ်းဒေသမှ ကလေးများမှာမူ ထိုကဲ့သို့ ဝင်ငွေမရှာရသော်လည်း မိဘများနှင့် ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးသုံးစွဲမှုများ ယဉ်ပါးနေ၍ ကလေးများ ပညာရေးတွင် စိတ်မဝင်စားဘဲ မူးယစ်ဆေးဝါးနှင့် အပျော်အပါးဘက် ယိမ်းနေကြောင်း တွေ့ရသည်ဟု ဆိုသည်။ မစ္စတာဒေးဗစ်ကမူ “ကလေးတွေက အလုပ်လုပ်ဖို့မဟုတ်ဘူး။ စာသင်ခြင်း၊ ကစားခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာသာ ရှိနေသင့်တယ်။ ဒါကိုဝိုင်းဝန်းလုပ်ဆောင်သင့်တယ်” ဟု သုံးသပ်ပြောကြားသည်။

အဆိုပါအဖွဲ့မှ စီမံကိန်းအကြံပေး ဒေါ်ကြည်ကြည်စိမ်းကလည်း “၉၀ ရာခိုင်နှုန်းသော မိဘတွေက ကလေးတွေအလုပ်လုပ်တာကို မိဘကျေးဇူးဆပ်တယ်လို့ ပြောကြတယ်။ ဒါက ၁၈ နှစ်မဟုတ်ဘူး။ ၁၃/၁၄ နှစ်အရွယ်လေးတွေဖြစ်တယ်။

စာ(၁၂)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**မိသားစုကို ကူညီဈေးရောင်းပေးနေသော ကလေးငယ်တစ်ဦး**

## ပါတီလေးခုမှ ကိုယ်စားလှယ်ခုနစ်ဦး ဂျာမနီသို့လေ့လာရေးခရီးသွား

**အောင်သူရ**

**ရန်ကုန်၊ မေ-၅**

နိုင်ငံရေးပါတီလေးခုမှ ကိုယ်စားလှယ်ခုနစ်ဦးသည် ဂျာမနီနိုင်ငံသို့ လေ့လာရန် ၁၀ ရက်တာခရီးစဉ် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

“ကျွန်တော်တို့ပါတီက ဒေါက်တာလှမြတ်သွေးနဲ့ ဦးမင်းဦးပါသွားတယ်။ ဂျာမန်အင်န်ဂျီအိုတစ်ခုက ဖိတ်တာပါ” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောသည်။

အဆိုပါခရီးစဉ်သို့ ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်သုံးဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီပါတီ (ကျားဖြူပါတီ)မှ ဦးစိုင်းအိုက်ပေါင်းနှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်တို့ လိုက်ပါသွားကြသည်။

အဆိုပါကိုယ်စားလှယ်သည် မေလ ၅ ရက်မှစ၍ ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ပြီး ၁၀ရက်ခန့်ကြာမြင့်မည်ဖြစ်ကာ ဂျာမနီနိုင်ငံလွှတ်တော်သို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဧပြီလဆန်းပိုင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်အမတ်သုံးဦးနှင့် ကိုယ်စားလှယ်တစ်ဦးတို့သည် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီတက်တက္ကသိုလ်သို့ နှစ်ပတ်ကြာသွားရောက်လေ့လာနေကြသည်။




7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မျက်နှာဖုံး-ပါမစ်မလိုဘဲ ကားသွင်းနိုင်ပြီ မှ

အဆိုပါကားအမျိုးအစားအတွက် အစိုးရကတရားဝင်သတ်မှတ်ထားသော အခွန်မှာ Custom Duty အတွက် ဆိပ်ကမ်းရောက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းနှင့်ကော်မာရှယ် Tax အဖြစ် ၂၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ကာ ကညနသို့ ၅၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ညွှန်ကြားချက်ဖြင့် မေလ ၉ရက်နေ့မှစ၍ မှတ်ပုံတင်ကိုင်ဆောင်ထားသောနိုင်ငံသားများအား ကားဝယ်နိုင်သောငွေကြေးရှိရုံဖြင့် ၂၀၀၇ ခုနှစ်မော်ဒယ်အထက်ကားများအား တင်သွင်းခွင့်ပြုမည်ဟု စီးပွားရေးကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကမေလ၇ရက်နေ့ တွေ့ဆုံပွဲတွင် ပြောသည်။

"ဘယ်မောင်းညာမောင်းမလိုဘူး။ ၂၀၀၇မော်ဒယ်အထက်ကြိုက်တဲ့ ကားဝယ်လို့ရပြီ"ဟုပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ကဆိုသည် ။

ထိုကြောင့်ကားဝယ်လိုသူများအနေဖြင့် မိမိထံတွင်ဒေါ်လာငွေမရှိပါက ငွေလဲကောင်တာ၌ ဝယ်ယူပြီး ထိုဝယ်ယူထားသောဘောက်ချာဖြင့် MFTB,MICB နှင့်ပုဂ္ဂလိကဘဏ်အချို့တွင် နိုင်ငံခြားငွေစာရင်းဖွင့်နိုင်ကြောင်း အဆိုပါပွဲသို့ တက်ရောက်လာသော ဘဏ္ဍာအခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့ငွေစာရင်းဖွင့်ထားသောစာရွက်ကိုစီးပွားကူးသန်းဝန်ကြီးဌာနသို့ ပြသ၍ ကားဝယ်ယူခွင့်လိုင်စင် ရယူကာဝယ်ယူနိုင်ပြီဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးသန်းအောင်ကျော်ကဆိုသည်။ သို့သော်ယာဉ်အိုယာဉ်ဟောင်းလဲလှယ်သောစနစ်ကိုမူ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ကားလဲလှယ်ခြင်းမပြုလိုဘဲ သက်တမ်းတိုးချင်သူများအား Road Safetyနှင့်ကိုက်ညီပါက သက်တမ်းတိုးပေးသွားမည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုဝန်ကြီးဦးသန့်ရှင်းကပြောသည်။

ထိုအစီအစဉ်ကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားများ၏ ကားပိုင်ဆိုင်မှု အလွန်နည်းပါးနေ သည့်အတွက် ထိုသို့ခွင့်ပြုခြင်းဖြစ်သည်။ ကားစီးရေတိုးလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ ပိုမိုဆိုးရွားခြင်းမရှိစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရများနှင့်လည်း ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ထို့အပြင် တက္ကစီ(အငှားယာဉ်) တင်သွင်းလိုသူများကိုလည်း အထက်ပါသတ်မှတ်ချက်အတိုင်းပင် ခွင့်ပြုမည်ဖြစ်သည်။ သို့သော် တက္ကစီတင်သွင်းလိုသူများမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ခွင့်ပြုချက်လိုအပ်သည်။



PHOTO NEWS
ကဆုန်လပြည့်ကျော်၁ရက်(မေ၆ရက်) ညက ရွှေတိဂုံစေတီတော် စိန်ဖူးတော်နှင့် လကိုတွေ့ရစဉ်။ ကဆုန်လပြည့်ညမှာ လကို ကမ္ဘာနှင့် အနီးကပ်ဆုံးမြင်ရသော Super Moon ညဖြစ်သော်လည်း ရန်ကုန်မြို့တွင် တိမ်ဖုံးနေသဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်လိုသူများ ရိုက်ကူးခွင့်မရခဲ့ပေ။
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ကားတင်သွင်းလျှင် ပေးဆောင်ရမည့်အခွန်များ

**ကညနကကောက်ခံမည့် နှုန်းထားများ(CIFတန်ဖိုးအပေါ် အခြေခံတွက်ချက်သည်)**

လူစီးယာဉ်စက်စွမ်းအား ၁၃၅၀ စီစီနှင့် အောက် ၅၀ ရာခိုင်နှုန်း၊ ၁၃၅၀ စီစီမှ ၂၀၀၀ စီစီအထိ ၈၀ရာခိုင်နှုန်း၊ ၂၀၀၁ စီစီမှ ၅၀၀၀ စီစီအထိ ၁၀၀ ရာခိုင်နှုန်း၊ ၅၀၀၀ စီစီနှင့်အထက် ၁၂၀ ရာခိုင်နှုန်း၊

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လူစီးယာဉ်များအပေါ် ကောက်ခံမည့်နှုန်းထားများ**

၂၀၀၀ စီစီအောက် Custom Duty ၃၀ ရာခိုင်နှုန်း၊ Comercial Tax ၂၅ ရာခိုင်နှုန်း၊ ၂၀၀၀ စီစီနှင့်အထက် Custom Duty ၄၀ရာခိုင်နှုန်း၊ Comercial Tax ၂၅ ရာခိုင်နှုန်း (Custom Duty = CIF တန်ဖိုး x Exchange Rate)

## ကားမူဝါဒသစ်သတင်းကြောင့် ဂျပန်တွင် ကားလေလံဈေးမြင့်

**အောင်သူရ၊ ကိုကိုကြီး** **ရန်ကုန်၊ မေ-၇**

၂၀၀၇ အထက်မော်ဒယ် ကားများ စတင်တင်သွင်းခွင့်ပြုလိုက်သည့်သတင်း ထွက်ပေါ်ပြီးနောက် ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံသို့ တင်ပို့မည့် လေလံဈေးနှုန်း မြင့်တက်လာကြောင်း SAKURA AUTO AUCTION CENTRE မှ ဦးဌေးအောင်ကပြောသည်။ "၂၀၀၇ အထက်ကားတွေ တင်ခွင့်ပြုလိုက်တာနဲ့ ဈေးမဖွင့်ရသေးခင်မှာ ဂျပန်မှာ ကားလေလံဈေးက ယန်း ၁၀,၀၀၀ ခေါ် ဈေးက ၁၅,၀၀၀ အထိတက်လာတယ်။ ဈေးဖွင့်တာနဲ့ ယန်း ၁၅,၀၀၀ ကနေ ယန်း ၂၀,၀၀၀ အထိ တက်လာနိုင်တယ်" ဟု ၎င်းကပြောသည်။



7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

## CRIME CORNER မှုခင်းသတင်း

## ရွှေအတုဖြင့် လိမ်လည်နေသူတစ်ဦးအား ပြန်ဖမ်း

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ-၄**

နေပြည်တော်၊ ပျဉ်းမနားတွင် ရွှေအတုအကြိမ်ကြိမ်ချကာ လိမ် လည်မှုဖြင့် ထောင်ကျခဲ့ဖူးသူက ရွှေအတုချပြီး ထပ်မံလိမ်လည်ရန် ကြိုးစားနေစဉ် ဧပြီလ ၂၅ရက်က ဖမ်းမိခဲ့ကြောင်း သတင်းရရှိသည်။

ဧပြီလ ၂၅ ရက် မွန်းလွဲ ၂နာရီ ၂၀မိနစ်အချိန်က ပျဉ်းမနား ရဲစခန်းမှ ရဲတပ်ကြပ်ကြီးစိုးမြင့်လေးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ပျဉ်းမနားမြို့မဈေးအနီး တာဝန် ထမ်းဆောင်နေစဉ်ရွှေအတုအကြိမ်ကြိမ်ချကာလိမ်လည်မှုဖြင့်ထောင်ကျခဲ့ဖူးသူဟု ပြစ်မှုမှတ်တမ်းများတွင် ပါဝင်နေသူ ကို. . . အား တွေ့ရှိရဖြင့် စစ်ဆေးမေးမြန်းရာ ယင်း၏အောက်ခံဘောင်းဘီအတွင်းတွင် အလေးချိန်တစ်ကျပ် ဆယ့်တစ်ပဲခန့်ရှိMC ရွှေအတုဆွဲကြိုးတစ်ကုံး၊ ရွှေဝယ်ဘောက်ချာတစ်ရွက်၊ ရွှေထည်ပစ္စည်းထည့်သည့် ကော်ဘူးတစ်ဘူးတို့အား တွေ့ရသဖြင့် ပျဉ်း မနားရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်ကာ ပျဉ်းမနားရဲစခန်း(ပ) ၂၆၃/ ၂၀၁၂ဥပဒေပုဒ်မ ၃၈၀/ ၅၄(ခိုးမှုမသင်္ကာမှု)အရ အမှုဖွင့်ခဲ့ရသည်ဟု ဆိုသည်။

ရဲတပ်ကြပ်ကြီးစိုးမြင့်လေးနှင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာ ၎င်းမှာ ၂၀၁၀ ခုနှစ်က ပျဉ်းမနားမြို့မ မင်္ဂလာဈေးတစ်ဝိုက်မှာပင် အမျိုးသားတစ်ဦးအား ရွှေတုဆွဲကြိုးချပြီး ရွှေအစစ်လက်စွပ်ဖြင့် လိမ်လည်လဲလှယ်မှု၊ အမျိုးသမီးတစ်ဦးအား ရွှေတုဆွဲကြိုးကြီးဖြင့် ရွှေအစစ်ဆွဲကြိုးကုံးအသေး လိမ်ညာလဲလှယ်မှုတို့နှင့် ထောင်ကျနေရာမှ ၂၀၁၁ ဇူလိုင်လက လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူဖြစ်ကြောင်း၊ ၂၀၁၁ နိုဝင်ဘာ ၁ရက်တွင် အဆိုပါ ပျဉ်းမနားမြို့မ မင်္ဂလာဈေးအနီးတွင် ဒက္ခိဏသီရိမြို့နယ် ရွှေခဲကျေးရွာမှ အမျိုးသမီးတစ်ဦးကိုလည်း ရွှေတုချကာ လိမ်လည်ခဲ့ကြောင်းနှင့် ယခုအခါလည်း ရွှေအတုချရန် ပစ်မှတ်(ဝါ) သားကောင်ရှာနေစဉ် ဖမ်းမိခဲ့ကြောင်း ရဲစစ်ဆေးချက်မှတ်တမ်းများအရ သိရသည်။

ထို့ကြောင့် ၎င်း၏ ထွက်ဆိုချက်အရ လိမ်လည်ရယူခဲ့သော သက်သေခံပစ္စည်းများအား သိမ်းဆည်းကာ ပိုင်ရှင်အစစ်အမှန်ရှာဖွေပြီး ပြန်လည်အပ်နှံရေးနှင့် တရားစွဲဆိုတင်ပို့ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

# ပြည်ပကားကုမ္ပဏီ ၇ ခု ကားစက်ရုံတည်ထောင်ရန် လျှောက်ထား

**အောင်သူရ**

**ရန်ကုန်၊ မေ-၃**

ပြည်ပနိုင်ငံများက မြန်မာနိုင်ငံတွင် မော်တော်ယာဉ်စက်ရုံများ လာရောက်တည်ထောင်ခွင့် လျှောက်ထားသော ကုမ္ပဏီ ၇ခုရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းကပြောသည်။

"မစ်ဆူဘီရှီတို့၊ ဆူဇူကီးတို့ကတော့ မားကက်အီကိုနိုမီဖြစ်တဲ့အတွက် ကျွန်တော်တို့က open ပဲ"ဟု ဦးစိုးသိမ်းကဆိုသည်။

ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဦးစား ပေးရွေးချယ်ရာတွင် လုပ်သား အင်အား အများဆုံးအသုံးပြုရသော အထည်ချုပ်နှင့် ကားစက်ရုံများကို ဦးစားပေးရွေးချယ်ကြောင်း ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ညွှန်ကြားရေးမှူးဦးအောင်နိုင်ဦးက ပြောသည်။

"လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။ ကားဝယ်ခွင့် ပါမစ်ထိန်းချုပ်ထားတာကို ဖျက်ပေးမှ ပထမအဆင့်တံခါးဖွင့်သွားမယ်" ဟု Farmer Auto Show Room မှ အုပ်ချုပ်မှုဒါရိုက်တာဒေါက်တာစိုးထွန်းက သူ၏အမြင်ကို ပြောသည်။

# တရုတ်နံပါတ်တပ်ကားနှင့် ဆိုင်ကယ်များအား နယ်စပ်သုံးမြို့တွင် ညအိပ်ရပ်နားခ စတင်ကောက်

**အောင်သူရ**

**ရန်ကုန်၊ မေ-၄**



မြန်မာ-တရုတ်နယ်စပ်တွင် ရွှေလီမှ ကြယ်ခေါင်နှင့်မူဆယ်ဘက်သို့ သွားနေသော ယာဉ်များ

တရုတ်နံပါတ်တပ်မော်တော်ယာဉ်များအား မူဆယ်၊ နန့်ခမ်းနှင့် ကွတ်ခိုင်မြို့များတွင် မေလ ပထမအပတ်မှစ၍ ညအိပ်ရပ်နားခစတင်ကောက်ခံတော့မည်ဟု သတင်းရရှိသည်။

အဆိုပါညွှန်ကြားချက် အား ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့်မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ဧပြီလ ၂၆ ရက် ရက်စွဲဖြင့် အကြောင်းကြားလာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"စာထွက်ပြီးတစ်ပတ်ပြည့်တဲ့နေ့ကစပြီး ကောက်မယ်ပြောတယ်။ လူစီးယာဉ်ပါတယ်၊ ကုန်ကား၊ သုံးဘီး၊ မီနီဘတ်စ်နဲ့ ဆိုင်ကယ်တွေလည်းပါတယ်"ဟု မူဆယ်ဒေသခံကုန်သည်တစ်ဦးကပြောသည်။

လူစီးကားတစ်စီးအား တစ်ပတ်လျှင် ကျပ်ငါးသောင်းနှင့် တစ်လလျှင် ကျပ်တစ်သိန်း၊ သုံးတန်အထက်ကားများအား တစ်ပတ်လျှင် ကျပ်တစ်သိန်းနှင့် တစ်လလျှင် ကျပ်နှစ်သိန်း၊ မော်တော်ဆိုင်ကယ်တစ်စီးလျှင် တစ်ပတ်လျှင် တစ်သောင်းငါးထောင်ကျပ်နှင့် တစ်လလျှင် ကျပ်သုံးသောင်းကောက်ခံတော့မည်ဟုဆိုသည်။

"တရုတ်နံပါတ်တပ်ကားတစ်စီးကိုကျပ်ဆယ်သိန်းလောက်ပဲရှိတော့ ဝယ်စီးကြတဲ့လူများတယ်။ ဒီလိုရပ်နားခွန် ကောက်တော့ကိုယ့်နိုင်ငံသားတွေပဲနာတာပေါ့"ဟု မူဆယ်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တရုတ်နိုင်ငံဘက်မှလည်း မြန်မာနံပါတ်တပ်မော်တော်ဆိုင်ကယ်များအား တစ်ပတ်လျှင် တစ်ခါစစ်ဆေး၍ တွေ့ရှိပါက တရုတ်ယွမ်ငွေ ၅၀၀ ဒဏ်တပ်သည်။

အဆိုပါကားများအား ရပ်နားခွန်မပေးဆောင်ပါက သွင်းကုန်ထုတ်ကုန်ဥပဒေပုဒ်မ ၅(၁)ဖြင့် အရေးယူမည်ဟု သက်ဆိုင်ရာက ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

အဆိုပါ တရုတ်နံပါတ်တပ်ကားများမှာ မူဆယ်ဒေသတွင် လူစီးကားအစီးရေထောင်ဂဏန်းခန့်ရှိကြောင်း သတင်းရရှိသည်။

# ရွှေ့ပြောင်းဒုက္ခသည် လေးသိန်းကျော် ရှိဟုဆို

**အောင်သူရ**

**နေပြည်တော်၊**

**မေ-၂၉**

မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းဒုက္ခသည်(IDP)ပေါင်း လေးသိန်းလေးသောင်းခြောက်ထောင်ကျော်ရှိကြောင်း ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်ဦးအောင်မင်းက ပြောသည်။

ဧပြီလ ၂၉ ရက်က နေပြည်တော်တွင် ပြည်တွင်းသတင်း မီဒီယာများနှင့် တွေ့ဆုံပွဲ၌ အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုက္ခသည်လေးသိန်းကျော်တွင် ကချင်ဒေသမပါဝင်ဘဲ အခြားသော ဒေသများမှသာ ဖြစ်ကြောင်းနှင့်ဒုက္ခသည်စခန်းပေါင်း ၁၀ ခုရှိကာ ထိုအချက်အလက်မှာ နိုင်ငံတကာအင်န်ဂျီအိုများက ကောက်ခံထားသော စာရင်းဖြစ်ကြောင်း ဦးအောင်မင်းက ပြောသည်။

စာ(၁၂)သို့



# ရန်ကုန်တွင် ကြော်ငြာဆိုင်းဘုတ်များ ကြော်ငြာခွင့်မပြုတော့ဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊ မေ-၄**

ရန်ကုန်မြို့ရှိ မြေစိုက်ကြော်ငြာဆိုင်းဘုတ်များ မေလ ၂ ရက် မှစ၍ ဖြုတ်သိမ်းသွားရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူးက ကြော်ငြာဘုတ်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား ဧပြီလ ၃၀ရက်က အသိပေးပြောကြားခဲ့သည်။

“ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ကြော်ငြာဆိုင်းဘုတ်တွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်ကို ဖြုတ်သိမ်းပေးရမယ်။ အဓိကကြော်ငြာဆိုင်းဘုတ်တွေ ဖြုတ်သိမ်းရတာက ရန်ကုန်မြို့တော်ကြီးလှပစေရန် အကြောင်းပြချက်နဲ့ပါ။ ကျွန်တော်တို့ကို ကြော်ငြာဘုတ်တွေ ဖြုတ်ဖို့ အချိန်လေးပေးစေချင်တယ်” ဟု ယင်းအသိပေးပွဲသို့ တက်ရောက်ခဲ့သော မြေစိုက်ကြော်ငြာလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းရှင်များ အဆင်ပြေစေရန် တစ်နှစ်ခန့်(ယခုဘဏ္ဍာနှစ်ကုန်အထိ) ပေးစေချင်သည်ဟုလည်း ၎င်းကဆိုသည်။



မင်္ဂလာဈေးမျက်နှာစာတွင် စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်များကို တွေ့ရစဉ်  ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြေစိုက်ကြော်ငြာဆိုင်းဘုတ်များကို ၁၉၉၀ ဝန်းကျင်ကာလမှစ၍ ခွင့်ပြုခဲ့ပြီး နှစ်စဉ်သက်တမ်းတိုးခွင့်ဖြင့် လုပ်ကိုင်ခဲ့ရသည်။ ထို့အပြင် အချို့အချက်အချာကျသောနေရာများတွင် မြေစိုက် ကြော်ငြာလုပ်ငန်းအတွက် လေလံဆွဲ၍ စည်ပင်အခွန်အမြောက်အများပေးဆောင် လုပ်ကိုင်ခဲ့ရကြောင်း ကြော်ငြာလုပ်ငန်းရှင် ဦးသန်းထွဋ်က 7 Day News သို့ပြောသည်။

ယခုကဲ့သို့ ဧပြီလ ၃၀ရက်က ခေါ်ယူအသိပေးခဲ့ရာ၌ ကြော်ငြာလုပ်ငန်းရှင်များအနေဖြင့်များစွာ အခက်အခဲကြုံတွေ့ရပြီး ကြော်ငြာရှင်များနှင့်လည်း ကြော်ငြာခပြဿနာများ ဖြစ်ပေါ်စေနိုင်ကြောင်း ကြော်ငြာလုပ်ငန်းဖြင့် ရန်ကုန်မြို့တွင် မြေစိုက်ကြော်ငြာဆိုင်းဘုတ် ၁၀၀ ကျော်အတွက် ကြော်ငြာခွင့်ရရှိထားသော လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

“အဓိကပထမအဆင့် မြို့တွင် ကြော်ငြာဘုတ် ၂၀ ရာခိုင်နှုန်းလောက်ပဲဖြုတ်ပေး၊ ဒုတိယအဆင့်စသဖြင့် အချိန်ယူဖြုတ်သိမ်းပေးစေချင်တယ်။ အခုလိုချက်ချင်းဖြုတ်သိမ်းရမယ်ဆိုတော့ကျွန်တော်တို့အတွက်အခက်အခဲ အများကြီးပေါ်စေတယ်။ လက်ရှိ ရန်ကုန်မြို့မှာ ကြော်ငြာဆိုင်းဘုတ်အကြီးစား၊ အလတ်စား၊ အသေးစားအားလုံးပေါင်းရင် အကြမ်းဖျင်းနှစ်သောင်းဝန်းကျင်လောက်ရှိတယ်”ဟု လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

စာ(၁၂)သို့

## နိုင်ငံတကာသင်ရိုးဖြင့်သင်ကြားသော ပုဂ္ဂလိကကျောင်း အများစု တရားဝင်ခွင့်ပြုချက်မရရှိထားဟုဆို

**သီဟ**

**ရန်ကုန်၊ မေ-၂**

နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ International School, Yangon နှင့် Diplomatic School, Yangon တို့မှအပ အခြားနိုင်ငံတစ်ခုခု(သို့မဟုတ်)နိုင်ငံတကာသင်ရိုးမာတိကာများဖြင့် သင်ကြားလျက်ရှိသည့် ကိုယ်ပိုင်သင်တန်းအမည်ခံ ပုဂ္ဂလိကကျောင်းအားလုံးသည် တရားဝင်ခွင့်ပြုထားသည့် ကျောင်းများမဟုတ်ကြောင်း သတင်းရရှိသည်။

ထို့ကြောင့် အဆိုပါကျောင်းများအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေအရကိုယ်ပိုင်ကျောင်းများဖွင့်လှစ်ခွင့်ပြုချိန်တွင် တရားမဝင်ကိုယ်ပိုင်ကျောင်းများအား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ပြီး အဆိုပါကျောင်းများ၏ ပညာရေးအဆင့်အတန်းနှင့် စံချိန်စံညွှန်းများအား စိစစ်ကြပ်မတ်ရန် အစီအစဉ်မရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်း၌ ဖွင့်လှစ်လျက်ရှိသည့် International School များ၏ ပညာရည်အဆင့်အတန်းများအား မှန်ကန်တိကျမှုရှိစေရေးအတွက် ပညာရေးဆိုင်ရာ စံချိန်စံညွှန်းများ စိစစ်ကြပ်မတ်ပေးရန် အစီအစဉ်ရှိ မရှိအား ယခုကျင်းပပြီးစီးခဲ့သည့်ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏစိုးက မေးမြန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက မေးခွန်းရှင်အား စာဖြင့် ဖြေကြားခဲ့ခြင်းဖြစ်သည်။

မေးခွန်းရှင်က မေးခွန်းတွင် လက်ရှိဖွင့်လှစ်လျက်ရှိသော International School များသည် ကုန်ကျစရိတ်ကြီးမြင့်သော်လည်း အချို့ကျောင်းများ၏ သင်ကြားရေးဆရာများ၏ အရည်အသွေး၊ သင်ကြားပုံနည်းစနစ်နှင့် ပြဋ္ဌာန်းသင်ခန်းစာများ၊ အောင်လက်မှတ်အဆင့်အတန်းများသည် များစွာ နိမ့်ကျလျက်ရှိသည်ဟုလည်း ထည့်သွင်းမေးမြန်းသွားသည်။




7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# ပြည်ပရင်းနှီးမြှုပ်နှံသူများ လိုက်နာရန် အချက်သုံးချက် ချမှတ်

**အောင်သူရ**

**ရန်ကုန်၊ မေ-၄**

ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အချက်သုံးချက်သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက ပြောသည်။

အဆိုပါအချက်သုံးချက်မှာ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိအောင် စောင့်ရှောက်ခြင်း၊ မြန်မာနိုင်ငံသားများ၏ လူမှုရေးသက်ရောက်မှု(Social Impact)ရှိမည်ဆိုလျှင် လက်မခံခြင်းနှင့် ငွေကြေးနှင့်ပတ်သက်၍ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိရမည်ဟု ဖြစ်ကြောင်း ဦးစိုးသိန်းကပြောသည်။

"သူတို့ကိုလည်းပြန်ပြီး ကတိပြန်ပေးမယ်၊ ရင်းနှီးမြှုပ်နှံမှုကိုအကာအကွယ်ပေးမယ်၊ ပြည်သူပိုင်မသိမ်းဘူး၊ မောင်းမထုတ်ဘူး"ဟု ဦးစိုးသိန်းကဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံရန်လာရောက်သူများထဲမှ အများစုမှာ ဟိုတယ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ICT လုပ်ငန်း လုပ်ကိုင်ချင်သူများကြောင်း သိရသည်။

သို့သော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထဲမှ လုပ်သားများစွာအသုံးပြုရသော(Labour Intensive) အားပထမဦးစားပေး Value added မှာ ဒုတိယဦးစားပေးဖြစ်ပြီး၊ High Techမှာ တတိယဦးစားပေးသတ်မှတ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးက မူဝါဒအားရှင်းပြသည်။

လတ်တလောအနေဖြင့် မြန်မာနိုင်ငံတွင် အများဆုံးရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် အများဆုံးလာရောက်လေ့လာသော နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဧပြီလအတွင်း ကိုရီးယားနိုင်ငံမှ ၁၄၄ ဦး၊ စင်ကာပူမှ ၁၀၄ ဦးနှင့် မတ်လတွင် နော်ဝေမှ ကုမ္ပဏီ ၃၀ နှင့် အမေရိက မှ GE ကုမ္ပဏီတို့ လာရောက်ခဲ့ကြသည်။

သို့သော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အဓိကအခက်အခဲမှာ လျှပ်စစ်မီးဖြစ်ပြီး အခြားသော အခြေခံအဆောက်အအုံများ မပြည့်စုံခြင်းနှင့် စီးပွားရေးပိတ်ဆို့မှုများရှိနေသဖြင့် လတ်တလောရင်းနှီးမြှုပ်နှံမှု မပြုကြသေးကြောင်း သတင်းရရှိသည်။



# ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကစိန်ခေါ်မှုမှာ လျှပ်စစ်မီး ဖြစ်နေ

**အောင်သူရ**

**နေပြည်တော်၊ ဧပြီ-၂၉**

လက်ရှိမြန်မာနိုင်ငံတွင် လျှပ်စစ်မီးပေးဝေဖြန့်ဖြူးမှု အနေအထားနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ မရနိုင်ဟု နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံသူများကပြောကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောသည်။

လက်ရှိရရှိနေသောလျှပ်စစ်မီးအနေအထားနှင့်အထည်ချုပ်လုပ်ငန်းများလုပ်ကိုင်၍ရနိုင်သော်လည်း နည်းပညာမြင့်သောလုပ်ငန်းများလုပ်ကိုင်၍မရနိုင်ကြောင်း ဦးစိုးသိန်းကပြောသည်။

ထို့ကြောင့် သမ္မတဦးသိန်းစိန် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့စဉ် ကကျောက်မီးသွေးဖြင့်လည်ပတ်သော လျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ်ထွက်သည့် စက်ရုံနှစ်ခုတည်ဆောက်ရန် စီစဉ်ခဲ့သည်ဟု သတင်းရရှိသည်။

"မြဝတီနားမှာလုပ်မယ့်စက်မှုဇုန်မှာတောင်ထိုင်းကလုပ်မယ့် ဧက၆၀၀အတွက် ထိုင်းက မီးကိုသွယ်ပြီးသုံးမှာ၊ ဒီကမီးနဲ့ အဆင်မပြေလို့"ဟု အဆိုပါစက်မှုဇုန်အတွက် ဝန်ဆောင်မှုပေးနေသူတစ်ဦးကပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ရှိ စက်မှုဇုန်များအား တစ်နေ့လျှင်၆နာရီသာ လျှပ်စစ်မီးပေးနိုင်ပြီးသာပေါင်းပျော့ဖတ် စက်ရုံမှာလည်း လျှပ်စစ်မီးမရသဖြင့် ပိတ်ထားရသည်။




# ပြင်ဦးလွင်တွင် အိမ်ငှားရန် ခက်ခဲ

**နေလင်းအောင်**

**ရန်ကုန်၊ မေ-၃**

ဧပြီလအတွင်း အပူချိန်မြင့်တက်မှုကြောင့် ပြင်ဦးလွင်မြို့သို့ အပူဒဏ်ရှောင်ရှားရန် သွားရောက်သူများမှာ နေအိမ်နှင့်ဟိုတယ် ငှားရမ်းခွင့်ရရန် ခက်ခဲကြောင်းသတင်းရရှိသည်။

အဓိကအားဖြင့် အပူဒဏ်အား သိသာစွာခံစားရသည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မကွေးစသည့် မြို့များမှ ငွေကြေးတတ်နိုင်သူအချို့ ပြင်ဦးလွင်မြို့သို့ ခေတ္တပြောင်းရွှေ့လာကြခြင်းပြီး ယခုနှစ်တွင်မူ လာရောက်သည့် ပမာဏပိုမိုများပြားလာသည့်အတွက် မြို့တွင်းနေ အိမ်ငှားရမ်းမှုမှာ လုံလောက်ခြင်းမရှိတော့ကြောင်း မြို့ခံ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ စုံစမ်းသိရှိရသည်။

"အခုက တစ်ရက်ကို နှစ်ဦးသုံးဦးလောက် ငှားဖို့လာကြတယ်။ ဒါပေမဲ့ သူတို့အတွက် ငှားဖို့နေရာကို ရှာမပေးနိုင်တော့ တချို့ဧည့်သည်တွေဆို အိမ်ငှားရဖို့ ဟိုတယ်မှာ စောင့်နေကြတာတွေရှိတယ်။ ဒီနှစ်က လုံးဝကိုမလောက်တော့တာ"ဟု ပြင်ဦးလွင်မြို့မှ အိမ်ခြံမြေအကျိုးဆောင် ဒေါ်ဝင်းမြင့်က 7 Day News သို့ ပြောကြားသည်။

ဧပြီလဆန်းမှ စတင်၍ ပြင်ဦးလွင်သို့ခေတ္တပြောင်းရွှေ့သူများ တဖွဲဖွဲ ဝင်ရောက်လာပြီး မေလဆန်းတွင်မူ ငှားရမ်းလိုသူများလာ၍ ငှားရမ်းလိုသူများက ပုံမှန်ဈေးထက်ပိုပေး၍ ငှားရမ်းနေထိုင်နေကြကြောင်း သတင်းရရှိသည်။

လက်ရှိအိမ်ငှားရမ်းခ ပေါက်ဈေး သာမန်သွပ်မိုးပျဉ်ထောင် အိမ်တစ်လုံးလျှင်ပင် တစ်လကျပ်တစ်သိန်းဝန်းကျင်မှ တိုက်ခံလုံးချင်းအိမ်များမှာ ကျပ်သုံးသိန်းအထက်ရှိနေကြောင်း စုံစမ်းသိရှိရသည်။

အလားတူ ယခင်က တစ်သောင်းဝန်းကျင်ခန့်ရှိသည့် ဟိုတယ်များ၊ တည်းခိုခန်းများလည်း ဧည့်သည်အများအပြား ရရှိထားပြီး မြို့တွင်းရှိ ဟိုတယ်အချို့ အခန်းငှားခများ နှစ်ဆခန့်ဈေးမြင့်တက်လျက်ရှိကြောင်း ဟိုတယ်မန်နေဂျာတစ်ဦးကပြောသည်။

# ဗီယက်နမ်ကုမ္ပဏီတစ်ခု စိုက်ပျိုးရေးကဏ္ဍတွင် ဒေါ်လာသန်း ၁၀၀ ရင်းနှီးမြှုပ်နှံ

**ပြည်သိမ်း**

**ရန်ကုန်၊**

**မေ-၅**

ပြည်တွင်း အများပိုင် ကုမ္ပဏီနှင့် ပူးပေါင်း၍ လယ်ယာကဏ္ဍတွင် အမေရိကန် ဒေါ်လာသန်း ၁၀၀ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် ဗီယက်နမ်ကုမ္ပဏီတစ်ခုက နားလည်မှုစာချွန်လွှာ လက်မှတ် (MOU)ရေးထိုးထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

ဗီယက်နမ်ကုမ္ပဏီက မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းမှ အသစ်ဖွဲ့စည်းထားသည့် မြန်မာစိုက်ပျိုးရေး အခြေခံစီးပွားရေး ကော်ပိုရေးရှင်း(MAPCO-Myanmar Agribusiness Public Corporation Ltd.) အများပိုင် ကုမ္ပဏီနှင့် ကန်ထရိုက် လယ်ယာစနစ်တွင် ပူးပေါင်းလုပ်ကိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းကိုဆောင်ရွက်ရန်ဗီယက်နမ်နိုင်ငံက ရန်ကုန်တိုင်းဒေသကြီးအနီးရှိ လယ်ယာမြေများတွင် ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားသည်။

သို့သော်လည်း အများပိုင် ကုမ္ပဏီက ဧရာဝတီတိုင်း ဒေသကြီးရှိဒေသတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် ဆန္ဒပြုထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာစိုးထွန်းက ဆိုသည်။

"မြန်မာနိုင်ငံရဲ့ လူဦးရေ၇၀ ရာခိုင်နှုန်းက လယ်သမားတွေပဲ။ ဒီကဏ္ဍဖွံ့ဖြိုးမှ တိုင်းပြည်က LDC (ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ) စာရင်းကလွတ်မှာ" ဟု အထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။

ပြည်ပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ၂၀၁၂ ဖေဖော်ဝါရီလကုန်အထိ လျှပ်စစ်ကဏ္ဍတွင် ပမာဏ အများဆုံးဖြစ်ပြီး လုပ်ငန်းပေါင်း ၅ ခုသာရှိသော်လည်း ရင်းနှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော် (သန်းပေါင်း ၁၈၈၇၃ ဒသမ၇၂၀)ရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့မှာ လုပ်ငန်းပေါင်း ၁၀၄ နှင့်၁၃ ဘီလီယံကျော်(သန်းပေါင်း ၁၃၈၅ ဒသမ ၃၇၅)ရှိသည်။

လယ်ယာကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း ၇ ခုနှင့် ကန်ဒေါ်လာ ၁၇၃ ဒသမ ၁၀၁ သန်းသာရှိကြောင်း ၂၀၁၂ မတ် ၁ရက်စွဲဖြင့် သက်ဆိုင်ရာက ထုတ်ပြန်သောစာရင်း၌ ဖော်ပြထားသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်ရော ပုဂ္ဂလိကကဏ္ဍကပါ ထောက်ပံ့မှုများ ပေးနေသော်လည်း ကဏ္ဍတစ်ခုလုံးကို မခြုံငုံနိုင်ပေ။ လယ်ယာကဏ္ဍတစ်ခုလုံးကိုလေ့လာပြီး လိုအပ်ချက်တိုင်းကို ဖြည့် ဆည်းပေးနိုင်မှသာ အောင်မြင်နိုင်မည့် အခြေအနေဖြစ်သည်။

"ကွန်ကရစ်လမ်းနဲ့ ဓာတ်မီးတိုင်တွေ ဘေးမှာ စိုက်လို့ တစ်ဧကတင်း ၂၀၀ ထွက်တယ်လို့ ပြောရုံနဲ့ အောင်မြင်မှာ မဟုတ်ဘူး။ အများစုစိုက်တဲ့ ဒေသတစ်ခုလုံးမှာ အောင်မြင်အောင် စိုက်နိုင်မှ အောင်မြင်တယ်လို့ဆိုရမှာ" ဆန်စပါးစိုက်ပျိုးရေးပညာရှင်တစ်ဦးကဆိုသည်။

ယခုနှစ် ပြည်ပသို့ ဆန်တန်ချိန်တစ်သန်း တင်ပို့ရန် လျာထားသော်လည်းလက်တွေ့တွင်အခက်အခဲများစွာရှိနေသည်။

ပို့ကုန်ရငွေတန်ဖိုးနှင့် ဒေါ်လာတန်ဖိုးကျဆင်းနေသည့် အပြင် မြန်မာနိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့ရာတွင် အိန္ဒိယနိုင်ငံနှင့်နှိုင်းယှဉ်ပါက သယ်ယူပို့ဆောင်စရိတ်မှာတစ်တန်ကိုကန်ဒေါ်လာ ၂၅ ဒေါ်လာပိုမိုများသည်။ ထို့ကြောင့် အိန္ဒိယနှင့်ယှဉ်ပြိုင်၍ ပြည်ပသို့ ဆန်မရောင်းချနိုင်ပေ။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဆန်ပြည်ပဈေးကွက်သို့တင်ပို့နိုင်မှုမှာ တန်ချိန် ရှစ်သောင်းလေးထောင်ဝန်းကျင်သာ ရှိသည်။

## ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်တက်ခြင်းကို အမေရိကန်နှင့်ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးများ ချီးကျူး

**ဘေဂျင်း၊ မေ - ၃**

ဒေါ် အောင်ဆန်းစုကြည် လွှတ်တော် အတွင်း ဝင်ရောက်လာခြင်းမှာမြန်မာနိုင်ငံအတွက် အရေးကြီးသော အဆင့်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟေ့ဂ်တို့က ချီးကျူးပြောဆို လိုက်ပြီး ပြုပြင်ပြောင်းလဲမှုများ ထပ်မံလုပ်ဆောင်ရန် တိုက်တွန်းပြောကြားသည်။


ဒေါ် အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များ လွှတ်တော်တက်ခြင်းအပေါ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလီယံဟေ့ဂ်၏ မှတ်ချက်မှာ "ဒေါ် အောင်ဆန်းစုကြည်အပါအဝင် NLD လွှတ်တော်အမတ်တွေ ယနေ့ မြန်မာပါလီမန်မှာ ကျမ်းသစ္စာကျိန်ဆိုခဲ့တာကို ကြိုဆိုပါတယ်။ ဒါဟာ တကယ့်သမိုင်းဝင် ဖြစ်ရပ်တစ်ခုဖြစ်ပြီး လွန်ခဲ့တဲ့ တစ်နှစ်က သမ္မတဦးသိန်းစိန် စတင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေရဲ့ ရလဒ်ကောင်းပဲ ဖြစ်ပါတယ်။ ဒီနေ့အဖြစ်အပျက်တွေဟာ မြန်မာနိုင်ငံမှာ အားလုံးပါဝင်ပြီး

စာ(၁၂)သို့






7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



## ၂၀၁၂ မေ ၉မှ ၁၅ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းကို စတင်ဝင်ရောက်နိုင် ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအသင့်အတင့်(၃ ပေ မှ ၅ ပေ ခန့်) ရှိနိုင်ပြီး၊ ကျန်မြန်မာ့ ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်(၁ ပေ မှ ၂ ပေခန့်)သာ ရှိနိုင်ပါတယ်။ ဒါပေမဲ့ မိုးတိမ်တောင်များ ဖြစ်ပေါ်စဉ် လေပြင်းတိုက်ခတ်မှုကြောင့် ခေတ္တခဏမျှ လှိုင်းကြီးနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ ဧပြီလ ၂၅ ရက်မှ မေ ၁ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ကချင်ပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အနောက်အလယ်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းအရှေ့ပိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်မြောက်ပိုင်းတို့မှာ မိုးရေချိန် ၀. ၈ လက်မ မှ ၂လက်မ၊ ကျန်ဒေသများအားလုံးတို့မှာမိုးရေချိန် ၀. ၂လက်မမှ ၀. ၈ လက်မအထိ ရွာ သွန်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှာ (၅)ရက် မှ(၆)ရက်ခန့်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့မှာ ၄ ရက်မှ ၅ ရက်ခန့်၊ ကျန်ဒေသတွေ မှာ ၂ ရက်မှ ၃ ရက်ခန့် ထစ်ချုန်း ရွာသွန်း နိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ ပိုမိုဖြစ်ထွန်းလာနိုင်ပါတယ်။ အထူးသဖြင့် မွန်းလွဲညနေပိုင်းတွေမှာ ပိုမိုကြုံတွေ့နိုင်ပါတယ်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတို့တွင်(၅-၆)ရက်ခန့်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့တွင် (၃-၄) ရက်ခန့်၊ ကျန် ဒေသများတွင် (၁-၂)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့်အခြေအနေများကို ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းအပြင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန်လိုအပ်ပါမည်။

**နေ့အပူချိန်များအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းလုံး အပူချိန်များမြင့်တက်နေရာမှ လာမည့်ရက်သတ္တပတ်အတွင်း တိမ်များဖြစ်ပေါ်လာနိုင်တဲ့အတွက် လက်ရှိအပူချိန်မြင့်တက်နေမှုကို လျော့ပါးလာစေနိုင်သော်လည်း၊ အပူရှိန်မြင့်တက်မှုကို မိုးမရွာသော နေ့များတွင် ကြုံတွေ့နိုင်ပါတယ်။ မိုးတိမ်များဖြစ်ထွန်းမှု များပြားလာမှုကြောင့် အပူချိန်များ၏ အတက်အကျ ပိုမိုများပြားနိုင်ပြီး၊ တစ်ပြည်လုံးတွင် ၄၀ °C ထက် မကျော်လွန်နိုင်ဟု ခန့်မှန်းရပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များထက် ရေအနည်းငယ် ပိုမိုမြင့်တက်လာနိုင်သော်လည်း၊ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်း သွားလာရေးအတွက် ရေနည်းမှု အန္တရာယ်ကို ဆက်လက်ကြုံတွေ့နေဖွယ်ရာရှိနေပါ တယ်။

**တောင်တရုတ် ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့်ရက်သတ္တ တစ်ပတ်အတွင်း မှာတော့ မုန်တိုင်းဖြစ်ဖို့ မရှိသေးဘူးလို့ ခန့်မှန်းရပါတယ်။

**အရေးကြီးသော အခြေအနေ**

လာမယ့်ရက်သတ္တပတ်အတွင်းမိုးတိမ်တောင်များရဲ့အန္တရာယ်ကိုဆက်လက် သတိထားဖို့လိုအပ်ပါတယ်။ မွန်းလွဲညနေပိုင်း အချိန်အခါများတွေမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း စတာတွေကိုကြုံတွေ့နိုင်ပြီး၊ တစ်ခါတစ်ရံ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။

လာမည့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ နေအပူရှိန်ဒဏ် heat Index များ ကျဆင်းလာနိုင်မှုကြောင့် အပူရှိန်ဒဏ်မှ သက်သာရာရနိုင်ပါတယ်လို့ ခန့်မှန်း ရပါတယ်။

**ဒေါက်တာထွန်းလွင်**

# ပြည်သူ့ဂုဏ်ရည်ဆုအတွက် ဆန်ခါတင်ငါးဦး စာရင်းထုတ်ပြန်

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၂၄**

မြန်မာနိုင်ငံအတွင်း လူမှုရေးလုပ်ငန်းများကို ကိုယ်ကျိုးစွန့်ဆောင်ရွက်နေသူများအား ဂုဏ်ပြုသောအားဖြင့် ပေးအပ်သည့် ပြည်သူ့ဂုဏ်ရည်ဆုအတွက် ရွေးချယ်ထားသူစာရင်းကို ဧပြီ ၂၂ ရက်နေ့က အဆိုပါအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။

ဆုအတွက် ဆန်ခါတင်စာရင်းတွင် စာရေးဆရာမဒေါ်သန်းမြင့်အောင်၊ ရွှေနေဦးဖိုးဖြူ(ခ)ဦးရန်နိုင်အောင်၊ လဖိုင်နော်မိန်း၊ လူမှုအထောက်အကူပြုအဖွဲ့(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးမှုပရဟိတဂေဟာတို့ ပါဝင်ကြောင်း သိရသည်။

"ဒီဆုကို ပထမဆုံးအကြိမ်ပေးအပ်တုန်းက ကျွန်တော်ရခဲ့တယ်။ ဒါပေမဲ့ အဲဒီတုန်းက ဆုသွားမယူနိုင်ခဲ့ပါဘူး။ ဆုကြေးအဖြစ်ရတဲ့ ဒေါ်လာ ၇,၀၀၀ ကို လူမှုရေးလုပ်ငန်းတွေမှာ ပြန်လှူခဲ့ပါတယ်။ ဒီဆုဟာ ပြည်တွင်းမှာလူမှုရေးလုပ်ငန်းလုပ်နေတဲ့ သူတွေအတွက်တော့အားဆေးတစ်ခွက်ပါ။ ဆုလိုချင်လို့လုပ်တာမဟုတ်ပေမယ့် ဒီဆုရလိုက်တော့လုပ်ရကျိုးနပ်သလိုခံစားမိတယ်"ဟုပြည်သူ့ဂုဏ်ရည်ဆုကို ပထမဆုံးအကြိမ် ရရှိခဲ့သည့် နာရေးကူညီမှုအသင်း မှဥက္ကဋ္ဌဦးကျော်သူက ပြောသည်။

ဒုတိယအကြိမ်တွင် အကျဉ်းကျများအား လိုက်လံပြုစုစောင့်ရှောက်ခဲ့သော ဒေါ်ရှူက ရရှိခဲ့သည်။ ယခုတတိယအကြိမ်တွင် ဆန်ခါတင်ငါးဦး၌ တစ်ဦးအပါအဝင်ဖြစ်သောဒေါ်သန်းမြင့်အောင်က "ကိုယ့်အတွက်လည်း ဝမ်းသာသလို ဒီငါးဦးထဲကဘယ်သူရရဝမ်းသာပါတယ်။ ဒီလူတွေအားလုံး ဒီအဖွဲ့တွေအား လုံးဟာ တကယ်လုပ်နေကြတဲ့အဖွဲ့တွေ ဖြစ်တဲ့အတွက် ဒီဆုဟာ အားလုံးနဲ့ထိုက်တန်ပါတယ်။

စာ(၁၂)သို့

# တရုတ်မှ ဆန်ဝယ်လိုအားနည်း၍ မြန်မာ – တရုတ် နယ်စပ် ဆန်ဈေးကျ

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၃**

တရုတ်နိုင်ငံမှ အရန်ဆန်များ ထုတ်ရောင်းသဖြင့် မူဆယ်နယ်စပ်တွင် မြန်မာ့ဆန်အား ဝယ်ယူမှုနည်းလာပြီး ဈေးနှုန်းများလည်း ကျဆင်းလာကြောင်း မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှသတင်းရရှိသည်။

သကြၤန်မတိုင်မီက ငစိန်ဆန် တစ်အိတ် ၁၄၈ ယွမ် (၁၉,၂၁၀ ကျပ်ကျော်)ရှိသော်လည်း ယခုရက်ပိုင်းတွင်ဝယ်အားနည်းသဖြင့် ၁၄၃ ယွမ် (၁၈,၅၆၀ ကျပ် ကျော်) သာ ဈေးရကြောင်း သတင်းရရှိသည်။ ထို့အပြင် တရုတ်ဈေးကွက်သို့ဗီယက်နမ်ဆန်များလည်း ဈေးလျှော့ဝင်ရောက်နေသည်။

"အရင်ကဆို ဆန်ဝယ်တဲ့လူက တစ်ရက်ကို ၂၀ ကျော်၊ ၃၀ ဝန်းကျင်ရှိတယ်။ ဒီရက်ပိုင်းမှာ နှစ်ဦး၊ သုံးဦးပဲ အဝယ်ရှိတယ်"ဟု အထက်ပါအသင်းမှပြန်ကြားရေးတာဝန်ခံက ဆိုသည်။

ထိုကဲ့သို့ ဝယ်လိုအား နည်းနေချိန်တွင် မူဆယ်သို့ ဆန်ဝင်ရောက်မှုမှာတစ်ရက်လျှင် ကားအစီးရေ ၁၀၀ ကျော်သဖြင့် ဆန်ဂိုဒေါင်များတွင် ပုံနေသည်ဟု ဆိုသည်။ ပင်လယ်ရေကြောင်းမှ ပြည်ပသို့ ဆန်တင်ပို့မှုမှာလည်း အိန္ဒိယနိုင်ငံ နှင့် မယှဉ်နိုင်သဖြင့် အနည်းငယ်သာ တင်ပို့နိုင်သည်။ ဆန်ဝယ်ယူမှု နည်းလာသည့်အတွက် တရုတ်နိုင်ငံမှ ဖမ်းဆီးမှုများလည်းမရှိတော့ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ရောင်းချသည့် ဈေးနှုန်းမှာ မြန်မာနိုင်ငံနှင့် တူညီသော်လည်း အခြားသော လုပ်ထုံးလုပ်နည်းကုန်ကျစရိတ်များ၊ ပို့ဆောင်ဆက်သွယ်ရေးအခက်အခဲ၊ ပြည်ပပို့ကုန်ရငွေတန်ဖိုးကျဆင်းခြင်းတို့ကြောင့် မယှဉ်နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သည့် ဒေါက်တာစိုးထွန်းက ရှင်းပြသည်။

"လောလောဆယ်တင်ပြီးတဲ့ သင်္ဘောတစ်စီးက ထွက်သွားပြီ။ နောက်ထပ်တင်ဖို့ကျန်တဲ့သင်္ဘောတစ်စီးက ခေတ္တရပ်ထားတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ယင်းကဲ့သို့ ပြည်ပတင်ပို့မှုအားနည်းနေသည့်အတွက် ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးသည် အပြောင်းအလဲ မရှိဘဲ တည်ငြိမ်နေသည်။ ၂၅ မှတ် ဆန်ကြမ်းတစ်အိတ်လျှင် ၁၁,၅၀၀ ကျပ်ဝန်းကျင်သာ ရှိသည်။ ယခင်နှစ်ကဆိုလျှင် သကြၤန်နောက်ပိုင်းတွင် ဆန်ဈေးပြန်တက်လေ့ရှိသည်။ ယခင်နှစ်များက ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးသည် ၂၅ မှတ် အမျိုးအစားကို တစ်အိတ်လျှင် ၁၂,၅၀၀ ကျပ်မှ ၁၄,၀၀၀ ကျပ်ကြားရှိခဲ့သည်။ ယင်းအချိန်က စပါးဈေးသည် တင်းတစ်ရာလျှင် ကျပ်သုံး သိန်းမှသုံးသိန်းခွဲကြား ဈေးရှိသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်ပဈေးကွက်သို့ တန်ချိန် ရှစ်သိန်းလေးသောင်းကျော်တင်ပို့နိုင်ခဲ့သည်။ ၂၀၁၀-၁၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ပြည်ပဈေးကွက်သို့ ဆန်ပိုမိုတင်ပို့နိုင်သည်။ သို့သော် ဈေးနှုန်းမရခြင်း၊ ပြည်ပပို့ကုန်ရငွေတန်ဖိုး၊ အမေရိကန်ဒေါ်လာ လဲနှုန်းတို့ကျဆင်းနေခြင်းကြောင့်သာ ပြည်တွင်ဈေးနှုန်းမမြင့်ခြင်းဖြစ်သည်။

# အိန္ဒိယငွေ ဖောင်းပွ၍ မြန်မာပဲမျိုးစုံ ဈေးကျနိုင်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၃**

အိန္ဒိယရူးပီးငွေ ဖောင်းပွလာသည့်အတွက် မြန်မာ့ပဲမျိုးစုံ ဈေးနှုန်းကျဆင်းလာနိုင်ကြောင်း မြန်မာနိုင်ငံ ပဲနှမ်းအသင်းမှ သတင်းရရှိသည်။

အိန္ဒိယနိုင်ငံတွင် ပြည်နယ်ရွေးကောက်ပွဲများနှင့် နိုင်ငံရေးအခြေအနေကြောင့် ရူးပီးနှင့် ဒေါ်လာလဲနှုန်းများ အပြောင်းအလဲရှိလာသည်။ ဧပြီလဆန်းပိုင်းက တစ်ဒေါ်လာ ၅၀ ဒသမ ၅ ရူးပီးရှိရာမှ ယခုရက်ပိုင်းတွင် တစ်ဒေါ်လာ ၅၃ မှ ၅၄ ရူပီးထိ ငွေလဲနှုန်းဖြစ်လာကြောင်း အထက်ပါအသင်းမှ အထွေထွေအတွင်းရေးမှူးဦးမင်းကိုဦးက ရှင်းပြသည်။

"ပဲက အိန္ဒိယသွင်းကုန်ဖြစ်တော့ ဈေးလျှော့ဝယ်မှာပဲ။ အက်ဖ်အိုဘီ ဈေးကနည်းသွားမှာပေါ့" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ထို့အပြင် ယခုရက်ပိုင်းတွင် ပြည်ပပို့ကုန်ရငွေတန်ဖိုး (Earning)မှာတစ်ယူနစ်လျှင်၈၃၀ကျပ်ဝန်းကျင်သာရှိသည်။ ဒေါ်လာနှင့် ကျပ်ငွေလဲနှုန်းမှာ မေ ၂ ရက်တွင် တစ်ဒေါ်လာလျှင် ၈၂၄ ကျပ်ရှိသည်။ ဒေါ်လာနှင့်ပြည်ပပို့ကုန်ရငွေ တန်ဖိုးခြားနားချက်နည်းလာသဖြင့် ပဲမျိုးစုံ ပို့ကုန်လုပ်ငန်းရှင်အချို့ ဆုံးရှုံးမှုများ ရှိလာကြောင်း ပြည်ပသို့ ပဲတင်ပို့နေ သည့် ဝါရင့်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိ ပြည်ပသို့ ပဲမျိုးစုံ တင်ပို့ရာတွင် ယခုရက်ပိုင်းတွင် မတ်ပဲ FAQ အမျိုးအစား တစ်တန်ကို FOB ကန်ဒေါ်လာ ၄၉၅ ၅၀၀ ဝန်းကျင်ရှိသည်။ ပြည်တွင်းဈေးကွက်တွင် တစ်တန်လျှင်ကျပ် သုံးသိန်းကိုးသောင်းကိုးထောင်မှ လေးသိန်းကြား ရှိသည်။ ပဲစင်းငုံမှာတစ်တန်လျှင် FOB ကန်ဒေါ်လာ ၅၃၀ မှ ၅၃၅ ကြားရှိပြီး ပြည်တွင်းဈေးကွက်တွင် တစ်တန်လျှင် ကျပ်လေးသိန်းသုံးသောင်းခွဲဝန်းကျင်ရှိ သည်။

သကြၤန်မတိုင်မီက မတ်ပဲဈေးသည် SQ အမျိုးအစားမှာ ပြည်တွင်းဈေးကွက်၌ တစ်တန်လျှင် ကျပ်လေးသိန်းခုနစ်သောင်းမှ ယခုရက်ပိုင်းတွင် လေးသိန်းလေးသောင်းခွဲသို့ ကျဆင်းလာသည်။တစ်တန်လျှင်ကျပ်နှစ်သောင်းခွဲ ဈေးကျလာသည်။ ယင်းကဲ့သို့ပင် ပဲတီစိမ်းနှင့် ပဲစင်းငုံတို့မှာလည်း ဈေးနှုန်းများကျဆင်းသည်။

Life
7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းတစ်ခုတွင် ကလေးငယ်တစ်ဦးကိုတွေ့ရစဉ် ဓာတ်ပုံ - ကျော်မျိုးဦး

# အပြစ်မဲ့ ဝန်းတလေးများ မနွမ်းကြေစေချင်

ရှင်းသန့်လွင်

သစ်ပင်ကြီးများနည်းပါး၍ ကား သံ၊ လူသံဆူညံသောမြို့လယ်တွင်နေခဲ့ရသောကြောင့် ရှေးယခင် နွေဦးရာသီများဆီက ဥသြတွန်သံများကို ကြားခဲ့ဖူးသော်လည်း အမှုမဲ့၊ အမှတ်မဲ့။ တေးပြုစာဆိုများ၊ စာရေးဆရာ၊ ကဗျာဆရာများစွာတို့က ဥသြကို အလွမ်းငှက်လေး အဖြစ် တင်စားကြသည်ကို ကြားဖူး၊ ဖတ်ဖူးခဲ့သော်လည်း အာရုံဝယ် စွဲမထင်။

ယခုနှစ်တွင် ရန်ကုန်မြို့လယ်မှ မြို့သစ်တစ်ခုသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ကားမီးခိုးနံ့၊ ညော်နံ့မျိုးစုံတို့ဖြင့် မွန်းကျပ်သောအဖြစ်မှသည် လတ်ဆတ်သော လေကောင်းလေသန့်များ ရှူရှိုက်ခွင့်ရသော အဖြစ်သို့။ ၂၄ နာရီလုံးလုံး စက္ကန့်မလပ် ဆူညံသော နေရာမှသည် မနက်ခင်းတွင် ကျေးငှက်တို့အသံဖြင့် နိုးထရ၍ ညချမ်းတွင် ပိုးမွှား၊ ပုရစ်သံတို့မှအပ ဆိတ်ငြိမ်စွာ အိပ်စက်ခွင့်ရသော ဒေသသို့။

မတ်လအလယ်လောက်တွင် ဥသြငှက်တစ်ကောင်၏ အသံကို ကျွန်မစတင်ပြီး သတိထားမိပါသည်။ မပီကလာဖြင့် ဟစ်ကြွေးနေသောကြောင့် ငှက်ငယ်ပေါက်စလေးဖြစ်နိုင်သည်။ ကလေးငယ်လေးတစ်ယောက်၏ အသံအတိုင်းပင်။ ကျွန်မတို့အိမ်ဝန်းကျင်တွင် ဟိုမှသည်မှ ပျံသန်းရင်း မရပ်မနား အသံပြုနေရှာသည်။ ဥ သြ. . . ဥသြဆိုသော အသံကလေးမှာ အစပိုင်းတွင်ခပ်ခြားခြား။ နောက်ပိုင်း စိတ်ဆိုးမာန်ဆိုးဖြင့် ဆက်တိုက် အော်ဟစ်နေသည်မှာ သနားစဖွယ်။

သူ့၏မိခင် ဥသြငှက်မသည် ကျီးသိုက်ထဲတွင် ဝင်ဥခဲ့ပါလိမ့်မည်။ ကျီးဥနှင့် ဥသြဥတို့မှာ ဆင်တူ၍ ကျီးမကြီးက အတူပင်ဝပ်ပြီး အကောင်ပေါက်စေခဲ့ပါလိမ့်မည်။ ငှက်ပေါက်စလေးများကိုလည်း သာတူညီမျှ ပြုစုစောင့်ရှောက်ခဲ့ပါလိမ့်မည်။ ထိုအချိန်အထိ ဥသြလေးမှာ အေးချမ်းစွာ နေခဲ့ရပါလိမ့်မည်။

အရွယ်ရောက်စ အသံမြည်စတွင် ကျီးကလေးတို့က "အ. . . အ" အော်မြည်ချိန်ဥသြလေးကလည်း "ဥသြ"ဟု အော်မိပေလိမ့်မည်။ မိမိရင်သွေးမဟုတ်မှန်း သိသွားသော ကျီးမက နှုတ်သီးဖြင့် ဆိတ်ကာ ဆိတ်ကာ အသိုက်မှ မောင်းထုတ်လိုက်ရာ မိဘမဲ့ရှာသော သနားစရာ ငှက်ကလေးမှာ ခိုနားရာ အသိုက်မဲ့၊ ရင်ခွင်ပျောက်တော့သည်။

မနက်ခင်းမှသည် ညနေတိုင်အောင် မမောမပန်းဟစ်အော်နေရှာသည်။ ညနေစောင်းအိပ်တန်းတက်ချိန်တွင် သူ့အသံမကြားရတော့။ ညနေအလင်းရောင်မှောင်ရီပိုးဝါးကိုအားကိုး၍ ဘယ်အသိုက်သို့ အိပ်တန်းတက်သည် မသိ။ တစ်ခါတစ်ရံ ညနက်သန်းခေါင်တွင် အလန့်တကြား ထအော်လိုက်သော ဥသြလေးကြောင့် အိပ်ယာမှ နိုးရပြန်သည်။ နံနက်လေးနာရီခန့်တွင်ကား နှိုးစက်ပင်မလို။ ဥသြ. . . ဥသြ ဆိုသည့် ငှက်သံ သေးသေးလေးက စူးစူးရှရှမြည်စမြဲ။

ဥသြပေါက်စ စွာတေးလေးကား နှစ်ပတ်ခန့် ဆက်တိုက် အော်ဟစ်ပြီးသောအခါ အသံမကြားရတော့။ မိခင်ရင်းနှင့်ပင် ပြန်တွေ့လေသလား။ အတောင်စုံ အရွယ်ရောက်၍ အဝေးပျံသွားလေသလား။ ကျွန်မ မသိပါ။ သူ့အသံလေး မကြားရ၍ စိတ်ထဲ တစ်စုံတစ်ခု လိုနေသလိုပင်။ သိပ်မကြာပါ။ အသံသေးသေးလေးဖြင့် ဆက်ကာဆက်ကာ အော်မြည်နေသော ဥသြသံလေး။ သေချာနားစိုက်ထောင်သောအခါ ယခင်ငှက်ကလေးမဟုတ်။ လေယူ၊ လေသိမ်း အသံအနိမ့်အမြင့်မတူ။ သည်တစ်ကောင်ကား ဒေါသသံမပါ။ သနားစဖွယ် လေးတွဲ့တွဲ့ အသံလေးဖြင့်။ တစ်ကောင်အော်မြည်ပြီး ပျောက်သွားလိုက်၊ နောက်တစ်ကောင်ပေါ်လာလိုက်ဖြင့် ငှက်ကလေး လေးကောင်၏ အသံကို ကြားရပြီးသောအခါ ငှက်အမျိုးအစားတူသော်လည်း တစ်ကောင်နှင့်တစ်ကောင် အသံမတူမှန်းကို သတ္တဗေဒပညာရှင်မဟုတ်သော၊ ငှက်ကလေးများနှင့် အကျွမ်းဝင်မှုမရှိသော ကျွန်မသိလိုက်ရပါသည်။

စာ(၃၀)သို့



## ဈေးဝယ်ထွက်မယ်

## ရတနာစုလိုသူတွေ အကြိုက်တွေ့မယ့်နေရာ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



အိဖြူလွင်

အခုတစ်ပတ်မှာတော့ အမျိုးသမီးထု အကြိုက်တွေ့နိုင်မယ့် လက်ဝတ်ရတနာတွေရှိတဲ့ နေရာကို ဈေးဝယ်ထွက်ဖို့ 7day News ပရိသတ်ကို လမ်းညွှန်ပေးချင်ပါတယ်။

ခုအချိန်ခါကမင်္ဂလာဆောင်၊ ပွဲလမ်းသဘင်တွေများတဲ့ကာလဖြစ်တဲ့အပြင်ပိုက်ဆံရှင်တဲ့လဆန်းရက်လည်းဖြစ်တော့ အဖတ်တင်အောင် ရတနာပစ္စည်းတွေဝယ်ယူတာက တန်ဖိုးလည်းမပျောက်ပျက်နိုင်သလို အချိန်ကြာတာနဲ့ တန်ဖိုးတက်လာနိုင်တာပါ။

ဒီတစ်ပတ်လမ်းညွှန်ပေးတဲ့ ဆိုင်မှာက စိန်ထည်ပစ္စည်းတွေကို အဓိကရနိုင်တာဖြစ်တဲ့ အပြင် စိန်ထည်လက်ဝတ်ရတနာတွေကို ရွှေ၊ ပလက်တီနမ် စတာတွေနဲ့ ပြုလုပ်ထားတဲ့ ဒီဇိုင်းစုံကို ရနိုင်တာပါ။

ကိုယ့်စိတ်ကြိုက် ဒီဇိုင်းကိုမှ လိုချင်သူတွေအတွက်လည်း စိတ်ကြိုက်ဒီဇိုင်းကို အော်ဒါမှာ အပ်လို့ရတဲ့ စက်ရုံရှိလို့ အဆင်ပြေမှာ သေချာပါတယ်။

ဆိုင်မှာ အသင့်ရှိတဲ့ ဒီဇိုင်းတွေကလည်း အလွယ်တကူ ပေါ့ပေါ့ပါးပါး နေ့စဉ်ဝတ်ထားလို့ရမယ့် ဒီဇိုင်းတွေကနေ ပွဲနေပွဲထိုင်သွားဝတ်တဲ့ ခံ့ခံ့ထည်ထည် ဒီဇိုင်းတွေထိ အစုံရှိပါတယ်။

စိန်ထည် လက်ဝတ်ရတနာတွေရဲ့ ဒီဇိုင်းတွေက ခေတ်မီတဲ့ ပုံစံတွေချည်းပဲဖြစ်ပြီး ဝယ်ယူပြီး မကြိုက်တော့လို့ ရောင်းချင်၊ လဲချင်တယ်ဆိုရင်လည်း ရတယ်လို့ သိရပါတယ်။

ပြန်ရောင်းချင်သူတွေကို တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းလျှော့ပြီး ပစ္စည်းလဲချင်သူတွေကတော့ ၅ ရာခိုင်နှုန်း အလျှော့နဲ့ရတာပါ။

လက်ဝတ်ရတနာတွေရဲ့ ဈေးနှုန်းကိုတော့ ပေါက်ဈေးအတိုင်း ဈေးနှုန်း အတိုးအလျှော့နဲ့ ရောင်းချပေးတာပါ။

စိန်ထည် လက်ဝတ်ရတနာတွေကို မြတ်မြတ်နိုးနိုး ဝတ်ချင်သူတွေ ဈေးဝယ်ထွက်မယ်ဆိုရင် စိုက်ပျိုးရေးမှတ်တိုင်နားက Junction Square မြေညီထပ်က စကြာရွှေရည်စိန်နဲ့ ရတနာဆိုင်ကို သွားကြည့်ဖို့ တိုက်တွန်းလိုက်ပါတယ်။



## အိုးပိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ပုဇွန်တုပ်ချိုချဉ်



ဒီတစ်ပတ်ဝိုက်ဖီက အိမ်ရှင်မတွေ ငွေကုန်စေမယ့်ဟင်းတစ်ခွက် စီစဉ်ထားပါတယ်။ အဲဒါကတော့ ပုစွန်တုပ်ချိုချဉ် ဟင်းလျာလေးပဲ ဖြစ်ပါတယ်။


ဒီဟင်းလျာအတွက် ပုစွန်တုပ်လတ်လတ်ဆတ်ဆတ်တွေ၊ နာနတ်သီးအလုံးသေးတစ်လုံး၊ ကော်မှုန့်နဲ့ ရွှေလိပ်ပြာ အကြော်မှုန့်တို့ လိုအပ်ပါတယ်။

ပထမဆုံး ပုစွန်တုပ်ကို ရွှေလိပ်ပြာ အကြော်မှုန့်၊ ဟင်းခတ်မှုန့်တို့နဲ့ အရည်ဖျော်ရောနယ်ပြီး ကြော်ပါမယ်။

ပြီးရင် ကော်မှုန့်ထဲကို ဟင်းခတ်မှုန့်ထည့် အရည်ဖျော်ပါ။ ကြက်သွန်ဖြူခြားပြားလေးရိုက် ဆီသတ်ထားပြီး ကော်ရည်ထည့်ပါမယ်။ ငရုတ်သီးစိမ်းအမှည့်ပါးပါးလှီးပြီးထည့်ပါမယ်။ သင့်တော်သလို လှီးထားတဲ့ နာနတ်သီးစိပ်လေးတွေကို ထည့်ပြီး အပေါ် အောက်လှန်ပေးပြီး အချဉ်ရည်ထွက်အောင်လုပ်ပါမယ်။ အရသာထွက်လာပြီးအနေတော်ဖြစ်ပြီဆိုရင် ပုစွန်တုပ်တန်ပူရာကြော် တွေကိုထည့်ပြီး ချလိုက်လို့ရပါပြီ။

ဝိုက်ဖီချက်နေကျ ဟင်းပုံစံမျိုးမဟုတ်ဘဲ စားသောက်ဆိုင်ဟင်းလျာတစ်မျိုးဖြစ်တဲ့ ဒီဟင်းလေးကို ကျေနပ်ကြလိမ့်မယ် ထင်ပါတယ်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



# အသက်တစ်ချောင်းမို့ပါ

**အရှင်ရေဝတ(သာသနာ့ပျိုးခင်း)**

လူတိုင်း ကိုယ်လျှောက်လှမ်းရမယ့် ဘဝကို အေးချမ်းပျော်ရွှင်စွာ သွားလာ လှုပ်ရှားနေချင်ကြတာပါ။ ဒါပေမဲ့လို့တစ်ခါတစ်ရံတစ်ဦးတစ်ယောက်ကြောင့်၊(သို့မဟုတ်)လူတစ်စုကြောင့် လူတို့ ရှင်သန်ရပ်တည်ရမဲ့ ဘဝတွေ ဆုံးပါးသွားကြရပါတယ်။ ရရှိထားတဲ့ လူ့ဘဝဆိုတာလည်း တကယ်တော့ ရေပွက်လို ခဏလေးပါ။ ကိုယ့်ဘဝကိုလည်း တန်ဖိုးမထား၊ ပတ်ဝန်းကျင်ကိုလည်း မလေးစားသောကြောင့်လူ့ဘဝအသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြပါတယ်။

စာရေးသူတို့ ၂၇-၄-၂၀၁၂ သောကြာနေ့ညနေ ၆ နာရီကား (ရန်ကုန်-တောင်တွင်းကြီး မော်တော်ယာဉ်)ဖြင့် တောင်တွင်းကြီးသို့ ထွက်ခွာလာခဲ့ပါတယ်။ သီတင်းသုံးဖော် အရှင်ဝိလာသရဲ့ အလှူတော် အတွက် တရားဟောသွားကြမှာဖြစ်ပါတယ်။ ရန်ကုန်-ပြည်လမ်းမကြီးဟာလမ်းကောင်းလို့ဆိုလို့ရပေမယ့် လမ်းက ကားကြီးနှစ်စင်း ရှောင်သာရုံပဲရှိပါတယ်။ တောင်တွင်းက အရှင်ဝိလာသက ကားမထွက်မီမှာရော ကားထွက်စအချိန်မှာပါ ဖုန်းဖြင့် စကားပြောဖြစ်ပါတယ်။ သာယာဝတီမြို့မှာ သူရဲ့ ဒကာနှစ်ယောက်လိုက်ပါမှာဖြစ်တာကြောင့် ဂရုစိုက်ဖို့မှာနေပါတယ်။ ကားက ညနေ ၆ နာရီမှာ အောင်မင်္ဂလာအဝေးပြေးကွင်းကနေ တစ်ရှိန်ထိုးမောင်းလာခဲ့ရာ မင်္ဂလာဒုံမြို့နယ်ထဲအရောက်မှာ စက်ဘီးတစ်စီးက မဆင်မခြင်ဖြင့် ဖြတ်သန်းတဲ့အတွက်

**တစ်ဖက်သို့**











## စာ-၁၀၊ အသက်တစ်ချောင်းမို့ပါ မှ

အနည်းငယ်ထိခိုက်မှု ဖြစ်ခဲ့ပါတယ်။ ထိခိုက်မိသူနဲ့ကားပိုင်ရှင်တို့ အပြန်အလှန်ဆွေးနွေးနေရာမှာ ကြီးသောအမှုငယ်၊ ငယ်တဲ့အမှု အေးချမ်းရအောင် မေတ္တာရပ်ခံပြီး မြရတနာကား ၄၅ မိနစ်မျှကြာမြင့်ခဲ့ပြီးမှ ပြန်လည်ထွက်ခွာလာနိုင်ခဲ့ပါတယ်။

ကားပေါ်မှာလည်း ခရီးသည်အပြည့်နီးပါးပဲ။ ပြည်လမ်းမဟာ လမ်းကောင်းပေမယ့်အလွန်ကျဉ်းမြောင်းတဲ့လမ်းတစ်ခုဆိုတာ သတိပြုမိခြင်းနှင့်အတူ အရှိန်အဟုန်ပြင်းပြင်းနဲ့ မောင်းနှင်နေပြီဆိုတာ သတိထားမိလာပါတယ်။ ကားတွေကလည်း ညပိုင်း ရောက်လာတာနဲ့ပိုပြီး မောင်းနှင်လာကြပါတယ်။ မိမိအသက် ၃၆ နှစ်အတွင်းမှာ ဤကဲ့သို့ အပြင်းအထန်မောင်းနှင်တာဟာ ဒါပထမဆုံးစီးဖူးခြင်းပဲဖြစ်ပါတယ်။ ကားချင်းရှောင်လိုက်ချိန်၊ ကားကလူ၊ စက်ဘီး၊ ဆိုင်ကယ်များကို ရှောင်လိုက်ချိန်တိုင်းမှာ ရင်တလှပ်လှပ်နဲ့ ခံစားရပါတယ်။ သမ္ဗုဒ္ဓေဂါထာတော်ကိုစိတ်ကရွတ်နေမိပါတယ်။ ကားပေါ်မှာလိုက်ပါလာတဲ့ ဒကာလေးတစ်ယောက်ကိုလည်း ဒီလိုကားမျိုး နှစ်ခါလောက်စီးရရင် နှလုံးရောဂါရသွားနိုင် တယ်လို့တောင် ပြောမိနေပါသေးတယ်။ ဒါပေမဲ့ ကားသမားတွေရဲ့ အတ္တအတိုင်း ခရီးသည်များကား အရှိန်ပြင်းထန်စွာ မောင်းနှင်နေတာကို သတိမပြုမိစေဖို့ ဟာသဗွီဒီယိုဇာတ်ကားများဖြင့် ပြသထားလေ့ရှိပါတယ်။ ခရီးသည်တွေ ဇာတ်ကားဖြင့် ပျော်ရွှင်ရယ်မြူးနေချိန်မှာ အရှိန်ပြင်းပြင်းနှင့် မြန်မြန်မောင်းနှင်လေ့ရှိပါတယ်။ ဒါ ကားကိုယ့်အတ္တ ကိုယ်ကြည့်တဲ့ ယာဉ်မောင်းတိုင်းရဲ့ သင်္ကေတ တစ်ခုလို့ပဲ ဆိုရမှာပါ။

အဲဒီလိုမောင်းနှင်လို့ပြန်ရောက်တဲ့အခါပိုပြီးအနားရတယ်ဆိုတာလည်းမဟုတ်ပါဘူး။ တကယ်တော့ ယာဉ်မောင်းဟာ အနားယူမယ်ဆိုရင်လည်း တစ်နေ့တာ ပြည်ဝစွာအနားယူမှ စွမ်းအားပြည့်မှာပါ။ နောက်ပြီး ခရီးသွားတွေ များပြားလာတာနဲ့အမျှ အချို့ယာဉ်လိုင်းတွေမှာဆို ရောက်ပြန်မောင်းတွေတောင်ရှိတယ်လို့ သိရပါတယ်။ ဒါကို သက်ဆိုင်ရာကလည်းစိစစ်သင့်တယ်လို့ထင်ပါတယ်။ ယာဉ်မောင်းတွေ ငယ်ရွယ်လာတာကလည်း လူ့အသက်များစွာ ကိုခြိမ်းခြောက်နေတယ်လို့ ခံစားရပါတယ်။ ယာဉ်မောင်းအချင်းချင်း ကားပြိုင်မောင်းတာ၊ သူကျော်လိုက်ကိုယ်ကျော်လိုက် မောင်းနှင်နေတာတွေကလည်း အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်ပါတယ်။ ကိုယ့်အတ္တကိုပဲ ကြည့်တဲ့ လူတွေ ကြောင့် အပြစ်မဲ့တဲ့ ရဟန်းရှင်လူ ပြည်သူတွေရဲ့ ဘဝတွေဆုံးရှုံးခဲ့ကြရတာပါ။

ခရီးသွားကြတယ် ဆိုတာ အားနေလို့ ခရီးသွားကြတာထက် မလွှဲသာမရှောင်သာ သွားကြရတာပဲဖြစ်ပါတယ်။ လမ်းအကျယ်အဝန်းနည်းပါးခြင်း၊ ယာဉ်မောင်းအချင်းချင်း အပြိုင်အဆိုင်မောင်းနှင်ခြင်း၊ လမ်းဖြတ်ကူးသူတွေရဲ့ မဆင်မခြင်ကူးဖြတ်ခြင်း၊ ကားနားချိန်တွင်အရက်သေစာ၊ ဘီယာစသည်သောက်စားခြင်း စတာတွေကြောင့် ထိခိုက်မှုအန္တရာယ်ပိုမိုဖြစ်စေပါတယ်။

ယခုဖြစ်စဉ်မှာတော့ ကားမောင်းသူဟာ လမ်းခရီးတစ်ခုမှာ စက်ဘီးတစ်စီးအား တိုက်ခဲ့မိခြင်း အပါအဝင်ပင်ပန်းနေပုံလည်းရပါတယ်။ ယာဉ်မောင်းလည်းအပိုမပါဘူး။ စပယ်ယာနှစ်ယောက်ရယ်။ ကားပိုင်ရှင်ရယ် အားလုံးမှ လေးယောက်တည်းပါပါတယ်။ ကြို့ပင်ကောက်မြို့အလွန် ခုနစ်ရွာ အနီးမှာတော့ မြန်အောင်ကြံခင်းကဆိုင်းအဖွဲ့ကားဖြစ်တဲ့ တီအီးဟီးနိုးကားကို တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိဝင်းခြံ အုတ်တံတိုင်း၊ အိမ်ရှေ့စတိုးဆိုင်၊ နေအိမ်များကိုဝင်တိုက်မိပြီး ကားက ရပ်သွားတယ်လို့ သိရပါတယ်။ မိမိတို့ကတော့ဝုန်းဆိုသောအသံကြီး တစ်ခုကြားပြီး ကားတိုက်ပြီ ဆိုတာသိလိုက်ရပါတယ်။ အဲဒီအချိန်မှာဦးခေါင်းဘယ်ဘက်နား အထက်မှာ ပေါက်ပြဲထိခိုက် ပြတ်ရှခြင်းဖြစ်ခဲ့ပါတယ်။ ဘယ်ဘက်ပခုံး၊ လက်တံတောင်ဆစ်၊ ပေါင်ဒူးတွေမှာ ပွန်းပဲ့ ဒဏ်ရာများက ပူလွန်းတဲ့ရာသီကြောင့် ထင်ပါတယ်။ သွေးတွေက တောက်လျှောက်ထွက်နေပါတယ်။ ဘယ်အရာနဲ့ ဦးခေါင်းကို ထိခိုက်လိုက်တယ်ဆိုတာ မသိလိုက်ရပေမယ့် သွေးပူနေဆဲမို့ ဆိုင်ရာတွေကို ဖုန်းဆက်နိုင်နေပါတယ်။ နောက်မှခန္ဓာကိုယ်ပေါ် တစ်ခုလုံး သွေးတွေ ဖြိုင်ဖြိုင်ထွက်နေပါတယ်။ ခုနစ်ရွာက လူတွေရဲ့ ကူညီမှုနဲ့ ကျေးလက်ကျန်းမာရေးမှူးအိမ်က ပတ်တီးစည်းပေးလိုက်ပါတယ်။ အဲဒီကနေ အခင်းဖြစ်ပွားတဲ့ ကားတွေဆီပြန်သွားပြီး မိမိတို့နဲ့ ပါလာတဲ့ခရီးသည်တွေ သွားကြည့်ပါတယ်။ ခုံနံပါတ်တစ်မှာ ထိုင်တဲ့ ဆရာတော်က ခြေထောက် နှစ်ဘက်စလုံးနဲ့ ဘယ်ဘက်ပေါင်မှာ ထိခိုက်သွားပါတယ်။ သာယာဝတီမြို့ကနေကြိုစီးတဲ့ဒကာလည်း ခြေထောက်များ ထိခိုက်သွားပါတယ်။

တစ်နာရီအတွင်း မပြည့်မီမှာပဲခုနစ်ရွာက လူတွေနဲ့ တာဝန်ရှိသူတွေကကြို့ပင်ကောက်ပြည်သူ့ဆေးရုံကို ပို့ဆောင်ပေးပါတယ်။ ဆေးရုံရောက်တော့မိမိတို့ ဒုတိယအခေါက်မှရောက်တယ်ဆိုတာ သိလိုက်ရပါတယ်။ ဆေးရုံမှာလည်းကားမတော်တဆကြောင့် လူနာ နှစ်ဆယ်ကျော်နီးပါး ရောက်နေပါတယ်။ မြို့ပေါ်က ကူညီရေးအဖွဲ့တွေထင်ပါတယ်။ ရေသန့်ဘူးတွေ၊ စနိုးတာဝါတွေ ဝေနေပါတယ်။ မိမိလည်း ကြို့ပင်ကောက်မြို့နယ်ကအင်းလယ်ရွာမှာ တရားဟောဖူးတာကြောင့် အချို့ ရင်းနှီးပြီး သိနေကြပါတယ်။ ကြို့ပင်ကောက် ပြည်သူ့ဆေးရုံက တာဝန်ကျ ဆရာဝန်ကြီးနဲ့ ဆရာဝန်များ၊ သူနာပြုများ တာဝန်ကျေကြတာကိုမြင်တွေ့ရပါတယ်။ ပြည်မြို့ဆေးရုံကြီးကို ပို့သင့်သော လူနာများကိုလည်းပြည်မြို့ ပြည်သူ့ဆေးရုံကို ပို့ဆောင်ပေးပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ယနေ့အချိန်အထိတော့ သက်ဆိုင်ရာ ကားလိုင်းနဲ့ ကားပိုင်ရှင်များ လာရောက်ဆက်သွယ်တာမရှိသလို ထိခိုက်ဒဏ်ရာရထားတဲ့ ကားစပယ်ယာလေးများကိုလည်း ငွေငါးသောင်း ပေးပြီး ပြန်သွားတယ်လို့ သိရပါတယ်။

တကယ်တော့ မဖြစ်သင့်ဘဲ ဖြစ်ရတယ်ဆိုတာ ဘယ်အရာမဆိုကိုယ့်အတ္တတစ်ခုကို ရှေ့တန်းတင်ခြင်းကြောင့် ဖြစ်ရပါတယ်။ လူ့အသက်တစ်ချောင်းဆိုတာ တန်ဖိုးကြီးမားလှပါတယ်။ သူ့ရဲ့ လုပ်ဆောင်နိုင်မှုစွမ်းအား အပေါ်မူတည်ပြီး တန်ဖိုးဖြတ်လို့ မရပါဘူး။ လူဆိုတာ အသိုင်းအဝိုင်းနဲ့လည်းနေရတာမို့ ကိုယ်ချင်းစာနာစိတ်ကလေးနဲ့ သူ့နေရာနဲ့ သူအလုပ်လုပ်ကြမယ်ဆိုရင်၊သူ့တာဝန်ကိုယ့်တာဝန်ကိုသိပြီး အလုပ်လုပ်ကြမယ်ဆိုရင် ပျော်ရွှင်ပြီးအပြစ်ကင်းတဲ့ အခြေအနေမျိုးကို အားလုံးမြင်တွေ့ကြရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## အသက်ရှူရာကို ရှုမှတ်ခြင်း ...

အသက်ရှူတဲ့ဆီကနေ စတင်တရားအားထုတ်လို့ရတယ်။ အားထုတ်မယ်ဆိုတော့ အသက်ရှူလိုက်တိုင်း သတိထားဖို့လိုလာပြီ။ ဘာနဲ့အသက်ရှူလဲဆိုရင် နှာခေါင်းနဲ့ အသက်ရှူတယ်လို့ပြောရပါမယ်။ အသက်ရှူတဲ့အချိန်မှာ နှာသီးဖျားလေးပေါ်မှာ သတိထားကြည့်လိုက်ပါ။ နှာသီးဖျား၊ နှုတ်ခမ်းဖျားလေးကို တွန်းတိုက်ပြီးတော့လေဝင်သွားတယ်။ ထွက်သွားတယ်။ တိုးတွန်းပြီးတော့ ဝင်သွားတယ်။ ပြန်ပြီးတော့ထွက်လာတယ်။ နှာသီးဖျားမှာအေးသွားတယ်၊ ပူသွားတယ်ဆိုတဲ့သဘောတရားတွေ တွေ့ရပါလိမ့်မယ်။

ရှူသွင်းတဲ့အချိန်နဲ့ ရှူထုတ်တဲ့အခါ လေတိုးထိသွားတဲ့နေရာ သတိထားကြည့်ပါ။ အသက်ရှူတဲ့ အချိန်အခါလေးမှာ တိုးတွန်းတဲ့ သဘောတရား၊ တိုးတဲ့သဘော တွန်းတဲ့သဘောရှိနေပါတယ်၊ ဖြစ် နေပါတယ်။ လေတိုးပြီးတော့ ဝင် လာတယ်။ ပြန်တွန်းကန်ပြီးတော့ ထွက်သွားတယ်။ နှာသီးဖျားမှာ ပူတဲ့သဘောတရားတွေ၊ အေးတဲ့ သဘောတရားတွေ ဖြစ်လာပါမယ်။ အပြင်က လေရှူသွင်းတဲ့အခါမှာ အေးမယ်။ ကိုယ်ထဲကလေကိုပြန်ရှူထုတ်လိုက်တဲ့အခါမှာပူချင်ပူလိမ့်မယ်။ နွေးချင်လည်း နွေးလိမ့်မယ်။ အဲဒီတိုးတာတွန်းတာ၊ ပူတာ အေးတာက ရုပ်တရားဖြစ်တယ်။ ကိုယ်ကပူတာလေးကို တွေ့မယ်ဆိုရင် ပူတာကိုမှတ်၊ အေးတာတွေ့ရင် အေးတာကို ရှုမှတ်ကြည့်ပါ။ ကိုယ့်အသိကိုကိုယ် သတိထားကြည့်လိုက်တဲ့အခါ ဘာပေါ်သလဲ၊ ဘယ်လိုဖြစ်သလဲ ဆိုတာကြည့်ရမှာပါ။ အချိန်တိုင်းမှာအသက်ရှူနေကြပါတယ်။ တစ်နေ့တစ်နေ့ အကြိမ်ပေါင်းမြောက်မြားစွာ အသက်ရှူကြပါတယ်။ အသက်ရှူလိုက်တိုင်း၊ ရှူလိုက်တိုင်းမှာသတိထားကြည့်တတ်မယ်ဆိုရင် တရားဖြစ်နေပါတယ်။ အသက်ရှူနေရုံနဲ့ တရားမဖြစ်ပေမယ့် သတိထားရှုမှတ်နေမယ်ဆိုရင် တရားဖြစ်နေပါတယ်။



ရည်ညွှန်း "ဓမ္မလမ်းပေါ်မှာ" ဓမ္မ ဒူတဒေါက်တာ အရှင်ပညိဿရ

## စာရေးဆရာပါရဂူ ကွယ်လွန်ခြင်း တစ်နှစ်ပြည့် စာအုပ်ထုတ်ဝေ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ-၅**

စာရေးဆရာကြီး ပါရဂူ ကွယ်လွန် ခြင်းတစ်နှစ်ပြည့်နှင့် စည်သူဘွဲ့ရရှိခြင်း အထိမ်းအမှတ်အဖြစ် ပါရဂူ (၁၉၂၁- ၂၀၁၁)စာအုပ် ထွက်ရှိလာကြောင်း သတင်းရရှိသည်။

အဆိုပါစာအုပ်တွင် စာရေး ဆရာ ၅၅ ဦးက မေတ္တာဖြင့် ရေးသားပေးခဲ့ခြင်းဖြစ်ပြီး ထုတ်ဝေသည့် စိတ်ကူးချိုချိုစာအုပ်တိုက်ကလည်း အမြတ်ငွေအားလုံးအား ပါရဂူရှန်တိနိကေတန်စာကြည့်တိုက်သို့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဆရာကြီးရဲ့ စာမူခ ငွေကျပ်သိန်းသုံးဆယ်လောက်ရှိပါတယ်။ One More ကွန်ရက်ကလည်း ကျပ်သိန်းသုံးဆယ်လှူမယ်လို့ သိရပါတယ်။ ကျပ်သိန်းနှစ်ရာပြည့်ရင်တော့ စာကြည့်တိုက်ကြီးရဲ့ ရှေ့ဆက်သွားဖို့အတွက် ရန်ပုံငွေထူထောင်သွားမှာပါ။ လှူဒါန်းလို့လည်းရပါတယ်"ဟု ပါရဂူရှန်တိနိကေတန်စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးစောဝေကပြောသည်။

## ဗဟိုသန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကုလက နည်းပညာထောက်ပံ့မည်

အိဖြူမွန်

**ရန်ကုန်၊ မေ-၄**

မြန်မာတစ်နိုင်ငံလုံးအဆင့် ဗဟိုသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် နည်းပညာနှင့် စက်ပစ္စည်း လိုအပ်ချက်များ ထောက်ပံ့ကူညီပေးရန် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ သဘောတူညီမှုရရှိခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ယင်းသို့ အကူအညီပေးရန် ဧပြီ ၃၀ ရက် နေပြည်တော်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီးဦးခင်ရီနှင့် ဒုတိယအတွင်းရေးမှူးချုပ်မစ္စတာ ဗီဂျေနမ်ဘီးယားတို့က အကူအညီပေးရေးစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှလည်း ဗဟိုသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအား နည်းပညာကျွမ်းကျင်မှုနှင့် လိုအပ်သော မိုဘိုင်းအရင်းအမြစ်များကို အကူအညီပေးမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

"ရန်ပုံငွေပေးမယ်။ မပေးဘူးကတော့ သေချာမပြောနိုင်ဘူး။ ယူအင်န်အက်ဖ်ပီအေကလည်း တခြားဒိုနာအလှူရှင်နိုင်ငံတွေကို အလှူခံရဦးမယ်ဆိုတော့ မပြောနိုင်သေးဘူး။ သေချာတာကတော့ နည်းပညာကူညီမယ်။ လိုအပ်နေတဲ့ ဆက်စပ်ပစ္စည်းတွေ ကူညီမယ်ကတော့ သေချာတယ်။ ပြီးရင် နည်းပညာသင်တန်းပေးမယ်"ဟု သန်းခေါင်စာရင်းနှင့်စစ်တမ်းဌာနစုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကွင်းဆင်းစာရင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး ၂ နှစ်အတွင်းတွင် သန်းခေါင်စာရင်းကောက်ယူရာ၌ အဆင်ပြေစေရန် ကြိုတင်ပြင်ဆင်မှုများ ဦးစားပေးလုပ်ဆောင်နေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းနောက်ဆုံးကောက်ခံမှုမှာ ၁၉၈၃ ခုနှစ်ကဖြစ်ပြီး၊ နှစ် ၃၀ ကျော်ကြာမှ သန်းခေါင်စာရင်းပြန်ကောက်နိုင်မည်ဖြစ်သည်။

သန်းခေါင်စာရင်း ကောက်ယူခြင်းတွင် လွယ်ကူအဆင်ပြေရေးအတွက် ယခုအခါ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည် နမူနာမေးခွန်းပုံစံများနှင့် မြေပုံရေးဆွဲခြင်းများ စတင်ဆောင်ရွက်နေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အကူအညီပေးရေး စာချွန်လွှာရေးထိုးသည့်ပွဲတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာတွင် တစ်ဦးတစ်ယောက်မကျန်စေရေးအတွက် နယ်မြေမငြိမ်သက်သောနေရာများ၌ အခက်အခဲတွေ့နိုင်ကြောင်း မိန့်ခွန်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး ကောက်ယူနိုင်ရန်မျှော်လင့်ကြောင်း၊ မကောက်ယူနိုင်သောအခြေအနေများရှိပါက စက်ပစ္စည်း၊ နည်းပညာကူညီမှုများနှင့် ကောက်ယူရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က 7Day News သို့ ရှင်းလင်းပြောဆိုခဲ့သည်။

7 DAY NEWS JOURNAL

Vol.11, No.9 · MAY 10 , 2012

## မျက်နှာဖုံး-တရုတ်လုပ်ငန်းရှင်များ မော်ဘီ၊ တိုက်ကြီးမြို့နယ်မှ လယ်ကေသုံးသိန်းငှားရမ်းလုပ်ကိုင်ခွင့်ကမ်းလှမ်း မှ

အခုတောင်းတာက လယ်ကောင်းတွေမို့ သူတို့က ခူးပြီးခပ်ပြီးသားအဆင်သင့်စိုက်ချင်ကြတာ” ဟု ၎င်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၃) ကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံ၏ မူဝါဒအရ မြန်မာပြည်သူများ နှစ်၅၀ အတွင်း စပါးစိုက်ပျိုး၍ မရသေးသော ချင်းတောင်၊ ပူတာအိုနှင့် အခြားမဖွံ့ဖြိုးသေးသော ဒေသများတွင်သာ လာရောက်လုပ်ကိုင်နိုင်ရန် စီစဉ်ပေးထားကြောင်း ၎င်းက ပြောသည်။ ထို့အပြင် စပါးစိုက်ပျိုး၊ ထုတ်လုပ်သည့် နည်းပညာ၊ စက်ကိရိယာ၊ စက်ရုံနှင့် အရင်းအနှီးများစိုက်ထုတ်ရေးအတွက်ဆောင်ရွက်ပေးမည့်သူများကိုသာ လိုလားကြောင်း ၎င်းကပြောသည်။

“ကျွန်တော်တို့ပြည်သူတွေ အကျိုးရှိမယ့်ကိစ္စကိုတော့ ကျွန်တော်တို့ဘက်က ဘာမှမထိမ်ချန်ဘူး၊ သို့သော်ပြည်သူတွေ လုပ်စားရမယ့် စားကျက်ကို လုတာတော့ မပေးနိုင်ဘူး”ဟု ဒေါက်တာမြင့်သန်းကပြောသည်။

ဝန်ကြီးဌာနမှပုဂ္ဂလိကကဏ္ဍ တိုးတက်ရန်အတွက်ကူညီဖို့ရန်အသင့်ဖြစ်နေသောကြောင့် ပြည်သူများ အကျိုးရှိစေမည့် ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများအား ဌာနနှင့် ပုဂ္ဂလိကများက ခေါ်လာစေလိုသည်၊သို့ရာတွင်ပြည်သူများနစ်နာမှု မဖြစ်စေလိုကြောင်း ၎င်းက ပြောသည်။

ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်း(FDI) ကိုခွင့်ပြုထားခြင်းမှာ နောင်နှစ်ပေါင်း ၄၀၊ ၅၀ ကြာလာပါက စက်ရုံ၊ အရင်းအနှီးနှင့် အတတ်ပညာများအား မိမိတို့ပြည်သူများလက်သို့ ရောက်ရှိလုပ်ကိုင်နိုင်စေလို၍ ဖြစ်ကြောင်း ၎င်းကပြောသည်။

## မျက်နှာဖုံး–ပိတ်သိမ်းခံခဲ့ရသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုင်စင်များ သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် ပြန်လည်ထုတ်ပေးမည် မှ

စည်းကမ်းများနှင့် ငြိစွန်းခြင်းမရှိပါက လိုင်စင်များအား ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခု ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏစိုး၏ မေးခွန်းများကိုပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ အထက်ပါအတိုင်း စာဖြင့် ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

မေးခွန်းတွင် နိုင်ငံရေးပါဝင်ဆောင်ရွက်ခဲ့သဖြင့် ယခင်ကာလများက ပိတ်သိမ်းခံထားရသည့် ဆေးကုသခွင့်လိုင်စင်များ၊ ရှေ့နေလိုင်စင်များ၊ ဘာသာရပ် သင် ကိုယ်ပိုင်သင်တန်း လိုင်စင်များအား ယနေ့ပြောင်းလဲဖြစ်ထွန်းလာသည့် အခြေအနေများနှင့်အညီ သက်ဆိုင် ရာပုဂ္ဂိုလ်များကိုပြန်လည်ထုတ်ပေးရန် အစီအစဉ်မရှိမေးမြန်းခဲ့ခြင်းဖြစ်သည်။

ဒေါက်တာမြတ်ဉာဏစိုးက အဆိုပါမေးခွန်းအားကြယ်ပွင့်မေးခွန်းအဖြစ် မေးမြန်းခဲ့ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ စာဖြင့် ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သောကြောင့် အများပြည်သူသိရှိနိုင်ရန်အတွက် မေးခွန်းရှင်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

“လိုင်စင်သိမ်းတဲ့ကိစ္စကတော့ ပြောနေကြတာပဲ။ တကယ်လုပ်ပေးတာ မရှိသေးဘူး။ ထူးထူးခြားခြား ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးတာမျိုးမရှိသေးတော့ တိတိကျကျပြောဖို့ခက်မယ်”ဟု နိုင်ငံရေးလုပ်၍ ရှေ့နေလိုင်စင်အသိမ်းခံခဲ့ရသူ ဦးအောင်သိမ်းကပြောသည်။

## စာ-၅၊ ရန်ကုန်တွင် ကြော်ငြာဆိုင်းဘုတ်များ ကြော်ငြာခွင့်မပြုတော့ဟုဆို မှ

ယခုအခါ ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းပေါင်းတစ်ရာကျော်ရှိပြီး ဈေးကွက်အခိုင်အမာ ရရှိထားသောလုပ်ငန်းဖြစ်သည်။

ယခုကဲ့သို့ မြေစိုက်ကြော်ငြာဘုတ်များအား ဖြုတ်သိမ်းခိုင်းပြီးနောက်ပိုင်းတွင် နစ်နာခဲ့သော ကြော်ငြာလုပ်ငန်းရှင်များအား ဦးစားပေး၍ အစားထိုးနေရာများတွင် ဦးစားပေးချထားပေးသွားမည်ဟု မြို့တော်စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းက ကြော်ငြာလုပ်ငန်းရှင်များအား မေလ၃ရက်တွင် ပြောကြားခဲ့သည်ဟုဆိုသည်။

ကြော်ငြာဆိုင်းဘုတ်များ ဖြုတ်သိမ်းခြင်းနှင့်ပတ်သက်၍ ကြော်ငြာလုပ်ငန်းရှင်များအနေဖြင့် စုပေါင်း၍ အသနားခံရန်လည်း စီစဉ်ထားကြသည်ဟုဆိုသည်။ ရန်ကုန်မြို့ရှိLED ဘုတ်များကို နေရာ ၁၇ နေရာချထားပေးမည်ဖြစ်ပြီး ယင်း LED ဘုတ်များကို လျှပ်စစ်မီးဖြင့်သုံးစွဲရသဖြင့် လျှပ်စစ်မီးပျက်ပါက အခက်အခဲဖြစ်နိုင်ခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ခြင်းစသည်တို့ ဖြစ်ပွားနိုင်ကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ထို့အပြင် နိုင်ငံတကာတွင် ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းများမှာ ယခုထက်တိုင်တည်ရှိနေကြောင်း လုပ်ငန်းရှင်တစ်ဦးကပြောသည်။

## စာ-၇၊ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်တက်ခြင်းကို အမေရိကန်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးများ ချီးကျူး မှ

ဒီမိုကရေစီစနစ်ဖြစ်လာရေး အတွက် နောက်ထပ် ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ရွေးချယ်ခံရတဲ့ လွှတ်တော်အမတ်တွေအားလုံး ပါဝင်ဆောင်ရွက်ပြီး ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်မှာ ဘက်ပေါင်းစုံက အပြုသဘောနဲ့ ပါဝင်လာရေး ကျွန်တော်မျှော်လင့်ပါတယ်။ ပူပန်စရာတွေတော့ ရှိနေပါသေးတယ်။ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ နိုင်ငံရေးအကျဉ်းသားအချို့ရှိနေသေးတာတွေ၊ ကချင်ပြည်နယ်မှာ ဆက်လက်ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေပဲဖြစ်ပါတယ်။ ဒီအရေးကြီးတဲ့ကိစ္စတွေကိုလည်း အလျင်အမြန် ဖြေရှင်းနိုင်လိမ့်မယ်လို့ကျွန်တော်မျှော်လင့်ပါတယ်”

ဒေါ်အောင်ဆန်းစုကြည်အားလွှတ်တော်အမတ်တစ်နေရာရရှိစေခဲ့သော ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ခွင့်ပြုခဲ့ခြင်းအတွက်လည်း မစ္စကလင်တန်က သမ္မတဦးသိန်းစိန်အား ချီးကျူးပြောဆိုသည်။ သို့သော် အမေရိကန်က ၂၀၁၅ ခုနှစ်တွင် ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲကို လှမ်းမျှော်ကြည့်ရှုနေကြောင်း ဘေဂျင်းတွင် ရောက်ရှိနေသည့် မစ္စကလင်တန်က ရှင်းရှင်းလင်းလင်းပြောသည်။

“မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် ဒါဟာ အရေးကြီးတဲ့ အခိုက်အတန့်ပါ။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆီသို့ ဦးတည်ပြီး ပါတီစုံဒီမိုကရေစီ စနစ်ဆီသို့ အမှန်တကယ် အသွင်ကူးပြောင်းခြင်းကနေပြီး ပိုပြီးကြီးပွားချမ်းသာတဲ့ လူ့အဖွဲ့အစည်းကို ကူညီထူထောင်ပေးပါလိမ့်မယ်” ဟုမစ္စကလင်တန်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

စိန်ခေါ်မှုများကို ကျော်လွှားသွားရန်နှင့် ပို၍ ဒီမိုကရေစီဆန်သည့် လွတ်လပ်သော ငြိမ်းချမ်းသော ကြီးပွားတိုးတက်သော အနာဂတ်အတွက် အခွင့်အရေးများကို ဆုပ်ကိုင်နိုင်ရန် နိုင်ငံရေးပါတီများအားလုံး အရပ်ဘက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များ အားလုံးအတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း မစ္စကလင်တန်က တိုက်တွန်းပြောကြားသည်။

## စာ-၄၊ ရွှေ့ပြောင်းဒုက္ခသည် လေးသိန်းကျော်ရှိဟုဆို မှ

လက်ရှိတိုက်ပွဲများဖြစ်ပွားနေသော ကချင်ပြည်နယ်တွင် ဒုက္ခသည်ခုနစ်သောင်းကျော်ရှိကြောင်း ကချင်နှစ်ချင်းခရစ်ယာန်အသင်းက ပြုစုထားသော သတင်းအရ သိရသည်။

ထိုဒုက္ခသည်များအားကူညီနိုင်ရန်(Donate Sporting Group Confrence)ထောက်ပံ့လှူဒါန်းသူများညီလာခံအား မေလတွင် ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

“ငြိမ်းချမ်းရေးအတွက် ကူညီချင်တဲ့ နော်ဝေ၊ ဆွီဒင်၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန်တို့က အလှူရှင်တွေနဲ့ ဒီကလုပ်နိုင်တဲ့လူတွေ နိုင်ငံရေးပါတီတွေလည်းပါတယ်။ Open to allနဲ့ တွေ့ဆုံပေးမယ့်ပွဲလုပ်ပေးမှာ” ဟုငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်ဦးအောင်မင်းက ဆိုသည်။ အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသော တိုင်းရင်းအဖွဲ့အချို့တွင် အစားအစာအတွက် အခက်အခဲအချို့ရှိနေကြောင်းလည်း သတင်းရရှိသည်။

မြန်မာနိုင်ငံသို့ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကလည်း “IDP ရွှေ့ပြောင်းဒုက္ခသည်များနဲ့ ပတ်သက်ပြီး တတ်နိုင်သလောက် ကူညီထောက်ပံ့သွားမယ်၊ သူတို့အနေနဲ့ မြန်မာနိုင်ငံသားအဖြစ်နဲ့ အသိမှတ်ပြုခံရဖို့ ကိစ္စကလည်း အလွန်အရေးကြီးတဲ့ကိစ္စပါ” ဟု ဘန်ကီမွန်းကပြောသည်။

အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်များအရေးနှင့် ပတ်သက်ပြီး သမ္မတအပါအဝင် သက်ဆိုင်ရာ ခေါင်းဆောင်များနှင့် ဆွေးနွေးသွားရန်ရှိသည်ဟုလည်း ဘန်ကီမွန်းက ထပ်လောင်းပြောကြားခဲ့သည်။

## စာ-၈၊ ပြည်သူ့ဂုဏ်ရည်ဆုအတွက် ဆန်ခါတင်ငါးဦး စာရင်းထုတ်ပြန် မှ

ဆုချီးမြှင့်တဲ့ရက်နဲ့ ဆုကြေညာတဲ့ရက်က တစ်ရက်တည်းဖြစ်တဲ့အတွက် ကျွန်မတို့သွားယူဖို့တော့ မရှိပါဘူး” ဟု ပြောသည်။

ရွေးချယ်ခံထားသူ လူပုဂ္ဂိုလ်သုံးဦးတွင် ဦးဖိုးဖြူ(ခ)ဦးရန်နိုင်အောင်မှာ ရှေ့နေတစ်ဦးဖြစ်ပြီး လယ်သမားများနှင့် ပတ်သက်သော အမှုအခင်းများတွင် လယ်သမားများဘက်မှ အခမဲ့လိုက်ပါ အကျိုးဆောင်ပေးသူဖြစ်သည်။ ဒေါ်သန်းမြင့်အောင်မှာ ဆည်းဆာရိပ် ဘိုးဘွားရိပ်သာ၊ နာရေးကူညီမှုအသင်း၊ သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးမှုပရဟိတဂေဟာတို့တွင် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေသူဖြစ်သည်။ လဖိုင်နော်မိန်းမှာ ကချင်စစ်ဘေးဒုက္ခသည်များကို ကူညီသည့် လုပ်ငန်းများ လုပ်ကိုင်သူတစ်ဦးဖြစ်သည်။

အဆိုပါဆုသည် စေတနာ့ဝန်ထမ်းလူမှုလုပ်ငန်းများကို ကိုယ်ကျိုးစွန့်ဆောင်ရွက်နေသူများအား ဂုဏ်ပြုပေးအပ်သည့်ဆုဖြစ်ပြီး အမေရိကန်ပြည်ထောင်စုအတွင်းနှင့် ပြည်ပနိုင်ငံများရှိမြန်မာများ စုစည်းကာ ပြည်သူ့ဂုဏ်ရည်ဆုကို ရွေးချယ်ချီးမြှင့်ကြခြင်းဖြစ်သည်။

ယခုနှစ်အတွက် ကျင်းပရေးကော်မတီတွင် ကိုဝေလ၊ ကိုဝင်းသူအောင်၊ ကိုကျော်ဝဏ္ဏ၊ ကိုထိန်လင်းနှင့် ကိုတင်မောင်အေးတို့က တာဝန်ယူထားပြီး ဆန်ခါတင်ငါးဦးအတွက် ဆန္ဒမဲပေးခြင်းကို မေလ ၂၅ ရက်၊ ည ၁၂ နာရီထိ www.citizenofburma.orgတွင် အများပြည်သူကမဲပေးနိုင်ကြောင်း သိရသည်။ ယခုနှစ်အတွက်ဆန္ဒမဲအများစုဖြင့် ဆုရရှိသူကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် မေလ ၂၇ ရက်နေ့၌ ဆုပေးအပ်သွားမည်ဖြစ်သည်။

## စာ-၂၊ တိုင်းရင်းသားဒေသအချို့တွင် ကလေးများ၏ ဝင်ငွေက မိသားစုအတွက် အရေးပါ မှ

ဒီလိုနယ်တွေ၊ ရွာတွေ ကျွန်မတို့နိုင်ငံမှာ ဘယ်လောက်များရှိနေမလဲ ဆိုတာ လေ့လာကြဖို့လိုပါပြီ”ဟုဆိုသည်။

အထက်ပါအခြေအနေများနှင့်ပတ်သက်၍ ဒုတိယအထွေထွေမန်နေဂျာအဆင့်ရှိ အရာထမ်းတစ်ဦးကလည်း “သူတို့တွေ့တာ၊ လေ့လာတာက ဒီ သုံးနေရာထဲ။ အခြားဒေသတွေမှာလည်း ရှိတယ်။ ချင်းနဲ့ရခိုင်တို့ဒေသတွေတင်မကဘူး။ ပြည်မမှာကိုပဲ ကလေးကို မှီခိုနေရတာတွေရှိတယ်။ ကလေးကို မြို့ပေါ်က လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်ကို ပို့ပြီး သူ့ရဲ့လုပ်အားခနဲ့ အသက်ဆက်နေရတဲ့ မိဘတွေအများကြီးရယ်”ဟု ရှင်းလင်းပြောကြားသည်။

ထို့အပြင်“တချို့နယ်တွေမှာဆိုရေဆာလို့ရေသောက်ရဖို့မလွယ်ပေမယ့် အကြမ်း (ဘီအီး)ဆိုင်၊ အချော (စည်ဘီယာ)ဆိုင်တွေကတော့ နေရာတိုင်းမှာ အဆင်သင့်ပဲ။ ဘီယာတော့ မသိဘူး။ ဘီအီးနဲ့ အရက်တုတွေသောက်နေကြလို့နယ်တွေမှာအမျိုးသမီးတွေ အသက် ၄၀ ကျော်နဲ့ မုဆိုးမတွေဖြစ်နေတယ်ဆိုတာ လူကြီးတစ်ဦးကတောင် ပြောခဲ့သေးတယ်။ ဒါတွေက ကလေး တွေရဲ့ ဘဝကို သက်ရောက်နေတယ်”ဟု ထပ်မံပြောကြားသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးရွာတစ်ရွာမှ လယ်ကူလီအမျိုးသမီးတစ်ဦးကမူ “လယ်သမားတွေကလည်း ရှုံးတော့ အလုပ်မပေးနိုင်၊ ဆောက်လုပ်ရေးတွေကလည်း ပါးကုန်ပြီ။ အဲဒီတော့ သားနှစ်ယောက်လုံး စားသောက်ဆိုင်ကို (စားပွဲထိုးအဖြစ်) ပို့ထားရတယ်။ တစ်လကို ငါးသောင်းလောက်တော့ ပြန်ပို့ပေးကြပါတယ်” ဟု သူမ၏ မိသားစု အခြေအနေကို ပြောကြားသည်။

168 ကရဏာတိုင်းရင်းဆေးကုခန်း

အဆစ်အမျက်၊ ကြွက်သားနှင့် လေးဘက်နာရောဂါ

လေးဘက်ထုံကျင်ခြင်း၊ အရေပြားအောက် အဖုအကျိတ်ဖြစ်ခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ခန္ဓာကိုယ်တွင်း ယူရစ်အက်ဆစ်ရှိသင့်သည့် ပမာဏထက်များလျှင် အဆစ်မြစ်ရောင်ရမ်းမှုကြောင့် နာကျင်ကိုက်ခဲခြင်းစသော လေးဘက်နာဝေဒနာများ၊ ကြွက်သားများကြုံလှီခြင်း၊ မှုမမှန်ခြင်းတို့ကြောင့် အာရုံကြောများပေါ် ဖိမိပြီး ခြေလက်ချောင်းများ၊ ခါးရိုး၊ ဒူးဆစ်၊ ခြေဆစ်၊ ခြေဖဝါး၊ ခြေမျက်စိစသော အစိတ်အပိုင်းများ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသော အဆစ်အမျက်ကိုက်ခဲခြင်းဝေဒနာများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတချို့တွင် အရိုးကျိုးပေါင်းတက်ခြင်း၊ ခန္ဓာကိုယ်အတွင်း နေရာအနှံ့ သွေးလည်ပတ်မှုမမှန်ခြင်းသည်လည်း အဆစ်မြစ်ကိုက်ခဲမှုဝေဒနာကို ဖြစ်စေနိုင်ပါသည်။ တိုင်းရင်းသမားတော်သည် အဆင့်မြင့် အစွမ်းထက်သော ဆေးတို့ဖြင့် ခန္ဓာကိုယ်အတွင်းအနှံ့သွေးလေလည်ပတ်မှုကောင်းစေခြင်း၊ အကြောအခြင်များပွင့်စေခြင်းဖြင့် နာကျင်ကိုက်ခဲမှုဝေဒနာကို လျှင်မြန် သက်သာပျောက်ကင်းစေပါသည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။

ကြာသပတေးနေ့တိုင်းပိတ်သည်။

အမှတ်(၇၅)၊ နိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၀၁–၅၀၁၉၇၇၊ ၀၉ -၇၃၁၈၃၀၂၂


ကုသချိန်- နေ့လည် ၁၂း၃၀ မှ ည ၇ း၃၀ ထိ

# အပူဒဏ်နှင့် နောက်ဆက်တွဲ ပြဿနာများ

## ဓာတ်ဆားလိုအပ်သည်ထက် ပိုသောက်ပါက သွေးတိုး၊ ဆီးချိုဖြစ်စေနိုင်ဟုဆို

ဝတ်ရည်အောင်

**မိုးအနည်းငယ် ရွာလာသော်လည်း အပူဒဏ်ခံစားရမှုသည်မြင့်မားဆဲပင်ဖြစ်သည်။ ရာသီဥတုများ ပြောင်းလဲလာခြင်းကြောင့်ပြင်းထန်သောအပူဒဏ်အားခံစားရမှုများပြားလာသည့်အခါ လူအများတွင် အပူဒဏ်နှင့် ပတ်သက်သည့် အတွေ့အကြုံများ ပြားလာပြီး အပူဒဏ်ကြောင့် အသက်ဆုံးရှုံးမှု မဖြစ်စေရန် ကာကွယ်သည့် နည်းလမ်းများဖြင့်လည်း ကြိုတင်ကာကွယ်လာကြပြီ ဖြစ်သည်။**



အပူချိန်ပြင်းထန်သည့် အချိန်တွင် ချွေးထွက်များပြားခြင်းကြောင့် ခန္ဓာကိုယ်အတွင်းမှ ဓာတ်ဆားများ ဆုံးရှုံးပြီး အန္တရာယ်ဖြစ်စေကြောင်း သိရှိကြသည့်အခါ လူအချို့သည် နေပူလွန်းသည့်အချိန်တွင် ဓာတ်ဆားဆုံးရှုံးမှုကြောင့် အသက်အန္တရာယ် မရှိစေရန် ဓာတ်ဆားရည်အား အမြဲသောက်သုံးလာကြသည်။

သို့သော်ထိုကဲ့သို့စိုးရိမ်မှုလွန်ကဲခြင်းကြောင့် မလိုအပ်ဘဲ ဓာတ်ဆားရည်များ အသောက်များသည့်အခါ ရင်ဆိုင်လာရမည့် ကျန်းမာရေးဆိုးကျိုးများကိုလည်း သတိပြုသင့်ကြောင်း ကျွမ်းကျင် ဆရာဝန်များက သတိပေးပြောကြားသည်။

ဓာတ်ဆားရည်ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းမှ ဆုံးရှုံးသွားသည့် ဆားဓာတ်များပြန်လည်ဖြည့်ဆည်းပေးရန်နှင့် ဂလူးကို့စ်များ ရရှိစေရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ပြီး အနည်းငယ် မျှသော ချွေးထွက်ရုံဖြင့် အန္တရာယ်ဖြစ်သည်အထိ ခန္ဓာကိုယ်အတွင်း ဆားဓာတ်များ လျော့နည်းသွားခြင်းမဟုတ်ပေ။

"အိမ်မှာဆိုအဘွားကနေ့တိုင်းဓာတ်ဆားရည်တစ်ထုပ်ဖျော်ပြီး နေ့တိုင်းသောက်တယ်။ ပူတဲ့အချိန် ချွေးထွက်လာမှာမို့လို့ကြိုပြီး သောက်တာဆိုပြီး အိမ်မှာနေရင်း သောက်နေတာ။ ပြောလို့လည်း မရဘူး" ဟု အသက်(၂၇)နှစ်အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။

လူအများသည် ချွေးထွက်သည်နှင့် ဓာတ်ဆားရည်သောက်ရမည်ဟုထင်မှတ်နေလေ့ရှိပြီး ဓာတ်ဆားရည်သည် နေပူထဲတွင်အလုပ်လုပ်နေခြင်းကြောင့်ချွေးအလွန်အမင်းထွက်သူများ၊ပြင်းထန်သောလှုပ်ရှားမှုပြုလုပ်ခြင်းကြောင့် ချွေးအရမ်းထွက်သူတချို့အတွက်သာ လိုအပ်ပြီး နေရိပ်အတွင်း နေထိုင်ပြီး အနည်းငယ်လောက်သာ ချွေးထွက်သူများအတွက် ရေ ပိုမိုသောက်သုံးလျှင်ပင် ဆုံးရှုံးသွားသည့် ရေများအား ပြန်လည်ဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း ဒေါက်တာထွန်းသိန်းကပြောသည်။

"နွေရာသီဆိုရင် ကလေးကို ရိုးရိုးရေ သိပ်မတိုက်တော့ဘူး။ သစ်သီးစုံဓာတ်ဆားပဲဖြစ်ဖြစ် BPI ထုတ်တဲ့ဓာတ်ဆားထုတ်ပဲဖြစ်ဖြစ် ဖျော်ပြီး တစ်နေ့လုံးတိုက်တယ်။ ချွေးထွက်များပြီး နေမကောင်း ဖြစ်မှာစိုးလို့"ဟု ကျောက်တန်းမြို့နယ်တွင် နေထိုင်သည့် ကလေးမိခင်တစ်ဦးကပြောသည်။

ခန္ဓာကိုယ်အတွင်း လိုအပ်သည့် ဓာတ်ဆားများ ပြန်လည်မဖြည့်တင်းနိုင်သည့်အခါ တစ်ကိုယ်လုံးရှိကြွက်သားများ တင်းလာပြီး ကြွက်တက်ချင်သလိုဖြစ်ကာ သတိလစ်မေ့မျောသည်အထိ ဖြစ်နိုင်သကဲ့သို့ လိုအပ်သည်ထက် ပိုလျှံသွားသည့်အခါတွင်လည်း ဓာတ်ဆားတွင်ပါဝင်သည့် ဆိုဒီယမ်ကလိုရိုက်က သွေးတိုးရောဂါ၊ ပိုတက်ဆီယမ် ကလိုရိုက်က နှလုံးဆိုင်ရာ ပြဿနာများနှင့် ဂလူးကို့စ်များက အဝလွန်ခြင်းနှင့် ဆီးချိုရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။

စာ(၁၄)သို့

# ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ဟုဆို

ဝတ်ရည်အောင်

ရန်ကုန်၊ မေ-၄

ယခုဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေသည့် နေရာများ၌ ရောဂါဖြစ်ပွားမှုအား ထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိပြီဖြစ်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်မှ သိရသည်။

သောက်သုံးရေ မသန့်ရှင်းခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေသည့် အဆိုပါနေရာများတွင် ကျန်းမာရေးဌာနနှင့် တာဝန်ရှိသူများမှ သုံးနေသည့်ရေတွင်အန္တရာယ်နည်းပါးစေရေး ပညာပေးခြင်းများ၊ဖြစ်ပွားမှုအား စောင့်ကြည့်ခြင်းနှင့်ဖြစ်သည့်လူနာများအား ဆေးရုံသို့ ဆေးကုသမှုရရှိရန် ဆောင်ရွက်ပေးနေကြောင်း ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းကပြောသည်။

ယခု ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားနေသည့်နေရာများမှာ သောက်သုံးရေမသန့်ရှင်းခြင်းကြောင့်ဖြစ်ပွားနေခြင်းဖြစ်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးမှ သတင်းရရှိသည်။

ဧပြီလအတွင်း သင်္ကြန်မတိုင်ခင်တွင် တွံ့တေးမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါများ စတင်ဖြစ်ပွားပြီး၊ ၁၇ရက်နောက်ပိုင်းတွင် သုံးခွမြို့နယ်အတွင်းတွင် ဖြစ်ပွားလာခြင်းဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးတွင်ပင် ဖြစ်ပွား နေခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာ စိုးလွင်ငြိမ်းကပြောသည်။

"လူတွေက ဝမ်းပျက်ဝမ်းလျှောနဲ့ပတ်သက်ပြီး သတိလည်း ရှိလာကြတော့ ဖြစ်တာနဲ့ ဆေးရုံရောက်လာတဲ့အတွက် အရမ်းပြင်းပြင်းထန်ထန် မဖြစ်တော့ဘူး"ဟု ဒေါက်တာစိုးလွင်ငြိမ်းကပြောသည်။

မိုးအနည်းငယ် ရွာလာသည့်အခါတွင် မြေပြင်ရှိ အညစ်အကြေးများ ရေအရင်းအမြစ်များထဲသို့ ဝင်ရောက်လာပြီး ဝမ်းပျက်ဝမ်းလျှော ရောဂါ ဖြစ်ပွားလေ့ရှိသည်။ တစ်ဦးမှတစ်ဦးသို့ ကူးစက်ကြလေ့ရှိပြီး ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အံဖတ်များတွင်ပါဝင်ကြောင်း သိရသည်။ ဝမ်းနှင့်အံဖတ်များထဲမှ ရောဂါပိုးများ ရေနှင့်အစားအစာများထဲသို့ ရောက်ရှိပြီး လူတို့စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားခြင်းဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည်ရေမသန့်သည့်အချိန်တွင်နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီးမိမိအသုံးပြုသည့်ရေသည်သန့်ရှင်းမှုအားနည်းပါကကျိုချက်သောက်သုံးခြင်းသည် အသင့်တော်ဆုံးဖြစ်ကြောင်း သိရသည်။

အညစ်အကြေးစွန့်သည့်နေရာများသည် ရေအရင်းအမြစ်များ၏ အထက်တွင် ရှိနေခြင်း၊ နီးကပ်ခြင်းများ၊ ဝမ်းပျက်ဝမ်းလျှောသူ၏ အဝတ်အစားများအား မြစ်ချောင်းများတွင် လျှော်ဖွတ်ခြင်းဖြင့် ထိုရေများအား တခြားသူများ သုံးစွဲခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း စသည်တို့ကြောင့် ဝမ်း ပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားလေ့ရှိသည်။

ဝမ်းပျက် ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် မြေပြင်တွင် မစင်စွန့်ခြင်းအား ရှောင်ကြဉ်ခြင်းနှင့် သန့်ရှင်းသော ယင်လုံအိမ်သာ အသုံးပြုခြင်း၊ ရေကိုကျို ချက်၍သောက်ခြင်း၊ ချောင်းရေ၊ မြောင်းရေများအား သောက်သုံးခြင်း ဆေးကြောရာတွင် အသုံးပြုခြင်းများအား ရှောင်ကြဉ်ခြင်း၊ ချောင်းအတွင်း ရေချိုးခြင်း၊ ရေ ကူးခြင်းနှင့် ချောင်းအနီး အဝတ်လျှော်ခြင်းများအား ရှောင်ကြဉ်ခြင်း၊ လက်သန့်ရှင်းရေးအား ဂရုပြုခြင်း၊ ဝမ်းပျက်ဝမ်းလျှော လူနာများနှင့် ထိတွေ့ပြီးတိုင်း လက်ကိုဆပ်ပြာသုံး၍ စင်ကြယ်စွာဆေးကြောခြင်း၊ ယင်ပေါက်ဖွားမှု မရှိစေရန် ဂရုပြုခြင်း၊ အစားအစာများအား ယင်မနားစေရန် ဂရုပြုခြင်းနှင့် ရောဂါဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ သတင်းပို့၍ ဆေးကုသမှုခံယူကြရန်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ နှိုးဆော်ကြေညာထားသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.9 · MAY 10 , 2012

# အရွယ်မတိုင်မီ အိုမင်းစေသည့် လျှို့ဝှက်ချက်ကို စင်ကာပူပညာရှင်များ တွေ့ရှိ

**စင်ကာပူ၊ မေ - ၁၀**

စင်ကာပူသိပ္ပံပညာရှင်များသည် အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေပြီး နှလုံးကြွက်သားအားနည်းစေသည့်ရောဂါ ခံစားနေရသည့် ဝေဒနာရှင်များ၏ သက်တမ်းအားတိုးပွားစေနိုင်သည့်ဆေးပညာလျှို့ဝှက်ချက်ကိုရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ Progeria ဟုခေါ်သည့်အရွယ်မတိုင်မီ အိုမင်းရင့်ရော်သည့် ရောဂါကြောင့် ဝေဒနာရှင်ကလေးများမှာ ဆယ်ကျော်သက်အရွယ်၌ပင် လျင်မြန်စွာ အိုမင်းသွားကာ အများစုမှာ နှလုံးရောဂါ(သို့မဟုတ်)လေဖြတ်ဝေဒနာတစ်ခုခုဖြင့် ကွယ်လွန်ကြရသည်။




ထို့ပြင် ကြွက်သားရောဂါတစ်မျိုးဖြစ်သည့် Emery Dreifuss muscular dystrophy (AD-EDMD) ရောဂါကြောင့် လူနာများမှာ နှလုံးကြွက်သားအားနည်းသည့် ရောဂါဝေဒနာတစ်မျိုး ခံစားရသည်။ ယင်းရောဂါများမှာ ဆဲလ်တစ်ခု၏ နျူကလီယပ်စ်ကို လွှမ်းခြုံထားသော အမြှေးပါးထဲမှ ပရိုတင်းတစ်မျိုးဖြစ်သည့် Lamin A တွင် ဗီဇပြောင်းလဲမှုများကြောင့် ဖြစ်သည်။

ပညာရှင်များသည် Progeria နှင့် AD-EDMD ရောဂါ ခံစားနေရသည့်ကြွက်များတွင်ယင်း ပရိုတိန်းကို ထိုးနှံစမ်းသပ်ခဲ့ရာ ကြွက်များ၏ သက်တမ်းနှစ်ဆ၊ သုံးဆခန့် ရှည်လာကြောင်းတွေ့ခဲ့ရသည်။ ထို့ကြောင့် တွေ့ရှိစမ်းသပ်မှုများကို အခြေခံကာ နှလုံးရောဂါများအတွက် ကုထုံးအသစ်များပေါ်ထွက်လာရန် မျှော်လင့်နိုင်သည်ဟုဆိုသည်။ စင်ကာပူပညာရှင်များသည် အမေရိကန်ကူးစက်ရောဂါနှင့် ခုခံမတည့်မှုရောဂါအမျိုးသားအင်စတီကျုဒ်မှပညာရှင်များ၊ တိုင်ပေရှိ Institute of Cellular and System Medicine တို့မှ ပညာရှင်များနှင့် ပူးပေါင်းလေ့လာခဲ့ပြီး ၎င်းတို့၏ တွေ့ရှိမှုကိုဆေးသိပ္ပံပညာဂျာနယ် Cell တွင်ဖော်ပြခဲ့သည်။Ref: CNA

## ဆရာဝန်အသင်းက ဦးဆောင်ပြီး အရေးပေါ်လူနာတင်ယာဉ် ဝန်ဆောင်မှုပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ-၁၀**

မြန်မာနိုင်ငံဆရာဝန်အသင်းက ဦးဆောင်ပြီး အရေးပေါ်လူနာတင်ယာဉ်ပို့ဆောင်ရေး ဝန်ဆောင်မှု မကြာမီ စတင်ပေးနိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

လူနာတင်ယာဉ်သီးသန့်မဟုတ်ဘဲ အရေးပေါ်လိုအပ်သည့် ကုသမှုများကိုပါ လူနာတင်ယာဉ်ပေါ်တွင် ရရှိနိုင်ရန် စီစဉ်ထားပြီး ယာဉ်ပေါ်၌လေ့ကျင့်ထားသည့်ဆရာဝန်၊ယာဉ်မောင်းနှင့်ဆေးဘက်အကူတစ်ဦးတို့က အသက်ကယ်ပြုစုသည့် လုပ်ငန်းများပါဆောင်နိုင်မည်ဖြစ်ကြောင်းမြန်မာနိုင်ငံဆရာဝန်အသင်း အရေးပေါ်လူနာတင်ယာဉ်ပို့ဆောင်ရေးဖောင်ဒေးရှင်းမှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်လင်းက ပြောသည်။

"အရေးပေါ်လူနာကိုကားပေါ်မှာတင်ကုသမှုလုပ်ပြီး ဆေးရုံရောက်အောင်ပို့ပေးမှာပါ"ဟု အဆိုပါဆရာဝန်ကပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ၂၄ နာရီပိတ်ရက်မရှိဝန်ဆောင်မှုပေးမည်ဖြစ်ပြီး အဝေးဆုံး မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မြောက်ဒဂုံတို့အထိဝန်ဆောင်မှုပေးမည်ဖြစ်သည်။မတော်တဆထိခိုက်မှု၊သဘာဝဘေးအန္တရာယ်ကဲ့သို့သော အရေးပေါ်အခြေအနေများတွင်အကြောင်းကြားပါက ချက်ချင်းသွားရောက် ကာ အခမဲ့ဝန်ဆောင်မှုပေးပြီး ဆေးရုံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

"နှလုံးရောဂါ၊ဗိုက်အရမ်းအောင့်တာ၊ ကလေးမွေးဖို့ အရေးပေါ်ဖြစ်တာ စတာတွေကိုတော့ ငွေကြေးသတ်မှတ်ထားတာမျိုး မရှိဘူး။ ဆေးရုံရောက်အောင် ပို့ပေးတယ်။ အဲဒီအတွက် စေတနာရှိသလောက်အလှူငွေပေးရင်လက်ခံမယ်။ ဘယ်လောက်ပေးပါလို့တော့ တောင်းမှာမဟုတ်ပါဘူး။ နောက်တစ်မျိုးကတော့လူနာက ဆေးရုံကို ဆေးရုံ ကားနဲ့ သွားချင်လို့ အကူအညီတောင်းတယ်ဆိုရင်တော့ နေရာ အကွာအဝေးအလိုက် ကျပ်တစ်သောင်းကနေ လေးသောင်းအထိကျသင့်မယ်"ဟု အမျိုးအစားခွဲခြားထားမှုအပေါ် ဒေါက်တာအောင်လင်းကပြောသည်။

ထိုဝန်ဆောင်မှုအား ယခုနှစ်အတွင်း စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

## စာ-၁၃၊ အပူဒဏ်နှင့် နောက်ဆက်တွဲ ပြဿနာများ မှ

"တစ်ခါကဆိုရွှေဘက်မှာလူကြီးတစ်ယောက် သွေးအရမ်းတိုးပြီး သတိလစ်ချင်သလို ဖြစ်တာကို အိမ်ကလူတွေက မသိဘဲ အပူကြောင့်ဖြစ်တာထင်ပြီး၊ဓာတ်ဆားနှစ်ထုပ် ဖျော်တိုက်တာ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားတာ တွေ့ဖူးတယ်။ မလိုအပ်ဘဲ သောက်ကြတဲ့အခါ အဲဓာတ်တွေက ပိုလျှံနေပြီး သွေးတိုးကြတာ၊ ကလေးတွေဆိုလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဆီးချိုရောဂါတွေဖြစ်ကြတယ်"ဟု ဒေါက်တာထွန်းသိန်းက ဆက်လက်ပြောသည်။

ဓာတ်ဆားရည် မဖြစ်မနေသောက်ရမည့် သူများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရသူများ ဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောသည့်အခါ ဓာတ်ဆားများ အများအပြား ပါဝင်သွားသည့်အတွက် ဓာတ်ဆားရည် ပြန်ဖြည့်ခြင်းဖြင့်သာ သက်သာစေနိုင်မည် ဖြစ်သည်။

"ဝမ်းသွားတဲ့အခါ အူကဘာမှ လက်မခံနိုင်တဲ့အတွက် ဘာမှကိုစုပ်လို့ မရဘူး။ အဲအချိန်မှာ ဓာတ်ဆားထဲမှာပါတဲ့ ကလူးကို့စ်ကိုပဲအူကလက်ခံတယ်။ကလူးကို့စ် ဝင်သွားပြီးတဲ့ အခါမှပဲ ရေတို့၊ အစာတို့ဝင်နိုင်တဲ့အတွက် ဓာတ်ဆားထဲမှာ ဆားဓာတ်အပြင်ကလူးကို့စ်တွေပါ ထည့်သွင်းထားတာ ဖြစ်တယ်။ ဝမ်းပျက်ဝမ်းလျှောဖြစ်တဲ့ သူတွေကတော့ မဖြစ်မနေ သောက်ရမယ်"ဟုဒေါက်တာထွန်းသိန်းကပြောသည်။

ထိုကဲ့သို့ မဖြစ်မနေသောက်ရမည့်သူများအတွက် အသက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန် ဓာတ်ဆားရည်သောက်ရန် နှိုးဆော်သည့် အခါ အချို့သူများမှာလည်း စိုးရိမ်ပူပန်မှု လွန်ကဲပြီး မလိုအပ်ဘဲ သောက်သည့် ပြဿနာမှာလည်း တဖြည်းဖြည်းကြီးမားလာကြောင်း ဒေါက်တာထွန်းသိန်းက ပြောသည်။

ပူပြင်းသည့် နေပူဒဏ်ခံစားခဲ့ရသည့် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အရက်သောက်ထားသူတစ်ဦး၊ နေပူထဲတွင် အလုပ်လုပ်နေသူတစ်ဦးတို့ အပူဒဏ်ကြောင့် သေဆုံးသွားသည့် ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အပူဒဏ် ပြင်းထန်သည့်အချိန်တွင် သာမန်အားဖြင့် ခေါင်းကိုက်၊ ခေါင်းမူးခြင်း၊ ချွေးထွက်လွန်ခြင်း၊မိတ်ထွက်ခြင်းတို့ အဖြစ်များသည့် အပြင် အပူရှပ်ခြင်းကြောင့် အသက်သေဆုံးနိုင်သကဲ့သို့ နောက်တစ်မျိုးမှာ ဦးနှောက်သွေးကြောပြတ်ခြင်းကြောင့် အသက်သေဆုံးခြင်းပင်ဖြစ်ကြောင်း သိရသည်။

ဦးနှောက်သွေးကြော ပြတ်ခြင်းသည် သွေးတိုးရောဂါရှိသူများ၊ ဆေးလိပ်သောက်သူများ၊ ဆီးချိုရောဂါရှိသူများနှင့် ခန္ဓာကိုယ်အဆီများသည့်သူများ ပိုမိုသတိထားနေထိုင်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ရောဂါအခံရှိသူများတွင် ရောဂါကြောင့် အာရုံကြောများ အားနည်းပြီး ထိန်းချုပ်မှုလျော့နည်းကာ အပူပြန်ထွက်စေရန် လုပ်ပေးသည့်စနစ်များအားမထိန်းချုပ်နိုင်ဘဲ အပူစုဆောင်းမှု ပိုများစေပြီး သွေးကြောများ ပေါက်ထွက်သွားခြင်းဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးပညာဆိုင်ရာ ပါမောက္ခတစ်ဦးကပြောသည်။ ထိုကဲ့သို့ အခြေအနေများကြောင့် ပူပြင်းသည့်အချိန်တွင် အရက်သောက်ထားသူများမှာ ဦးနှောက်သွေးကြောပြတ်ခြင်းကြောင့် အသက်ဆုံးရှုံးမှု ပိုမိုဖြစ်ပွားနိုင်ခြင်းဖြစ်သည်။ တချို့မှာမူ မွေးရာပါ ဦးနှောက်သွေးကြောများ အားနည်းခြင်းမှတစ်ဆင့် အပူချိန်ပြင်းထန်ကာ ပေါက်ထွက်ခြင်းဖြစ်ပြီး တချို့မှာ ရောဂါအခံရှိနေသည်ကို ပုံမှန်စစ်ဆေးမှု မရှိခြင်းကြောင့် မသိသည့်အခါ အန္တရာယ်ရှိသော အပြုအမူများအား သတိမမူမိရာမှ အသက်ဆုံးရှုံးကြရခြင်းဖြစ်ကြောင်းအဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

အသက်ဥာဏ်စောင့် ဆိုသည့် စကားအတိုင်း မိမိတွင် အန္တရာယ် မကျရောက်စေရန် ကြိုတင်ကာကွယ်မှု အလေ့အကျင့်သည် ကောင်းမွန်သော အလေ့အကျင့်တစ်ခုဖြစ်သော်လည်း မိမိတွင် လိုအပ်မှုထက် ပိုလျှံသွားပါကလည်း အန္တရာယ်ဖြစ်စေနိုင်သည်ကို မမေ့လျော့သင့်ကြောင်း ကျွမ်းကျင်သူများက အကြံပြုပြောကြားသည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ၊ ကုသခြင်း**

- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

**ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်**
**တက္ကသိုလ်ရိပ်သာလမ်း (ဆိုင်ခွဲ) ကို**
**စားသုံးသူများ ပိုမိုအဆင်ပြေစေရန်**

**၂၄-၅-၂၀၁၂ ရက်နေ့မှစ၍**

**ပြည်လမ်း၊ (၅မိုင်ခွဲ)၊ မာလာဆောင်မှတ်တိုင်**
**ကမ္ဘာ့ဇာဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊**
**ပြည်လမ်းမမှ တတိယခြံ၊ အမှတ် (၆၁၇/A)သို့ပြောင်းရွှေ့၍**

- ကျယ်ဝန်းသောကားရပ်နားရန်နေရာ
- အဲယားကွန်းပါရှိသော သီးသန့်အခန်းများ
- ကျေးလက်သဘာဝသုံးဆောင်နိုင်ရန် နေရာများဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ် ပါသည်။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ကုက္ကိုင်းဆိုင်ခွဲ - အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းမီးပွိုင့်အနီး။
ဖုန်း၊ ၀၉-၅၁၅၉၀၈၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၇၃၀၀၆၄၂၂
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

Regional

7DAY NEWS JOURNAL

Vol.11, No.9 • MAY 10 , 2012

# မောင်တောနယ်စပ်တွင် တစ်ပိုင်တစ်နိုင် ကုန်သွယ်သူများကို ဈေးကောက် ကောက်ခံမှုရပ်ဆိုင်း

**မောင်ကံ**

**မောင်တော၊ မေ-၄**

မောင်တောနယ်စပ်ဒေသနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေ့စဉ် တစ်ပိုင်တစ်နိုင်ကုန်သွယ်သွားလာနေသူများထံမှကုန်ပစ္စည်းများအပေါ် ဈေးကောက်ခံကောက်ခံခြင်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း တစ်ပိုင်တစ်နိုင် ကုန်သွယ်သူတစ်ဦးက ပြောကြားသည်။

ဈေးကောက် ကောက်ခံခြင်းကို ရပ်ဆိုင်းလိုက်သည့်အတွက် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်သွားလာသူများလည်း ယခင်ထက် များလာကြောင်း သတင်းရရှိသည်။

"အရင်တုန်းက ဒီကယူသွားတဲ့ ပစ္စည်းတွေကိုလည်းပေးရပါတယ်။ ဟိုဘက်ကသွင်းလာတဲ့ ပစ္စည်းတွေကိုလည်း ကောက်ပါတယ်။ ဒီလိုကောက်နေတော့ ကုန်သွယ်သူတွေမှာ အမြတ်ကျန်သင့်သလောက် မကျန်ကြပါဘူး။ တစ်ပိုင်တစ်နိုင်သမားတွေယူသွားတဲ့ကုန်ပစ္စည်းတွေက အခွန်မဆောင်ရပေမယ့် ဈေးကောက်ခပေးနေရတော့ အခွန်ဆောင်ရတာနဲ့ ဘာမှမထူးဖြစ်သွားတယ်"ဟု ကုန်သွယ်သူတစ်ဦးက ပြောကြားသည်။

ဈေးကောက်များ ကောက်ခံမှုရပ်ဆိုင်းလိုက်သည့်အတွက် တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများမှာ အမြတ်ငွေပိုကျန်ကာ ဝင်ငွေမှာလည်း ပိုတိုးလာသည့်အတွက် မိသားစုစားဝတ်နေရေး ပိုမိုအဆင်ပြေလာကြသည်ဟု ဆိုသည်။

တစ်ပိုင်တစ်နိုင်ကုန်သွယ်သူတစ်ဦးက "အခုနယ်စပ်ကုန်သွယ်ရေးက ပို့နေတဲ့ပို့ကုန်တွေအပေါ်မှာ ဆောင်ရတဲ့အခွန်တွေကိုတောင် လျှော့ပေးနေတဲ့ အချိန်မှာ မိသားစုစားဝတ်နေရေးပြေလည်အောင် ရှိတဲ့ငွေလေးတွေနဲ့သွားနေကြတဲ့ တစ်ပိုင်တစ်နိုင်သမားတွေအပေါ်မှာ အခွန်တွေ၊ ဈေးကောက်တွေ မကောက်သင့်တော့ပါဘူး"ဟု ဆိုသည်။

## ရွှေလုပ်ကွက်အချို့ ဆိုဒီယမ်ဆိုင်ရာနိုက်ကို အသုံးပြုနေဆဲ

**စိုင်းလှမင်း**

**ကောလင်း၊ မေ-၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် ကျွန်းတောကျေးရွာ မြောက်ဘက် (၅)မိုင်ခန့်အကွာ ရွှေမှုန်ကြီးတောင်ဘို့နီချောင်းအနီးတွင်ဒေသခံအချို့က ကျောက်ရွှေများတူးဖော်၍ ခွဲစိတ်အမှုန့်ပြုလုပ်ကာ "ချက်ကန်"နည်းဖြင့် ရွှေထုတ်လုပ်နေကြပြီး ထိုချက်ကန်မှ သဲစာနှင့်ချက်ကန်ရေများ ချောင်းအနီးသို့စိမ့်ဝင်စီးဆင်းပါက လွှတ်ကျောင်းစနစ်ဖြင့် လွှတ်ထားသော ကျွဲ၊ နွား တိရစ္ဆာန်များ၏ အသက်အန္တရာယ်အတွက် ဒေသခံအချို့က စိုးရိမ်နေကြသည်။



ဓာတ်ပုံ-စိုင်းလှမင်း

*ကောလင်းမြို့နယ်မှ တစ်နိုင်တစ်ပိုင် ရွှေလုပ်ကွက်တစ်ခုကို တွေ့ရစဉ်*

ရွှေတူးဖော်ရာတွင် သက်ဆိုင်ရာက တားမြစ်ထားသော ဆိုဒီယမ်ဆိုင်ရာနိုက် အသုံးပြုသူများရှိပြီး၊ အချို့က ကုန်ကျစရိတ်သက်သာအောင် ကာဗွန်မှုန့်ကို အသုံးပြုပြီး ရွှေထုတ်ယူကြသည်။ ထိုဆိုဒီယမ်ဆိုင်ရာနိုက်သည် အဆိပ်ဖြစ်စေသော ပစ္စည်းဖြစ်သည့်အတွက် ပျော်ဝင်နေသောရေကိုသောက်မိပါက လူနှင့် တိရစ္ဆာန်များ အဆိပ်သင့်ပြီး သေဆုံးခြင်း၊ ရေထဲတွင်ရှိနေသည့်သတ္တဝါများ သေဆုံးခြင်း ဖြစ်ပေါ်နိုင်သည်။ ထို့အပြင် ထိုစွန့်ပစ်ရေများ၊ စွန့်ပစ်ရေများ၊ စွန့်ပစ်အနည်အနှစ်များကြောင့် ချောင်း၊ မြောင်းများလည်း ကောလာနိုင်သည့်အတွက် သဘာဝသယံဇာတ ထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်သင့်ကြောင်း သိရသည်။

ချက်ကန်မှ ထွက်ပေါ်လာသည့် အနံ့အသက်အငွေ့များသည် လူနှင့်ထိတွေ့ရှူရှိုက်မိပါက အသက်ရှူကျပ်ခြင်း၊ မျက်စိများကျိန်းခြင်း၊ ရောင်ရမ်းခြင်း၊ အာခေါင်များခြောက်၍ ကွဲအက်ခြင်း၊ အသက်ရှူလမ်းကြောင်းရှိ အဆုတ်လေပြွန်ရောင်၍ ပမာဏများလျှင် မိနစ်ပိုင်းအတွင်း အသက် ဆုံးရှုံးနိုင်ပြီး ရေရှည်အတွက်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။

လတ်တလောထိခိုက်မှုနည်းပါးသော်လည်း ရေရှည်တွင် နှလုံး၊ အဆုတ်နှင့် ကျောက်ကပ်တို့ကို ထိခိုက်ကာ အသက်အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်ဟု ဒေသခံအချို့က ဆိုသည်။ သို့ဖြစ်၍ ဆိုဒီယမ်ဆိုင်ရာနိုက်ဖြင့် ရွှေဖမ်းနည်းများ၊ ကာဗွန်နှင့် ရွှေဖမ်းနည်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသစ်တောကြီးများပျက်စီးနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျောက်ရွှေလုပ်ကိုင်နေသော နေရာသို့ သွားရောက်ကွင်းဆင်းစစ်ဆေးသင့်ကြောင်း ဒေသခံများက ပြောကြားသည်။

## မုံရွာနိဗ္ဗာန်ဈေးပွဲတော် နှစ်လေးဆယ်အတွင်း ပထမဆုံးအကြိမ် ပြန်ကျင်းပ

မျိုးမင်းဦး

**မုံရွာ၊ မေ-၄**

မုံရွာမြို့၊ ဆုတောင်းပြည့် စေတီတော်အနီး နိဗ္ဗာန်လမ်း၊ ညောင်တပင်လမ်း၊ ကမ်းနားလမ်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော မုံရွာ နိဗ္ဗာန်ဈေးပွဲတော် ပျောက်ကွယ်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော် ကြာမြင့်ခဲ့သည့်နောက်ပိုင်း ယခုနှစ် ကဆုန်လဆန်း(၁၄)ရက်၊မေလ၄ရက်ညနေပိုင်းတွင် မုံရွာဆုတောင်းပြည့်စေတီတော်ရင်ပြင်တော်တွင် ရှေးမူမပျက် ပြန်လည်ကျင်းပနိုင်ခဲ့သည်။

"ဒီနှစ် ပထမဆုံးကျင်းပတာဆိုတော့ အချိန်နည်းနည်းစောသွားတယ်။ မွန်းလွဲ ၂ နာရီလောက်က စကျွေးတာဆိုတော့ နေကအရမ်းပူတယ်။ အလှူရှင်တွေရော စားသုံးသူတွေရော နေပူပူမှာ ကြိတ်ကြိတ်တိုး နေရတယ်။ လာမယ့်နှစ်တော့ နေအေးတဲ့ ညနေပိုင်းမှာ ကျင်းပသွားမယ်။ ဒီနှစ်မှ ပြန်လုပ်တာလည်းဖြစ်တော့ အလှူရှင်က သုံးဆယ်ကျော်တယ်။ နောက်နှစ်အလှူရှင်တွေ ဒီထက်များပြီး များများကျွေးမွေးကုသိုလ်ပြုနိုင်အောင် စီစဉ်သွားမယ်" ဟု ဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောသည်။ မုံရွာမြို့တွင် နိဗ္ဗာန်ဈေးပွဲတော်အား လွန်ခဲ့သည့်အနှစ် ၄၀ ကျော်ကစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်လည်းနောက်ပိုင်း ညောင်တပင်လမ်းနှင့် နိဗ္ဗာန်လမ်းတွင် နိဗ္ဗာန်ဈေးပွဲတော်အား နေအိမ်များအတွင်း ဖိတ်ကြားကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ရာမှ ယခုနှစ်တွင် ဆုတောင်းပြည့်စေတီတော် ရင်ပြင်တော် နိဗ္ဗာန်ဈေးပွဲတော်အဖြစ် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

မုံရွာတောင်ရပ်ကွက် ပြည်လုံးချမ်းသာ စေတီတော်တွင် ကဆုန် ညောင်ရေသွန်းလောင်းပွဲတော်နှင့် နိဗ္ဗာန်ဈေးပွဲတော်၊ ချမ်းမြသာစည်ရပ်ကွက်ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်နှင့်အောင်မြသန်းရေယာဉ် မိသားစု စတုဒိသာ ကျွေးမွေးပွဲများအား ကဆုန်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရှိရသည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# မိုးကုတ်ရတနာမြေတွင် သစ်ပင်စိုက်ပျိုးမည်ဟုဆို

## ရေနီချောင်းတစ်လျှောက် ကျူးကျော်နေအိမ်များဖယ်ရှားဖွယ် . . .



မိုးကုတ်မြို့မှ ရေနီချောင်း

ညီညီဇော်


မန္တလေး၊ မေ-၅

**မိုးကုတ်ရတနာမြေတွင်ယခုနှစ်မိုးရာသီမှစတင်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

ဧပြီလ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် မိုးကုတ်မြို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များတွေ့ဆုံစဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် ဌာနဆိုင်ရာများနှင့်အတူ လုပ်ငန်းရှင်များအားလုံးပါ တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။

"သစ်ပင်စိုက်ဖို့ နေရာမရှိသေးဘူးဆိုရင် မြေစာရင်းနဲ့သစ်တောတို့က နေရာရှာပေးပါ။ လုပ်ငန်းရှင်နာမည်နဲ့ စိုက်ပါ။ မိုးကုတ်ရတနာနယ်မြေဝန်းကျင်မှာ သစ်ပင်တွေနဲ့ စိမ်းလန်းသွားအောင်၊ နေချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်ပေးကြပါ" ဟု ဝန်ကြီးချုပ်က မှာကြားခဲ့သည်။

ဆက်လက်ပြီးဝန်ကြီးချုပ်က မိုးကုတ်မြို့နှစ်စဉ်ရေကြီးရေလျှံမှုကို ကာကွယ်ရန် လုပ်ငန်းရှင်များ ဝိုင်းဝန်းကူညီပေးစေလိုကြောင်း၊ မြို့အတွင်းစီးဆင်းနေသည့် ရေနီချောင်းကို ပြန်လည်တိုင်းတာပြီး ကျူးကျော်နေအိမ်များကို ဥပဒေအရဖယ်ရှားရန်လိုသည်ဟုလည်း မှာကြားခဲ့သည်။




# ဇမ္ဗူသီရိအထူးကုဆေးရုံက အခြားပုဂ္ဂလိကဆေးရုံများထက် ကုသစရိတ် ပိုသက်သာမည်ဟုဆို

ထူးသန့်

နေပြည်တော်၊ မေ-၄

နေပြည်တော်၏ ဗဟိုအချက်အချာကျသော နေရာတွင် တည်ဆောက်ထားပြီး ယမန်နေ့က အကြိုဖွင့်လှစ်ခဲ့သည့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသည် အခြားသော ပုဂ္ဂလိကပိုင် အထူးကုဆေးရုံများထက် ဆေးကုသစောင့်ရှောက်မှုစရိတ် ၂၅ ရာခိုင်နှုန်း သက်သာစေရမည်ဖြစ်ကြောင်း ယင်းဆေးရုံ၏ ဆေးရုံအုပ်ကြီးဒေါက်တာသောင်းတင်ထွန်းက ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

"ဆေးကုသမှု နှုန်းထားကတော့ ပြင်ပဆေးရုံကြီးများထက် ၂၅ ရာခိုင်နှုန်းလျှော့နည်းပါတယ်။ သာမန်လူတွေပါ လာပြီးကုသနိုင်အောင် ဆောင်ရွက်ထားပါတယ်"ဟု ဒေါက်တာသောင်းတင်ထွန်းက ဆိုသည်။ ယခု ဖွင့်လှစ်ထားသည်မှာ ပထမအဆင့်သာဖြစ်ကြောင်းဒုတိယအဆင့်အနေဖြင့် ကျောက်ကပ်ရောဂါ၊ကင်ဆာရောဂါများ ကုသခြင်းကိုပါဆောင်ရွက်သွားရန်ရှိပြီး စင်ကာပူ၊ ထိုင်းနှင့် ဂျပန်နိုင်ငံက အထူးကုဆရာဝန်ကြီးများနှင့်လည်း ချိတ်ဆက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

ယခင်က ဇီဝိတဒါနဆေးရုံအဖြစ် ဆိုင်းဘုတ်ထူကာ တည်ဆောက်ခဲ့ပြီး ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအဖြစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မေးမြန်းရာတွင်မူ "ဒီဆေးရုံကြီးကို နေပြည်တော်စည်ပင်က တည်ဆောက်ခဲ့တာဖြစ်ပြီး ပစ္စည်းတွေ၊ ကိရိယာတွေ အားလုံးတပ်ဆင်ပေးထားတယ်။ အဲဒီ နောက်ဆုံးပေါ် တန်ဖိုးကြီးပစ္စည်းတွေ ပြုပြင်ထိန်းသိမ်းဖို့၊ ဆက်ပြီးအဆင့်မြှင့်တင်ဖို့၊ ဝန်ထမ်းလစာနဲ့အခြားလည်ပတ်စရိတ်တွေအတွက် အခကြေးငွေယူရခြင်းဖြစ်ပါတယ်။ ဒါမှလည်း ပြည်သူကို သက်သက်သာသာနဲ့ ရေရှည်စောင့်ရှောက်ပေးနိုင်မယ်။ ဒီလို အခကြေးငွေယူတာက နေပြည်တော် စည်ပင်ရဲ့ ရန်ပုံငွေတိုးအောင်လုပ်တာမဟုတ်ပါဘူး" ဟု လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာမင်းသိဏ်းကပြန်လည်ရှင်းလင်းသည်။

အဆိုပါဆေးရုံကို မြေကေ ၁၀၀ အကျယ်အဝန်းပေါ်တွင် တည်ဆောက်ထားပြီး လူနာအတွက်အခန်းခကို တစ်ရက်လျှင် ၅,၀၀၀ ကျပ်သတ်မှတ်ထားသည်။






7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



# လယ်ယာမြေများတွင်ကြေးနီစွန့်ပစ်ခြင်း ကန့်ကွက်သော တောင်သူတစ်ဦးကို ၆ နာရီကြာ ထိန်းသိမ်း


**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၂**

ကြေးနီစီမံကိန်းအနီးရှိဆားလင်းကြီးမြို့နယ်၊ ဖောင်းကားကျေးရွာအုပ်စု၊ ဆည်တည်းကျေးရွာစိုက်ကွင်းအတွင်း လယ်ယာမြေများပေါ်တွင်လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းမှ စွန့်ပစ်မြေများစွန့်ပစ်ခြင်းအားဒေသခံတောင်သူများက မေ ၁၉ရက် နံနက်ပိုင်းတွင် စုပေါင်းကန့်ကွက်ခဲ့သည့်နောက်ပိုင်း အဆိုပါ ကန့်ကွက်တောင်းဆိုမှုများတွင် ပါဝင်သည်ဟုဆိုကာ ဆည်တည်းကျေးရွာ ဒေသခံတောင်သူတစ်ဦးအား သက်ဆိုင်ရာက မေလ ၂ ရက် နံနက်(၆) နာရီတွင် ထိန်းသိမ်းခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ထိုသို့ထိန်းသိမ်းခံရသော တောင်သူကိုပြန်လွှတ်ပေးရန် ဆည်တည်းကျေးရွာဒေသခံ တောင်သူ ၂၀၀ ကျော်တို့က ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးရဲတပ်ဖွဲ့စခန်းတွင် တောင်းဆိုခဲ့သောကြောင့် ယင်းနေ့မွန်းတည့် ၁၂ နာရီအချိန်တွင် ထိန်းသိမ်းထားသော တောင်သူအား သက်ဆိုင်ရာက ပြန်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဦးအောင်ငွေးနိုင်အား ညောင်ပင်ကြီးရဲတပ်ဖွဲ့စခန်းမှ မွန်းတည့်(၁၂)နာရီကျော်အချိန်တွင် ပြန်လွှတ်ပေးခဲ့သော်လည်း နောက်နောင် တရားဥပဒေကိစ္စရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ခေါ်ယူချိန်တွင် လာရောက်ရမည်။ မလာရောက်ပါက ငွေကျပ်ငါးသိန်းတိတိအားပြည်သူ့ဘဏ္ဍာအဖြစ် ပေးဆောင်ရမည်ဟု ကတိခံဝန်ချုပ်လက်မှတ်ရေးထိုးရာတွင် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အပြစ်မရှိစွပ်စွဲခံရသည်ဟု ဆိုကာ ဥပဒေအရ သက်ဆိုင်ရာက ခေါ်ယူလျှင် လာရောက်ဖြေရှင်းပါမည်။ သို့သော်အပြစ်ရှိသူတစ်ယောက်အဖြစ် သတ်မှတ်ကာ ငွေကျပ်ငါးသိန်းပေးဆောင်ရမည့် အချက်အားကန့်ကွက်၍ ကတိခံဝန်ချုပ်လက်မှတ်အား ရေးထိုးခဲ့ကြောင်း ဦးအောင်ငွေးနိုင်က ပြောကြားခဲ့သည်။



ဓာတ်ပုံ - မျိုးမင်းဦး

*ချင်းတွင်းမြစ်နှင့် ကြေးနီတူးဖော်ရေးလုပ်ငန်းများစတင်ဆောင်ရွက်နေသော လက်ပန်းတောင်းတောင်ကို မြင်တွေ့ရစဉ်*

လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းကို ၂၀၁၀ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံ နိုရင်ကို ကုမ္ပဏီနှင့် သတ္တုတွင်းဝန်ကြီး၌ာနတို့ ဓာတ်သတ္တုကြေးနီတူးဖော်ရေး သဘောတူညီမှုလက်မှတ်ရေးထိုးပြီးနောက်ပိုင်း ၂၀၁၁ နှစ်ကုန်ပိုင်းတွင် မြန်မာ ဝမ်ပေါင်ကုမ္ပဏီအမည်ဖြင့် ကြေးနီတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ကြေးနီစီမံကိန်း နယ်မြေတွင် ပါဝင်သော ဝက်မှေးကျေးရွာမှအိမ်ခြေ ၅၀ ခန့်၊ ကံတောကျေးရွာမှ အိမ်ခြေ၁၀၀ ခန့်ကျေးရွာသစ်သို့ပြောင်းရွှေ့ခဲ့သဖြင့် ကျေးရွာဟောင်းတွင် ဝက်မှေးကျေးရွာမှ ၄၈ အိမ်၊ ကံတောကျေးရွာတွင် တစ်အိမ်ကျန်ရှိခဲ့သည်။

ဆည်းတည်းကျေးရွာတွင် အိမ်ခြေ ၁၇၃ အိမ်အနက် အိမ် ၃ အိမ်မှာ ယခုနှစ် မေလဆန်းပိုင်းတွင် ပထမဆုံးအကြိမ် ကျေးရွာသစ်သို့ပြောင်းရွှေ့ရန်စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ကျေးရွာဟောင်းတွင်အိမ်ခြေ၁၇၀ခန့်ကျန်ရှိနေမည်ဖြစ်ကြောင်းဒေသခံများ ပြောကြားချက်အရ သိရသည်။ ဇီးတော ကျေးရွာတွင်အိမ်ခြေ ၁၀၀ ကျော် ရှိပြီး ကျေးရွာသစ်သို့ ပြောင်းရွှေ့လိုသူမရှိသေးကြောင်း သိရှိရသည်။

# ပြည်ပအလုပ်အကိုင်အေဂျင်စီ လိုင်စင်မရှိဘဲ လုပ်ကိုင်သူတစ်ဦးကို အရေးယူ

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**လှိုင်ကော်၊ မေ-၃**

ကယားပြည်နယ်၊ လှိုင်ကော်မြို့နယ်တွင် ပြည်ပ အလုပ်အကိုင်ဆိုင်ရာအကျိုးဆောင်လုပ်ငန်းကို လိုင်စင်မရှိဘဲ အကျိုးဆောင်ခငွေရယူကာ လုပ်ကိုင်သူအမျိုးသားတစ်ဦးကို လောပိတ ရဲစခန်းက မေ ၂၆ ရက်တွင်အမှုဖွင့်အရေးယူစုံစမ်းစစ်ဆေးကြောင်းသိရသည်။

မေ ၂၅ ရက် ည ၈ နာရီအချိန်ခန့်က လှိုင်ကော်မြို့နယ်၊ လောပိတကျေးရွာအုပ်စု၊ ရှမ်းကျေးရွာတွင် အမျိုးသားတစ်ဦးက လူစုဆောင်းပြီး ထိုင်းနိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ပြုလုပ်နေကြောင်း သတင်းအရ လောပိတရဲစခန်းမှူးရဲအုပ်သန်းဇော်နှင့်အဖွဲ့က သွားရောက်စုံစမ်းခဲ့သည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေးချက်အရလှိုင်ကော်မြို့၊ ဒေါ်နိုးကူးရပ်ကွက်နေ မောင်စူးရယ် (၂၃ နှစ်) သည် ရှမ်းကျေးရွာ၊ ပန်ကန်းကျေးရွာ၊ လောလာလီကျေးရွာ၊ ဒေါတချား ကျေးရွာ၊ သတ္တဗလူကျေးရွာနှင့် ရှမ်းကွက်သစ် ကျေးရွာများမှ အမျိုးသား၁၈ဦးနှင့်အမျိုးသမီး၁၃ဦးတို့အား တစ်ဦးလျှင် အကျိုးဆောင်ခ ၄၅၀,၀၀၀ ကျပ်နှုန်း ရယူကာ ထိုင်းနိုင်ငံသို့ပို့၍ အလုပ်လုပ်ကိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး မောင်စူးရယ်မှာ ပြည်ပအလုပ်အကိုင်ဆိုင်ရာ အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဟု ဆိုသည်။

ထိုဖြစ်ရပ်အပေါ် လောပိတရဲစခန်းက (ပ)၉/ ၂၀၁၂၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# အိမ်သုံးစက်တပ်လှေငယ်များ တရားမဝင်လိုင်းပြေးဆွဲနေ

**မင်းမျိုးနွယ်**

**မြောက်ဦး၊ မေ-၃**

ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ်အတွင်း ရေကြောင်းပြေးဆွဲနေကြသည့် လိုင်စင်ရလိုင်းဘုတ်များမှာ အိမ်သုံးစက်လှေများ၏ တရားမဝင်ခရီးသည်များတင်ဆောင်ကာလိုင်းဆွဲနေကြသည့်အတွက် အခက်အခဲနှင့် ကြုံတွေ့နေကြသည်ဟု သတင်းရရှိသည်။

မြောက်ဦးမြို့နယ်တွင် ကျေးရွာပေါင်း ၃၀၀ ကျော်ရှိသည့်အနက် ၂၀၀ ခန့်မှာ ရေလမ်းကိုသာ အဓိကထားပြီး သွားလာနေကြရသဖြင့်ထိုကျေးရွာများတွင် အိမ်သုံး၊ လုပ်ငန်းသုံးစက်တပ်လှေငယ်များရှိကြရာ ကျေးရွာတစ်ရွာလျှင် အစီးရေ ၂၀ ခန့်ရှိကြောင်း သိရသည်။

ယခုအခါ ၎င်းစက်တပ်လှေငယ်များမှာ အိမ်သုံးအဖြစ်အသုံးပြုခြင်းမဟုတ်ဘဲ အစိုးရထံသို့နှစ်စဉ်ဘဏ္ဍာငွေပေးသွင်းနေကြရသည့် လိုင်းပေါ်တွင် ခရီးသည်များကိုတရားမဝင်သယ်ယူပို့ဆောင်နေကြသဖြင့် တောင်ဦး၊ တောင်မြင့်၊ အရက်သည်မ၊ လေညှင်းသာ၊ ဗလိပြင်၊ ဘုရားများကျေးရွာများမှ လိုင်းများပျက်စီးကာလိုင်းဘုတ်ပိုင်ရှင်များမှာ အခက်အခဲနှင့် ရင်ဆိုင်နေကြရသည်ဟုဆိုသည်။ ဟွန်ဒါစက်လှေငယ်များမှာ ခရီးသည်များအပေါ် သယ်ယူစရိတ်များကို လျှော့ပေါ့ကောက်ခံပြီး အခွန်လွတ်လိုင်းပြေးဆွဲနေမှု ကြောင့် လိုင်စင်ရဘုတ်ပိုင်ရှင်များမှာ လိုင်းဖျက်ကာ ပုံမှန်ပြေးဆွဲမှုမရှိခြင်း၊ အရှုံးပေါ်၍ ရပ်နားနေရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

# မီးကြိုးဆက်ရာမှ သားအဖနှစ်ဦး ဓာတ်လိုက်သေဆုံး

**ဗိုလ်ပြည့် (တောင်တွင်းကြီး)**

**တောင်တွင်းကြီး၊ မေ-၃၀**

တောင်တွင်းကြီးမြို့နယ်၊ ပင်တိုင်ကျေးရွာအုပ်စု၊ ဂုံပင်ကျေးရွာ၌ မီးစက်မပိတ်ဘဲ မီးကြိုးဆက်ရာမှ သားအဖနှစ်ဦး ဓာတ်လိုက်သေဆုံးမှုမေ ၂၈ ရက် ည ၇ နာရီခွဲအချိန်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ်၊ ပင်တိုင်ကျေးရွာအုပ်စု၊ ဂုံပင်ကျေးရွာတွင် ပင်တိုင်အုပ်စု၊ သဲကျွန်းကျေးရွာနေ ဦးညဏ်သိန်း၏ မီးစက်မှ သွယ်တန်းအသုံးပြုသည့်ကိုကျော်ဇင်လင်း၊ ဦးသောင်းကြည်၊ ကိုငွေးဇော်လတ်၊ ကိုဇော်ကြီး၊ ကိုကျော်စွာတို့သည် မီးမလာသဖြင့် သွယ်တန်းထားသော မီးကြိုးများကို လိုက်လံစစ်ဆေးခဲ့ရာ ကိုကျော်ဇင်လင်း၏ နေအိမ်အနောက်ဘက် တစ်ဖာလုံခန့်ကွာဝေးသောနေရာမှ မီးကြိုးပြတ်တောက်နေသည်ကို တွေ့ရှိရသဖြင့် ပြန်လည်ဆက်ရန်ပြုလုပ်နေစဉ် ကိုကျော်ဇင်လင်း၏ ဖခင်ဦးသောင်းကြည် ၅၄ နှစ်နှင့် ညီဖြစ်သူ ကိုငွေးဇော်လတ် ၁၉ နှစ်တို့ နှစ်ဦးမှာ ဓာတ်လိုက်သေဆုံးသွားသည်။

သေဆုံးသူနှစ်ဦးမှာ မီးကြိုးကိုဆက်စဉ်မီးစက်ပိုင်ရှင်ကိုအသိမပေးဟု ဆိုသည်။ ထို့ကြောင့် လျှပ်စစ်မီးကြိုးများ မစစ်ဆေးဘဲ ပေါ့ဆစွာမီးပေးသူအား အရေးယူပေးပါရန် ကိုကျော်ဇင်လင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဆတ်သွား ရဲတပ်ဖွဲ့စခန်း (ပ)၆၉/ ၂၀၁၂၊ ပုဒ်မ-၃၀၄(က) အရအမှုဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မောင်တောမြို့အဝင်

ဓာတ်ပုံ - မောင်ကံ

# မောင်တောမြို့နယ် စည်ပင်သာယာရေးကော်မတီ ရပ်မိရပ်ဖ ငါးဦးဖြင့် စတင်ဖွဲ့စည်း

**မောင်ကံ**

**မောင်တော၊ မေ-၅**

ယခင်ကော်မတီဖြင့် လုပ်ကိုင်ခြင်းမရှိသည့် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် မောင်တောမြို့နယ်စည်ပင်သာယာရေးကော်မတီကို ရပ်မိရပ်ဖငါးဦးဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အသစ်ဖွဲ့စည်းလိုက်သည့် စည်ပင်သာယာရေးကော်မတီတွင် ဥက္ကဋ္ဌမှာ ဦးဝေသာမောင်ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ဦးထွန်းအေးသိန်း၊ ဦးလှမြင့်၊ ဦးဘလှိုင်၊ ဦးမောင်ကျော်စိန်တို့ဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာရေး လုပ်ငန်းများမှာ အလုပ်များသည့်လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အမှုဆောင်အရာရှိတစ်ဦးတည်းဖြင့် အလုံးစုံမဆောင်ရွက်နိုင်သည့်အတွက် စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းလုပ်ကိုင်ရန် ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေး၌ မောင်တောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်က တင်ပြခဲ့ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# တောင်မြင့်သုသာန်မီးသဂြိုဟ်စက်အပြီးတိုင်ပိတ်သိမ်း

## သုသာန်ရွှေ့ဆိုင်းစဉ် ထူးဆန်းမှုများ ကြုံတွေ့ရဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနလက်အောက်ရှိ တောင်မြင့်သုသာန်နှင့်မီးသဂြိုဟ်စက်အား မေ ၁ ရက်တွင် အပြီးပိတ်သိမ်းပြီး အမရပူရမြို့နယ် တောင်အင်း/မြောက်အင်းသုသာန်နှင့်မီးသဂြိုဟ်စက်အား မေ ၁ ရက်မှ စတင်၍ အသုံးပြုနေပြီဖြစ်ကြောင်း မြို့တော်စည်ပင်၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိတောင်မြင့်သုသာန်အား ပိတ်သိမ်းရာတွင် ဘာသာရေးဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြောင်း ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သော ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တနေမိန္ဒက 7 Day News သို့ မိန့်ကြားသည်။

တောင်မြင့်သုသာန်ပိတ်သိမ်းပွဲကို ဗုဒ္ဓဘာသာဓလေ့ထုံးထမ်းစဉ်လာအရပြုလုပ်ကြောင်း၊ ရှေးဦးစွာ မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှူးက တောင်မြင့်သုသာန်ပိတ်သိမ်းကြောင်း အမိန့်ပြန်တမ်းကို ဖတ်ကြားကြောင်း၊ ထို့နောက် တောင်မြင့်သုသာန်မှ ဝိညာဉ်များကို တောင်အင်းမြောက်အင်းရွှေ့ရန်အတွက် အသင့်စီစဉ်ထားသော Dump Truck ယာဉ်များပေါ်သို့ တက်ရောက်ရန်ဖိတ်ခေါ်ကြောင်း၊ ဝိညာဉ်များသုသာန်ပြောင်းရွှေ့ရေးအတွက် ယာဉ်ပေါ်တက်ရန် နာရီဝက်ခန့်အချိန်ပေးကြောင်း၊ တောင်မြင့်သုသာန်အား လေးဘက်လေးတန်စည်းခြားသတ်မှတ်ပြီး ဝိညာဉ်အားလုံးကို ဖိတ်ခေါ်ပြီးနေရာပြောင်းရွှေ့ရေးအတွက် အမိန့်ပြန်တမ်း ဖတ်ကြားကြောင်း၊ ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များရွတ်ဖတ်ပြီး၊ ကားတစ်စီးလျှင်ဆရာတော်တစ်ပါးဦးဆောင်ကာတောင်မြင့် သုသာန်မှ တောင်အင်း/မြောက်အင်း သုသာန်သို့ ဝိညာဉ်များ ပို့ဆောင်ပေးခဲ့ကြောင်း၊ မြို့တော်စည်ပင် သန့်ရှင်းရေးဌာန ဌာနမှူးဦးနေဝင်းမြင့်က အတည်ပြုပြောကြားသည်။

ထိုသို့ တောင်မြင့်သုသာန်မှ ဝိညာဉ်များ၊ နာနာဘာဝများကို မြို့တော်စည်ပင်မှ အမိန့်ထုတ်ပြန်ပြီး ယာဉ်များပေါ်သို့ ဝိညာဉ်များ၊ နာနာဘာဝများ တက်ရောက်ရန် နာရီဝက်အချိန်ပေးပြီး၊ ယာဉ်များ စတင်ထွက်ခွာရာ ကောင်းကင်တစ်ခုလုံးမှုန်မှိုင်းပြီး လေပြင်းမုန်တိုင်းများတိုက်ခတ်ကြောင်း၊ မိမိတို့ ဝိညာဉ်များ၊ နာနာဘာဝများ တင်ဆောင်လာသော ကားများ တောင်မြင့်သုသာန်မှ ထွက်ခွာချိန်တွင် လေကြီး၊ မိုးကြီးကျပြီး လေပြင်းများ တိုက်ခိုက်လာကြောင်း၊ ယာဉ်မှူးတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ပြောသည်။ ဝိညာဉ်များ၊ နာနာဘာဝများ ကားပေါ်တက်ရောက်ရန် အမိန့်ထုတ်ပြန်ချိန်တွင် မိမိကားသည် လေးလာပြီး

> ဝိညာဉ်များ၊ နာနာဘာဝများ ကားပေါ်တက်ရောက်ရန် အမိန့်ထုတ်ပြန်ချိန် တွင် မိမိကားသည် လေးလာပြီး ကားမောင်းနှင်ရာတွင် ဝန်များပါလာသလို ခံစားရကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။

ကားမောင်းနှင်ရာတွင် ဝန်များပါလာသလို ခံစားရကြောင်းယာဉ်မောင်းတစ်ဦးက ပြောသည်။

တောင်မြင့်သုသာန်မှဝိညာဉ်များ၊ နာနာဘာဝများတင်ဆောင်လာသော ကားများသည် မေ ၁၀ ရက် ညနေ ၆ နာရီခန့် အသစ်ရွှေ့ပြောင်းသော တောင်အင်း/မြောက်အင်းသုသာန်သို့ရောက်ရာတွင်၊ မြို့တော်စည်ပင်သန့်ရှင်းရေးဌာန ဌာနမှူးက သင်တို့အသစ်နေရမည့် နေရာသစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ယာဉ်ပေါ်မှ ဆင်းရန် နာရီဝက်အချိန်ပေးကြောင်း၊ မိမိတို့ကြိုက်နှစ်သက်သော နေရာတွင် သင့်သလို နေရာယူနေနိုင်ကြောင်း၊ အမိန့်ပြန်တမ်းထပ်မံဖတ်ကြားပြီး သုသာန်ရွှေ့ပြောင်းမှုကို ဘာသာရေးထုံးတမ်းစဉ်လာများဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

# လူမှုဖူလုံရေးစနစ်သစ် ဖော်ဆောင်မည်



လုပ်ငန်းခွင်တစ်ခုမှ ဆောက်လုပ်ရေး လုပ်သားများ

**ထူးသန့်**

**နေပြည်တော်၊ မေ-၃**

အကျိုးခံစားခွင့်အချို့နှင့် အလုပ်သမားများကို အကန့်အသတ်ဖြင့်သာ အကျုံးဝင်စေသော လက်ရှိ လူမှုဖူလုံရေး စနစ်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မေလ ၁ ရက်က ကျင်းပသောအလုပ်သမားနေ့ အခမ်းအနားတွင် ပြောကြားသည်။

"နိုင်ငံသား အားလုံး အကျုံးဝင်စေမယ့် လူမှုဖူလုံရေးစနစ်သစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်" ဟု ဒုတိယသမ္မတက ပြောကြားခဲ့သည်။ ဥပဒေအသစ်အရ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ လူမှုဖူလုံရေး အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်စသည့် ခံစားခွင့်များ ရရှိစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသားများအတွက် လူမှုဘဝလုံခြုံမှုကို အလုပ်လက်မဲ့ဖြစ်ခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ အိမ်သုံးပစ္စည်းများ ဈေးကြီးခြင်းစသည့် အချက်များက စိန်ခေါ်လျက်ရှိရာ အစိုးရအနေဖြင့် မြို့ပြအလုပ်သမားများအပြင် ကျေးလက်ဒေသအလုပ်သမားများနှင့် တက္ကသိုလ်ဘွဲ့ရများအတွက်ပါ အလုပ်ရရှိရေးကို လုပ်ငန်းသစ်များ ဖန်တီးထူထောင်ခြင်းဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဒုတိယသမ္မတက ထပ်မံပြောကြားသည်။

"မြို့ပြရော ကျေးလက်မှာပါ အလုပ်လက်မဲ့ပြဿနာတွေက ကြီးမားနေတယ်။ ကျေးလက်မှာ လူငယ်တွေ အာရုံမကျတော့သလို မြို့တက်ပြန်တော့လည်း လုပ်အားခက တစ်နေ့ထမင်းနှစ်နပ်စာတောင် မဖူလုံတော့ဘူး။ ဒီကြားထဲ ခေါင်းပုံဖြတ်တဲ့ လုပ်ငန်းရှင်ဆိုတဲ့ သူတွေကိုလည်း နေရာတိုင်းမှာ ကြားနေရတယ်။ အဲဒါတွေကိုလည်းကြပ်မတ်ကိုင်တွယ်ဖို့ လိုဦးမယ်"ဟု နေပြည်တော်ရှိ တရားရုံးရှေ့နေတစ်ဦးက ပြောကြားခဲ့သည်။

၎င်းအပြင် အလုပ်သမားများ၏ ကျွမ်းကျင်မှုအလိုက် ထိုက်သင့်သည့် လုပ်ခလစာနှင့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးကို စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲလျက်ရှိကြောင်း သိရှိရသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက် "မေဒေး" နေ့အခမ်းအနားကို စတင်ကျင်းပခဲ့ခြင်းနှင့် ပတ်သက်၍ ပုဂ္ဂလိကဝန်ထမ်းတစ်ဦးဖြစ်သူ ကိုအောင်နိုင်က "အရင်တုန်းကတော့ မေဒေးနေ့ဆို ရုံးပိတ်ရက်မို့ အလုပ်ဆင်းရင် လစာခံစားခွင့် ၂ ဆ ရတယ်လို့ပဲ သိခဲ့တာ။ အခုတော့လည်း မြင်မြင်ထင်ထင် ကျင်းပလာလို့ ဝမ်းသာတယ်"ဟု ပြောကြားခဲ့သည်။

# ကောလင်းတွင် ဆင်ဆာမဲ့ ခိုးကူးခွေများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

**စိုင်းလှမင်း**

**ကောလင်း၊ မေ-၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ ဝါးရုံးတုံးရပ်ကွက်တွင် ကောလင်းရဲစခန်းနှင့် ပူးပေါင်းအဖွဲ့မှ ဆင်ဆာမဲ့ခိုးကူးခွေများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီအချိန်က ကောလင်းရဲစခန်းနှင့် ဝါးရုံးတုံးရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် သတင်းအရ ဝါးရုံးတုံးရပ်ကွက်နေ မောင် ××× အသက်(၃၄နှစ်)၊ အရောင်းအဝယ်နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဆင်ဆာမဲ့ခိုးကူးခွေ မြန်မာဇာတ်ကားများ ရောရာ (၆၂၀၀)ခွေ၊ ခွေအလွတ် (၃၅၀၀)ချပ်၊ ပုံထုတ်စက္ကူ (၅၀)ရွက်နှင့် ဆက်စပ်ပစ္စည်းများ ဖြစ်သော FUJI TSU အမျိုးအစားလက်ပ်တော့(၁)လုံး၊ EPSON အမျိုးအစား Printer (၁)လုံး၊ Canon အမျိုးအစား (၇)ခွေ ထည့်ကူးခွေစက်(၁)လုံး သိမ်းဆည်းဖမ်းဆီးရမိခဲ့သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ကောလင်းရဲစခန်းမှ မောင် ××× အား(ပ)အမှတ် ၁၂၆/ ၂၀၁၂ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ-၃၃(ခ) အရ အမှုဖွင့်အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

# တောင်အင်း / မြောက်အင်း သုသာန် စတင်ဖွင့်လှစ်

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာန အမရပူရမြို့နယ် တောင်အင်း/ မြောက်အင်းသုသာန်အား မေ ၁ ရက်မှ စတင်၍ ဖွင့်လှစ်ခဲ့သည်။

မီးသဂြိုဟ်ခများမှာ လူကြီးရုပ်အလောင်း ၁ ဦး တစ်သောင်းခြောက်ထောင်ကျပ်၊ ကလေးရုပ်အလောင်းတစ်ဦး ရှစ်ထောင်ကျပ်ဖြစ်ပြီး၊ အအေးခန်းတစ်ရက်ထားရှိခ နှစ်ထောင့်ငါးရာကျပ်၊ ခန်းမတစ်နာရီငှားရမ်းခ တစ်သောင်းကျပ်၊ ခန်းမအတွင်းထိုင်ခုံတစ်လုံးတစ်နာရီငှားရမ်းခ ငါးဆယ်ကျပ်စသည်ဖြင့် သတ်မှတ်ထားရှိကြောင်း သိရသည်။

၎င်းအပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေး အထွေထွေရောဂါကုဆေး ရုံကြီးနှင့် မြို့တော်စည်ပင်စက်ရုံနှင့် မော်တော်ယာဉ်ဌာနတို့တွင် နာရေးကူညီယာဉ်များထားရှိပြီး မေလ၁ရက်မှ စတင်၍ အခမဲ့ ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။အကူအညီလိုအပ်ပါက ၀၂-၀၁၃၁၆/၀၂-၈၀၁၅၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ မန္တလေးမြို့တွင်ယခုအခါမြို့တော်စည်ပင်နာရေးကူညီမှု ယာဉ်အပါအဝင်၊ နာမှုကူညီရေး အခမဲ့ယာဉ်ဆောင်ရွက်ပေးသော အဖွဲ့ ၆၄ ဖွဲ့ရှိသွားပြီဖြစ်သည်။

# မန္တလေး ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း အမှုဆောင်ထပ်တိုး

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၄**

မန္တလေးမြို့ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း၏ ၁၄ နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားနှင့် ဩဝါဒါစရိယဆရာတော်ကြီး၏ ဩဝါဒခံယူပွဲကို မေ ၂ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အသင်းတွင် အမှုဆောင်သစ်များထပ်တိုးခန့်ထားကြောင်း သတင်းရရှိသည်။

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းအနေဖြင့် နာမှုကူညီရေးများ သာမကာ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ လူ့ပယောဂကြောင့်ဖြစ်သောဘေးဒုက္ခများ ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့် ပညာရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုအခါလစဉ် ဆေးရုံများတွင် ဆင်းရဲနွမ်းပါးသော လူနာများအား ဆေးဖိုးဝါးခ ကူညီထောက်ပံ့ခြင်း၊ ဖြဟ္မစိုရ်ဆေးရုံတွင် စနေ + တနင်္ဂနွေ + ဗုဒ္ဓဟူးနေ့များတွင် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများဖြင့် ဆင်းရဲနွမ်းပါးသော လူနာများအားဆေးကုသခြင်းတို့ကို ဆောင်ရွက်လျှက်ရှိသဖြင့် ယခင် အမှုဆောင် ၂၇ ဦးမှ ယခုအခါအမှုဆောင် ၃၅ ဦးထိ တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

၎င်းအပြင် အသင်းရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပရဟိတလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၆ ခုနှစ် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း အခြေခံစည်းမျဉ်းအကျဉ်းကို ဥပဒေပညာရှင်များနှင့် ပြန်လည်ပြင်ဆင်ညှိနှိုင်းဆောင်ရွက်လျှက်ရှိကြောင်းလည်း သိရသည်။

# အလုပ်ရှင်/အလုပ်သမား အဖွဲ့အစည်းပေါင်း ၂၄ ဖွဲ့ စတင်ဖွဲ့စည်း

**ထူးသန့်**

**နေပြည်တော်၊ မေ-၃**

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီး တရားဝင်အဖွဲ့အစည်းများအဖြစ် အလုပ်ရှင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် အလုပ်သမားအဖွဲ့အစည်း ၁၄ ဖွဲ့ တို့ပြီးနောက်ဆုံးပတ်အတွင်းစတင်ဖွဲ့စည်းပေါ်ပေါက်ခဲ့ကြောင်းမေလ(၁)ရက်ကကျင်းပသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားမှ သိရသည်။

အလုပ်ရှင်အဖွဲ့အစည်းများအဖြစ် ပြည်ပအလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စက်မှုဇုန်များမှ အထည်ချုပ်လုပ်ငန်းရှင်များ (လှိုင်သာယာ၊ မြောက်ဥက္ကလာ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ ရွှေပေါက္ကံ)များ ပါဝင်ပြီး အလုပ်သမားအဖွဲ့အစည်းများအဖြစ် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်နှင့် အထည်ချုပ်စက်ရုံလုပ်သားများ၊ ပိုက်စက်ရုံ၊ ကြွေပြားစက်ရုံ၊ ကုန်တင်ကုန်ချစသည့် လုပ်သားအဖွဲ့ အစည်းများ ပါဝင်ကြောင်း သိရသည်။

အထက်ပါအဖွဲ့အစည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးစိုးမင်းအောင်က "နှစ်ပေါင်း ၅၀ ကျော်အတွင်း မရှိခဲ့တဲ့ လွတ်လပ်တဲ့အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရနိုင်သလို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးလိုအပ်သည့် အခွင့်အရေးများရရှိစေရန် စောလျင်စွာဖွဲ့စည်းဖို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားခဲ့သည်။

အလုပ်ရှင်အဖွဲ့အစည်းများကိုယ်စား အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဦးမြင့်စိုးကလည်း အလုပ်ရှင်အဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းနိုင်သည့် ဥပဒေပေါ်ပေါက်လာပြီးနောက် အဖွဲ့အစည်းများဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရသုံးဦး သုံးဖလှယ် ဆောင်ရွက်နိုင်ရန် ILO၏ မူနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောသည်။

အလုပ်သမားအဖွဲ့အစည်း ဥပဒေပေါ် ထွက်လာပြီးနောက် အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများ ပေါ်ပေါက်လာသည့်အပြင် အလုပ်သမားနေ့ကိုယခုကဲ့သို့ခမ်းနားစွာ ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းကလည်း မြန်မာအလုပ်သမားများအား ဤသို့ အသိအမှတ်ပြုခြင်းသည် လွန်စွာသင့်မြတ်လျော်ကန်ကြောင်း၊ မြန်မာနိုင်ငံနှင့် ILOအကြား နှစ်ဦးနှစ်ဖက် သဘောတူထားပြီးဖြစ်သော ဦးစားပေးလုပ်ငန်းများကိုပိုမိုနီးကပ်စွာဖြင့် တိုးမြှင့်လုပ်ဆောင်ရန် မျှော်လင့်ပါကြောင်း၊ အထူးသဖြင့် မြန်မာအလုပ်သမားများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ ရှေ့ဆက်အောင်မြင်လိုစေကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**အခမဲ့ကြော်ငြာကဏ္ဍ**

**ဝန်ထမ်းအလိုရှိသည်**

(ကျား/မ) ညှပ်/လျှော်/ကောက်/ဖြောင့်/မိတ်ကပ်(ဆံထုံး)/ (ခြေ၊ လက်၊ ပန်းချီ)
ဘက်စုံကျွမ်းကျင် မ (၂) ဦး
Shampoo စက်ဆွဲ (ကျွမ်းကျင်) မ (၅) ဦး။

**နှင်းလေပြေ**

အမှတ် (၃၆)၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း- ၀၁-၅၁၂၂၈၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Supervisor M/F (1) Post
2. Housekeeping Supervisor M/F (1) Post
3. Receptionist F (2) Post
4. Cook M/F (2) Post
5. Cook Helper M/F (2) Post

အမှတ် (၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။

**ဖုန်း - ၀၁-၂၁၁၁၂၅**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

B.L.ACTY Co.,Ltd
Japanese Language Trainner (2) Post
Room (506), 5th Floor, La Pyayt Wun Plaza, Dagon Tsp.

Tel: 01-382529

-------------------------

**ဝန်ထမ်းအလိုရှိသည်**

မင်္ဂလာဇင်းတိုက်တွင် တာဝန်ထမ်းဆောင်ရန်အတွက်
စာစီစာရိုက် (၁) ဦး
Marketing (၂) ဦး

**ဖုန်း - ၂၁၀၈၀၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

အလုပ်သမား (ကျား) အလိုရှိသည်။ ဂျပန်နည်းပညာဖြင့်ကျောက်တုံးထုတ်လုပ်ရန်၊ လစာ ၄၀၀၀၀ ကျပ်(နေ၊စား စရိတ်ငြိမ်း)၊တစ်ပတ်တစ်ရက်နား။ အလုပ်ချိန် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ။

**ဦးဝင်းထိန်(ခ)ကိုသားကြီး၊**
**ဖုန်း-၀၉ ၇၃၁ ၂၈၁၈၆၊**
**၀၉၅၀၈၀၉၃၅**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Cashier မ (၂) ဦး
Waiter/ Waitress ကျား (၅) ဦး၊ မ (၅) ဦး
စည်ဘားကိုင် ကျား (၁) ဦး၊ မ (၁) ဦး
အကြော်ဆရာ ကျား (၂) ဦး
ဓားကိုင် ကျား (၁) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
ကားပါကင်စာရေး မ (၂) ဦး
ပန်းကန်ဆေး ကျား (၁) ဦး
အမှတ်(၆၄၇)၊ ရွှေဘုံသာလမ်းနှင့် ကုန်သည်လမ်းထောင့် (အောက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**ဖုန်း - ၀၉၅၀၉၃၈၇၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Dream City Computer
ကွန်ပျူတာ စာစီစာရိုက် ပညာသင်/ကျွမ်းကျင်သူ (၃) ဦးအမြန်အလိုရှိသည်။

**ဖုန်း - ၀၉၇၃၀၅၂၄၃၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

မော်ဒယ်လ်ဖိတ်ခေါ်ပွဲ
သီချင်း၊ ဗီစီဒီရိုက်ကူးရန်အတွက် မော်ဒယ်သရုပ်ဆောင် (ကျား-မ) အလိုရှိသည်။

**ဖုန်း - ၀၉၄၃၁၀၆၅၆၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

စိုးစံ(လင်း)အိမ်ခြံမြေအကျိုးဆောင်
(အိမ်၊ခြံ၊မြေ) Marketing + အရောင်း မ (၅) ဦး
(အိမ်၊ခြံ၊မြေ) ဥပဒေအကြံပေး (ရှေ့နေ) မ (၂) ဦး
(အိမ်၊ခြံ၊မြေ) စာချုပ်စာတမ်းကိစ္စရပ်များဆောင်ရွက်ရန် အသက် (၂၅) နှစ်နှင့် (၅၀) နှစ်အတွင်း ဖြစ်ရမည်။

**ဖုန်း - ၀၉၇၃၁၇၆၉၆၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ကန်တော်လေး အထူးကုဆေးခန်း
(၁) Receptionist မ (၃) ဦး
(၂) Pharmacist မ (၃) ဦး
(၃) Office-Staff မ (၁) ဦး
(၄) Nurse-Aid (သူနာပြုအကူ) မ (၃) ဦး

**ဖုန်း - ၂၄၆၅၃၁၊ ၃၈၄၀၄၂**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း ကျား (၁) ဦး
စာရေးဝန်ထမ်း မ (၁) ဦး
ဘွဲ့ရ၊ ကွန်ပျူတာ အခြေခံရှိရမည်။
အမှတ် (၃၈)၊ ၅ လွှာ၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

**ဖုန်း - ၅၃၀၇၁၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Exotic Myanmar Travels & Tours
Sales Manager (1) Female
#225, Room No. 1502. 15th floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp. Ph: 95-1-392886

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ဂျပန်စကားပြန် အမြန်အလိုရှိသည်။ ကျား/မ (၂) ဦး
Ph: 0943057587
Ken2myanmar@gmail.com

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Quality Controller M/F (2) Post
အင်္ဂလိပ်(သို့မဟုတ်) ဂျပန်စကားပြောနိုင်သူနှင့် အတွေ့အကြုံရှိသူ ဦးစားပေးမည်။
Ken2myanmar@gmail.com

Ph: 0943159994

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ လုံခြုံရေးဝန်ထမ်း ကျား (၃) ဦး
မှတ်ချက် ။ ပညာအရည်အချင်း အနည်းဆုံး (၈) တန်းအောင်
အမှတ် (၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

**ဖုန်း - ၅၅၈၄၅၉၊ ၅၅၂၉၀၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

စာရင်းစစ်လုပ်ငန်း (ရန်ကုန်)
၁။ Assistant Auditor မ (၅) ဦး
၂။ Admin Assistant မ (၂) ဦး
- Computer (Word,Excel) (English, Myanmar) သုံးနိုင်ရမည်။

**ဖုန်း - ၀၁-၆၆၃၉၀၁**
**(ရုံးချိန်အတွင်းသာ)**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Apple Production Co.,Ltd
၁။ ပါကင်ဝန်ထမ်း မ (၅) ဦး
၂။ အထွေထွေဝန်ထမ်း ကျား (၅) ဦး
၃။ Sale Promotor မ (၃) ဦး
အမှတ် (၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ **(နှစ်ပတ်အတွင်း)**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

တောင်ဒဂုံဆေးခန်း (GP) တစ်ခုတွင်တာဝန်ထမ်းဆောင်ရန် ဆရာဝန် (၂) ဦးအလိုရှိသည်။

**ဖုန်း- ၀၉၄၃၁၄၃၅၂၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၂) ဦး (အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်း)
အထွေထွေဝန်ထမ်း ကျား (၅) ဦး (အသက် ၂၀ နှစ်မှ ၃၅ နှစ်အတွင်း)

**ဖုန်း - ၀၉၇၃၀၂၇၇၃၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Logistics Media Services Co.,Ltd
၁။ Advertising and Marketing Manager ကျား/မ (၁) ဦး၊ ၂။ Senior Marketing Executive ကျား/မ (၁၀) ဦး ၃။ Marketing Assistant ကျား /မ (၂၀) ဦး၊ ၄။ Admin Assistant မ (၁) ဦး၊ ၅။ Web Developer ကျား/မ (၁) ဦး၊ ၆။ Computer Operator မ (၂) ဦး၊ ၇။ Data Collector ကျား (၅) ဦး၊ အမှတ် (၂)၊ အခန်း (9-D/E)၊ စကားဝါအိမ်ယာ၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်။

**ဖုန်း - ၀၉၇၃၁၅၀၈၆၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Deluxe Formula Industrial Co.,Ltd
၁။ Sales & Marketing Development Manager ကျား/မ (၂) ဦး
၂။ Sales & Marketing Manager ကျား/မ (၂) ဦး
၃။ Sales & Marketing Supervisor ကျား/မ (၃) ဦး
၄။ Sales & Marketing ကျား/မ (၅) ဦး
၅။ စက်ရုံမှူး (Factory Manager) ကျား (၂) ဦး
၆။ သိုလှောင်ရုံမှူး (Store Manager) ကျား/မ (၂) ဦး
၇။ Maintainance Storekeeper မ (၂) ဦး
၈။ Injection Moulding Machine (စက်မောင်း) ကျား (၃) ဦး၊ ၉။ တရုတ်စကားပြန် ကျား/မ (၂) ဦး။

**ဖုန်း - ၀၁-၆၈၅၅၂၆**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



sunsilk
Unilever
ပိုးသားအသွင်
ပျော့ပျောင်းလှပ ကေသာအလှ
sunsilk
5 ကြိမ်
လျှော်ရုံသာ
ပိုးသားလေးလို ပျော့ပျောင်း
ချောမွေ့စေမည့် ဆံကေသာ
sunsilk
sunsilk

Education
7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# 'ဆရာကတော့ အဝေးသင်ကို အားမပေးဘူး။ ဘွဲ့ရ အရေအတွက်က များလာတယ်၊ အရည်အသွေးက မရှိဘူး ဖြစ်နေတယ်'

## စီမံခန့်ခွဲမှုနှင့် စွမ်းရည်မြှင့်ရေးဆိုင်ရာ ကျွမ်းကျင်သူနှင့် တွေ့ဆုံခြင်း

နေလင်းထွန်း



**နိုင်ငံတကာတွင် ပညာရေးနည်းစနစ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်။ အခြေခံနှင့် အဆင့်မြင့်ပညာရေးစနစ်များက ကျောင်းသားများအား အသိပညာရှင်၊ အတတ်ပညာရှင်၊ အသက်မွေးဝင်ကျောင်းပညာကျွမ်းကျင်သူများအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် မွမ်းမံပြင်ဆင်ပေးထားပြီဖြစ်သည်။ ဗဟိုသမဝါယမ ကောလိပ်အငြိမ်းစား ကျောင်းအုပ်ကြီးအဖြစ် လုပ်ကိုင်ခဲ့ပြီး စီမံခန့်ခွဲမှုနှင့် စွမ်းရည်မြှင့်တင်မှုဆိုင်ရာစာအုပ်များ ရေးသားပြုစုနေသော ဆရာဦးရဲမြင့်(စွန့်ဦးတီထွင်)နှင့် မြန်မာလူငယ်များ၏ အရည်အသွေးနှင့် ယနေ့ခေတ်ပညာရေး စိန်ခေါ်မှုများအကြောင်း တွေ့ဆုံမေးမြန်းများသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**လူငယ်တွေရဲ့ အရည်အသွေးနဲ့ ပညာရေးစနစ်ရဲ့ စိန်ခေါ်မှုအပေါ် ဆရာ့ရဲ့အမြင်ကို ပြောပေးပါ။**

ဆရာတို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်က သိပ်ကိုထိရောက်တဲ့ အခြေအနေရောက်အောင် ကြိုးစားနေဆဲပါ။ မရှိသေးပါဘူး။ လူ့စွမ်းအား အရင်းအမြစ်ဆိုတာက လူတစ်ဦးချင်းရဲ့ ပညာရေးပေါ်မှာ အခြေခံနေပါတယ်။ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးဖို့ဆိုတာက လေ့လာတဲ့ ပညာ၊ နိုင်ငံကပို့ချပေးတဲ့ ပညာအဆင့်အတန်းပေါ်မှာမူတည်နေတယ်။ မကြာခင်ကာလမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းကဝင်လာမယ်ဆိုရင် သူတို့က ဒီအတိုင်းလာမှာ မဟုတ်ဘူး။လူ့သားအရင်းအမြစ်တွေ ခေါ်လာမှာပါ။ လုပ်သားအင်အားစုတွေ ပါလာမယ်။ သူတို့က တကယ့်ကို စွမ်းရည်မြင့်မားတဲ့သူတွေခေါ်လာမှာပါ။ သူတို့မှာနိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့ဒီဂရီတွေ ကိုင်လာမယ်။ ပွင့်ပွင့် လင်းလင်းပြောရရင် ဘယ်လိုလုပ်ယှဉ်ကြမလဲ။ လူ့စွမ်းအား အရင်းအမြစ် ရှုထောင့်ကကြည့်ရင် ဆရာတို့က အားနည်းနေမှာပဲ။ အဲ့ဒီအတွက် ပညာရေးစနစ်ကို အခုကတည်းက ပြောင်းရတော့မှာပဲ။ ဆရာ တွက်ကြည့်တာ အခုပြောင်းမှ နောင်ဆယ့်ငါးနှစ်လောက်မှာ သွားရမယ်။

**လက်ရှိပညာရေးစနစ်အပေါ် ဝေဖန်ဆွေးနွေးသုံးသပ်နေကြတဲ့အပေါ် ဆရာ ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

မထိရောက်တဲ့ ပညာရေးစနစ် ကျင့်သုံးနေတဲ့အတွက် အားနည်းတယ်လို့ပြောင်ပဲပြောရမှာပဲ။ ထိရောက်တဲ့ ပညာရေးစနစ်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲလို့ မေးရင် မီတဲ့နေရာက လိုက်ကြရမှာပါပဲ။ မှားနေတယ်ဆိုတာ သိရင် ချက်ချင်းရပ်ပြီး မီတဲ့နေရာက ပြောင်းရမယ်။ ဒီနေ့ ပညာရေးစနစ်နဲ့ပတ်သက်ပြီး ပြောင်းလဲရမှာတွေကို အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ နိုင်ငံတကာကဘွဲ့ယူလာတဲ့သူတွေ၊ပညာရေးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေခေါ်ပြီး ၁၀ ရက်လောက် စခန်းသွင်းပြီးတော့ အသေအချာဆွေးနွေးသင့်တယ်လို့ ဆရာမြင်တယ်။

စာ(၂၂)သို့

## ပညာရေးသတင်းတိုများ

### အမေ့အိမ်ပညာရေးကွန်ရက် ပညာဒါနကျောင်းများသို့ သိန်း၉၀လှူဒါန်း

**ရန်ကုန်၊ မေ-၄**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမေ့အိမ်ပညာရေးကွန်ရက်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကွန်ရက်ဝင် ပညာဒါနကျောင်းများအား လာမည့်ပညာသင်နှစ်အတွက် ရန်ပုံငွေ ကျပ်သိန်း ၉၀ပေးအပ်ခဲ့ကြောင်းသိရသည်။ အမေ့အိမ်ပညာဒါနကျောင်း ၂၅ ကျောင်းအတွက် ရန်ပုံငွေများကို ခွဲဝေလှူဒါန်းခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ ကျောင်းအလိုက် ကျပ် နှစ်သိန်းမှ ကျပ်ခြောက်သိန်းနှင့် ဗလာစာအုပ်များရရှိခဲ့ကြောင်း ပညာရေးကွန်ရက်မှ တာဝန်ရှိသူများကပြောသည်။

### တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ကိုင်မှုဖြင့်ပတ်သက်၍ ဟောပြောမည်

**ရန်ကုန်၊မေ-၄**

"Social Enterprise: Doing Business in a Socially Responsible Manner" အမည်ဖြင့် ဟောပြောပွဲကို မေလ ၁၇ ရက်၊ညနေ၅နာရီမှစတင်၍ ဗြိတိသျှကောင်စီ(မြန်မာ)၌ကျင်းပပြုလုပ်မည်ဖြစ်သည်။ PS စီးပွားရေး သင်တန်းကျောင်းမှ ဦးမျိုးမင်းဦးက ဆွေးနွေးပို့ချမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက် လေ့လာနိုင်မည်ဖြစ်သည်။

### အင်္ဂလိပ်စာဆရာ၊ ဆရာမများတွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ မေ-၄**

အင်္ဂလိပ်စာဆရာ၊ ဆရာမများ တွေ့ဆုံဆွေးနွေးပွဲကိုဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ယခုနှစ် တွေ့ဆုံဆွေးနွေးပွဲ၏ အဓိကခေါင်းစဉ်မှာ Embracing Change: Moving from Challenge to Opportunity ဖြစ်ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသော ဆရာ၊ ဆရာမ များအနေဖြင့် ဗြိတိသျှကောင်စီ(မြန်မာ) တွင် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

### ရုံးလုပ်ငန်းဆိုင်ရာသင်တန်းဖွင့်လှစ်မည်

**ရန်ကုန်၊ မေ-၄**

ရုံးလုပ်ငန်းဆိုင်ရာ သင်တန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သင်တန်း ကျောင်းတွင် မေ၁၉ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းအများစုကိုရုံးပိတ်ရက်များတွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကြေးများမှာ ကျပ်သုံးသောင်းမှ လေးသောင်းထိကျသင့်မည်ဖြစ်သည်။

# စင်ကာပူ အေစတားပညာသင်ဆု လျှောက်ထားနိုင်



**ရန်ကုန်၊ မေ-၄**

စင်ကာပူနိုင်ငံတွင် အလယ်တန်းနှင့် တက္ကသိုလ်ဝင်တန်း ပညာလေ့လာသင်ယူနိုင်ရန်အတွက် အေစတား(A Star) ပညာသင်ဆု အစီအစဉ်ကိုမြန်မာကျောင်းသားများအနေဖြင့် မေလကုန် နောက်ဆုံးထား၍ စင်ကာပူသံရုံး၌ လျှောက်ထားနိုင်သည်။

အဆိုပါပညာသင်ဆု အစီအစဉ်သည် လေးနှစ်ကြာမြင့်မည်ဖြစ်ပြီး ကျောင်းပိတ်ကာလတွင် အလုပ်သင်သုတေသန အတွေ့အကြုံများရရှိနိုင်မည်ဖြစ်သည်။ ပညာသင်ဆုလျှောက်ထားသော မြန်မာကျောင်းသားများအနေဖြင့် ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း မွေးဖွားသူများဖြစ်ရန် လိုအပ်ပြီး အနည်းဆုံး ရှစ်တန်းအောင်မြင်ထားကာ ပညာရည်ထူးချွန်မှတ်တမ်းကောင်း ရှိထားရမည်ဖြစ်သည်။

A Star ပညာသင်ဆုသည် နှစ်စဉ်ပေးအပ်နေသော အစီအစဉ်ဖြစ်ပြီး စင်ကာပူသံရုံးမှ သတင်း ထုတ်ပြန်ကြေညာထားသည်။

စင်ကာပူနိုင်ငံတွင် အလယ်တန်းနှင့် တက္ကသိုလ်ဝင်တန်း ပညာသင်ဆုလျှောက်ထားလိုသော မြန်မာကျောင်းသားများအနေဖြင့် www.a-star.edu.sg တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

## မလေးရှားပညာရေးပွဲတော် မေ ၂၆၊ ၂၇ ကျင်းပမည်

**ရန်ကုန်၊ မေ-၅**

မလေးရှားနိုင်ငံမှ အစိုးရနှင့် ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်ကျောင်း ၃၀ ကျော်၏ ပညာရေးပွဲတော်ကို မေလ ၂၆ နှင့် ၂၇ ရက်တို့တွင် Strandဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မလေးရှား ပညာရေးပွဲတော်တွင် အခမဲ့အင်္ဂလိပ်စာ အရည်အချင်းစစ်ဆေးပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်းနှင့် မလေးရှားနိုင်ငံသို့ သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအတွက် သတင်းအချက်အလက်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးပွဲတော် တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

မလေးရှားနိုင်ငံရှိအဆင့်မြင့်ပညာရေးဝန်ကြီးဌာနအောက်တွင် အစိုးရတက္ကသိုလ် ၂၀ခု၊ ဘာသာရပ်ပေါင်း ၁၅၅၇ ကို သင်ကြားပို့ချနေသော ပုဂ္ဂလိကတက္ကသိုလ် ၄၈ ခု၊ ဘာသာရပ်ပေါင်း၆၂၄ ကိုသင်ကြားနေသောပုဂ္ဂလိကတက္ကသိုလ်ကောလိပ် ၂၅ခုနှင့် ဘာသာရပ်ပေါင်း ၁၆၀၈ခုကိုသင်ကြားနေသော ပုဂ္ဂလိက ကောလိပ် ၂၃၃ခု ရှိနေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံတွင် လက်ရှိအချိန်၌မြန်မာကျောင်းသား ၁၂၇ ဦးသည် အစိုးရတက္ကသိုလ်များနှင့် ကျောင်းသား ၂၇၈ ဦးသည် ပုဂ္ဂလိကတက္ကသိုလ်များတွင် ဒီပလိုမာသင်တန်းမှ မဟာဘွဲ့သင်တန်းထိ တက်ရောက်သင်ကြားနေကြကြောင်း သိရသည်။

နှစ်စဉ်ကျင်းပနေသော မလေးရှားပညာရေးပွဲတော်ကို ယခုနှစ်တွင်(၇)ကြိမ်မြောက်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်နှစ် ပညာရေးပွဲတော်သို့ကျောင်းသားနှစ်ထောင်ကျော်တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

## ချင်းမိုင်တက္ကသိုလ်တွင် မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သိနားလည်မှုခေါင်းစဉ်ဖြင့် ပညာသင်ဆုလျှောက်နိုင်

**ရန်ကုန်၊ မေ-၄**

ထိုင်းနိုင်ငံရှိ ချင်းမိုင်တက္ကသိုလ်တွင် မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသိနားလည်မှု(Understanding Myanmar's Development) အမည်ဖြင့် ပညာသင်ဆုအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ပြီး သုတေသန ပြုစုလေ့လာလိုသော မြန်မာကျောင်းသားများ အနေဖြင့် ဇွန် ၁၅ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။



မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဗဟုသုတများပိုမိုကြွယ်ဝလာစေရန်နှင့် မြန်မာ၊ ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများမှ သုတေသနပညာရှင်များအကြား ပညာရေးဖလှယ်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်သော အစီအစဉ်အတွက် လက်ရှိ ပညာသင်ကြားနေသော ကျောင်းသားများသာမက စီးပွားရေး၊ လူမှုရေးနှင့် မီဒီယာလုပ်ငန်းများတွင် လုပ်ကိုင်နေသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

သုတေသနပညာသင်ဆုအစီအစဉ်အတွက် ဦးစားပေးပညာရပ်များမှာ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်နှင့်ရာသီဥတုအပြောင်းအလဲ၊ ကျန်းမာရေးနှင့် ကျန်းမာရေးစနစ်များ၊ သတင်းအချက်အလက်၊ မီဒီယာနှင့် လူ့အဖွဲ့အစည်းတို့ဖြစ်သည်။ ပညာသင်ဆုလျှောက်ထားလိုသူများအနေဖြင့် http://mrf-fellowships.weebly.com တွင် ဝင်ရောက်ကြည့်ရှု လေ့လာလျှောက်ထားနိုင်သည်။

## ပညာရေးလုပ်ငန်းများ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နည်းဥပဒေကို မျှော်လင့်နေ

**ရန်ကုန်၊ မေ-၄**

အခြေခံပညာအဆင့်အတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကို ပြဋ္ဌာန်းလိုက်သော်လည်း နည်းဥပဒေ ထွက်ရှိလာရန် အချိန်ကြန့်ကြာနေကြောင်း ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ရန် ပြင်ဆင်နေသူများက ပြောသည်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းထားသော်လည်း လာမည့်ပညာသင်နှစ် နီးကပ်လာချိန်ထိ ကိုယ်ပိုင်ကျောင်းများ တရားဝင်ဖွင့်လှစ်နိုင်ရေးအတွက် နည်းဥပဒေထွက်ရှိလာရန် စောင့်ဆိုင်းနေရဆဲဖြစ်သည်။

"ကျောင်းဖွင့်ချိန်က တစ်လပဲလိုတော့တယ်လေ။ အခုချိန်ထွက် လာရင် စိစစ်တာနဲ့ မှတ်ပုံတင်တာနဲ့ဆို အချိန်က အရမ်းကပ်နေပြီ။ဒီနှစ်နည်းဥပဒေမထွက်လာရင်တော့ နောက်နှစ်ကို ထပ်စောင့်ရတော့မှာပေါ့"ဟု ၁၀နှစ်ကျော်သက်တမ်းရှိဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးကဆိုသည်။

ဘော်ဒါကျောင်းများအား ပုဂ္ဂလိကကျောင်းအနေဖြင့်တရားဝင်ဖွင့်လှစ်ခွင့်မည့် သတင်းသည် လွန်ခဲ့သော ၂ နှစ်ကျော်က ထွက်ပေါ်လာခဲ့ခြင်းဖြစ်သော်လည်း လက်ရှိချိန်တွင် စမ်းသပ်ကျောင်းများအဖြစ်သာ ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့ရှိဘော်ဒါကျောင်းအချို့အား ဆောင်ရွက်ခွင့်ပြုထားသည်။

## စာ - ၂၁၊ စီမံခန့်ခွဲမှုနှင့် စွမ်းရည်မြှင့်ရေးဆိုင်ရာ ကျွမ်းကျင်သူနှင့် တွေ့ဆုံခြင်း မှ

ဘယ်လိုစနစ်ပြင်မလဲဆိုတာလွတ်လွတ်လပ်လပ် ဆွေးနွေးခိုင်း၊ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို လာမယ့် ဆယ့်ငါးနှစ်မှာ နိုင်ငံတကာအဆင့်မီဖြစ်လာအောင် ဘယ်လိုလုပ်ကြမလဲဆိုတာ ဆွေးနွေးခိုင်းရမယ်။ စာသင်နှစ်တစ်နှစ်တိုးတာနဲ့တော့ ပညာရေး မပြောင်းလဲနိုင်ဘူး။

**လူငယ်တွေရဲ့ အရည်အသွေးနဲ့ပတ်သက်ပြီး ဘယ်လိုစိန်ခေါ်မှုတွေ ရှိနေပါသလဲ။**

အခုအခြေအနေတွေက တရုတ်နဲ့ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဝင်လာရင် အဖြေပေါ်ပါပြီ။ သူတို့ဝင်လာတာနဲ့ လုပ်သားဈေးကွက် ပါလာမယ်။ နိုင်ငံတကာဘွဲ့ကိုင်ပြီး ဝင်လာမယ့်သူတွေ အများကြီးပါလာမယ်။ သူတို့ကို ယှဉ်နိုင်မလား။ သူတို့ လုပ်တဲ့ကုမ္ပဏီမှာ သူတို့လူနဲ့ပြီး သွားလိမ့်မယ်။ စာပေးစာယူနဲ့ ကျောင်းပြီးထားတာကို ခန့်မှာမဟုတ်ဘူး။ အဲ့ဒါဆိုလက်တိုလက်တောင်း အခိုင်းခံရမယ့် အထွေထွေ အလုပ်သမားတွေဖြစ်သွားမယ်။ အဲ့ဒီတော့ ပြောနေရုံနဲ့ မရတော့ဘူး၊ ချက်ချင်းပြောင်းရတော့မယ်။ မီတဲ့နေရာကနေပြီးတော့ နိုင်ငံတကာ အဆင့်မီပညာရေးဖြစ်အောင် ပြုပြင်ပြောင်းလဲရတော့မယ်။

**ဘယ်လိုပုံစံမျိုးနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အကြံပေးလိုပါသလဲ။**

စနစ်တစ်ခုပြုပြင်ပြောင်းလဲတယ်ဆိုတဲ့ နေရာမှာ တိုးတက်ကြီးပွားချမ်းသာနေတဲ့ နိုင်ငံရဲ့ ပညာရေးစနစ် ဘယ်လိုလုပ်တယ်ဆိုတာ အတုယူဖို့လိုတယ်။ ဆရာပြောတာ အတုခိုးတာ မဟုတ်ဘူးနော်။ မြန်မာနိုင်ငံရဲ့ ရေ၊ မြေ၊ တော၊ တောင်သဘာဝ၊ နိုင်ငံတော်အစိုးရရဲ့ မူဝါဒနဲ့ ကိုက်ညီတဲ့ စနစ်ကို ကူးပြောင်းမယ်။ သူတို့ရဲ့ အတွေ့အကြုံနဲ့သင်ခန်းစာကောင်းတွေကို ယူမယ်။ ဆရာရဲ့ စိတ်ထဲမှာ ဖြစ်နေတာကတော့ အမေရိကန်ပညာရေးကို အရမ်းသဘောကျပါတယ်။ ကိုယ်တိုင်လည်း အမေရိကားမှာ သုံးနှစ် လောက်ပညာသင်ခဲ့ဖူးတော့ သူတို့စနစ်က အရမ်းကောင်းပါတယ်။ နောက်တစ်ချက်ကတော့ ပညာသင်ကြားပို့ချနေတဲ့ ဆရာတွေရဲ့ အရည်အသွေးကို မြှင့်ဖို့လိုမယ်။ ဘယ်လိုမြှင့်မလဲလို့ မေးရင် အခုပညာသင်နေတဲ့ ဆရာတစ်စုလုံးကို အမေရိကားတို့ အင်္ဂလန်တို့မှာ သုံးနှစ်လောက် သွားထားလိုက်ပြီး ပညာသင်ယူစေလိုက်ပါ။ ပညာသင်ပြီး ပြန်လာတဲ့သူတွေ ဒီမှာ ကျောင်းသားတွေကို စာသင်စေပြီး မသွားရသေးတဲ့သူတွေ သွားသင်စေပါ။ ငါးရက်လောက်နဲ့တော့ လေ့လာရေးမလွှတ်နဲ့ပစ္စည်းဝယ်ပြီး ပြန်လာမှာပါ။ တကယ်ကို ကြာကြာနေမှ သူတို့ရဲ့ ပညာရေးစနစ်ကို ရမှာပါ။ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်းတို့က အဲ့ဒီအတိုင်းလုပ်သွားတာပါ။ အမေရိကားတက္ကသိုလ်တွေမှာ သူတို့ချည်းပဲ။ ဆရာတို့သွားတက်တုန်းကကျောင်းသားခြောက်သောင်းမှာ မြန်မာသုံးယောက်ပဲရှိတယ်။ဘယ်လောက်ဝမ်းနည်းစရာကောင်းလဲ။

**ကျောင်းသားတွေ အဝေးသင်တက်ပြီး လုပ်ငန်းခွင်စောဝင်နေကြတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ဆရာကတော့ အဝေးသင်ကို အားမပေးဘူး။ ဘွဲ့ရ အရေအတွက်က များလာတယ်၊ အရည်အသွေးက မရှိဘူး ဖြစ်နေတယ်။ အဲ့ဒါတိုင်းပြည် အရမ်းနစ်နာတယ်။ ဒီစနစ်ကို ဆက်သွားရင် တစ်ချိန်မှာ လုံးဝဆုတ်ယုတ်သွားနိုင်တယ်။ နှစ်လမ်းပဲရှိတယ်။ အဝေးသင်ကို ဖြုတ်ချင်ဖြုတ်၊ ဒါမှမဟုတ် ငွေကြေးမတတ်နိုင်တဲ့ ကလေးတွေအတွက် ဆက်ထားမယ်ဆိုရင် တတ်အောင် သင်ပေးရမယ်။ ဗုံးပေါလအောနဲ့ ဆယ်ရက်စခန်းတွေ မလုပ်နဲ့။

**ပညာရေးမှာပုဂ္ဂလိကအခန်းကဏ္ဍကြီးမားလာတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

တစ်ခုတွေ့မိတာကတချို့က ဆွဲဆောင်မှုများပြီးတော့ တကယ်ဖြစ်မလာတာတွေ ရှိတယ်။ဒီဘွဲ့ရရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုပြီး တကယ်ကျတော့ ဖြစ်မလာတာပေါ့။ ဒါတွေကိုတော့ စိစစ်ဖို့လိုမယ်။ ကျောင်းသားတွေကို အကြံပေးလိုတာက တတ်သိနားလည်တဲ့ ပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ရမယ်။ အဲ့လိုမှမဟုတ်ရင် လမ်းကြောင်းမှားပြီး အချိန်ကုန်၊ ငွေကုန်နဲ့ ဒုက္ခရောက်ကြမယ်။ ကလေးတွေပညာရေးနဲ့ပတ်သက်ပြီး လမ်းညွှန်ပြသပေးဖို့ ဝန်ဆောင်မှုပေးတဲ့ အဖွဲ့တွေ မရှိဘူးဖြစ်နေတယ်။ ကလေးတွေ ကြုံရာလိုက်မေးနေကြရတယ်။ လူတွေကလည်း ကြုံရာဖြေကြတာပါပဲ။

**မြန်မာနိုင်ငံရဲ့ ပညာရေးစနစ် နိုင်ငံတကာ အဆင့်မီလာစေဖို့ ဘယ်အချက်ကို အဓိကပြောင်းလဲရမယ်လို့ ထင်ပါသလဲ။**

ပညာရေးနဲ့ပတ်သက်ပြီးတော့ တကယ့်ကို တာဝန်ရှိတဲ့သူတွေဟာ နိုင်ငံခြားမှာ အကြာကြီးလေ့လာဆည်းပူးခဲ့တဲ့သူ၊ နိုင်ငံတကာနဲ့ အကျွမ်းဝင်တဲ့သူ၊ ပြောနိုင်၊ ဆိုနိုင်နဲ့ လူတွေကြည်ညိုတဲ့ သူတွေကိုထားသင့်တယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒေါ်အောင်ဆန်းစုကြည်လိုမျိုး၊ ဒေါက်တာအောင်ထွန်းသက်လိုမျိုး ထားပေးသင့်တယ်။ တကယ့်ကို အတွင်း၊ အပြင် ပိုင်ပိုင် နိုင်နိုင်နဲ့ ပြောနိုင်အားရှိပြီး လူရိုသေ၊ ရှင်ရိုသေ လူမျိုးတွေ ဖြစ်တဲ့အတွက် ပညာရေးက ဝုန်းဆိုတက်သွားမှာပါ။

**အချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

Amazing Dreams Travel & Tours
AMAZING DREAMS TRAVELS & TOURS
May-24 ပြင်ဦးလွင်-မန္တလေး-စစ်ကိုင်း-အမရပူရ-150000
တစ်ဦးလျှင်10% ၊သုံးဦးနှင့်အထက်တစ်ဦးလျှင် 20% > DISCOUNT
Ph : 01-2302068, 09-5077968

ဦးမြင့်မောင်+ဒေါ်အေးအေးကျင်တို့၏
မင်္ဂလာသက်တမ်း (၂၅)နှစ်မြောက်အထိမ်းအမှတ်
ဘဝဟာခဏဆိုရင် ဆုံဆည်းခြင်းဟာ သိပ်အဓိပ္ပါယ်ရှိတယ်။
အဲဒီအထဲမှာမှ အဖေ၊ အမေတို့နဲ့ ဆုံဆည်းရတာ အဓိပ္ပါယ်
အရှိဆုံးပဲ။ နောင်သံသရာမှာလည်းပဲ ဒီအဖေ ဒီအမေနဲ့ပဲ
ဆက်လက်ဆုံဆည်း ပါရစေ။ အမှောင်တွေကို သပ်ချပေးခဲ့တဲ့
မိဘနှစ်ပါးသို့ . . .
ဖိုးကျားနှင့်ပိုပို

မန္တလေးမြို့တွင် ရောင်းမည်။
ဆက်သွယ်ရန် - ဖုန်း - ၀၉-၂၀၄၂၀၂၀၊ ၀၁-၅၅၇၇၁၈၊ ၀၉ ၄၂၁ ၀၁၈၉၅၉
(Show Room) ပြခန်းဖွင့်ရန် ကောင်းသောနေရာ၊
(Office) ရုံးခန်းဖွင့်ရန် ကောင်းသောနေရာ၊
(၇၃) လမ်း၊ (၃၅ × ၃၆) လမ်းကြား၊ (၂၂ × ၆၀) ပေ၊
RC-2 ထပ်၊ Foundation (၅) ထပ်စာချပြီးသား၊
ဘိုးဘွားပိုင်မြေ၊ မန္တလေးမြို့။

# Technology

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.11, No.9 • MAY 10 , 2012


## မိုဘိုင်းဖုန်းအင်တာနက်အသုံးပြုခွင့် နေရာငါးခုတွင်သာ လျှောက်ထားနိုင်

ယုဇနကိုကို

ရန်ကုန်၊ မေ - ၅

ကျပ်နှစ်သိန်းတန်နှင့် နှစ်သိန်းငါးသောင်းတန်မိုဘိုင်းဖုန်းများကို အင်တာနက်အသုံးပြုခွင့်လျှောက်ထားရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်ထားသည့် နေ့ချင်းပြီး ဝန်ဆောင်မှုနေရာများတွင်သာ လျှောက်ထားနိုင်ဦးမည်ဖြစ်ကြောင်း မိုဘိုင်းဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက 7 Day Newsသို့ပြောသည်။

GSMနှင့်WCDMA မိုဘိုင်းဖုန်းများကို မြန်မာ့ဆက်သွယ်ရေးအနေဖြင့် လောလောဆယ်တွင် ဆင်းမ်ကတ်ရောင်းချပေးနေသည့် အရောင်းဆိုင်များသို့ အင်တာနက်လျှောက်ထားခြင်းဝန်ဆောင်မှုကို တစ်ဆင့်လုပ်ကိုင်ခွင့်ပေးနိုင်ဦးမည်မဟုတ်ဘဲ ယင်းမှာ အခက် အခဲအချို့ကြောင့်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

ထို့ကြောင့် မေလ ၇ ရက်မှစတင်၍ ကျပ်နှစ်သိန်းနှင့် နှစ်သိန်းငါးသောင်းတန် အဆိုပါ မိုဘိုင်းဖုန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်ပေးထားသည့် နေရာငါးနေရာဖြစ်သော ရွှေဂုံတိုင်၊ အလုံ၊ ရန်ကုန်စာတိုက်ကြီး၊ ပန်းဆိုးတန်းအစရှိသည့် ယင်းလုပ်ငန်း၏ စီးပွားဌာနများနှင့် လမ်း ၄၀ အော်တိုတယ်လီဖုန်းဌာနများတို့ဖြစ်ကြသည်။

"လောလောဆယ်အစပိုင်းမှာတော့ မြန်မာ့ဆက်သွယ်ရေးရဲ့ သတ်မှတ်ငါးနေရာမှာ လျှောက်ရပါမယ်။ အခုဖုန်းတွေက နေရာတိုင်းမှာ ဝယ်လို့ရနေတယ်ဆိုပေမယ့် ကိုယ်ဝယ်တဲ့နေရာတိုင်းမှာ အင်တာနက်စနစ်ပြောင်းဖို့ သွားလျှောက်ဖို့အတွက် လိုအပ်ချက်တွေရှိနေသေးလို့ ဆက်သွယ်ရေးရဲ့ သတ်မှတ်နေရာတွေမှာပဲ လျှောက်ရမယ့်သဘောပါ။နောက်ပိုင်း E-Lite တို့ ရတနာပုံတို့ကနေလည်း ရောင်းချနိုင်လာပါတယ်" ဟု အထက်ပါအကြီးတန်းအရာရှိက ပြောသည်။

ထို့အပြင် မိုဘိုင်းဖုန်းများနှင့် ချိတ်ဆက်အသုံးပြုနိုင်သည့် အင်တာနက်ဝန်ဆောင်မှုအတွက် နှုန်းထားများကိုလည်း ပြင်ဆင်သတ်မှတ်လိုက်ပြီဖြစ်သည်။

မေလ ၇ ရက်မှ စတင်ပြောင်းလဲသတ်မှတ်မည့်နှုန်းထားသစ်မှာ ယခင်က ကျပ်သုံးသောင်းဖြင့် လျှောက်ထားခဲ့ကြရသည့် စီဒီအမ်အေ EVDO အင်တာနက်စနစ်ကိုယခုအခါကျပ်တစ်သောင်းဖြင့်လည်းကောင်း၊ ဂျီအက်စ်အမ် EDGE အင်တာနက်စနစ်ကိုမူ မြန်နှုန်း 2.75 Gအတွက် တစ်မိနစ်လျှင် အသုံးပြုခနှစ်ကျပ်နှုန်းနှင့် လျှောက်ထားခ ကျပ်တစ်သောင်းသို့လည်းကောင်း၊ သရီးဂျီစနစ် WCDMA ဖုန်းများ၏ EDGE အင်တာနက်စနစ်အတွက်မြန်နှုန်း 3Gကို တစ်မိနစ်လျှင် လေးကျပ်နှုန်းဖြစ်ကြသည်။

ယခင်က ကျပ်တစ်ဆယ့်ငါးသိန်း၊ ငါးသိန်းကျပ် တို့ဖြင့် လျှောက်ထားခဲ့ကြရသည့် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများနှင့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို အင်တာနက်လျှောက်ထားလိုသူများအနေဖြင့်လည်း အထက်ပါနေရာများတွင်ပင် သွားရောက်လျှောက်ထားရမည်ဟု ဆိုသည်။

## ဆင်းမ်ကတ်ပျက်စီးလျှင် အခမဲ့ လဲလှယ်ပေးမည်ဟုဆို

နေလင်းအောင်

ရန်ကုန်၊ မေ-၃

မိုဘိုင်းဖုန်းများ ဆင်းမ်ကတ်ပျောက်ဆုံးပျက်စီးခြင်းများအား မူလက ငွေကျပ် နှစ်သောင်းဖြင့် ပြန်လည်လဲလှယ်ရန် ကြေညာခဲ့ပြီး ယခုအခါ ဆင်းမ်ကတ်ပျက်စီးခြင်းအား အခမဲ့ပြန်လည်လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။



ဓာတ်ပုံ - ဖြိုးအောင်ပေါ်(အေဖ်ပီ)

အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားသည့် CDMA, GSM, WCDMA စသည့် မိုဘိုင်းဆင်းမ်ကတ်များ၏ ကတ်ပျောက်၊ ကတ်ပျက် အသစ်ပြန်လည်လျှောက်ထားခြင်းကို မူလက ဧပြီ ၂ ရက်မှစတင်၍ ငွေကျပ်နှစ်သောင်းဖြင့် ပြန်လည်လျှောက်ထားရန် သတ်မှတ်ခဲ့ပြီး ယခုဝန်ဆောင်မှုသည် မေလ ၁ ရက်မှစတင်၍ အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မိုဘိုင်းကတ်ပျောက်ဆုံးခြင်းအတွက်မူ မူလသတ်မှတ်ထားသည့်အတိုင်း ငွေကျပ်နှစ်သောင်းပေးသွင်း၍ ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီး၊ကတ်ပျက်စီးခြင်းအတွက်သာအခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကတ်ပျက်၊ ကတ်ပျောက်လျှောက်ထားခြင်းများတွင် ဆင်းမ်ကတ်ပျက်စီးပါက မည်သည့်အထောက်အထားများမလိုဘဲ ပျက်စီးသည့်ကတ်အားစစ်ဆေးပြီး ပြန်လည်ထုတ်ပေးနိုင်သော်လည်း၊ ပျောက်ဆုံးကတ်များမှာမူ ပိုင်ဆိုင်သူ၏ အထောက်အထားစာရွက်စာတမ်းများဖြင့်ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။

ယခင်က ပျက်စီး၊ ပျောက်ဆုံးကတ်များအတွက် တစ်လ၊ ငါးပတ်စသည်ဖြင့် ကြာမြင့်သော်လည်း အခုအခါရက်ပိုင်းတွင်း ရရှိစေရန် ဆောင်ရွက်ပေးနေသည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

## EDGE အင်တာနက်စနစ် ကွန်ပျူတာနှင့် ချိတ်ဆက်အသုံးပြု၍မရပြန်

ယုဇနကိုကို

ရန်ကုန်၊ မေ-၅

ယခင်က ကျပ်ငါးသိန်းဖြင့်လျှောက်ထားခဲ့ကြရသည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ၏ EDGE အင်တာနက်စနစ်သည် ကွန်ပျူတာများနှင့် ချိတ်ဆက်ကာအသုံးပြု၍ မရတော့ကြောင်း အသုံးပြုသူအချို့ကပြောသည်။

အဆိုပါ EDGE စနစ်သည် ယခင်က ကွန်ပျူတာ၊ လက်ပ်တော့ အစရှိသည့် ပစ္စည်းများဖြင့် ချိတ်ဆက်အသုံးပြုနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်ကျော်မှစတင်ပြီး ယင်းကဲ့သို့အသုံးပြု၍မရနိုင်တော့ခြင်းဖြစ်ကြောင်း သိရသည်။


"အခုကွန်ပျူတာတွေ၊လက်ပ်တော့တွေနဲ့ ချိတ်ပြီးသုံးလို့မရတော့ဘူး။ ဖုန်းပေါ်မှာပဲသုံးလို့ရတော့တယ်"ဟု ဂျီအက်စ်အမ် EDGE စနစ်ကို လုပ်ငန်းနှင့် ပတ်သက်ပြီး အသုံးပြုနေသူ အမျိုးသားတစ်ဦးကဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူအချို့ကမူ အဆိုပါ အခြေအနေသည် ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းကြားရှိနည်းပညာမှားယွင်းမှုတစ်ခုသာဖြစ်နိုင်ကြောင်း ပြောဆိုကြသည်။

"နှစ်ပတ်လောက်ရှိပြီ။ ကွန်ပျူတာနဲ့ ချိတ်ပြီးသုံးလို့မရတာ။ ဖုန်းပေါ်မှာပဲသုံးလို့က အမြဲတမ်း အဆင်မပြေဘူးလေ။ ကိုယ်က လုပ်ငန်းအတွက် သုံးနေရတာဆိုတော့"ဟု မီဒီယာကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသူ ဈေးကွက်ရှာဖွေရေးမန်နေဂျာ အမျိုးသမီးတစ်ဦးကလည်း ပြောသည်။

ယင်းကဲ့သို့ ဂျီအက်စ်အမ် EDGE စနစ်ကို ကွန်ပျူတာများနှင့် ချိတ်ဆက်၍ အသုံးမပြုနိုင်တော့သည့်အတွက် ယင်းစနစ်နှင့်ချိတ်ဆက်ကာ လုပ်ငန်းအတွက် အသုံးပြုနေကြသည့် သူများအခက်တွေ့လျက်ရှိနေကြကြောင်း စုံစမ်းသိရသည်။


အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**



MOBILE COMPUTER

Yangon ICT Fair

Tatmadaw Exhibition Hall , Yangon, Myanmar

11-13 May, 2012

MCPA Yangon | MCIA Yangon

Main- Media Partner By: INTERNET Journal

Technical Solutions Partner By: Compu Tech; Assembler Computer Centre; Ahtar Oo Co., Ltd.

Co- Media Partner By: NetGuide

Co- Media Partner By: itizen TOWARDS BETTER LIFESTYLE


KBZ Tower @ PYAY ROAD
ASEAN အဆင့်မှီအရည်အသွေး၊ ဒီဇိုင်းတို့ဖြင့်ဖွဲ့စည်း တည်ဆောက်ထားပြီး အိမ်ပိုင်ဝယ်ယူမည့်သူများ ၊ ရင်းနှီးမြှုပ်နှံလိုသူများ ခေတ်မှီအဆင့်အတန်းမြင့်သော ရုံးခန်းဖွင့်လှစ်လိုသူများအတွက် အဆင်အပြေဆုံး နေရာတစ်ခု။
လုံခြုံစိတ်ချရသော Car Parking နှစ်ထပ် ပါဝင်ခြင်း။
မိသားစု၊ မိတ်ဆွေသူငယ်ချင်းများ လွတ်လပ်စွာ တွေ့ဆုံပျော်ရွှင်နိုင်သည့် Party space, Restaurant Bar, BBQ နှင့် Rooftop Swimming Pool နေရာ ပါဝင်ခြင်း။
ငလျှင်ဒဏ်ခံနိုင်သော Pile Foundation နှင့် အတူ ချွေးထုတ်ခန်း၊ အားကစားခန်းမ စသော နိုင်ငံတကာ စံနှုန်းမှီ Condominium တစ်ခုကို
လူကြီးမင်းတို့ လိုအပ်ချက်တွေနှင့် အသင့်တော် အကိုက်ညီဆုံး KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့် Naing Group မှ ဂုဏ်ယူစွာဖြင့် တာဝန်ယူ တည်ဆောက်သည်။
NEAR BY
Bank
• KBZ BANK LTD.
Hotels
• Yangon International Hotel
• Summit Park View Hotel
• Sweet Hotel
Shopping Malls
• Dagon Center 1 & 2
• GaMonePwint
• City Mart (Myaynigone)
• Blazon Supermarket
Schools
• B.E.H.S (2) Sanchaung
• B.E.H.S (1) Kamaryut
Medical Facilities
• Ma Har Myaing Special Clinic
• Asia Royal Clinic
Popular Amenities
• People's Park & People's Square
• Shwe Mann Cinema
No. (275), Pyay Road, San Chaung Township.
နိုင်ခံ့ထည်ဝါသည့် Structure လှပသေသပ်ကျယ်ဝန်းသည့် အခန်းဖွဲ့စည်းမှု
ပြည့်ဝ ကောင်းမွန် အဆင့်မြင့်သည့် facilities
လုံခြုံကျယ်ဝန်းသည့် car parking
နိုင်ငံတကာအဆင့်မှီ ကောင်းမွန်ထည်ဝါသော Office Rooms
Hot line : 09 731 878 50
09 43202967, 09 43202968.
Showroom : 76, Bo Yar Nyunt Street, Dagon Tsp.
01 255766, 251951, 373800,
09 - 5112139, 49346390, 73066635.
Website : nainggroupconstruction.com.
PHASE - I
90% Sold Out
Developed by:
NAING GROUP
Unique Stable Advanced

# အများပိုင်ကုမ္ပဏီတွေ ပီပီပြင်ပြင်မရှိဘဲ လုံလုံလောက်လောက်မရှိဘဲ ဒီဈေးကွက် (စတော့အိတ်ချိန်းဈေးကွက်) ကို ဘယ်လိုဖော်ဆောင်မလဲ

## စတော့အိတ်ချိန်း တည်ထောင်ခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံခြင်း

ကိုကိုကြီး

**မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်း တည်ထောင်ရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်မည့် အလားအလာများကို မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးကုမ္ပဏီအမှုဆောင်ဒါရိုက်တာဦးစိုးသိမ်းနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**



**■ မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ်အတွင်း စတော့အိတ်ချိန်းတစ်ရပ် ထူထောင်ရေးအတွက် ဒိုင်ဝါသုသေသနအဖွဲ့ တိုကျိုစတော့အိတ်ချိန်းတို့နဲ့ မြန်မာနိုင်ငံ ဗဟိုဘဏ်တို့အကြား (နားလည်မှု စာချွန်လွှာ)တစ်ရပ် မကြာမီ လက်မှတ်ရေးထိုးမယ်လို့ သိရပါတယ်။ ဒီတော့မြန်မာနိုင်ငံရဲ့ စတော့အိတ်ချိန်းတစ်ရပ် ပေါ်ပေါက်လာရေးအတွက် ဘယ်လိုအထောက်အကူဖြစ်လာနိုင်မလဲ။**

စတော့အိတ်ချိန်းတစ်ရပ်ကို ကိုယ့်ဘာသာကိုယ်ထူထောင်လို့ မရနိုင်ပါဘူး။ ကျွန်တော်တို့မှာ အတွေ့အကြုံ မရှိကြလို့ပါ။ ဒါကြောင့် အတွေ့အကြုံရင့်ကျက်တဲ့ ပြည်ပက စတော့အိတ်ချိန်းတစ်ရပ်ရပ်နဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ တိုကျိုစတော့အိတ်ချိန်းက ကျွန်တော်တို့တည်ထောင်မယ့်စတော့အိတ်ချိန်းအတွက် ဘာတွေ လိုအပ်တယ်၊ ဘယ်လိုပြုစုပျိုးထောင်ရမယ်၊ ဘယ်လိုလည်ပတ် ဆောင်ရွက်ရမယ်ဆိုတာတွေကိုလေ့ကျင့်သင်ကြားပေးရမှာ ဖြစ်တယ်။ တိုကျိုစတော့အိတ်ချိန်းကို ၁၈၇၈ ခုနှစ်၊ မေ ၁၅ ရက်ကတည်းက စတင်တည်ထောင်ခဲ့တာ ဖြစ်တဲ့အတွက် သက်တမ်းရင့် အတွေ့အကြုံရင့်ကျက်တဲ့စတော့အိတ်ချိန်းတစ်ရပ် ဖြစ်ပါတယ်။ ရှယ်ယာရောင်းဝယ်မှုပမာဏ (Trading Volume)အရ ကမ္ဘာပေါ်မှာ ဒုတိယအကြီးဆုံးလို့ ပြောလို့ရပါတယ်။ နည်းပညာအရလည်း အဆင့်အတန်းအလွန် မြင့်မားပါတယ်။ ကမ္ဘာအကြီးဆုံး စတော့အိတ်ချိန်းဖြစ်တဲ့ နယူးယောက်စတော့ အိတ်ချိန်းနဲ့ လန်ဒန်စတော့ အိတ်ချိန်းတွေနဲ့ ရင်ပေါင်တန်းနေတဲ့ စတော့အိတ်ချိန်းတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် တိုကျိုစတော့ အိတ်ချိန်းနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ ကျွန်တော်တို့အတွက်အကျိုးအများကြီးရှိစေမှာဖြစ်တယ်။

**■ စတော့အိတ်ချိန်း ထူထောင်ရာမှာ ဘာတွေလိုအပ်ပါသလဲ။**

စတော့အိတ်ချိန်းတစ်ရပ်ဖြစ်ထွန်းတည်တံ့ဖို့ လိုအပ်ချက်တွေက အများကြီးရှိတော့ သုံးပိုင်းလောက်ခွဲခြားပြီး ရှင်းပြဖို့လိုလိမ့်မယ်။ ပထမဆုံးအပိုင်းမှာ တိုကျိုလက်ရှိဆောင်ရွက်သွားမယ့် အပိုင်းတွေကို ဦးစွာရှင်းပြချင်တယ်။ တိုကျိုစတော့အိတ်ချိန်းက မြန်မာနိုင်ငံအပေါ်မှာဖော်ဆောင်မယ့်ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ရဲ့ ဒီဇိုင်းပုံစံအတွက် ကျွမ်းကျင်မှုအကူအညီပေးသွားမှာဖြစ်တယ်။ အဲဒီပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၅ ခုနှစ်မှာ တည်ထောင်မယ့် စတော့အိတ်ချိန်းပုံသဏ္ဌာန်ပေါ်ပေါက်လာမှာဖြစ်တယ်။ တကယ်တော့ ငွေချေးသက်သေခံ လက်မှတ်ဈေးကွက်ဆိုတာမှာ ရှယ်ယာဈေးကွက် (Share Market)နဲ့ ငွေချေးစာချုပ်ဈေးကွက် (Bond Market) ဆိုပြီး နှစ်ပိုင်းပါဝင်တယ်။ စတော့အိတ်ချိန်းကတော့ ရှယ်ယာရောင်းဝယ်မှုကို အဓိကဆောင်ရွက်တဲ့နေရာပဲ။ ဒါကြောင့် စတော့အိတ်ချိန်းမှာ ဆောင်ရွက်မယ့် ရှယ်ယာရောင်းဝယ်မှုစနစ် (Trading System)ကို တည်ဆောက်ဖို့ အဓိကအကူအညီပေးသွားမှာ ဖြစ်တယ်။ ငွေချေးသက်သေခံ လက်မှတ်တွေဘယ်လိုထုတ်တယ်၊ ဘယ်လိုရောင်းဝယ်ကြတယ်၊ ဘယ်လိုစာရင်း ရှင်းလင်းကြတယ်၊ ကြီးကြပ်ဆောင်ရွက်မှုဘယ်လိုပြုတယ်ဆိုတာတွေအတွက် ကျွမ်းကျင်မှုအကူအညီနဲ့ အကြံဉာဏ်များ ပေးသွားမှာဖြစ်တယ်။ စတော့အိတ်ချိန်းတစ်ခုမှာ ပြဋ္ဌာန်းထားရှိရမယ့် စည်းကမ်းဥပဒေ (Self Regulation Framework) သတ်မှတ်ဆောင်ရွက်ရေးကိုလည်း ကူညီဆောင်ရွက်သွားမှာဖြစ်တယ်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါကိစ္စတွေနဲ့ပတ်သက်ပြီး ပြည်တွင်းပြည်ပ လေ့ကျင့်သင်ကြားမှုတွေ ပြုလုပ်ပေးသွားမှာ ဖြစ်တယ်။ နောက်ပြီး ပေါ်ပေါက်လာမယ့်စတော့အိတ်ချိန်း လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တာတွေကို ပူးပေါင်းဆောင်ရွက်သွားကြမှာဖြစ်တယ်။ ဒီနေ့ခေတ် စတော့အိတ်ချိန်းတွေမှာ အဆင့်မြင့်အိုင်တီနည်းပညာများနဲ့ ရောင်းဝယ်ကြ၊ စာရင်းရှင်းလင်းကြ၊ မှတ်တမ်းတွေထိန်းသိမ်းထားရှိတဲ့အတွက် အဲဒီအတွက် လိုအပ်တဲ့ အိုင်တီနည်းပညာတွေကိုလည်း ထောက်ပံ့ကူညီသွားမှာ ဖြစ်တယ်။ ငွေချေးသက်သေခံလက်မှတ်များ၊ ဈေးကွက်အတွက် ရောင်းဝယ်မှုစနစ် (Trading System)၊ စာရင်းရှင်းလင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း (Clearance and Settlement)၊ သက်သေခံ လက်မှတ်များအပ်နှံခြင်းနဲ့ လက်ခံသိမ်းဆည်းခြင်း (Depository and Custody)ဆိုတဲ့ အခြေခံအဆောက်အအုံတွေက မဖြစ်မနေတည်ဆောက်ရမှာတွေ ဖြစ်တယ်။ အဓိကအားဖြင့်တော့ ဒါတွေက ကိုယ့်ဘာသာတည်ဆောက်ရမှာ။ ဒါပေမဲ့ သူတို့ရဲ့ အကြံဉာဏ်နဲ့ ကျွမ်းကျင်မှုအကူအညီတွေက များစွာအထောက်အကူပြုမှာ ဖြစ်တယ်။

**■ ဒုတိယပိုင်းအနေနဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြပေးပါဦး။**

ဒုတိယပိုင်းအနေနဲ့ ဖော်ပြရမယ့် လိုအပ်ချက်တွေကတော့ အစိုးရအနေနဲ့ ဦးစီးဦးဆောင်ပြုပြီးတော့ဖြည့်စွမ်းပေးရမှာ။ ပထမအရေးကြီးဆုံးက ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (Securities Exchange Law)တစ်ရပ် ပြဋ္ဌာန်းရေး ဖြစ်တယ်။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြမယ့်အဖွဲ့အစည်း အသီးသီးနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ ဒီဥပဒေဘောင်အတွင်းက လုပ်ဆောင်ကြရမှာ။ ဥပဒေတစ်ရပ် မရှိဘဲနဲ့ ဒီလုပ်ငန်းတွေကိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးရင် နောက်ဆက်တွဲဖြစ်တဲ့နည်းဥပဒေ (By Law)များနဲ့ စည်းမျဉ်းစည်းကမ်းများ (Rules and Regulations) ကိုလည်း ဆက်လက်ပြဋ္ဌာန်းသွားဖို့ လိုပါတယ်။ တစ်ချိန်ထဲမှာ ဒီလုပ်ငန်းတွေကို စီမံကြီးကြပ်ကွပ်ကဲမယ့် ဥသျှောင်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဖို့လိုအပ်တယ်။ ယေဘုယျအနေနဲ့ ဒီအဖွဲ့အစည်းမျိုးကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission)လို့ ခေါ်တယ်။ ဒါတွေက ပထမဦးစားပေး အရေးတကြီးဆောင်ရွက်ရမယ့်ကိစ္စတွေ ဖြစ်တယ်။ ဒီလုပ်ငန်းမှာ အဓိကကျောရိုးဖြစ်တဲ့ အရည်အသွေးပြည့်မီတဲ့ အများပိုင် ကုမ္ပဏီတွေ ဖြစ်ထွန်းပေါ်ပေါက်လာရေးကိုလည်းတွန်းအားပေးဆောင်ရွက်ဖို့ လိုတယ်။ ဒ့ါအပြင် ဒီလုပ်ငန်းက ကြားခံအဖွဲ့အစည်းတွေဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုဘဏ်တွေ၊ အဖွဲ့အစည်းတွေ (Investment Bank/Institution)နဲ့ ကြားခံအကျိုးဆောင်အဖွဲ့အစည်း (Brokers/Dealers Association)တွေရဲ့ အခန်းကဏ္ဍကအလွန်အရေးကြီးတာကြောင့် ဒီလိုအဖွဲ့အစည်းတွေတဖြည်းဖြည်းဖွံ့ဖြိုးပေါ်ပေါက်လာအောင် ဦးဆောင် ဦးရွက်ပြုပေးသွားဖို့ လိုတယ်။ ဒီအပိုင်းကိုတော့ တဖြည်းဖြည်းအချိန်ယူ ဆောင်ရွက်သွားလို့ ရတယ်။

**■ တတိယပိုင်းအနေနဲ့ ဆက်လက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေ ကရော။**

တတိယပိုင်းအနေနဲ့ ဖြည့်စွမ်းဆောင်ရွက်ရမှာက ပုဂ္ဂလိကစီးပွားရေး အသိုင်းအဝန်းက ဖြစ်တယ်။ ဒီလုပ်ငန်းရဲ့ အဓိကအသက်သွေးကြောက အရည်အသွေးပြည့်ဝတဲ့ အများပိုင်ကုမ္ပဏီတွေ ဖြစ်တယ်။ အများပိုင်ကုမ္ပဏီတွေကသာ ရှယ်ယာတွေ ထုတ်ရောင်းပိုင်ခွင့်ရှိတယ်။ ငွေချေးစာချုပ်တွေ ထုတ်ရောင်းပိုင်ခွင့်ရှိတယ်။ အဲဒီရှယ်ယာတွေ၊ ငွေချေးစာချုပ်တွေ အထူးသဖြင့် ရှယ်ယာတွေကို ဈေးကွက်ထဲမှာ ရောင်းဝယ်ပြုလုပ်ကြမှာ။ ဒါကြောင့် အများပိုင်ကုမ္ပဏီတွေ ပီပီပြင်ပြင်မရှိဘဲ၊ လုံလုံလောက်လောက်မရှိဘဲ ဒီဈေးကွက်ကို ဘယ်လိုဖော်ဆောင်မလဲ။ ဒီမှာက အများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်းဆောင်ရွက်မှုက အလွန်အားနည်းသေးတယ်။

**■ မြန်မာနိုင်ငံမှာ အများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်းတာ ဘာကြောင့် အားနည်းရတာလဲ။**

ပထမဆုံးအချက်က အစောပိုင်းမှာ အများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်းရေးကို အစိုးရက သိပ်အားမပေးခဲ့ဘူး။ ရှယ်ယာပိုင်ဆိုင်တဲ့ ပြည်သူများ အလွဲသုံးစားပြုခံရမှာကို စိုးရိမ်တယ်။ ဒါကြောင့် အများပိုင်ကုမ္ပဏီတွေကုမ္ပဏီဖွဲ့စည်းဆောင်ရွက်မယ့်သူတွေအတွက် အခက်အခဲရှိကြတယ်။ နောက်ကြာလာတော့ အများစုက အများပိုင်ကုမ္ပဏီ ဖွဲ့စည်းပြီး စီးပွားရေး ဆောင်ရွက်ရကောင်းမှန်းမသိကြတော့ဘူး။ အခုအစိုးရက အများပိုင် ကုမ္ပဏီတွေ ဖွဲ့စည်းရေးကို အားပေးလာတဲ့အခါမှာ ဖွဲ့စည်းဖို့ စဉ်းစားလာကြတယ်။ လက်တွေ့ကျကျ ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့တော့ လိုအပ်နေသေးတယ်လို့ ယူဆတယ်။ ဒုတိယအချက်က ကုမ္ပဏီတွေကြီးကြပ်မှုက လျော့ရဲတယ်။ စာရင်းအင်းစိစစ်ပိုင်း အခွန်ကောက်ခံမှုအားလုံးမှာအားနည်းတယ်။ စာရင်းအင်းစိစစ်မှုအားနည်းလို့ အခွန်ကောက်ခံမှုအပိုင်း လျော့ရဲတာ။ ကုမ္ပဏီတိုင်းကို ဆိုလိုတာတော့ မဟုတ်ဘူး။ စည်းကမ်းတကျဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေရှိတယ်။ ဒါပေမဲ့ ကုမ္ပဏီအများစုအနေနဲ့ လျော့ရဲတယ်ဆိုတာက တော့မငြင်းနိုင်တဲ့ အချက်ပဲ။ အများပိုင်ကုမ္ပဏီတွေက များသောအားဖြင့် အနည်းပိုင်ကုမ္ပဏီကတစ်ဆင့်ကူးပြောင်း ဖွဲ့စည်းကြတာများတယ်။ အရင်းအနှီးစုဆောင်းရတာ ပိုလွယ်ကူတယ်။ ပြည်သူ့ပံ့ပိုးမှု ရရှိနိုင်တဲ့ စတဲ့အကျိုးတွေကြောင့် ဖြစ်တယ်။ ဒါပေမဲ့ စည်းကမ်းပိုတင်းကြပ်တယ်။ ထိန်းကျောင်းထားတာတွေ ရှိတယ်။ လျော့ရဲတဲ့ ကုမ္ပဏီတွေအနေနဲ့ အများပိုင်ကုမ္ပဏီကို တက်လှမ်းနိုင်ဖို့ အခွင့်အလမ်း မရှိဘူး။ တတိယ အချက်က အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်လောက်အောင် အင်အားတောင့်တင်းတဲ့ စီမံအုပ်ချုပ်မှုကောင်းတဲ့ ကုမ္ပဏီကြီးတွေ ရှိပါတယ်။ ဒါပေမဲ့ ပြောင်းလဲဖွဲ့စည်းမှုပြုကြတာ မတွေ့ရသေးဘူး။ ဒီမှာက လုပ်ငန်းစီမံအုပ်ချုပ်မှု(Corporate Goverance)နဲ့ လုပ်ငန်းဆောင်ရွက်မှု ဓလေ့စရိုက် (Corporate Culture)တွေမှာ အားနည်းသေးတယ်။ လုပ်ငန်းပိုင်ဆိုင်မှုနဲ့ လုပ်ငန်းစီမံအုပ်ချုပ်မှုတွေက တစ်တွဲတည်းလိုဖြစ်နေတယ်။ လုပ်ငန်းစီမံအုပ်ချုပ်မှုအာဏာကိုလုပ်ငန်းပိုင်ဆိုင်သူက တစ်စိတ်တစ်ပိုင်းတောင် မစွန့်လွှတ်ချင်ဘူး။ အပြည့်အဝ ချုပ်ကိုင်ထားလိုကြတယ်။ တစ်နည်းအားဖြင့် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းကြဖို့ အရန်သင့် မဖြစ်ကြသေးဘူး။


**■ ဒီလိုအခက်အခဲတွေကို ဘယ်လိုကျော်လွှားနိုင်ပါသလဲ။**

လွန်ခဲ့တဲ့နှစ် ၂၀ (၁၉၉၂-၁၉၉၃)လောက်က ပထမပုဂ္ဂလိကဘဏ်ကို ပထမဆုံး အများပိုင်ကုမ္ပဏီတွေအဖြစ် အောင်အောင်မြင်မြင် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့တယ်။ အခုလိုအချိန်မှာ အစိုးရက အများပိုင်ကုမ္ပဏီတွေကို ဖွဲ့စည်းဆောင်ရွက်ကြဖို့ တွန်းအားပေးနေတာတောင် အဲဒီလို အရည်အသွေးမီ အများပိုင်ကုမ္ပဏီတွေ ပေါ်ပေါက်လာဖို့ အလားအလာကနည်းပါးနေတုန်းပဲ။ ဘာကြောင့်လဲဆိုတာ အဖြေက ရှင်းပါတယ်။ အခုလိုချိန်မှာ စီးပွားရေးလောကအတွင်းမှာ ပြိုင်ဆိုင်မှုက ပိုမိုပြင်းထန်လို့ပဲ။ ဒါကြောင့် အများပိုင်ကုမ္ပဏီတွေ တိုက်ရိုက်ဖွဲ့စည်းဆောင်ရွက်ရင် အောင်မြင်မှုရနိုင်ဖို့ အလားအလာ နည်းပါးတယ်လို့ ယူဆတယ်။ အရင်းအနှီး အများကြီးလိုအပ်လို့ ရှာဖွေဖို့ခက်ခဲမယ်။ အရင်းအနှီး ထည့်ဝင်ထားသူတွေကို အကျိုးအမြတ် ခွဲဝေပေးနိုင်ဖို့၊ ကာလတိုအတွင်း အမြတ်အစွန်းရအောင် ဆောင်ရွက်ဖို့ ခက်ခဲမယ်။ ဒါကြောင့် နိုင်ငံတကာမှာ အနည်းပိုင်ကုမ္ပဏီ(ရှယ်ယာဝင် ၂ ဦးမှ ၅၀ ဦးထိ)အဖြစ်စတင်ဖွဲ့စည်းကြပြီး အရှိန်ရလာတဲ့အခါ အောင်မြင်မှုရလာတဲ့အခါ လုပ်ငန်းကို လျင်လျင်မြန်မြန် တိုးချဲ့နိုင်အောင် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းကြတာရှိတယ်။ အဲဒါကို အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း (Going Public)လို့ ခေါ်ကြတယ်။ တကယ်တော့ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းတာဟာ ကိုယ့်လုပ်ငန်းအပေါ်မှာ အခွင့်အာဏာအချို့ကို စွန့်လွှတ်လိုက်ရတာ ဆိုပေမယ့် ကိုယ့်လုပ်ငန်းကြီးမား ကျယ်ပြန့်လာစေတယ်ဆိုတာကို နားလည်လက်ခံလာကြရင် အခွင့်အလမ်းကောင်းတဲ့ တချို့ပုဂ္ဂလိက လုပ်ငန်းတွေ၊ အများပိုင်ကုမ္ပဏီအဖြစ် အောင်မြင်ပြောင်းလဲဖွဲ့စည်းလာကြမှာ ဖြစ်တယ်။

နောက်ဖြစ်နိုင်ခြေတစ်ခုက အစိုးရလုပ်ငန်းများ (State Economic Enterprise)အနက်က အလားအလာရှိတဲ့ လုပ်ငန်းအချို့ကို ရွေးချယ်မှု (Short Listed)ပြုလုပ်ပြီး အစိုးရကတစ်ဝက်၊ ပြည်သူက တစ်ဝက်ထည့်ဝင်ပြီး အများပိုင်ကုမ္ပဏီများအဖြစ် ဖွဲ့စည်းတည်ထောင်ကြဖို့ဖြစ်တယ်။

စာ(၄၀) သို့

7DAY NEWS JOURNAL
Vol.11 No.9 • MAY 10 , 2012



၂၀၁၁ ခုနှစ် မြန်မာနိုင်ငံရေး အပြောင်းအလဲအပေါ် တည်မှီ၍ စာရေး သူတာဝန်ထမ်းဆောင်နေသည့်ပြည်တွင်း NGOအဖွဲ့ အစည်းကြီးထံသို့ ၂၀၁၂ ခုနှစ် နှစ်ဆန်းတွင် ပြည်ပနိုင်ငံများမှ အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများ၊ INGO များ၊ လုပ်ငန်းရှင်များနှင့် ပညာရှင်များ ယခင်နှစ်များနှင့်မတူ ခပ်စိပ်စိပ်လာရောက်ခဲ့ကြပါသည်။ အဓိက လာရောက်ခြင်းအကြောင်းရင်း မှာ မြန်မာနိုင်ငံနှင့် စီးပွားရေး ဆက်စပ်လုပ်ကိုင်ရန် စနည်းနာလာရောက်လေ့လာကြခြင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများ၏ ခေတ်မီနောက်ဆုံးပေါ် နည်းပညာအမျိုးမျိုးကိုပါ ရှင်းလင်းမိတ်ဆက်ကြပါသည်။

စာရေးသူ မှတ်မှတ်ရရဖြစ်စေမည့် ကောက်ချက်များမှာ ဂျပန်နိုင်ငံ၏ ရာသီဥတု သတင်းအချက်အလက်များ ဖြန့်ဖြူးသည့် ကုမ္ပဏီဥက္ကဋ္ဌမှ သူ့ကုမ္ပဏီ၏ နည်းပညာများကို ဆလိုက်များဖြင့် ရှင်းလင်းတင်ပြပွဲတွင် သူ့အနေဖြင့် နေပြည်တော်သို့ သွားရောက်ခဲ့ပါကြောင်း၊ စီးနင်းခဲ့သည့် ဘတ်(စ်)ကားမှာ ဂျပန်နိုင်ငံရှိသူ၏ဇာတိမြို့မှ ထုတ်လုပ်သည့်ကားဖြစ်ပြီး (၁၁၅)မိုင်ရပ်နားစခန်းတွင် တွေ့မြင်ခဲ့ရသည့် ဆလွန်းကားမှာ လွန်ခဲ့သည့် နှစ်(၂၀)ခန့်က ဂျပန်တွင် သူစီးခဲ့သည့် ကားအမျိုးအစားဖြစ်ပြီး သူ့ကားလေးပင် မြန်မာပြည်သို့ရောက်ရှိနေသလား ထင်မှတ်မှားကြောင်း ပြောကြားခဲ့ပါသည်။

အဓိက သူပြောခဲ့သည့် အကြောင်းရင်းမှာ ရန်ကုန်မှ နေပြည်တော် အသွား/အပြန်ခရီးတွင် လမ်းဘေးမြင်ကွင်းများမှာ လွန်ခဲ့ သည့် နှစ်(၅၀)ခန့်က ဂျပန်ပြည်တွင် တွေ့မြင်ခဲ့ရသည့် မြင်ကွင်းမျိုးဖြစ်ကြောင်း ပြောကြားခဲ့သည့် မှတ်ချက်စကားမှာ စာရေးသူ၏နားတွင် စွဲနေခဲ့ပါသည်။

မကြာမီရက်အနည်းငယ်အတွင်းမှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုမ္ပဏီတစ်ခုမှ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် နောက်ဆုံးပေါ် ခေတ်မီစက်ကရိယာအသုံးပြု၍ ရေ၏အောက်ဆီဂျင်ပျော်ဝင်မှုနှင့် အရည်အသွေးကောင်းမွန်စေရန် စွမ်းဆောင်ပေးသည့် BIOFAN စက်ကိရိယာအား လာရောက်မိတ်ဆက်တင်ပြခဲ့ပါသည်။ ရှင်းလင်းတင်ပြသည့် လုပ်ငန်းရှင်မှာ ပညာရှင်တစ်ပိုင်း (ဓာတုအင်ဂျင်နီယာတစ်ဦး) ဖြစ်ပြီး အင်္ဂလိပ်စကားကို အလွန်ကျွမ်းကျင်အဆင့်မြင့်စွာ ရှင်းလင်းပြောကြားနိုင်ပါသည်။

အဆိုပါလုပ်ငန်းရှင်၊ ပညာရှင်မှလည်း မြန်မာပြည်အတွင်း အလည်သွားသည့်အခါမြင်တွေ့ရသည့်မြင်ကွင်းများသည် တရုတ်ပြည်တွင် လွန်ခဲ့သည့် နှစ် (၂၀) ခန့်က တွေ့မြင်ရသည့် မြင်ကွင်းများကို အမှတ်ရစေပါကြောင်း ပြောကြားခဲ့ပါသည်။

မောင်ဇေရာဝတီ

# အခြေခံကုန်ထုတ်လုပ်သူ ခေတ်ကောင်းခဲ့ချိန်ကို ပြန်မျှော်ကြည့်ခြင်း

ရက် အနည်းငယ် အတွင်းမှာပင် ဂျပန်နှင့် တရုတ်နိုင်ငံသား အဆင့်မြင့်ပညာရှင်နှင့် လုပ်ငန်းရှင်နှစ်ဦး၏မှတ်သားဖွယ်ကောက်ချက်(၂)ခုအပေါ် တည်မှီ၍ စာရေးသူခံစားမိသည့် အသိတရားမှာ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေသည် ဂျပန်နိုင်ငံထက် နှစ်(၅၀) နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံထက်အနည်းဆုံးနှစ်(၂၀)ခန့်ခေတ်နောက်ကျကျန်ရစ်နေကြောင်း သိမှတ်ခံစားရခြင်း ဖြစ်ပါသည်။ အမှန်တွင်ထို့ထက်ပင်ပိုခေတ်နောက်ကျနေသည်ဟု ထင်ပါသည်။

စာရေးသူတို့ နိုင်ငံသည် ကျေးလက်ဒေသအခြေခံ စိုက်ပျိုးရေးလုပ်ငန်းများကို အခြေပြု၍ လူအများ မှီခိုနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံတော် GDP၏ ၇၀ ရာခိုင်နှုန်းနီးပါး တည်ရှိသည်ဟု မှတ်သားရပါသည်။ နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ပြီး အခြေခံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြခြင်း ဖြစ်ပါသည်။

မ. ဆ. လ ခေတ်ဟုပြောကြသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလသည် စနစ်၏ ရည်ရွယ်ချက်ကသာ အလုပ်သမား၊ လယ်သမား လူတန်းစားအကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက် တည်ဆောက်မည်ဟု ကြွေးကြော်ခဲ့သော်လည်း တကယ်လက်တွေ့ဖြစ်ရပ်များတွင်မူ ကျေးလက်ဒေသ တောင်သူလယ်သမားအားလုံးမှာ ဝမ်းစာမျိုးစပါးပင် မချန်ရဘဲ ဈေးနှုန်းမူသေသတ်မှတ်ထားသည့် တာဝန်ကျေစပါးသတ်မှတ်ဝယ်ယူမှုစနစ်၏ နှိပ်စက်မှုကို ကျောကော့အောင်ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရပါသည်။

တာဝန်ကျေစပါးသတ်မှတ်ချက်ကြောင့် လယ်ရောင်း၊ နွားရောင်း၊ လှည်းရောင်း နောက်ဆုံးသမီးနားကပ်၊ နားဆွဲလေးပင်ရောင်းချ၍ တာဝန်ကျေစပါးအပ်နှံပေးရသည့် အဖြစ်အပျက်များ ဒုနှင့်ဒေး ဖြစ်ခဲ့ပါသည်။ တာဝန်ကျေစပါးအတွက် ခြင်ထောင်လှန်ရှာ၊ လယ်သမားများကို မြို့သို့ခေါ်၍ ဘောလုံးကွင်းထဲမှာ နေပူလှန်း၍ တာဝန်ကျေလက်မှတ်ဖြင့် လာရောက်ရွေးယူရသည့် အဖြစ်ဆိုးမျိုးအထိ တောင်သူလယ်သမားများ တွေ့ကြုံခံစားခဲ့ရပါသည်။

သဘာဝငါး ရှားပါးလာမှုနှင့်စိုက်ပျိုးရေးလုပ်ငန်း သေချာစွာမဆောင်ရွက်နိုင်သည့် ရေနက်ကွင်းများတွင် နိုင်ငံသားများ၏ ငါးရိက္ခာအတွက် စမ်းသပ်မွေးမြူအောင်မြင်လာသည့် ငါးမွေးကန်များအား ဖျက်ဆီး၍ ပြန်လည်မြေဖို့စေခြင်း၊ ငါးမွေးသူလယ်သမားများကို တရားစွဲဆို ထောင်ဒဏ်ချမှတ်၍ အရေးယူခြင်း စသည့်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါစနစ်ဆိုး၏ အကျိုးဆက်ကြောင့်ပင် ၈-လေးလုံးအရေးတော်ပုံကြီး ဖြစ်ပေါ်ခဲ့ရပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် စနစ်ဆိုး၏ လက်သယ်တရားခံ မ. ဆ. လ(ပြင်ရန်) တစ်ဖြစ်လဲ တ. စ. ည ပါတီ တစ်နိုင်ငံလုံး မဲရှုံးနိမ့်ခဲ့ရခြင်းသည်လည်း အဓိက အကြောင်းရင်းတစ်ရပ် ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရများ (တပ်မတော်အစိုးရများ) အုပ်ချုပ်နေသည့်ကာလသည်စပါးတာဝန်ကျေစနစ်မရှိသော်လည်း လယ်သီးစားခဆန်ဆန်စပါးကို ဧကသတ်မှတ်ချက်ဖြင့် ကောက်ခံသည့်စနစ်တစ်ရပ်ရှေ့ပိုင်းတွင် ကျင့်သုံးခဲ့ပါသည်။ နောက်ပိုင်းတွင် သီးနှံများကို လွတ်လပ်သည့် ဈေးနှုန်းဖြင့် ရောင်းဝယ်သည့် စနစ်ကို ခွင့်ပြုခဲ့ပြီး ဆန်နှင့်ပဲမျိုးစုံ ပြည်ပတင်ပို့ရောင်းချနိုင်သည့်ကာလ ရောက်ရှိလာသည့်အခါ စပါး ဈေး/ပဲဈေးများမြင့်တက်လာပြီး လယ်သမားများသည် ဈေးကွက်၏တောင်းဆိုမှုအရ မိုးသီးနှံစပါး၊ ဆောင်းသီးနှံ ပဲမျိုးစုံနှင့် နွေစပါးကို စိုက်ပျိုးကာ ထွက်ရှိသည့် သီးနှံများ ဈေးကောင်းရရှိမှုကြောင့် အကျိုးအမြတ်များရရှိကာ ကျေးလက်ဒေသများ၏ စီးပွားရေး ရွှေခေတ်များကို ရောက်ရှိခဲ့ပါသည်။

အစိုးရ၏ အားပေးကူညီမှုကြောင့် ကျေးလက်ဒေသများတွင် မွေးမြူရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာကာ အထူးသဖြင့် ငါးမွေးမြူရေးလုပ်ငန်းများသည် နှစ်အနည်းငယ်အတွင်း အရှိန်အဟုန်မြင့် တိုးတက်လာပြီး သဘာဝငါးရှားပါးလာမှုနှင့် တိုးတက်လာသည့် နိုင်ငံလူဦးရေအတွက် လိုအပ်သည့် ငါးရိက္ခာကို အစားထိုးဖြည့်ဆည်းပေးနိုင်ပြီး ပိုလျှံသည်များကို ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရှာဖွေပေးနိုင်ခဲ့ပါသည်။

ကျေးလက်ဒေသများ၏ စီးပွားရေးအဆင်ပြေမှုကြောင့် လူနေမှုအဆင့်အတန်းများ သိသိသာသာမြင့်တက်လာကြောင်း တွေ့မြင်ရပါသည်။ ကျေးလက်ဒေသများတွင် လူနေအိမ်များ၊ လမ်းများ၊ ကိုယ်ပိုင်လျှပ်စစ်မီးများ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ဗီဒီယိုပြစက်များ၊ ကာရာအိုကေစက်များ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ၊ လယ်ထွန်စက်ကြီးငယ်များ၊ ခြွေလှေ့စက်များ၊ ပွဲထောင်များ တိုးတက်ဖြစ်ထွန်းလာ၍ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပညာသင်ကျောင်းများနှင့် ဆေးပေးခန်းများ တိုးတက်ကောင်းမွန်လာကာ အလှူအတန်းများပါ သိသာစွာပေါ်များလာခဲ့ပါသည်။

အထူးသဖြင့် လယ်သမားများ စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် ဆန်၊ ပဲမျိုးစုံ၊ သီးနှံများနှင့် သား/ငါးများ၏ ဈေးနှုန်းများသည် ပြည်ပတင်ပို့မှု ပမာဏများလျှင်များသလို အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း မြင့်လျှင်မြင့်သလို ဈေးနှုန်းများ ပိုမိုရရှိပြီး အကျိုးအမြတ်များ သိသိသာသာ ရရှိလာခဲ့ပါသည်။

ကျေးလက်ဒေသ၏ အကောင်းဆုံးစီးပွားရေး ရေချိန်သို့ ရောက်ရှိခဲ့သည့် ကာလများတွင် ကျေးလက်ဒေသများကို အခြေပြုဖွဲ့စည်းထားသည့် မြို့ကြီး/မြို့ငယ်များ၌ ရွှေဆိုင်များ၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ လူသုံးပစ္စည်းအရောင်းဆိုင်များ၊ အဝတ်အထည်အရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ဆိုင်ကယ်နှင့် စက်ဘီးအရောင်းဆိုင်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်းအရောင်းဆိုင်များ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး၊ သီးနှံအားဆေး အရောင်းဆိုင်များ၊ ဆန်စပါးနှင့် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းများ အထူးစည်ပင်ဖွံ့ဖြိုးကာ ရောင်းဝယ်မှုအား အကောင်းဆုံး အချိန်ကာလများပင် ဖြစ်ကြပါသည်။

လယ်သမားများ၏ သားသမီးများအား ဘွဲ့ရပညာတတ်များဖြစ်အောင် ငွေကြေးအကုန်အကျခံ၍ တက္ကသိုလ်များသို့ ပို့နိုင်သည့်ကာလဖြစ်ခဲ့သလို ကျန်းမာရေးမကောင်းပါကလည်း မြို့တက်၍ ပုဂ္ဂလိကဆေးရုံကြီးများတွင် ငွေကြေးကုန်ကျခံ၍ ကုသနိုင်ခဲ့ကြပါသည်။ အထူးပြုတင်ပြလိုသည်မှာ စာရေးသူသည် ပညာရှင်တစ်ဦး မဟုတ်သည့်အတွက် ပညာရပ်ဆိုင်ရာ ရှုမြင်သုံးသပ်ချက်ဖြင့် ချဉ်းကပ်သုံးသပ်နိုင်စွမ်းမရှိသော်လည်း အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ (၁၀၀၀)အထက်ရှိခဲ့သည့်အချိန် အထူးသဖြင့် (၁၂၀၀) ကျပ်ဝန်းကျင်ရောက်ရှိခဲ့သည့် ကာလများတွင် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများသည် ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု၏ မျှခြေအပေါ် တည်မှီလျက် နှစ်ဘက်အကျိုးအမြတ်များ ဖြစ်ပေါ်ခဲ့သည့် ကာလဖြစ်ကာ ကျေးလက်ဒေသများ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ထုတ်လုပ်သူရော ရောင်းဝယ်သူပါ နှစ်ဘက်စလုံး အခြေအနေကောင်းများအပေါ်တွင် ရပ်တည်ရောက်ရှိခဲ့သည်မှာလည်း အမှန်တရားပင် ဖြစ်ပါသည်။

WIN-WIN သီအိုရီအရ ထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများ (ပြည်ပတင်ပို့ရောင်းချသူများအထိ) အကျိုးခံစားခွင့်များ ဖြစ်ထွန်းခဲ့သည့် ကာလများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ကဏ္ဍတွင် ထင်ရှားအောင်မြင်သူ အများစုကို အဆိုပါကာလများမှ ဖြစ်ထွန်းမွေးထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံထုတ်လုပ်မှုနှင့်ပြည်ပဈေးကွက်များတွင် အခက်အခဲ အနည်းငယ်ကြုံတွေ့ရသော်လည်း ကာလတိုအခက်အခဲသာဖြစ်သောကြောင့် ထုတ်လုပ်ရောင်းဝယ်မှုများအပေါ် ကြီးများသည့် ထိခိုက်နစ်နာမှုများအဖြစ် မသက်ရောက်ခဲ့ပါကြောင်း တွေ့မြင်ရပါသည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.9 • MAY 10 , 2012

## ဓာတ်အားခွဲရုံမှ ထရန်စဖော်မာ အပူလွန်ကဲ၍ မီးလောင်

**အိဖြူလွင်** **ရန်ကုန်၊ မေ-၃**

ပုဇွန်တောင်မြို့နယ်ရှိလျှပ်စစ်ဓာတ်အားခွဲရုံတွင် ထရန်စဖော်မာ အပူလွန်ကဲ၍ ယခုလ ၂ ရက်ညဂနာရီ၄၇မိနစ်ခန့်တွင် အသေးစားမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

စတင်မီးလောင်ခဲ့သော ၆၆-၃၃ ကေဗွီ ထရန်စဖော်မာသည် နှစ်၃၀ သက်တမ်းရှိပြီဖြစ်ပြီး ဓာတ်အားသုံးစွဲမှုများသောကြောင့် အပူလွန်ကဲကာ ကြေွသီးပွင့်ထွက်၍ မီးလောင်ခြင်းဖြစ်သည်။

မီးလောင်မှု စတင်ဖြစ်ပွားချင်း မီးသတ်ဦးစီးဌာနမှ လာရောက်ငြိမ်းသတ်ခဲ့သောကြောင့် ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားပြီး ဓာတ်အားခွဲရုံမှ ထရန်စဖော်မာတစ်လုံးသာ မီးလောင်ဆုံးရှုံးခဲ့သည်။ ထရန်စဖော်မာမီးလောင်မှုကြောင့် အဆိုပါနေရာမှ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ကျောက်တံတား၊ပန်းဘဲတန်း၊ဗိုလ်တထောင်၊ပုဇွန်တောင်၊မင်္ဂလာတောင်ညွန့်နှင့် တာမွေစသည့်မြို့နယ်များရှိ ရပ်ကွက်အချို့တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။



ဓာတ်ပုံ - ကျော်ဇေယျ (ဆဲဗင်းဒေး)

# ပြည်ပရင်းနှီးမြှုပ်နှံမှုနောက်မှ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

**နေလင်းထွန်း**

**နိုင်ငံတကာ ပညာရေးဝန်ဆောင်မှု လုပ်ငန်းပိုင်ရှင်တစ်ဦး သူ၏ဝန်ထမ်းများကို အရည်အသွေးမြှင့်တင်ပေးရန် စဉ်းစားနေသည်။ ဝန်ထမ်းများကို ပြည်ပစေလွှတ်ခြင်းဖြင့် အတွေ့အကြုံနှင့် ပညာရရှိလာရန် စီစဉ်ထားသည်။**

"ကျွန်တော့်ဝန်ထမ်းကို နိုင်ငံခြားလွှတ်ရတော့မယ်။ ဒါပေမဲ့ အဲ့ဒီလောက်ထိ သူတို့အသင့် မဖြစ်သေးဘူး။ နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံရမှုက အရင်ကနဲ့ မတူတော့တာ အမှန်ပဲ။ ဝန်ထမ်းတွေရဲ့ အရည်အသွေးမြှင့်တင်ဖို့ လေ့ကျင့်သင်ကြားပေးတာတွေ လုပ်ကိုလုပ်ရတော့မယ်" ဟု နိုင်ငံတကာပညာရေးဝန်ဆောင်မှုတစ်ခုမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူက ဆိုသည်။

နိုင်ငံရေး ပွင့်လင်းလာမှုနှင့်အတူ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် ပိုမိုထိတွေ့ ဆက်ဆံလာချိန်တွင် ဝန်ထမ်းလုပ်သားများ၏ အရည်အသွေး လိုအပ်ချက်များ မြင့်တက်လာခြင်း ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက စီးပွားရေးအဖွဲ့အစည်းများရှိ ဝန်ထမ်းများ၏ လူမှုဆက်ဆံရေးနှင့် ဘာသာစကားကျွမ်းကျင်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် သဘောထားအမြင်များသည် အရေးကြီးသော လိုအပ်ချက်များ ဖြစ်လာမည်ဖြစ်သည်။

လက်ရှိပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဝန်ထမ်းအများစုသည် မိမိရရှိခဲ့သော ဘွဲ့နှင့် ကွဲလွဲသော လုပ်ငန်းနယ်ပယ်များတွင် ဝင်ရောက် လုပ်ကိုင်နေခြင်းဖြစ်ပြီး လုပ်ငန်းကျွမ်းကျင်မှု ရရှိစေရန် အနည်းဆုံး ခြောက်လမှ တစ်နှစ်ထိ အချိန်ယူ စောင့်ဆိုင်းရလေ့ရှိသည်။

မြန်မာ လူငယ်များသည် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်မှ ဘွဲ့ရရှိပြီးသည်ထိ ပြင်ပသင်တန်းများတွင် ဘာသာစကားနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာများ လေ့လာလျက်ရှိသော်လည်း လက်တွေ့လုပ်ငန်းခွင်သို့ အသင့်ဝင်ရောက်ရန် လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း စီးပွားရေးလုပ်ငန်း တည်ထောင်ထားသူများက ဆိုသည်။

"ကျောင်းပြီးလို့ ရောက်လာတယ်။ အတွေ့အကြုံ မရှိဘူး။ ခြောက်လလောက် အလုပ်လုပ်ပြီးတော့မှ လုပ်တတ်ကိုင်တတ် ဖြစ်သွားတယ်။ ဒီမှာ အများဆုံးကြုံတွေ့ရတာကတော့ အဲဒါပဲ။ ဘာလို့လဲဆိုတော့ ကျောင်းပြီးခဲ့တာနဲ့ လက်တွေ့လုပ်ငန်းခွင်နဲ့ ဘာမှမဆိုင်ဘူး ဖြစ်နေတယ်" ဟု ဝန်ထမ်းသုံးရာခန့်လုပ်ကိုင်နေသော အိုင်တီနှင့် မီဒီယာကုမ္ပဏီတစ်ခု၏ အထွေထွေမန်နေဂျာဖြစ်သူက ပြောသည်။

ပြည်တွင်း စီးပွားရေးလုပ်ငန်းများရှိ ဝန်ထမ်းများ၏ စီမံခန့်ခွဲမှုပုံစံသည် လတ်တလောအချိန်တွင် မိမိတို့အခြေအနေနှင့် လိုက်လျောညီထွေဖြစ်နေသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက ပုံစံပြောင်းလဲသွားမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

မကြာမီ ပြောင်းလဲလာနိုင်သည့် ဝန်ထမ်းအရည်အချင်း ပုံစံသစ်ကြောင့် လိုအပ်ချက်နှင့် ကိုက်ညီသော(သို့မဟုတ်)လိုအပ်ချက်ကိုလိုက်မီသော ဝန်ထမ်းများသာ အလုပ်အကိုင် အခွင့်အလမ်းကောင်းတွင် ရပ်တည်နိုင်မည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ နိုင်ငံခြားကျွမ်းကျင်လုပ်သားများလည်း ဝင်ရောက်လာမည်ဖြစ်၍ အဆင့်မြင့် ရာထူးနေရာများက နိုင်ငံသားများအတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာနိုင်သည်။ စီးပွားရေးလုပ်ငန်းများ၏ အရည်အသွေး လိုအပ်ချက်ကိုပြည့်မီရန် ခက်ခဲသော ဝန်ထမ်းအများစုသည်အောက်ခြေအလုပ်အကိုင်များကိုသာ လုပ်ကိုင်ရနိုင်ကြောင်း စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်သူများက ဆိုသည်။

လက်ရှိအချိန်တွင်မြန်မာနိုင်ငံသို့လာရောက်ကာစီးပွားရေး လုပ်ကိုင်ရန်စီစဉ်နေသောနိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် လုသားအရင်းအမြစ် ရှားပါးမှုသည် အခြေခံကျသော အခက်အခဲတစ်ခုအဖြစ် ရှိနေကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံသူများအတွက် အားသာချက်အနေဖြင့် လုပ်ခသက်သာသော လုပ်သားဈေးကွက်ကို ရရှိမည်ဖြစ်သော်လည်း နိုင်ငံတကာ နည်းစနစ်နှင့် နည်းပညာတို့အတွက် အရည်အချင်းပြည့်မီစေရန် အချိန်ယူလေ့ကျင့်သင်ကြားပေးရမည် ဖြစ်သည်။

"လူသားစွမ်းရည်တွေကို မြှင့်တင်ပေးဖို့အတွက် အနည်းဆုံး ၁၀ နှစ်လောက်လိုတယ်။ ဘာသာစကားဆိုတာကလည်း အခုသင် အခုတတ်တဲ့ဟာမျိုး မဟုတ်ဘူး။ ခါးက ပြတ်နေတယ်။ အဲ့ဒါကို လူတိုင်းသိပါတယ်။ ကိုယ့်ဘာသာကြိုးစားကြမှရမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက် ကျော်လွှားရမယ့်အခက်အခဲက လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ အင်တာနက်စတဲ့ အခြေခံအဆောက်အဦနဲ့ လူသားအရင်းအမြစ်လို့ သူတို့ပြောတယ်။ အန် ကယ်ကတော့ လုပ်သားက ဈေး သက်သာတယ်၊ သင်ကြားပေးလို့ရပါတယ်လို့ သူတို့ကို ပြောလိုက်တယ်"ဟု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ မောင်မောင်လေးက ဆိုသည်။

ယခုအခါ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်နေသောပြည်တွင်း အဖွဲ့အစည်းများတွင် ဝန်ထမ်းလိုအပ်ချက်များ စတင်ဖြစ်ပေါ်နေပြီး ကျွမ်းကျင်ဝန်ထမ်း ရရှိရန် အခက်အခဲရှိနေကြောင်း ၎င်းကပြောသည်။ လူငယ်များအနေဖြင့်လည်း လုပ်ငန်းခွင်မဝင်မီ အရည်အသွေးပြည့်မီနေရန် မိမိဘာသာတည်ဆောက်ယူနေရခြင်းကြောင့် ထိုက်သင့်သော အရည်အချင်းအတွက် အချိန်ယူနေရပြီး ကျွမ်းကျင်ဝန်ထမ်း ရှားပါးသော အခက်အခဲနှင့် ကြုံတွေ့နေရခြင်း ဖြစ်သည်။

လက်ရှိပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် လုပ်သားဈေးကွက်တွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကို ရင်ဆိုင်နေရချိန်၌ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ အလုံးအရင်းဖြင့်ဝင်ရောက်လာပါက လုပ်သားဈေးကွက် ကပြောင်းကပြန်ဖြစ်သွားမည်ကိုစိုးရိမ်နေသော လုပ်ငန်းရှင်များလည်း ရှိနေသည်။ နိုင်ငံခြားဘာသာစကားကျွမ်းကျင်ထားပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် အတွေ့အကြုံကောင်းရှိထားသော ဝန်ထမ်းများအတွက် အခွင့်အလမ်းသစ်များ ပွင့်လန်းနေပြီး ဘဝအပြောင်းအလဲတစ်ခုဖြစ်လာနိုင်သည်။

အလုပ်အကိုင် အခွင့်အလမ်း ပေါ်များလာနိုင်ခြင်းကြောင့် ကျွမ်းကျင်ဝန်ထမ်းအချို့ လုပ်ခလစာ ကောင်းမွန်သော အလုပ်အကိုင်များသို့ ပြောင်းရွှေ့ခြင်းနှင့် ပုံမှန်ဝန်ထမ်းများက လုပ်ခလစာတိုးမြှင့် တောင်းဆိုခြင်းတို့ ရှိလာနိုင်သည်။ စီးပွားရေးလုပ်ငန်းငယ်များတွင် လုပ်ငန်းအတွေ့အကြုံရရှိရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လုပ်ကိုင်ပြီး ကျွမ်းကျင်လာချိန်တွင် အခွင့်အလမ်း ပိုမိုကောင်းမွန်သော နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းကြောင့် အသေးစားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည်။

တစ်ချိန်က အာဏာပိုင်အဖွဲ့အစည်းများနှင့် နီးစပ်မှုဖြင့် လက်ဝါးကြီးအုပ်လုပ်ကိုင်ခဲ့သောအခွင့်ထူးခံစီးပွားရေး လုပ်ငန်းများအနေဖြင့် လက်ရှိရပ်တည်မှုနေရာအတွက် စိန်ခေါ်မှုများရှိလာနိုင်သည်။ တံခါးဖွင့်စီးပွားရေးစနစ်ကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် နိုင်ငံခြားစီးပွားရေးအဖွဲ့အစည်းများနှင့်ထိတွေ့ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများရှိနေသလို ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ စသည့် အခြေအနေ တို့တွင် ယှဉ်ပြိုင်နိုင်ရန် ခက်ခဲလိမ့်မည်။

နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့် ပြိုင်ဆိုင်ရန် မလွယ်ကူသောပြည်တွင်း စီးပွားရေးလုပ်ငန်းများအနေဖြင့် အခြားသောအခွင့်အလမ်းများတွင် အားသာမှုမရှိနိုင်ပါက လုပ်ငန်းဆက်လက်ရပ်တည်ရန် ခက်ခဲနိုင်ကြောင်း စီးပွားရေး ပညာရှင်အချို့က သုံးသပ်သည်။

စီးပွားရေး အဖွဲ့အစည်းအချို့တွင် အကြံပေးပညာရှင်အဖြစ်လုပ်ကိုင်နေသော ဦးရဲမြင့်(စွန့်ဦးတီထွင်)က နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့် ယှဉ်တွဲနိုင်ရန်အတွက် ပြည်တွင်းကုမ္ပဏီများနှင့် ဝန်ထမ်းများ၏ အရည်အသွေးများကို မြှင့်တင်ထားရန် လိုအပ်ကြောင်း၊ သို့မဟုတ်ပါက ပြည်တွင်း ကုမ္ပဏီများအနေဖြင့် အဆင့်နိမ့်ကျသွားနိုင်သလို ဝန်ထမ်းများအနေဖြင့်လည်း အောက်ခြေအလုပ်အကိုင်အခွင့်အလမ်းများကိုသာ ရရှိမည်ဖြစ်ကြောင်း သုံးသပ်သည်။

"နိုင်ငံခြားက စီးပွားရေးလုပ်ငန်းတွေ ဝင်လာရင်တော့ ပြည်တွင်းက စီးပွားရေးလုပ်ငန်းတွေနဲ့ ယှဉ်ရတော့မယ်။ သူတို့ကို မတိုက်နိုင်ဘူးဆိုရင် ပူးပေါင်းရမှာပဲ။ ပူးပေါင်းချင်တယ် ဆိုပေမယ့်လည်း လက်ခံဦးမှကိုး။ အဆင့်မမီရင် ဘယ်လက်ခံမလဲ။ တိုက်နိုင်ဖို့ကလည်း မလွယ်ဘူး။ ဘာလို့လဲဆိုတော့ စွမ်းအားမြင့် လုပ်သားတွေ ပါလာမယ်။ အခု ဘာလုပ်ကြရမလဲဆိုရင် ကုမ္ပဏီတွေကို နိုင်ငံတကာအဆင့်မီ ဖွဲ့စည်းထားရမယ်။ ဝန်ထမ်းတွေကိုလည်း နိုင်ငံတကာ အဆင့်အတန်းမီတဲ့ ပညာ အရည်အချင်းရအောင် လုပ်ပေးထားရမယ်။ အဲ့ဒီလိုကုမ္ပဏီရော၊ ဝန်ထမ်းရော မြင့်တက်နေမှ သူတို့နဲ့ ပူးပေါင်းနိုင်မှာပါ။ အဲ့လိုမှမဟုတ်ရင် လက်ဝေခံလုပ်ငန်းတွေဖြစ်သွားလိမ့်မယ်။ အခု ထားဝယ်ရေနက်ဆိပ်ကမ်းမှာလိုပေါ့။ ထိုင်းတွေဝင်လာတယ်။ နေရာကောင်းတွေမှာ အလုပ်ရတယ်။ ထားဝယ်သားတွေက အလုပ်ကြမ်းလုပ်နေရတယ်။ အဲ့ဒီလို မဖြစ်အောင် အခုချက်ချင်း ပြင်ဆင်ထားရမယ်"ဟု ဦးရဲမြင့်(စွန့်ဦးတီထွင်)က ဆိုသည်။

7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012




# ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်စတက်သောနေ့

**သီဟ**

**နေပြည်တော်၊ မေ-၂**


ဓာတ်ပုံ-သီဟ

ပြည်သူ့လွှတ်တော် အဆောက်အအုံရှေ့သို့ ကားရပ်လိုက်သည်ဆိုသည်နှင့် ကြိုတင်စောင့်စားလျက်ရှိကြသည့် ပြည်တွင်း၊ ပြည်ပသတင်းသမားများ၊ ဓာတ်ပုံသမားများ ယောက်ယက်ခတ်ကုန်ကြသည်။ ကားပေါ်မှ ဆင်းလာသူများကတော့ ရှေ့ခန်းမှ အမျိုးသားလွှတ်တော်၏ အင်န်အယ်လ်ဒီကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏစိုး။ နောက်ခန်းမှ ဆင်းလာသူများက အများစောင့်မျှော်လျက်ရှိကြသည့် အင်န်အယ်လ်ဒီပါတီဥက္ကဋ္ဌနှင့် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားအမျိုးသမီးတစ်ဦးတို့ ဖြစ်သည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့နှင့် နောက်ဆုံးနေ့တွင် ကြားဖြတ်ရွေးကောက်ပွဲအနိုင်ရ အင်န်အယ်လ်ဒီပါတီကိုယ်စားလှယ်များဖြစ်သည့်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆိုကြမည်ဖြစ်သည်။

ပုံမှန်အားဖြင့် ဧပြီ ၃၀ တွင် လွှတ်တော်များ အဆုံးသတ်မည်ဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အင်န်အယ်ဒီကိုယ်စားလှယ်များ လွှတ်တော်တက်ရောက်မည်ဖြစ်သဖြင့် လွှတ်တော်အစည်းအဝေးများ၏ ပြီးဆုံးရက်ကို မေ ၂ ရက်သို့ ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုရာတွင် ပါဝင်သည့် စာသားတစ်ရပ်နှင့် ပတ်သက်၍ လွှတ်တော်တက်ခြင်း၊ မတက်ခြင်းအပေါ် အငြင်းပွားလျက်ရှိသည့်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အင်န်အယ်လ်ဒီကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကိုလည်းကောင်း၊ အခြားတိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များ၏ ဆန္ဒကိုလည်းကောင်းထောက်ထား၍ ယနေ့မေ ၂ရက်တွင်လွှတ်တော်တက်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ ပြုလုပ်သည့် လွှတ်တော်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အယ်လ်ဒီကိုယ်စားလှယ်များ လွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုရန်ပြုလုပ်ခြင်းဖြစ်သဖြင့် နေရပ်ပြန်ရန်၊ ရထား၊ ကား၊ လေယာဉ်လက်မှတ် ပြင်ဆင်ပြီးသူ ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ခွင့်အဖြစ် တိုင်ကြားကာ နေရပ်သို့ ပြန်သွားခဲ့ပြီဖြစ်သည်။ ထိုသို့နေရပ်ပြန်လွှတ်တော်ကိုယ်စားလှယ်ပေါင်း ပြည်သူ့လွှတ်တော်တွင် ၆၅ ဦးရှိသည်။

နံနက်၁၀နာရီတွင် ပြည်သူ့လွှတ်တော်စတင်ပြီး လွှတ်တော်၏လုပ်ငန်းစဉ်အချို့ ပြုလုပ်ပြီးသည်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်လွှတ်တော်ကိုယ်စားလှယ်သစ် ၃၄ ဦးတို့သည်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုကြသည်။ လွှတ်တော်မှာ ၁၀နာရီ ၄၅မိနစ်တွင်ပြီးဆုံး၍၊အစည်းအဝေးကျင်းပချိန်မှာ ၄၅မိနစ်သာကြာသည်။ သို့သော်ထိုနေ့မှာငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးတက်ရောက်သောလွှတ်တော်ဖြစ်၍ မြန်မာ့သမိုင်းအတွက် အရေးပါသောနေ့ဖြစ်ခဲ့သည်။






7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# ကချင်စစ်ဘေးဒုက္ခသည်များဘဝ ပိုမိုခက်ခဲလာ

**အေးမြကျော်**

**ရန်ကုန်၊ မေ-၇**

ကချင်ပြည်နယ်တွင် မိုးတွင်းကာလသို့စတင်ရောက်ရှိလာပြီဖြစ်ပြီး အရှိန်မြင့်လာသောတိုက်ပွဲများကြောင့်နေရပ်စွန့်ခွာလာသူဦးရေမှာလည်း ပိုမိုများပြားလာသဖြင့် စစ်ဘေးဒုက္ခသည်များမှာ ပိုမိုဒုက္ခရောက်လျှက်ရှိပြီး အစားအသောက်နှင့် နေထိုင်ရေးတို့အတွက် အကူအညီများစွာ လိုအပ်လျှက်ရှိကြောင်း စစ်ဘေးဒုက္ခသည်များကို အကူအညီပေးလျက်ရှိသော အဖွဲ့အစည်းများထံမှသိရသည်။

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့နှစ်ဖက်တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားနေသော ပန်ဝါ၊ ပါဂျောင်ဒေသများအနီးမှတိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးလာသူများမှာ ဝိုင်းမော်မြို့သို့ ထွက်ပြေးတိမ်းရှောင်လာကြပြီး လတ်တလော ကောက်ယူရရှိသော စာရင်းအရ လူဦးရေမှာလေးရာကျော်ရှိကြောင်းကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ စုံစမ်းသိရသည်။

ယခင်က တိုက်ပွဲများကြောင့် ကချင်ပြည်နယ်အတွင်းတွင် စစ်ဘေးဒုက္ခသည်ဦးရေခုနစ်သောင်းနီးပါးခန့် ရှိနိုင်သည်ဟု ခန့်မှန်းထားခဲ့ပြီး ယခု ထပ်တိုးလာသောလူဦးရေနှင့်ပေါင်းလျှင် ရှစ်သောင်းခန့်အထိ တိုးလာနိုင်ကြောင်း အကူအညီပေးနေသည့်အဖွဲ့များက ခန့်မှန်းနေကြသည်။

သင်္ကြန်ကာလမတိုင်မီရက်ပိုင်းနှင့် သင်္ကြန်ကာလအတွင်းတွင် ကချင်ပြည်နယ်အတွင်းနေရာအနှံ့တွင် ခပ်စိပ်စိပ်ဖြစ်ပွားလာသော တိုက်ပွဲများကြောင့် ချီဖွေ၊ ပန်ဝါ၊ ကန်ပိုက်တီး၊ ဆဒုံးအနီးတစ်ဝိုက်မှ ဒေသခံများမှာ အချို့က ဝိုင်းမော်နှင့်မြစ်ကြီးနားမြို့များရှိ ဆွေမျိုးအိမ်များနှင့် နီးစပ်ရာ စခန်းများသို့ ထွက်ပြေးတိမ်းရှောင်လာပြီးအချို့မှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ ထိစပ်ရာနယ်စပ်နေရာများသို့ထွက်ပြေးတိမ်းရှောင်သွားသူများရှိကြောင်း ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှသိရသည်။

ထပ်တိုးစစ်ဘေးဒုက္ခသည်များအတွက် ခိုလှုံနေထိုင်စရာယာယီတဲများကို အလျင်စလိုဆောက်လုပ်နေရကြောင်း မြစ်ကြီးနားမြို့ကိုအခြေပြုကာကူညီပေးနေသော ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ပွဲပြင်းထန်နေသော ပန်ဝါဒေသအနီးတစ်ဝိုက်တွင်နေထိုင်လျက်ရှိသော ဒေသခံများမှာလည်းအစားအသောက်များနှင့် အကူအညီများလိုအပ်လျက်ရှိသော်လည်း ထိုနေရာများအရောက် အထောက်အပံ့အကူအညီများပေးနိုင်ရေး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(UN)ကသွားရောက်ရန် အဆိုပြုထားသော်လည်း ယခုထိ ခွင့်ပြုချက် မရရှိသေးကြောင်း ဗန်းမော်မြို့နယ်တွင်းမှ ကချင်စစ်ဘေးဒုက္ခသည်များကို အကူအညီပေးနေသော အဖွဲ့အစည်းတစ်ခုမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြစ်ကြီးနား-ကန်ပိုက်တီးကားလမ်းပေါ်ရှိ ဆဒုံးမြို့သို့အနီးအနားရွာများမှ တိုက်ပွဲများကြောင့် ထွက်ပြေးခိုလှုံလာကြသောနေရပ်စွန့်ခွာထွက်ပြေးလာသူများ(Internal Displace Persons-IDP) သည် ထိုဆဒုံးမြို့တွင် ဆက်လက်နေထိုင်ရန် အခက်အခဲရှိသဖြင့် ပြီးခဲ့သောရက်သတ္တပတ်က လူ ၃၀၀ ကျော်သည် ဝိုင်းမော်မြို့ရှိ စစ်ဘေးဒုက္ခသည်စခန်းများသို့ ထပ်မံတိမ်းရှောင်ကာ ရောက်ရှိလာကြောင်း ကချင်ပြည်နယ်တွင်းစစ်ဘေးဒုက္ခသည်များကို အဓိကအကူအညီပေးနေသောအဖွဲ့အစည်းဖြစ်သည့် KBCမှတာဝန်ရှိသူတစ်ဦးကပြောသည်။ မိုးတွင်းကာလရောက်ရှိတော့မည်ဖြစ်၍ အချို့နေရာများတွင် အမိုးအကာပင်မရှိဘဲဖြစ်သလိုနေထိုင်နေကြရပြီး ကချင်ပြည်နယ်တွင် မိုးရွာသွန်းလျှင် သည်းထန်စွာရွာတတ်သဖြင့်အမိုးအကာအတွက် မိုးကာများသက်သက်မလုံလောက်ဘဲ သွပ်ပြားများဖြင့် မိုးကာမှသာ အဆင်ပြေပြီး လတ်တလောတွင် အမိုးအကာအတွက် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့မှ စစ်ဘေးဒုက္ခသည်စခန်းများမှ သိရသည်။

နေရပ်စွန့်ခွာထွက်ပြေးသူအများစုမှာစိုက်ပျိုးရေးလုပ်ကိုင်ကြသူများဖြစ်ကြပြီး မိုးတွင်းရောက်လာပြီဖြစ်၍ နေရပ်သို့ ပြန်ကာစိုက်ပျိုးရမရ ပြန်လည်သွားရောက်ကြည့်လိုသူများ ရှိသော်လည်း တိုက်ပွဲများမှာ နေ့စဉ်ဆိုသလိုဖြစ်နေသေးသဖြင့်ပြန်ရန်လတ်တလော မဖြစ်နိုင်သေးကြောင်း မြစ်ကြီးနားနှင့် ဝိုင်းမော်စစ်ဘေးဒုက္ခသည်စခန်းတွင် နေထိုင်သူများက ပြောကြားသည်။

ကချင်ပြည်နယ်အတွင်းတွင်တိုက်ပွဲများဖြစ်ပွားလာသည်မှာ ယခုနှစ်ဇွန်လတွင် တစ်နှစ်ပြည့်တော့မည်ဖြစ်ပြီး တိုက်ပွဲများမှာ ယခုရက်ပိုင်းအတွင်း ပိုမိုပြင်းထန်လာသဖြင့် နေရပ်စွန့်ခွာသူဦးရေမှာ ထပ်မံတိုးပွားလျက်ရှိကာ တိုက်ပွဲများမှာလည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။



**ဝိုင်းမော်မြို့ သာဂရဘုန်းတော်ကြီးကျောင်းအတွင်းရှိ စစ်ဘေးဒုက္ခသည်စခန်းတစ်ခုမြင်ကွင်း**

ဓာတ်ပုံ-အေးမြကျော်

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြင်ပအလှူငွေများ တရားဝင်လက်ခံနိုင်ပြီ

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၄**

ယခင်ကနိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတစ်ခုတည်းဖြင့်သာပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှာ ယခုအခါ ပြင်ပအလှူငွေများ လက်ခံနိုင်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှု ရန်ပုံငွေတည်ထောင်ခွင့်ပြုကြောင်း ယင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**စာ(၃၀)သို့**



## စာ-၂၉၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြင်ပအလှူငွေများ တရားဝင်လက်ခံနိုင်ပြီ မှ

ပြင်ပအလှူငွေများလက်ခံနိုင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေသည် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံတော်ငွေစာရင်းတွင်ဖော်ပြရမည်ဟုပုဒ်မ ၈ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ဖော်ပြထားပြီး ထိုဥပဒေကို ကိုးကားပြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ အတွင်းရေးမှူး ဦးသိန်းလွင်က ပြောကြားရာတွင် "လွှတ်တော်မှာ ဒီရန်ပုံငွေကို ထားဖို့ ဆွေးနွေးခဲ့တုန်းက နိုင်ငံတကာက နိုင်ငံရပိုင်ခွင့်တွေကို ပေးတဲ့အခါ ဒီရန်ပုံငွေထဲထည့်ဖို့ ရည်ရွယ်ပြီး ထည့်သွင်းခဲ့တာပါ။ ဥပမာပြောရရင် ကာဗွန် Credit အတွက် နိုင်ငံကရငွေတွေ ဆိုလိုတာပါ။ ကမ္ဘာမှာလည်း ကာဗွန် Saveဖြစ်တဲ့နိုင်ငံတွေကိုထောက်ပံ့ကူညီတယ်လေ။ အဲဒီငွေတွေကို ထိန်းသိမ်းလှည့်ပတ်ဖို့ ရည်ရွယ်ပြီး လုပ်ခဲ့ကြတာပါ"ဟု ပြောသည်။

ယခင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာ အကူညီများဖြင့် တိုက်ရိုက်လက်ခံခြင်းမရှိခဲ့သော်လည်း ကူညီမည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်း (သို့မဟုတ်)စိစစ်ခွင့်ပြုခြင်းများကို လုပ်ဆောင်ခဲ့သည်။

"အခုလို ရန်ပုံငွေ တစ်ရပ်ကို ထူထောင်လိုက်တော့ နိုင်ငံအတွက် ကောင်းတာပေါ့။ NGO တွေရဲ့ ရန်ပုံငွေ ရရှိမှုကို ဘယ်လိုမှ မထိခိုက်နိုင်ပါဘူး။ ဒါပေမဲ့ ရန်ပုံငွေ အကူအညီတွေရခဲ့ရင်လည်း နိုင်ငံတော်က Civil Society ကို တိုက်ရိုက်သက်ရောက်နိုင်မယ့် လက်ဝေဖြန့်သုံးမှုတွေ လုပ်ရင်တော့ ကောင်းတာပေါ့" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသူ Ecodevမှမန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောသည်။

ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံတကာအကူညီများသည် နိုင်ငံတော်အစိုးရဆီသို့ တိုက်ရိုက်မသွားဘဲ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများမှ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် လုပ်ဆောင်ကြသည်။

နိုင်ငံတကာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု ရန်ပုံငွေသည် Green Tax ဟူသော အခွန်ကောက်၍ ထိန်းညှိခြင်းဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ထပ်မံပြောသည်။ မြန်မာနိုင်ငံအား လူမှုရေးထောက်ပံ့ကူညီမှုများကို နိုင်ငံတကာက ပေးခဲ့ပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး နောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကူညီပေးမှုများ များခဲ့သည်။ ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူမှုအဖွဲ့အစည်းများ ၂၀၀၈ခုနှစ်နောက်ပိုင်းတွင် အရေအတွက်များစွာပေါ်ပေါက်လာပြီး နောက်ဆုံးရသော အချက်အလက်များ အရဦးရေ၂၀ နီးပါးရှိပြီဖြစ်သည်။

## စာ-၉၊ အပြစ်မဲ့ပန်းကလေးများ မနွမ်းကြေစေချင် မှ

ခိုနားရာအသိုက်မဲ့၊ ရင်ခွင်ပျောက်ရှာသော ဥသြငှက်ကလေးများ၏အသံကိုသာ ကျွန်မကြားရပါသည်။ သူကလေးတို့ကို ကျွန်မ၏မျက်စိဖြင့် မမြင်တွေ့ရပါ။ ဝမ်းနည်းအားငယ်စွာ ငိုညည်းနေရှာသူလေးတို့၏ သနားစဖွယ် မျက်နှာလေးများကို ကျွန်မ၏ အတွေးအာရုံထဲတွင် မြင်ယောင်ပြီး စိတ်ထိခိုက်ကြေကွဲရပါသည်။

ဥသြငှက်မများအားအသိုက်ဆောက်ပေးပြီးကိုယ်တိုင်ဝပ်စေရန် လေ့ကျင့်သင်ကြားပေး၍လည်း ရနိုင်မည်မထင်ပါ။ သဘာဝတရား၏ ဖြစ်မှု၊ ပျက်မှုများကို ကျွန်မတို့လူသားများ မည်ကဲ့သို့ ပြုပြင်နိုင်ပါမည်နည်း။

မကြာသေးသော ကာလများအတွင်း ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၏ ငြိမ်းချမ်းရေး ဆွေးနွေးနေမှုများကို မြင်တွေ့ရသောအခါ ဝမ်းသာကြည်နူးမိပါသည်။ စားပွဲဝိုင်းတစ်ခုတည်း အတူထိုင်၍ ဆွေးနွေးကြသောအခါ တစ်ဦးနှင့်တစ်ဦး ပုခုံးချင်းဖက်၊ လက်ချင်းယှက်၍ နှုတ်ဆက်ကြပုံများကို တွေ့ရသောအခါ မျက်ရည်များလည်သည်အထိ ခံစားရပါသည်။ ကျွန်မတို့အားလုံးသည် အမိမြန်မာနိုင်ငံတော်၏ သား၊ သမီးများပင်။ ညီအစ်ကို၊ မောင်နှမ အရင်းအချာများပင်။ အမိမြေကို ချစ်ခြင်းဟူသော နှလုံးသားတစ်ခုတည်းပင်။

အမျိုးမျိုးသော အမှောင့်ပယောဂများကြောင့် ကျွန်မတို့ မိသားစုဝင်အချင်းချင်း တစ်ဦးကိုတစ်ဦး အပြစ်မြင်ကာ ရန်စောင်နေကြသည်မှာ ကြာရှည်လှပါပြီ။ မောပန်းလှပါပြီ။ နစ်ဦး၊ နစ်ဖက် ဆုံးရှုံးနစ်နာမှုများလှပါပြီ။ စစ်ရေးနှင့် နိုင်ငံရေးအသိ အားနည်းသည့်ပြည်သူတစ်ဦးသာဖြစ်သော ကျွန်မ၏အမြင်ကို ရိုးစင်းစွာတင်ပြလိုပါသည်။ တိုက်ပွဲတို့၏ သဘောတရားနှင့် သေနင်္ဂဗျူဟာများကိုလည်း ကျွန်မ နားမလည်ပါ။ လက်ဝဲ၊ လက်ယာနိုင်ငံရေးအမြင်တို့နှင့်လည်း အလှမ်းဝေးလှပါသည်။ တိုက်ပွဲတစ်ခုဖြစ်သည်ဟု ကြားရတိုင်း စိတ်ထိခိုက်ကြေကွဲရပါသည်။ နှစ်ဖက်လုံးတွင် ပါဝင်သူများမှာသူစိမ်းများမဟုတ်။ ကျွန်မတို့၏ အစ်ကိုများ၊ မောင်ငယ်များ၊ ဦးကြီး၊ ဦးလေးများသာ မဟုတ်ပါလား။ မည်သူနိုင်သည်ဖြစ်စေ၊ မည်သူရှုံးသည်ဖြစ်စေ အသက်စတေးသွားရသူများမှာ ညီအစ်ကိုရင်းများ မဟုတ်ပါလား။ သွေးသားရင်းချာများ အချင်းချင်း အမိမြေပေါ်တွင် တစ်ဦးနှင့်တစ်ဦး အသက်စွန့် တိုက်ခိုက်နေကြသည်မှာ ရင်နာစရာကောင်းလှပါသည်။ ကျွန်မတို့ အားလုံးတစ်ဦးနှင့်တစ်ဦး သံသယရှင်းလင်း၍ နားလည်မှု တည်ဆောက်နိုင်သည့်အခါ စစ်မြေပြင်တွင်ကျဆုံးရမည့် ညီအစ်ကိုများ၏ နပျိုတက်ကြွမှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အားသွန်ခွန်စိုက်ကျရာနေရာများတွင် တာဝန်ယူဆောင်ရွက်နိုင်ပေလိမ့်မည်ဟု ကျွန်မယုံကြည်ပါသည်။

မိန်းမသားတစ်ဦးဖြစ်သော ကျွန်မအား စိတ်အထိခိုက်ဆုံးသော ဖြစ်ရပ်များမှာ. . . .

ယောကျ်ားအချင်းချင်း အမျိုးမျိုးသော အကြောင်းတရားတို့ဖြင့် တိုက်ပွဲဆင်နွှဲသောအခါအပြစ်မဲ့ ပြည်သူပြည်သားများ (အထူးသဖြင့်)ကလေးငယ်များ၏ ကြောက်လန့်တကြားပြေးလွှားနေမည့် ပုံရိပ်များပင်။ စစ်ပွဲဟူသည့် သွေးဆာနေသည့် နတ်ဆိုးကား အသက်ကြီးသည်။ ငယ်ရွယ်သည် မခွဲခြား။ ယောကျ်ား၊ မိန်းမ၊ ကလေးဟူ၍ မညှာတာ။ သူ၏ လက်လှမ်းမှီရာ အရပ်ရှိ သက်ရှိများအားလုံးနှင့် မြို့၊ ရွာများကို ခြေမွ၊ ဖျက်ဆီးသည်။ အေးချမ်း၊ ပျော်ရွှင်နေသည့် မိသားစုဘဝများကို ပြိုကွဲပျက်စီးစေသည်။

စစ်ပွဲမတိုင်မီကာလများအတွင်း မိဘအရိပ်တွင် ပျော်ရွှင်စွာ ဆော့ကစားနေသော၊ ငြိမ်းချမ်းစွာ ပညာသင်ကြားနေသော ကလေးငယ်များမှာ ဖြူစင်သော၊ သောကမဲ့သော မျက်ဝန်းများနှင့်။

သေနတ်သံ၊ ဗုံးသံ၊ ယမ်းငွေ့နှင့် ကျည်ဆန်များအကြား အသက်လုပြေးလွှားရသောအခါ သေသည်၊ ရှင်သည် မသေချာသော မိဘညီအစ်ကိုမောင်နှမများကို ဘယ်သို့လိုက်ရှာရမည်မသိ။ ပျော်ရွှင်ငြိမ်းချမ်းသော ဘဝသည် အတိတ်တွင် ကျန်ခဲ့ပေပြီ။ စစ်ဘေးဒဏ်သင့် ဒုက္ခသည်များစခန်းတွင် မိသားစုနှင့်အတူ ရှိနေသော ကလေးများမှာ အနည်းငယ်ဖြေသာပါလိမ့်မည်။ မိဘမဲ့ရှာသူလေးတို့၏ အနာဂတ်ကား မရေရာ။

သူကလေးတို့၏ သနားစဖွယ် မျက်နှာလေးများကိုသာ ဂျာနယ်များတွင် ကျွန်မမြင်တွေ့ရပါသည်။ ကလေးငယ်တို့၏ စကားသံများကို မကြားရပါ။ သို့သော် ကျွန်မ၏ သောကအာရုံတွင် ဝမ်းနည်းစွာ ငိုရှိုက်သံတို့ကို သူတို့၏ မျက်ဝန်းလေးများမှ တစ်ဆင့် ခံစားကြားယောင်မိပါသည်။ အပြစ်မဲ့သော ပန်းကလေးများ မနွမ်းစေချင်ပါ။ ခါးသီးမုန်းတီးဖွယ် စစ်ပွဲများကို ရပ်တန့်စေချင်ပါသည်။

သဘာဝတရားကြောင့် အသိုက်မဲ့သော ဥသြလေးတို့အတွက် ကျွန်မတို့ စီမံဖန်တီးပေးရန် မဖြစ်နိုင်သော်လည်း လူသားတို့ကြောင့်ဖြစ်သော စစ်ပွဲများကို လူသားများသာ ရပ်တန့်နိုင်ပါလိမ့်မည်။ ကျွန်မတို့ တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမများ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်သောအခါ စစ်ပြေးဒုက္ခသည် စခန်းများမှ အပြစ်မဲ့လူမမယ်ကလေးများ၏ အားငယ်စွာငိုရှိုက်သံလေးတို့အစား စာသင်ကျောင်း၏ရှေ့ နိုင်ငံတော်အလံတော်အောက်ဝယ် "များလူခပ်သိမ်း၊ ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ပြည်. . . တို့ပြည်. . . တို့မြေ" ဟူသော အားမာန်တက်ကြွစွာ သီဆိုလိုက်သည့် နိုင်ငံတော်သီချင်းသံတို့သည်မြန်ပြည်မြောက်ဖျား ဆီးနှင်းဖုံးလွှမ်းသည့် ရေခဲတောင်များမှသည် တောင်ဘက်စွန်း ဘုရင့်နောင်အငူရှိရာ ပင်လယ်ကမ်းခြေများ အထိ။ အရှေ့ဘက် ရှမ်းတောင်တန်းများမှသည် အနောက်ဘက်ချင်းတောင်နှင့် ရခိုင်ရိုးမများအထိ မြေပြန့်လွင်ပြင်များကို ဖြတ်သန်းကာ ပျံ့လွင့်ပေလိမ့်မည်။

အနာဂတ် နိုင်ငံ့ရတနာများဖြစ်သည့် ကလေးငယ်များ၏ ဘဝများ ငြိမ်းချမ်းသာယာပါစေ။ ပင်လုံမြေမှ သန္ဓေတည်ခဲ့သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်များ ပြန်လည်ခိုင်မာလာပါစေ။ တစ်ဦးနှင့်တစ်ဦး နားလည်ယုံကြည်မှုများဖြင့် စည်းလုံးညီညွတ်စွာ တွဲလက်ခိုင်မာစွာဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အတူလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းလျက်. . .။


### Myanmar Minerva Education Center (MMEC)

တိုက်(A)၊ အခန်း (412)၊ (4) လွှာ၊ ယုဇန Highway Complex (ယခင်ဆင်မလိုက်အဝေးပြေးဂိတ်)၊ အရှိုးဆေးရုံကြီးရှေ့ ဟံသာဝတီလမ်း၊ ကမာရွတ်မြို့နယ်၊
Ph: 01- 505054, 0964-50626
Email: minerva-edu@myanmar.com.mm

Myanmar Minerva Education Center (MMEC) မှ အောက်ဖော်ပြပါဘာသာရပ်များ ပါဝင်သော Social Sciences (လူမှုရေးသိပ္ပံဘာသာတွဲ) ကို May (23) ရက်နေ့မှ စတင်၍လည်းကောင်း၊ Development Studies (ဖွံ့ဖြိုးရေးဘာသာတွဲ) သင်တန်းကို May (26) ရက်နေ့မှ စတင်၍လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

**Social Sciences**
1) Sociology
2) International Relations
3) Comparative Politics
4) Public Policy
5) Conflict Resolution
6) Rule of Law
7) History
8) Critical Thinking
9) Political Economy

**Development Studies**
1) Development Economics
2) Social Mobilization
3) Development as Freedom
4) Gender and Development
5) Social Development
6) Environmental Problems and Sustainable Development
7) Environmental Policies and Management
8) Public Management

- Development Studies သင်တန်းမှာ စနေ-တနင်္ဂနွေသင်တန်း ဖြစ်ပြီး စုစုပေါင်းရက်သတ္တပတ်(၉)ပတ် ကြာမြင့်မည် ဖြစ်ပါသည်။ Social Sciences သင်တန်းမှာ (ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာရက်)များ ဖြစ်ပြီး စုစုပေါင်းရက်သတ္တပတ်(၉)ပတ်ကြာမြင့်မည်ဖြစ်ပါသည်။
- သင်တန်းသားဦးရေ(၂၅)ဦးသာ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်း အပ်နှံထားနိုင်ပြီး Social Sciences (လူမှုရေးသိပ္ပံဘာသာတွဲ)အား May (၂၀)ရက်နေ့အထိလည်းကောင်း၊ Development Studies (ဖွံ့ဖြိုးရေး ဘာသာတွဲ) အား May (၂၅)ရက်နေ့အထိလည်းကောင်း ကျောင်းအပ်လက်ခံမည်ဖြစ်ပါသည်။
- သင်တန်းအတွက် အသက်ကန့်သတ်ချက်မရှိသော်လည်း ပညာအရည်အချင်း အနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရပါမည်။
- နိုင်ငံခြားတက္ကသိုလ်များမှ မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိပြီးသော သင်ကြားမှုအတွေ့အကြုံရှိ ဆရာ/ ဆရာမများမှ သင်ကြားပို့ချမည်ဖြစ်ပါသည်။



### JYJC
Jishugakkan Yangon Japanese Center

- ဂျပန်နိုင်ငံရှိ Jishugakkan (JSG)ကျောင်းမှ တိုက်ရိုက်လာရောက်ဖွင့်လှစ်ထားသော ကျောင်းဖြစ်ပါသည်။
- ၂၀၁၂ အောက်တိုဘာတန်းအတွက် ကျောင်းလျှောက်လိုသူများ ၁၁-၅-၂၀၁၂ တွင် နောက်ဆုံးထား၍ နာမည်စာရင်းသွင်းရန်။
- ဂျပန်စာသင်တန်းအသစ်များကို အခြေခံမှစ၍ JLPT (N5, N4, N3) တန်းခွဲအသစ်များကို ၁၄-၅-၂၀၁၂ တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
- ၂၀၁၂ ဧပြီတွင် ကျောင်းဝင်ခွင့် ဗီဇာရရှိခဲ့သော ကျောင်းသား/သူ ၇ ယောက်ဖြစ်ပါသည်။

**ဆုံစမ်းရန်**- Room No(101), Building A, Yuzana Street, Highway Complex Kamaryut Township, Yangon, Myanmar. Tel: 01-504268 Mobile: 09-431 39339, E-mail: jyjc0101@gmail.com.




မနက်တိုင်း ကျွန်တော်စားနေကျ မုန့်ဟင်းခါးဆိုင်က အဒေါ်ကြီးက ကိုးတန်းအောင်တဲ့ သူ့သမီးကို ကျောင်းဆက်မထားတော့ဘူးဆိုတာနဲ့ တစ်ရက်မှာ မုန့်ဟင်းခါးစားရင်း အကျိုးအကြောင်း မေးကြည့်မိသည်။

"မထားတော့ဘူး ဆရာ။ ကိုယ်က သူများလို ကျူရှင်တွေဘာတွေလည်း မထားနိုင်ဘူး။ ကျူရှင်မတက်ဘဲလည်း ဆယ်တန်းအောင်ဖို့မလွယ်ဘူး။ အောင်ပြန်တော့လည်း အလုပ်ရဖို့က မလွယ်ဘူး။ အကြီးကောင်တုန်းကလည်း ဆယ်တန်းအောင်ပြီးကတည်းက ရယက စာရေးလေးရရ၊ ရုံးစာရေးလေးရရဆိုပြီး ကြိုးစားလိုက်ရတာ။ အဝေးသင်နဲ့ ဘွဲ့ရတာရော ဘာအလုပ်မှမရတော့ ခုတော့ ပန်းရန်လိုက်လုပ်လိုက်၊ လက်သမားလိုက်လုပ်လိုက်နဲ့။ အစိုးရအလုပ်လည်း မျှော်မနေတော့ပါဘူး။ ဒါတွေလုပ်ဖို့ ဆယ်တန်းအောင်စရာ မလိုဘူးလေဆရာ။ ဒါကြောင့် အငယ်မတော့ မထားတော့ဘူး ဆရာ"

မုန့်ဟင်းခါးဆိုင်ထဲက ထွက်လာပြီးနောက် ကျွန်တော့်ခေါင်းထဲမှာ အတွေးပေါင်းစုံဖြင့် ရှုပ်ထွေးနေသည်။ ဘာအတွက် ပညာသင်နေကြတာလဲ။ မိဘတွေကရော ငွေကုန်ကြေးကျခံပြီး ဘော်ဒါကြီးတွေ အပ်ကြ၊ ကျူရှင်ကောင်းကောင်းတွေ ထားကြ။ ဘာအတွက်လဲ။ အဖြေအမျိုးမျိုးရှိပေလိမ့်မည်။ တချို့ကျတော့ ကိုယ့်သားသမီးက ဉာဏ်ရည်ဉာဏ်သွေးလေးကောင်းသဖြင့် ဆယ်တန်းမှာ အမှတ်ကောင်းကောင်းနှင့် အောင်သွားလျှင် ရေကြောင်းတက္ကသိုလ်တို့၊ ဆေးတက္ကသိုလ်တို့ ရအောင် မိမိတို့နေအင်အားဖြင့် ပံ့ပိုးကြခြင်းဖြစ်သည်။ အချို့ကျတော့ သားသမီးများအတွက် စီးပွားရေးလုပ်ငန်းက အဆင်သင့်ထူထောင်ပြီးဖြစ်သည်။ ကျောင်းပြီးတာနဲ့ သားတွေသမီးတွေလက်ထဲထည့်လိုက်ရုံသာ။ အိမ်မှာ ဘွဲ့ဓာတ်ပုံကြီးတွေ ခံ့ခံ့ညားညား ချိတ်ထားဖို့အတွက်လောက်သာ ကျောင်းထားပေးခြင်း၊ ပညာသင်ပေးနေခြင်းဖြစ်သည်။

သို့သော် လက်လုပ်လက်စားမိဘများ၊ ဝန်ထမ်းအငယ်စားမိဘများကတော့ ကိုယ့်သားသမီးကိုယ်ကိုယ့်ထက်အဆင့်မြင့်တဲ့ အသက်မွေးမှုမျိုးနဲ့ ဘဝရပ်တည်နိုင်ဖို့အတွက် မရှိသည့်ကြားက ကြိုးစား၍ ကျောင်းထားပေးနေကြခြင်းဖြစ်သည်။ အထူးသဖြင့် ကျွန်တော်တို့ပတ်ဝန်းကျင်က ပန်းရန်၊ လက်သမား၊ ဈေးသည် စသည့် မိဘများသည် သူတို့၏ သားသမီးများကို သူတို့လို ပန်းရန်၊ လက်သမား၊ ဈေးသည် မဖြစ်စေချင်ကြပေ။ ပတ်ဝန်းကျင်တွင် မြင်တွေ့နေရသည့် ဆရာ၊ ဆရာမများလို၊




# ပညာသင်ခြင်းနှင့် အသက်မွေးမှု

■ မင်းသန်းထိုက် (ဒေးဒရဲ)

ရုံးစာရေး၊ စာရေးမလေးများလို ယူနီဖောင်းလေးဝတ်ပြီး ကျောင်းတက်၊ ရုံးတက်တာကို မြင်ချင်သည်။ သည့်အတွက် ရှိသမျှအင်အားကလေးနှင့် ကျားကုတ်ကျားခဲကျောင်းထားပေးခြင်းဖြစ်သည်။ သို့သော် လက်တွေ့တွင် မျှော်လင့်သည့်အတိုင်း ဖြစ်မလာသောအခါကျောင်းထား၍ ပညာသင်ကြားပေးနေရခြင်းအပေါ် သံသယတွေဖြစ်လာတော့သည်။ သည်လိုနှင့် ဝန်ထမ်းမဟုတ်သည့် အလုပ်ကြမ်းတွေလုပ်ဖို့အတွက် ဆယ်တန်းအောင်စရာမလိုဟူသော အတွေးတွေ ဝင်လာတော့၏။ ကျောင်းထားရသည့် စရိတ်စကကလည်းကြီးတော့ အတန်းပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထုတ်ပစ်လိုက်ကြတော့သည်။

ကျွန်တော်တို့ဆယ်တန်းအောင်စ ၁၉၈၀ ဝန်းကျင်က အစိုးရဝန်ထမ်းလုပ်ချင်လျှင် အလွန်လွယ်သည်။ ကိုယ်က အလုပ်ကိုလိုက်ရှာစရာမလို။ အလုပ်က ကိုယ့်နောက်လိုက်လာသည်။ ပညာရေးဌာနဝင်မလား။ ကုန်သွယ်ရေးဝင်မလား။ စိုက်ပျိုးရေးဝင်မလား။ စိုက်ဘဏ်၊ စီးဘဏ်၊ မြေစာရင်း ဘယ်မှာလုပ်ချင်သလဲ။ အလွယ်တကူဝင်လုပ်၍ရသည်။ ဘယ်သူ့မှ ကပ်စရာမလို။ ကိုယ့်ဘက်က လျှောက်လွှာလေးတစ်စောင်တင်ပြီး လူတွေ့ခေါ်မည့်ရက်ကို ထိုင်စောင့်နေရုံသာ။ အဲစိုက်ဘဏ်၊ စီးဘဏ်တို့ကတော့ တခြားဌာနတွေနှင့်စာရင်နည်းနည်းခက်သည်ဆိုရုံလောက်သာ ရှိသည်။

ပြောရလျှင် ၁၉၈၉ လောက်မှာတောင် ပညာရေးဌာနတို့ ဘာတို့မှာ အလုပ်ဝင်ရတာ သိပ်မခက်ခဲသေး။ ထိုနှစ်ကျောင်းတွေ ပြန်ဖွင့်ခါနီး ကျွန်တော်မူလတန်းပြဆရာအလုပ်သွားလျှောက်သည်။ ဒီကနေ့ လျှောက်လွှာတင်တယ်ဆိုနောက်တစ်နေ့ ကျွန်တော့်လက်ထဲ ခန့်စာရောက်လာသည်။ ကျွန်တော်တောင် အတော်အံ့အားသင့်သွားသည်။ ဒီထက်ပို၍ အံ့ဩစရာကောင်းသည်က ကျွန်တော်တို့ကို အလုပ်ခန့်ပြီးမှ (ကျွန်တော်ဆိုတာ ကျွန်တော်နဲ့အတူ အခြားဆရာမတစ်ယောက်လည်းပါသည်။) အလုပ်သမားမှတ်ပုံတင်သွားလုပ်ခိုင်းသည်။ ဖျာပုံမြို့က လေဘာရုံးမှာ သွားလုပ်ရခြင်းဖြစ်သည်။ လေဘာရုံးမှာ ကျွန်တော်တို့နှစ်ယောက်ထိုင်စောင့်နေရတာကို အားနာလို့ဆိုပြီး ဦးစီးမှူးက ကျွန်တော်တို့ကို ရုံးအောက်က လက်ဖက်ရည်ဆိုင်ကနေ လက်ဖက်ရည်မှာပြီး တိုက်သည်။ မယုံလျှင် ပုံပြင်လို့သာ မှတ်လိုက်ကြပါ။ အဲဒါကျွန်တော့်ကိုယ်တွေ့စစ်စစ်ဖြစ်ပါသည်။

ခုတော့လည်း အတိတ်သည် အတိတ်ထဲမှာပဲ တိတ်တိတ်ကလေး ကျန်ရစ်ခဲ့ပါပြီ။ ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်မှာ ကိုယ်ရည်ကိုယ်သွေးမြင့်မားဖို့၊ အသိဉာဏ် ရင့်သန်ထက်မြက်ဖို့၊ တွေးခေါ်မြော်မြင်တတ်ဖို့ စတာတွေပါသလို အသက်မွေးဝမ်းကျောင်းမှုလွယ်ကူသက်သာဖို့လည်း ပါပါသည်။ အချိန်တွေ ငွေတွေ အမြောက်အမြားအကုန်အကျခံ၊ ပညာတွေသင်၊ ဘွဲ့တွေရပြီးမှ ထမင်းတစ်လုတ်အတွက် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရသည်ဆိုလျှင် မိဘများသာမက ကျောင်းသားများပါ ပညာရေးအပေါ် အယုံအကြည်ကင်းမဲ့လာနိုင်သည်။ အဝေးသင်တက္ကသိုလ်ကနေ E.majorနဲ့ ဘွဲ့ရထားတဲ့ လူငယ်လေးတစ်ယောက်က အဝေးပြေးကားမှာ စပယ်ယာဝင်လုပ်နေသည်။ နေ့တက္ကသိုလ်သွားတက်ပြီး B.Scဘွဲ့ကို I.Cနဲ့ပြီးလာတဲ့သူက စာဖတ်ခန်းတစ်ခုမှာ တစ်လသုံးသောင်းလောက်နဲ့ ရရာဝင်လုပ်နေရသည်။ ဈေးထဲက အထည်ဆိုင်တွေ၊ ကုန်ခြောက်ဆိုင်တွေမှာ ဆယ်တန်းအောင်ပြီးသားကလေးတွေ၊ အဝေးသင်တက္ကသိုလ်တက်ဆဲကလေးတွေ ကြုံရာကျရာ ဝင်လုပ်နေရသည်။ အချို့ဆိုင်ရှင်တွေက သတင်းစာကိုတောင် သွက်သွက်မဖတ်နိုင်ကြ။ သို့သော် သူတို့က ဆိုင်ပေါ်မှာ မိန့်မိန့်ကြီးတွေထိုင်ပြီး ဆယ်တန်းအောင်၊ ဘွဲ့ရတွေက သူတို့အတွက် လက်ဖက်ရည်ကိုတောင် ချိုင့်နဲ့သွားဝယ်ပေးရတဲ့ ဘဝမျိုး။ သည်တော့ တချို့ကလေးတွေက ကျောင်းတက်ပြီး ပညာသင်ခဲ့တာကိုပဲ မှားသလိုလို တွေးထင်လာကြသည်။

သင်္ကြန်မတိုင်ခင်က ရန်ကုန်မှာ အလုပ်သွားလုပ်နေတဲ့ ကျွန်တော့်တပည့်လေးတစ်ယောက် ပြန်လာသည်။ သူက အဝေးသင်တက္ကသိုလ်ကနေ ရူပဗေဒအဓိကနဲ့ ဘွဲ့ရပြီးသား။ ရန်ကုန်သွား အလုပ်လုပ်နေတယ်ဆိုတော့ ဘာအလုပ်မှန်းလည်း ကျွန်တော်မသိ။ သူ့အိမ်ကို မေးတော့လည်း မရေမရာ။ ယခု သူပြန်လာလို့ ပြောပြတော့မှ ကျွန်တော့်မှာ သူ့ကို အတော်သနားသွားသည်။ အမှုန့်ကြိတ်တဲ့စက်ရုံကြီးတစ်ခုမှာ ငရုတ်သီးအိတ်တွေ၊ မဆလာအိတ်တွေ ထမ်းရသတဲ့။ တစ်လကို ခြောက်သောင်းရသတဲ့။ သင်္ကြန်ပြီးလို့ ရန်ကုန်ပြန်ခါနီး လာနှုတ်ဆက်ရင်း သူက ပြောသွားသည်။ အစကတည်းက ဒီအလုပ်ပဲ ရမယ်မှန်းသိရင် ဆယ်တန်းအောင်အောင် မဖြေခဲ့ပါဘူး ဆရာ။ ဒါမှ ငါဆယ်တန်းမအောင်လို့ ဒါမျိုးလုပ်ရတယ်ဆိုပြီး ဖြေသာဦးမယ်ဆရာ။ ခုတော့ စာတွေကျက်ခဲ့ရတာ ပြန်တွေးရင် ရင်နာတယ်တဲ့။ ကျွန်တော့်စိတ်ထဲမှာမကောင်း။ ကိုယ့်မှာ အရည်အချင်းရှိပြီးသားဆိုတော့ အခွင့်အရေးပေါ်တဲ့တစ်နေ့ ဒီဘဝက လွတ်မှာပေါ့ကွာ။ စိတ်ပျက်အားလျှော့တာတွေ မတွေးပါနဲ့ဟုပဲ ကျွန်တော့်မှာ အားပေးလိုက်ရသည်။

ပြီးခဲ့တဲ့ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးခရီးစဉ်တွေမှာ အမြို့မြို့အနယ်နယ်ကပြည်သူတွေ အုန်းအုန်းကျက်ကျက် ကြိုဆိုကြတာ ဂျာနယ်တွေမှာ မြင်ရဖတ်ရသည်။ သည်အထဲက ပုသိမ်ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်ကို ပုသိမ်မြို့က လူငယ်တွေ ကြိုဆိုကြပုံက အခြားမြို့များနှင့်မတူ ထူးခြားနေသည်။ "အမေစုကို ဘွဲ့ရအလုပ်လက်မဲ့များက ကြိုဆိုပါသည်"တဲ့။ ဆိုင်းဘုတ်ကလေးထောင်လို့၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ကြိုဆိုရင်း သူတို့၏ လက်ရှိအခြေအနေကိုပါ ရင်ဖွင့်လိုက်ခြင်းဖြစ်သည်။

သင်္ကြန်အပြီး ဧပြီ (၂၆)ရက်ထုတ် 7 Day News ဂျာနယ်တွင် ဆရာဝန်များနှင့် ပတ်သက်သည့် သတင်းတစ်ပုဒ်ဖတ်ရသည်။ ပြည်သူ့ ဆေးရုံကြီးများတွင် လက်ထောက်ဆရာဝန်ရာထူး ၁၈၀၀ ကျော်လစ်လပ်နေကြောင်း၊ လက်ထောက်ဆရာဝန်သင်တန်းတက်ရောက်ရန် စောင့်ဆိုင်းနေသော ဆ/မလက်မှတ်ရရှိထားသည့် ဆရာဝန်အများအပြားရှိနေကြောင်း၊ ၂၀၁၁ ခုနှစ်အတွက် လက်ထောက်ဆရာဝန်သင်တန်းတက်ရောက်ရန် ၂၀၀၂ ခုနှစ် ဆေးတက္ကသိုလ်ကျောင်းသားများထဲမှ ခေါ်ယူခဲ့ရာ လူ ၁၀၀၀ ကျော် ဝင်ရောက်ဖြေဆိုပြီး လူ ၅၀၀ ခန့်သာ ရွေးချယ်ခံခဲ့ရကြောင်း ထိုသတင်း၌ ဖော်ပြထားသည်။ ဆေးတက္ကသိုလ်မှ နောက်ဆုံးဘွဲ့ယူထားသူများမှာ ၂၀၀၅ ခုနှစ်ကျောင်းသားများဖြစ်ရာ ၂၀၀၂ ခုနှစ်ကျောင်းသားများကိုပင် ကုန်စင်အောင် အလုပ်မခန့်နိုင်သေးသည့်အတွက် ၂၀၀၅ ခုနှစ် ဆေးတက္ကသိုလ်ဝင်ခွင့်ရကျောင်းသားများအဖို့ လက်ထောက်ဆရာဝန်ရာထူးကလေးရဖို့ဗျိုင်းလည်ပင်းဖြစ်အောင် စောင့်ကြရပေလိမ့်ဦးမည်။ အသက်မွေးမှုအတွက် ဘဝအာမခံချက် သေချာပါသည်ဆိုသော M.B,B.S များပင် ဤသို့ ဖြစ်နေလျှင် B.A၊ B.Sc များအဖို့ဆိုဖွယ်ရာ မရှိတော့ပါပြီ။

တိုက်တိုက်ဆိုင်ဆိုင် ယင်းဂျာနယ်၌ပင် နေလင်းထွန်း၏ "ပညာရေးလောကအတွက် ရောင်နီပျိုးချိန်"ဟူသော သတင်းဆောင်းပါးတစ်ပုဒ်ကိုလည်း ဖတ်ရသည်။ ဆောင်းပါးရှင်က ကိုယ်ပိုင်ကျောင်းများ တရားဝင်ဖွင့်လှစ်နိုင်မှုနှင့် ပတ်သက်၍ "ကျောင်းသားမိဘများအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကတို့၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ မိမိရင်သွေးအတွက် အကောင်းဆုံးအခွင့်အလမ်းကို ရွေးချယ်နိုင်မည်" ဟု သုံးသပ်သည်။ ထို့ပြင် "ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေထွက်ပေါ်လာခြင်းသည် ပုဂ္ဂလိကနှင့် အစိုးရကျောင်းများအကြား ယှဉ်ပြိုင်မှုဖြစ်ပေါ်လာစေပြီး ကျောင်းသားများ၏ ပညာအရည်အသွေးမြင့်တက်လာနိုင်ကြောင်း ပညာရေးလေ့လာသူများက သုံးသပ်သည်"ဟူ၍ ပညာရေးသုတေသီများ၏ အမြင်ကိုပါ ဖော်ပြထားသည်။

ကျွန်တော့်အမြင်သဘောထားကို ပြောရလျှင်လည်း မြင်းတစ်ကောင်တည်း ပြေးနေခြင်းထက် ပြိုင်ဘက်ရှိလာသောအခါ ရှေ့ရောက်မှန်း နောက်ကျမှန်း ပိုသိလာသည့်အတွက် ကိုယ့်အားနည်းချက်၊ ချို့ယွင်းချက်များကို ပြုပြင်၍ရပါသည်။ သည့်အတွက် ကိုယ်ပိုင်ကျောင်းများ ပေါ်လာခြင်းသည် "ပညာရေးလောကအတွက် ရောင်နီပျိုးချိန်" အစစ်အမှန်ပင် ဖြစ်ပါသည်။ သို့သော် အသီးအနှံတစ်ခုကို စိုက်ပျိုးထုတ်လုပ်ပြီးလျှင် ဖြန့်ဖြူးရောင်းချနိုင်ရန် ဈေးကွက်ရှိရပါမည်။ တပင်တပန်းစိုက်ပျိုးထုတ်လုပ်ပြီးမှ ဖြန့်ဖြူးရောင်းချရန် ဈေးကွက်မရှိလျှင် ဆုံးရှုံးနစ်နာမှုပိုမိုကြီးမားပါသည်။

ပညာသင်ခြင်းသည် အသက်မွေးမှုအတွက် အထောက်အကူဖြစ်ရပါလိမ့်မည်။ သေချာသော ဘဝအာမခံချက် ရှိရပါလိမ့်မည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ၉၀ ရာခိုင်နှုန်းသော မိဘများသည် သေချာသောဘဝအာမခံချက် အသက်မွေးမှုတစ်ခုရရန်အတွက် ငွေကုန်ကြေးကျခံကာ မိမိတို့၏ သားသမီးများကို ကျောင်းထားပေးနေခြင်းဖြစ်သည်။ ဘွဲ့ရကျောင်းပြီးကာမှ မျှော်လင့်သလိုဖြစ်မလာခဲ့လျှင် ပညာသင်ကြားခြင်းအပေါ် အယုံအကြည်ကင်းမဲ့သွားနိုင်ပါသည်။ ဘွဲ့ရလည်း အလကားပါပဲကွာဟူသော အတွေးမျိုးကျောင်းသားများ၊ မိဘများ၌ ဝင်သွားခဲ့လျှင် နိုင်ငံ၏ အနာဂတ်အတွက်လည်း မကောင်းနိုင်ပါ။

ဘွဲ့ရ၊ ပညာတတ်လူငယ်များအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းကောင်းတွေ မြန်မြန်နှင့်များများပေါ်ထွန်းလာပါစေဟူ၍သာ ကျွန်တော်ဆုတောင်းပေးနေမိပါသည်။ ။

7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



ခင်ဇေယျ(နေပြည်တော်)

# အဟောင်းအသစ်မှသည် အကောင်းအသစ်သို့

**ဝန်ထမ်းဘဝတွေ ကြာလာသောအခါ ကျေနပ်စရာလေးတွေ တွေးပြီး နေတတ်သွားသည်လား သို့မဟုတ် မိုးခါးရေအရသာကို နှစ်ခြိုက်သွားကြသည်လား၊ သို့မဟုတ် အရေထူ၍ကြိမ်မကြောက် တော့လေသလား၊ ဒါမှမဟုတ် ယောနိသောမနသိကာရဆိုကာ တရားသဘောနှင့် ဖြေသိမ့်သွားတတ်ကြလေသည်လားမသိ။ အများစုမှာ လေးလေးပင်ပင် မတွေးချင်၊ မတွေးတောကြတော့ဘဲ ရေစုန်မျောကြသူများက များလေသည်။**

တကယ်တော့ ဝန်ထမ်းဆိုတာ တိုင်းပြည်လူဦးရေရဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းသာဆိုပေမယ့် တိုင်းပြည်ရဲ့ယန္တရားကြီးကို မောင်းနှင်ကြသူများမို့ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမှာဖြစ်ပါတယ်။ ဝန်ထမ်းအများစု ဘာကြောင့်ရေစုန်မျောနေသလဲဆိုတာ အဖြေမရှာမီ လူတွေဘာကြောင့်ဝန်ထမ်းလုပ်ကြသလဲလို့ ပြန်ဆန်းစစ်ကြည့်လျှင် သေချာတာကတော့ ငွေကြောင့် မဟုတ်ဘူးဆိုတာပါပဲ။ သာမန်ဝန်ထမ်းတစ်ယောက်ရဲ့လစာငွေဟာ ဘယ်ခေတ်မှာဖြစ်ဖြစ် ခေါင်းရွက်ဗျပ်ထိုးဈေးသည်အဆင့်မမီပါဘူး။ ဒါပေမဲ့ဘာကြောင့် ဝန်ထမ်းလုပ်သလဲဆိုရင် သိက္ခာရှိတယ်လို့မြင်လို့ပါ။ သည်နေ့ လမ်းဆုံလမ်းခွမှာ ဆိုင်ကယ်တက္ကစီဆွဲတဲ့လူတစ်ယောက်ဝင်ငွေဟာ ဌာနဆိုင်ရာ အရာရှိကြီး တစ်ယောက်လစာနဲ့ အတူတူလောက်ရှိပါတယ်။ သို့ပေမဲ့ သူသည် ဆိုင်ကယ်တက္ကစီသမားဖြစ်၍ အရာရှိကြီးသည် အရာရှိကြီးဖြစ်နေခြင်းက ဝန်ထမ်းဘဝ၏ အဓိကသော့ချက်ဖြစ်ပါသည်။

သည်နေရာမှာ အမှုထမ်းဖြစ်စေ၊ အရာထမ်းဖြစ်စေ ဘေးပေါက်အောက်ဆိုက်တွေကြောင့် အဆင့်နှင့် မတန်မရာ ဆူဖြိုးနေတဲ့သူတွေရှိသလို၊ ခြိုးခြံချွေတာပြီး မိမိလစာ မိမိကျစ်ကျစ်လျစ်လျစ်သုံးစွဲပြီး ဝန်ထမ်းဘဝကိုဖက်တွယ်နေကြသူ အများကြီးရှိတယ်ဆိုတာကိုတော့ အရင်းအတိုင်း လက်ခံပေးရမှာဖြစ်ပါတယ်။ မကြားဝံ့မနာသာ ကိန်းဂဏန်းများနဲ့ ထိတ်လန့်ဖွယ်ရာ မသမာမှုတွေဟာ ဝမ်းရေးပူပန်နေရတဲ့ အများစုဝန်ထမ်းများနဲ့မပတ်သက်ဘဲ ထားစရာမရှိအောင် ကြွယ်ဝသူတွေရဲ့ ဝိသမလောဘများကြောင့်သာ ဖြစ်ကာ၊ တစ်ကောင်မကပေမယ့် ငခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်တာသာဖြစ်ပါတယ်။

ဒီဖြစ်ရပ်တွေကြောင့် ဌာနနဲ့ ဝန်ထမ်းတွေအပေါ် ပြည်သူတွေကိုယ်တိုင်က အယုံကြည်ကင်းမဲ့ရှုတ်ချမှုတွေ၊ ပြစ်တင်ဝေဖန်မှုတွေ ထောက်ပြလာပြီဖြစ်လို့ ဝန်ထမ်းဘဝလေးကို တပ်မက်လို့ကျားကုပ်ကျားခဲ လစာငွေနည်းနည်းလေးတွေနဲ့ ရပ်တည်နေရတဲ့ ဝန်ထမ်းအများစုကြီးရဲ့ ဂုဏ်သိက္ခာညှိုးနွမ်းရပါတယ်။ ဒီအတွက်အများစုကို ငဲ့ကွက်ထောက်ထားသောအားဖြင့် ရပ်တန်းက ရပ်ကြပါတော့လို့ ဝိသမလောဘရှင်များကို အချင်းချင်း မေတ္တာရပ်ခံရတော့မည်သာဖြစ်ပါတယ်။ ဒီနေရာမှာ ထောက်ပြတဲ့သူကိုရန်မူဖို့ ကြိုးစားတာထက် မိမိအပြစ်မိမိပြုပြင်သွားလျှင် အကောင်းဘက်ကိုဦးတည်သောပြောင်းလဲမှုဖြစ်မှာမို့ လက်ခံတတ်သောနှလုံးသားလေး မွေးမြူပေးရန် ဦးစွာပန်ကြားအပ်ပါတယ်။

ဤနေရာဝယ် လုပ်ပိုင်ခွင့်အပြည့်အဝ (နိုင်ငံတော်က အပ်နှင်းထားသဖြင့်) ရရှိနေကြသော ဝန်ထမ်းကြီး/လတ်တို့အနေဖြင့် နိုင်ငံတော် ဘဏ္ဍာကို မတော်လောဘဖြင့် ရယူသုံးစွဲမှု (ခြစားမှုဟုခေါ်သော)ရှောင်ကြဉ်ရန်လိုအပ်သလို ဝန်ထမ်းအချင်းချင်းကြား မျှတမှုကင်းမဲ့ခြင်း (အဂတိလိုက်စားခြင်း)သည်လည်း ဝန်ထမ်းများ စွမ်းဆောင်ရည်ကျဆင်းစေသော အဓိကအချက်ဟု နားလည်ရမည်ဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းငယ်များအပေါ် ကိုယ်ချင်းစာနာစိတ်ထားဖို့လိုပါတယ်။ မိမိလို အလျှံပယ်ပြည့်စုံနေသည်မဟုတ်သော ဝန်ထမ်းငယ်များအပေါ် စီမံကွပ်ကဲရာမှာဇာတ်တူသားချင်း စားချင်နေသောစိတ်လည်း လျှော့ချဖို့အချိန်တန်ပြီဖြစ်ပါတယ်။

အုပ်ချုပ်သူ ဝန်ထမ်းကြီးများ မေ့ချင်ယောင်ဆောင်နေသည့် အချက်တစ်ချက်ရှိပါတယ်။ ဒါက ဘာလဲဆိုတော့ ဒီခေတ်မှာ ရိုးရိုးသားသား ဘယ်ဝန်ထမ်းမှ ငွေပိုငွေလျှံ ရှိမနေဘူးဆိုတဲ့ အချက်ပါ။ ဒါကြောင့် မိမိဆီအထုပ်ကြီး အထုပ်ငယ်ဖြင့် ပုံ့ပိုးလာသူအများစုသည် နိုင်ငံဘဏ္ဍာကို အလွဲသုံးစားလုပ်ထားပြီး (သို့မဟုတ်) လုပ်ရန်ကြံနေပြီဟု ယူဆရန်လိုအပ်ပြီး၊ လက်ခံယူငင်သော မိမိသည်လည်း အကျင့်ပျက်ခြစားမှုကို တရားဝင်ခွင့်ပြုသူဖြစ်နေပြီဆိုတာပါပဲ။

လာဘ်ပေးလာဘ်ယူမှုဆိုတာ အခြားပုဂ္ဂလိကအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ပြည်သူပြည်သားများနှင့်သော်လည်းကောင်း၊ ဌာနတွင်း ဝန်ထမ်းအချင်းချင်းကြားမှာသော်လည်းကောင်း၊ ဌာနတွင်း ပေးကမ်းသောဆက်ဆံမှုတွေမှာ ပေးသူသည် သူ့အရိုးနှင့်သူ ထိုးခြင်း (နိုင်ငံဘဏ္ဍာကို လှည့်ပတ်ရယူသုံးစွဲခြင်း)သာဖြစ်လို့ လက်ခံရယူသူ ဝန်ထမ်းကြီးအနေဖြင့် ခိုးမစားဖို့တဖွဖွမှာကြားသော်လည်း ခိုးကျွေးခြင်းကိုတော့ နှစ်လိုသည်ဟု အဓိပ္ပာယ်သက်ရောက်မှာဖြစ်ပါတယ်။ ပေးသူ ဝန်ထမ်းအနေနဲ့ကတော့ သီးခြားရည်ရွယ်ချက်ကိုယ်စီရှိကြမှာဖြစ်ရာ ဥပမာ- မြိုးမြိုးမြက်မြက် စားပေါက်ချောင်တဲ့လုပ်ငန်းတစ်ခုလိုချင်လို့ (သို့မဟုတ်) နိုင်ငံခြားသွားတာမျိုးလိုအခွင့်အရေးလေးလိုချင်လို့စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်ပါတယ်။ သည်နေရာမှာ အဲဒီလို ဖြတ်လမ်းသမားတွေကို နှိမ်နင်းဖို့က ရှင်းလင်းတိကျတဲ့ စံတစ်ခုနဲ့ အများမြင်သာတဲ့ ယှဉ်ပြိုင်မှု တစ်ခုသာလိုအပ်ပါတယ်။ တရားမျှတတဲ့ စီမံခန့်ခွဲမှုတွေကိုသာ မျက်ခြည်မပြတ်(ပွဲဆူတုန်းခဏသာမဟုတ်) အသုံးပြုမယ်ဆိုရင် ဌာနတွင်း အဂတိလိုက်စားမှုဆိုတာ အလိုလိုပပျောက်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိကိုယ်တိုင်သည်လည်း ကျားကွက်ရွှေ့ချင်တဲ့စိတ်၊ (ဌာနအတွက် ကောင်းမွန်သောရည်ရွယ်ချက်မဟုတ်ဘဲ) ကျောကသားကို တုတ်ဝေပြီး ရင်ကသားကို မုန့်ဝေချင်နေတဲ့စိတ်၊ ရှင်းရှင်းပြောရရင် လုပ်စားချင်နေတဲ့စိတ်လေးကို ဒါလေးကိုတော့ ဦးဆုံးဖျောက်ဖို့လိုပါတယ်။

အားနာစွာဖြင့်ပင် ဆက်လက်တင်ပြရပါလျှင် ဝန်ထမ်းလောကဝယ် ခေတ်အဆက်ဆက်ရေပန်းစားလာသော "လူကိုခင်လျှင် မူကိုပြင်၍ လူကိုမုန်းမှ မူကိုသုံးကာ လူကို ချစ်လျှင် မူကိုပစ်" ချင်သည့်စရိုက်ဆိုးသည် အဂတိလိုက်စားမှု၏ နံပါတ်တစ်တရားခံဖြစ်မည်ထင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏အသက်သည်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လျှင် အဖွဲ့အစည်းတစ်ခု၏အသက်သည် လုပ်ထုံးလုပ်နည်းဥပဒေ ဖြစ်ပါလိမ့်မည်။ ဌာနတစ်ခုတွင် တည်ဆဲစည်းမျဉ်းစည်းကမ်းဥပဒေညွှန်ကြားချက်များကို လက်တစ်လုံးခြားလှည့်စား၍ သို့သော်တွေ၊ ခြွင်းချက်တွေ၊ မည်သို့ပင်ဆိုစေကာမူတွေ သိပ်များလာလျှင်တော့ ထိုအဖွဲ့အစည်းသည် အကျင့်ပျက်ခြစားမှုဆီ ဦးတည်နေပြီဟု ကောက်ချက်ချနိုင်ပြီဖြစ်ပါသည်။

ငွေကြေးစီမံသူများ အနေဖြင့်လည်း ဝန်ထမ်းများအား မလုပ်၊ မရှုပ်၊ မပြုတ်စိတ်ဓာတ်မျိုး မမွေးမြူရန် ပဲ့ပြင်ရမည့်အစားတို့ထဲကိုသာ ဝင်မရှုပ်နဲ့ ဘာမှမလုပ်လည်း မပြုတ်စေရဘူးဟူသော စီမံခန့်ခွဲမှုများဖြင့် စိတ်ဓာတ်ပျက်ယွင်းစေမှုများကိုပြုပြင်ရန်သင့်ပါပြီ။

လုပ်ငန်းဌာနအတွင်း သက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၏ ကာယ၊ ဉာဏစွမ်းအားကို အပြည့်အဝအသုံးချ၍ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေရမည့်အစား ငွေကြေးလာဘ်လာဘကို မျှော်ကိုး၍ တတ်သိပညာရှင်ထက် သိတတ်ပညာရှင်ကို ရှာဖွေရွေးချယ်နေခြင်းကလည်း ဝန်ထမ်းလောက ဆုတ်ယုတ်ပျက်စီးမှုဆီ တွန်းပို့နေသောအင်အားတစ်ရပ်ဖြစ်ပါသည်။ မိမိတာဝန်ရှိသည့် ဌာနအကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လူမှန်နေရာမှန်လေးမျှ ရွေးမပေးလျှင် မိမိဟာ နိုင်ငံတော်လစာကို အလဟဿဖြုန်းတီးနေသော တာဝန်မဲ့ဝန်ထမ်းမျှသာဖြစ်ပါလိမ့်မည်။

မိမိနှလုံးသွင်းရမည့် အဓိကအချက်မှာ မိမိသည် နိုင်ငံတော်တာဝန်ကို(သို့မဟုတ်)ပြည်သူ့တာဝန်ကို ထမ်းရွက်နေသူသာဖြစ်၍ မိမိဌာနသည် မိမိကုမ္ပဏီမဟုတ်ဟူ၍ပင်။

စာ(၄၀) သို့

JOKE

## အမှတ်တရ

အထက်တန်းကျောင်းဆင်းပွဲတစ်ခုတွင် ဆရာမတစ်ဦးက ကျောင်းသားများအတွက် အုပ်စုလိုက်ဓာတ်ပုံကို ရိုက်ပေးသည်။ ထို့နောက် အုပ်စုလိုက်ဓာတ်ပုံကို ကျောင်းသားများ တစ်ယောက်တစ်ပုံဝယ်ယူစေရန် စည်းရုံးရင်း "မင်းတို့စဉ်းစားကြည့်စမ်းကွာ၊ မင်းတို့အားလုံးကြီးပြင်းသွားတဲ့ အချိန်ကျရင် ဒီဓာတ်ပုံလေးကို ပြန်ကြည့်ပြီး အခုလိုပြောလို့ရတာပေါ့ 'ဟယ်. . . ဒီမှာ ရောဘတ်အင်ဂျင်နီယာကြီးပေါ့' ဆိုပြီး အမှတ်တရပြန်ကြည့်လို့ရတာပေါ့' ဟူ၍ ဆရာမကပြောရာ နောက်နားက အသံတိုးတိုးဖြင့် "အေးပေါ့. . . ဟယ် ငါတို့ဆရာမလေ အခုတော့ ဆုံးရှာပြီ" ဆိုပြီးလည်း ပြောလို့ရတာပဲ' ဟု ဆိုလိုက်ပါသည်။

## ဘယ်မှာနေလဲ

မှုကြိုတက်နေသော ကလေးငယ်မေရီအား ကျောင်းမတက်ခင်သွားကြိုသောအခါ အမျိုးသမီးကြီးတစ်ဦးက မေရီလေးအား ပွေ့ဖက်နမ်းရှုပ်နေသည်ကို တွေ့ရသည်။ "အဲဒါ မင်းအဘွားလား မေရီ"၊ "ဟုတ်တယ်ဦးဦး၊ ဘွားဘွားက ခရစ်စမတ်နားနီးလို့ သမီးတို့ဆီလာလည်တာ"ဟုပြောရာ"ကောင်းတာပေါ့ကွယ်. . . ဒါနဲ့မေရီဘွားဘွားက ဘယ်မှာနေတာလဲ""ဘွားဘွားကလေဆိပ်မှာနေတာ၊ သမီးတို့ ဘွားဘွားကိုတွေ့ချင်ရင် လေဆိပ်ကနေသွားခေါ်လာတာပဲ"ဟု မေရီက သွက်လက်ချက်ချာစွာပြောပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းငွေ၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟာန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL
# Business
Vol.11, No.9 • MAY 10 , 2012

## ဥရောပနိုင်ငံများ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းတွင် လုပ်ကိုင်ရန် စိတ်ဝင်စားဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၃**

ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှု တစ်နှစ်ဆိုင်းငံ့ပြီးနောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အီးယူနှင့် ဥရောပနိုင်ငံများက လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုများလာကြောင်း စွမ်းအင်ဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



နော်ဝေ၊ ဂျာမနီ၊ နယ်သာလန်နိုင်ငံများမှ မြန်မာနိုင်ငံရှိ စွမ်းအင်ဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ လာရောက်ဆွေးနွေးပြောဆိုမှုများပြားလာသော်လည်း စွမ်းအင်ဝန်ကြီးဌာနက ခွင့်ပြုပေးသော ကုမ္ပဏီများမရှိသေးချေ။

"လာရောက်ဆွေးနွေးမှုတွေအပေါ် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုသဘောထားရှိလဲဆိုတာ ပြောရခက်တယ်။ ဒီကိစ္စကို အရင်လို ဌာနတစ်ခုတည်းက ဆုံးဖြတ်လို့မရဘူး။ ညှိနှိုင်းဆောင်ရွက်ရမှာတွေကများတော့ အချိန်အတော်ယူရမယ်" ဟု ၎င်းပုဂ္ဂိုလ်ကပြောသည်။

ရင်းနှီးမြှုပ်နှံသည့်အကြောင်းများကိုထည့်သွင်းဆွေးနွေးသည်များရှိသလို့ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း နည်းပညာများ၊ စွမ်းအင်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများချမှတ်နိုင်ရန် ကူညီပေးမည့် အစီအစဉ်များပါထည့်သွင်းဆွေးနွေးမှုများ ရှိလာကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုလက်ရှိတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းတွင် ပြည်ပမှရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများနှင့် မြန်မာပြည်တွင်းလုပ်ငန်းရှင်များပူးတွဲ၍လုပ်ကိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက မူဝါဒချမှတ်တောင်းဆိုပြီး တင်ဒါခေါ်ယူခဲ့သည်။

ပြည်တွင်းလုပ်ငန်းရှင်များသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ငွေကြေးပမာဏနှင့် နည်းပညာအားနည်းနေသောကြောင့် မြန်မာနိုင်ငံသားပိုင်လုပ်ငန်း မရှိသေးသော်လည်း နောင်တစ်ချိန်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအတွေ့အကြုံရစေရန် စွမ်းအင်ဝန်ကြီးဌာနမှ မူဝါဒချမှတ်ခဲ့ခြင်းဖြစ်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၅ | ၈၂၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၅ | ၈၂၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၅၆ | ၆၆၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၇၁ | ၁၀၈၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၅ | ၂၆. ၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၇ | ၁၂၈ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၂ | ၈၃၃ | ကျပ် |

၂၀၁၂ မေ ၅ ရက် ပေါက်စျေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၄၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၈၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၅၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၄၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၄၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၅. ၂၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၆၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၉၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၈၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၂၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၀၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၈၂၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၅၆၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၅၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃. ၆၇၂၇ | ဒိရမ် | (UAE) |

## အရေးကြီးပစ္စည်းများ စျေးနှုန်း

| ပစ္စည်း | ယူနစ် | စျေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၄၅. ၂၀၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၁၈၀ |
| ငွေ | ၁ အောင်စ | ၃၀. ၄၃၂ |
| ကြေးနီ | ပေါင် | ၃၇၂. ၁၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၂၇၉ |

မှတ်ချက်။ ။ စျေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီစျေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မေ ၅ ရက် ကမ္ဘာ့ပေါက်စျေးနှုန်းဖြစ်သည်။

## ဆန်အထူးပြု ကုမ္ပဏီတစ်ခုက မိုးစပါးနှစ်မျိုး အာမခံဝယ်ယူမည်

**အောင်သူရ**

**ရန်ကုန်၊ မေ-၃**

ဓနုဖြူမြို့နယ် အခြေစိုက် ကဥ္စနကျွန်းသာ အထူးပြုကုမ္ပဏီက လာမည့် မိုးစပါးရာသီတွင် စိုက်ပျိုးမည့် မိုးစပါးနှစ်မျိုးအား တင်းတစ်ရာလျှင် အနိမ့်ဆုံးကျပ် သုံးသိန်းခွဲစျေးဖြင့်အာမခံဝယ်ယူမည်ဟု သတင်းရရှိသည်။

"ဆင်းသွယ်လတ်နဲ့ မော်ဘီ (၂)စပါးမျိုးကို ဝယ်မှာ။ စပါးပေါ်တဲ့အချိန်မှာ သုံးသိန်းခွဲကျော်ရင် ပေါက်စျေးအတိုင်းပေးမယ်။ ဒီစပါးစိုက်တဲ့ တောင်သူတွေကို တစ်ကေကိုကျပ်ငါးသောင်းထက်မနည်းတဲ့ငွေကို အတိုးမဲ့ ချေးပေးမယ်" ဟု အဆိုပါ ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

အဆိုပါ စနစ်အား မျိုးစပါးအခက်အခဲကြောင့် ယခုနှစ်မိုးရာသီတွင် တောင်သူ ၁၁၅၂ ဦး(စုစုပေါင်းဧက ၃၄၉၄)နှင့်သာ အကျိုးတူပြုနိုင်မည်ဟု သတင်းရရှိသည်။

"ဒီစပါးနှစ်မျိုးစလုံးက အဲဒီဒေသနဲ့ကိုက်တယ်။ ရေဒဏ်၊ မိုးဒဏ်လည်း ခံနိုင်တယ်။ နိုင်ငံခြားစျေးကွက်မှာလည်းနိုင်ငံတကာက သတ်မှတ်ထားတဲ့ အရည်အသွေးရှိတယ်" ဟု ဓနုဖြူမြို့နယ်တွင် စိုက်ပျိုးရေး မန်နေဂျာဆောင်ရွက်ခဲ့သူ စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက ဆိုသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးပေါ်ပြီး တောင်သူများ လက်ထဲစပါးမရှိချိန်တွင် အစိုးရက ညွှန်မထအုပ်စုဝင်စပါးများအား တင်းတစ်ရာလျှင် ကျပ်သုံးသိန်းသုံးသောင်းဖြင့် ဝယ်ယူခဲ့ပြီး နွေစပါးအား ကျပ်သုံးသိန်းနှစ်သောင်းဖြင့်ဝယ်ယူခဲ့သည်။

ကဥ္စနကျွန်းသာ အထူးပြုကုမ္ပဏီသည် ပြီးခဲ့သည့်နှစ် မိုးစပါးရာသီက တင်းတစ်ရာထွက်သော ဆင်းသွယ်လတ်စပါးများကို ကျပ်လေးသိန်းဖြင့် အာမခံဝယ်ယူခဲ့သည်။

ထို့အပြင် ယခုနှစ်မိုးရာသီတွင် ဆင်းသွယ်လတ်နှင့် မော်ဘီ (၂)စပါးမျိုး မစိုက်နိုင်သော တောင်သူများထံမှ အာမခံစျေးနှုန်းတစ်ခုဖြင့် ဝယ်ယူရန် စီစဉ်နေကြောင်း ဦးချစ်ခိုင်က ပြောသည်။



7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



ဓာတ်ပုံ - သန်းဌေး

# ဧရာဝတီတိုင်းဒေသကြီးရှိ အင်းအချို့ လုပ်ကိုင်ခွင့် မဲဖောက်ပေးသောစနစ် စတင်ကျင့်သုံး

သန်းဌေး

ရန်ကုန်၊

မေ - ၁

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းလုပ်ငန်း လုပ်ပိုင်ခွင့် ချထားခြင်းအား ယခုဘဏ္ဍာနှစ်မှ စတင်ကာ လေလံစနစ်မှ မဲဖေါက်ပေးသော စနစ်သို့ ပြောင်းလဲကျင့်သုံးနေကြောင်း သတင်းရရှိသည်။

"မနှစ်ကအထိ အင်းလေလံပွဲတွေကို နှစ်စဉ်နှစ်တိုင်း ဒီရာသီဆို လုပ်ပေးနေကျပါ။ ဒီနှစ်ကစပြီး အင်းလုပ်ချင်တဲ့သူတွေကို စပေါ်ငွေတင်ခိုင်းပြီး မဲနှိုက်တဲ့စနစ်နဲ့ မဲပေါက်သူလုပ်ဆိုပြီး ချထားပေးနေတယ်"ဟု ဖျာပုံခရိုင်မှ အင်းသူကြီးတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအား ဗြိတိသျှတို့ အုပ်စိုးခဲ့စဉ်မှစတင်ကာပြီးခဲ့သော ဘဏ္ဍာနှစ်တိုင်သည်အထိ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲခဲ့ကြသော အင်းလေလံပွဲများမှာ ထင်ရှားကျော်ကြားခဲ့သည်။ ကြမ်းခင်းဈေးတစ်ခု သတ်မှတ်ကာ သူနိုင်ကိုယ်နိုင် ဈေးပြိုင်ပေး၍ လေလံဆွဲခဲ့ကြသည်။ မိမိလုပ်ကိုင်လိုသော အင်းတစ်ခုအား ပေးနိုင်သော အမြင့်ဆုံးဈေးနှုန်းတစ်ခုကို ရေးသားကာ ချိတ်ပိတ်တင်ဒါ တောင်းဆိုမှုများလည်း ရှိခဲ့သည်။

၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အင်းများလေလံတင်ရောင်းချခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြီးခဲ့သောဘဏ္ဍာနှစ်မှ စတင်ကာ လွှဲပြောင်းလုပ်ပိုင်ခွင့်ပေးပြီးဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ယခုဘဏ္ဍာနှစ်မှစတင်ကာ အင်းအတွင်း တစ်နှစ်တာငါးဖမ်းယူခွင့်ကို ဈေးပြိုင်ပေးကာ လေလံဆွဲသော စနစ်အစား မဲဖေါက်ပေးသောကြောင့် ငွေရှင်ကြေးရှင်များက မဲများများဝယ်ထားခြင်းဖြင့် မဲပေါက်နိုင်ခြေများကြောင်း အင်းသူကြီးတစ်ဦးကပြောသည်။ အင်းလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်မည့် အင်းသူကြီးများမှာမူ မဲတစ်စောင်စီအတွက် လိုသောငွေကြေးကိုပြင်ပမှအတိုးကြီးပေးကာ ငွေချေးထားရကြောင်း ၎င်းကပြောသည်။ သက်ဆိုင်ရာက မဲဖောက်ပေးမည့်ရက်ကိုလည်းမကြာခဏရွှေ့ဆိုင်းနေ၍ အခက်တွေ့နေရကြောင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ အင်းသူကြီးများက ပြောသည်။

"လေးလပိုင်း ပထမအပတ်ကတည်းက မဲဖောက်မယ်ကြေညာထားပြီး အခုငါးလပိုင်း ပထမအပတ်ထိ မဲမဖောက်သေးလို့ မေဒေးနေ့ရက်ဆွဲနဲ့နိုင်ငံတော်သမ္မတကြီးဆီ တိုင်စာပို့ထားပါတယ်"ဟု မအူပင်မြို့နယ်မှ အင်းသူကြီးတစ်ဦးက ပြောသည်။

သို့သော် မအူပင်ခရိုင်အတွင်းရှိ ၁၉၈ အင်းကိုမူ မေလ ၉ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် အင်းလေလံပစ်ရန်ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ မေ ၄ ရက်က တရားဝင်ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

"တိုင်းငါးဦးစီးက အင်းလေလံချပေးဖို့ မဲစနစ်ကို ဖျက်သိမ်းပြီး ဈေးပြိုင်လေလံစနစ်နဲ့ လုပ်ပေးမယ်လို့ ညွှန်ကြားချက် ထုတ်ပြန်ပေးထားပါတယ်"ဟု မေလ ၄ ရက်တွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်းက 7Day News သို့ပြောသည်။

မူလအစီစဉ်အရ ဧပြီ ၉ ရက်နေ့ကတည်းက မဲဖေါက်ပြီး အင်းလုပ်ပိုင်ခွင့် ချထားပေးရန် အဆင်မပြေဖြစ်ကာ ရက်ရွှေ့လာရာမှ ယခုကဲ့သို့ ပြောင်းလဲသွားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ကျွန်တော်က မနှစ်ကအထိ နှစ်စဉ်လုပ်နေတဲ့အင်းကို မဲစနစ်လုပ်မယ်ဆိုလို့ မိသားစုလေးဦးနာမည်နဲ့ စပေါ်ဆယ်သိန်းစီတင်ထားတာ။ အခုပဲ သုံးဦးစာငွေပြန်ထုတ်ပေးတယ်။ ကျွန်တော့်သွင်းငွေ ဆယ်သိန်းက ကြမ်းခင်းဈေးပါ"ဟု မအူပင်မြို့နယ်မှ အင်းသူကြီးတစ်ဦးကပြောသည်။

မအူပင်ခရိုင်အတွင်း ကြေတိုင်လုပ်ပိုင်ခွင့်ပြုထားပြီး အင်းများမပါဝင်ဘဲ မအူပင်မြို့နယ်မှ ၄၃ အင်း၊ ညောင်တုန်းမြို့နယ်မှ ၃၃ အင်း၊ ဓနုဖြူမြို့နယ်မှ ၂၄ အင်း၊ ပန်းတနော်မြို့နယ်မှ ၉၈ အင်း စုစုပေါင်း ၁၉၈ အင်းအား မေ ၉ရက်တွင် ဈေးပြိုင်စနစ်ဖြင့် လေလံပစ်တော့မည်ဖြစ်ကြောင်း မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးရုံးမှ စာရင်းဇယားများအရ သတင်းရရှိသည်။

တိုက်ရိုက်ချဆိုသည်မှာ ဒေသအခေါ် "ဒသမညီနောင်" အင်းများအား လေလံဆွဲရန်မလိုဘဲလုပ်ပိုင်ခွင့်ပါမစ်ရရှိခြင်းဖြစ်သည်။ ၎င်းတို့က ပါမစ်အား အင်းသူကြီးထံ အမြတ်တင်ကာ တစ်ဆင့်ပြန်လည်ရောင်းချကြသည်။

"အင်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ယူကြရာမှာ မတော်လောဘစိတ်တွေနဲ့ အပြိုင်အဆိုင်ဆွဲဝယ်ကြလို့အင်းဈေးများ အဆမတန်ကြီးမြင့်ပြီး ငါးဈေးနှုန်းများလည်း အလားတူကြီးမြင့်လာတတ်တာကြောင့် အသိတရားနဲ့ဆောင်ရွက်ကြပါလို့ မှာကြားလိုပါတယ်"ဟု သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ဧပြီ ၇ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြောသည်။



# 7DAY BOOK REVIEW




## U NU OF BURMA

မူရင်းစာရေးဆရာ Richard Butwell အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော U Nu of Burma စာအုပ်ကို မြန်မာဘာသာသို့ပြန်ဆို၍ ထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။ မြန်မာ့နိုင်ငံရေးလောကတွင် သခင်နု၊ ကိုကြီးနု၊ ဉက္ကဋ္ဌကြီးဦးနု၊ ငနု၊ ကရင်နု၊ သီလကြောင်ဦးနု၊ ဘဝရှင်မင်းတရားကြီးဦးနု စသဖြင့် အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသော ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို ယခုစာအုပ်တွင် ဖတ်ရှုရပါမည်။

စာအုပ်တွင် အပိုင်းလေးပိုင်းခွဲထားပြီး အပိုင်း(၁)တွင် တောက်မည့်မီးခဲ၊ အပိုင်း(၂)တွင် လူပုဂ္ဂိုလ်နှင့် သူ၏ယုံကြည်မှုများ၊ အပိုင်း(၃) တွင် ဝန်ကြီးချုပ်ဦးနု၊ အပိုင်း(၄)တွင် ခေတ်တစ်ခေတ်၏ နိဂုံးဟူ၍ ပိုင်းခြားဖော်ပြထားပြီး ဦးနုမွေးဖွားသည်မှ ကျောင်းသားဘဝလှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ တို့ဗမာအစည်းအရုံးဖြတ်သန်းမှု၊ နိုင်ငံတော်ဝန်ကြီးချုပ်ဘဝ စသ ဖြင့် ဦးနုကြုံတွေ့ခဲ့ရသော ဘဝကိုယ်ရေးတာ အဖြာဖြာကို မူရင်းစာရေးဆရာက ဝေဖန်သုံးသပ်ချက်များနှင့် ထည့်သွင်းရေးသားထားသည်။

အထူးသဖြင့် ၁၉၅၈ ဖဆပလအကွဲမှ စ၍ မြန်မာ့နိုင်ငံရေးအချိုးအကွေ့ဖြစ်ထွန်းစေခဲ့သော ဦးနုနှင့် ဦးကျော်ငြိမ်းတို့၏ အပြန်အလှန် ပေးစာများ၊ ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့ အပြန်အလှန်ပေးစာများ ပြည့်ပြည့်စုံစုံထည့်သွင်းထားသည်ကို ဖတ်ရှုရပါမည်။ ထို့ပြင် ဦးနုနှင့် ခေတ်ပြိုင်ဖြစ်ကြသော သခင်ဗဟိန်း၊ ဒေါက်တာဘမော်၊ ဒီးဒုတ်ဦးဘချို၊ သခင် ဘစိန်၊ စောဘဦးကြီး၊ သခင်သန်းထွန်း၊ သခင်သိန်းဖေမြင့်၊ သခင်အောင်ဆန်း၊ သခင်တင်၊ ဗိုလ်လက်ျာ၊ ဗိုလ်မှူးအောင်၊ ဦးဘဆွေ၊ ဂဠုန် ဦးစော အစရှိသူတို့၏ ကိုယ်ရေးအကျဉ်းကိုလည်း စာအုပ်တွင်ထည့်သွင်းဖော်ပြထားပါသည်။ လောကသစ် စာအုပ်တိုက်က တန်ဖိုး ၃,၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## ခေါက်ဆွဲတွေကို ဘယ်သူတွေစပြီး စားသုံးခဲ့တာလဲ

အာရှ၊ ဥရောပတစ်လွှားတွင် စားသုံးမှုတွင်ကျယ်သည့် စားစရာတစ်မျိုးဖြစ်သော ခေါက်ဆွဲကို တရုတ်နိုင်ငံက ဦးဆုံးတီထွင်စားသုံးခဲ့ကြောင်း လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ခန့်ကခေါက်ဆွဲရုပ်ကြွင်းကို တူးဖော်ရရှိခြင်းက သက်သေထူနိုင်ခဲ့သည်။ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လာကျားရှေးဟောင်းသုတေသနနယ်မြေတွင် အလုံပိတ်ထားသည့်ခွက်အတွင်း တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါရှေးဟောင်းခေါက်ဆွဲများမှာ လွန်ခဲ့သောနှစ်ပေါင်း ၇၀၀၀ ခန့်က တွင်ကျယ်စွာစိုက်ပျိုးခဲ့သည့် ကောက်နှံပင်ဖြင့်ပြုလုပ်ထားသည်ကို သုတေသီများက လေ့လာတွေ့ရှိခဲ့ပြီး၊ ယနေ့ခေတ်မြောက်အမေရိကနှင့် ဥရောပခေါက်ဆွဲများမှာ ဂျုံဖြင့်သာပြုလုပ်ကြခြင်းဖြစ်သည်။ လာကျားရှေးဟောင်းသုတေသနနယ်မြေမှတွေ့ရှိသော ခေါက်ဆွဲများအကြောင်းကို အေဒီ ၂၅ နှင့် ၂၂၀ ကြား၊ တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်မင်းဆက်အုပ် စိုးစဉ်ကာလကရေးသားခဲ့သည့်စာအုပ်များတွင်တွေ့ရှိရသည်။ ၎င်းပြင် ခေါက်ဆွဲ၏ ရာဇဝင်နှင့်ပတ်သက်၍ အရှေ့အလယ်ပိုင်းဒေသများတွင် ပထမဆုံးစတင်ခဲ့သည်ဟူ၍ အချို့သော အထောက်အထားများအရ သိရသည်။

*—Source:National Geographic*

# တစ်ပတ်တာကံကြမ္မာ

မေ ၉ ရက် မှ ၁၅ ရက် အထိ

စံဇာကီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ဆုံးဖြတ်ချက်များ အမှားမှားအယွင်းယွင်းဖြစ်တတ်သည်။ တစ်ပါးသူ၏လှည့်စားခြင်း ခံရတတ်သည်။ မိမိကိုဒုက္ခပေးသူများနှင့် တွဲဖက်ရကိန်းရှိသည်။ ခရီးသွားလာနေစဉ် ပစ္စည်းပျောက်တတ်သည်။ အချိန်တိုတိုနှင့် ပြီးမြောက်မည်ဟုယူဆပြီး ဆောင်ရွက်သည့်ကိစ္စများ နှောင့်နှေးကြန့်ကြာမည်။ လေကြောင်းခရီးသွားလာမည့်သူများ အကြောင်းတစ်စုံတစ်ရာကြောင့် နှောင့်နှေးမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ဆေးထိုးဆေးကုမှားယွင်းနေသောသူတစ်ဦးအား လိုက်လံကူညီပေးရမည်။ ဆွေမျိုးသားချင်းများ၏ ကျန်းမာရေးကို အချိန်ကုန်၊ ငွေကုန်ခံပြီး အထောက်အကူပြုရမည်။ လတ်တလောဖြေရှင်းရမည့် ပြဿနာ အောင်မြင်မည်။အလုပ်၊ နေရာအပြောင်းအလဲတွင် စာရွက်စာတမ်း၊ ငွေကြေးဆိုင်ရာများသတိနှင့်ဆောင်ရွက်ပါ။ စိတ်ကူးကောင်းအပေါ် အခြေခံပြီး လုပ်လိုက်သောကိစ္စသည် အထောက်အကူပြုမှုနည်းပါးမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလိုရှိရာပြည့်စုံမည်။ ပြောဆိုဆောင်ရွက်မှုမှန်သမျှ အောင်မြင်မည်။ ရေလမ်းခရီး အသွားအလာသတိရှိပါ။ မယုံနိုင်ဘဲ လာရောက်ယှဉ်သူများကြောင့် စိတ်ဒေါသထွက်ရမည်။ ကြံစည်နေသည့် ကိစ္စအား ရှေ့တိုးဆောင်ရွက်ပါ။ ပြိုင်ဘက်များက အသေးအမွှားဟု ယူဆထားသော မိမိမှထူးခြားသော အောင်မြင်ခြင်းရရှိမည်။ ပြင်ပတွင် ဖြစ်လာသည့်ပြဿနာကို မိသားစုမှလိုက်လံဖြေရှင်းရမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

မိသားစုတွင် ပိုင်ဆိုင်မှုကိစ္စများ စကားပြောရမည်။ စီးပွားတိုးတက်မည်။ လုပ်ငန်းအဆင်ပြေမည်။ ပညာလိုလားသူများ ထူးခြားစွာတိုးတက်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ဘဝတက်လမ်းပေါ်ပေါက်၍ စီးပွားတိုးတက်မှု အထင်အရှားကြုံမည်။ မြှုပ်နှံထားသည့် ငွေကြေးများမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။ နာမည်ကောင်းရခြင်း၊ ကောင်းသောသတင်းကျော်ကြားမှုများ ရှိမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ပစ္စည်းအပျောက်အရှ များမည်။ ပြိုင်ဘက်များက မိမိရပိုင်ခွင့်များကို လုယူတတ်သည်။ လှည့်စားသောသူများနှင့် တွေ့မည်။ မိမိအားကုန်းတိုက်သောသူနှင့် တွေ့မည်။ လုပ်ငန်းတွင် ရန်သူပေါ်မည်။ နေအိမ်တွင် စိတ်အနှောင့်အယှက်များမည်။ လူမှုရေးတွင်ဖြေရှင်းစရာများရှိမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ချစ်သူရည်းစားကြောင့် နာမည်ပျက်ခြင်း မိသားစုနှင့်ပဋိပက္ခဖြစ်ခြင်းများ ကြုံမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မည်သည့်ကိစ္စမဆို အပြီးသတ်အချိန်ကို အထူးဂရုစိုက်ရမည်။ အနီးကပ်သူမှ သစ္စာမဲ့ခြင်းကြုံမည်။ ကိုယ်ပြောလိုက်သည့် စကားအား ပြဿနာရှာသူများတွေ့မည်။ ကိုယ်ရေးကိုယ်တာကိစ္စများသူတစ်ပါးမှ စွက်ဖက်ခြင်းခံရမည်။ ပျို့ရွယ်သူများလုပ်ငန်းကို စိတ်ဝင်စားပါ။ မေတ္တာရေးကိစ္စများကို စိတ်ဝင်စားရန် မသင့်ပါ။ မိမိယုံကြည်လွှဲအပ်ထားသောသူများ၏ ဆောင်ရွက်မှုမပီပြင်ခြင်းကြောင့် အကျိုးရှိမှုနည်းသည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရည်မှန်းချက်များ အပြည့်အဝအောင်မြင်မည်။ ထူးခြားသည့် တိုးတက်မှုများ ရရှိမည်။ အပေါင်းအသင်းဆိုးများ ဝန်းရံနေသည်။ အရာရာလက်တွေ့ကြုံပြီးမှယုံကြည်ပါ။ တစ်ပါးသူက တိုက်တွန်း၍ ဆောင်ရွက်လိုက်သော ကိစ္စများမှ ထူးထူးခြားခြားကောင်းကျိုးရရှိမည်။ ရည်ရွယ်ချက်များအား ပရိယာယ်သုံး၍ ဆောင်ရွက်ပါ။ မိသားစုတွင် ငွေကြေးအတွက် စိတ်ပင်ပန်းရမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ စိတ်ပင်ပန်းရမည်။ မှန်းသည်တစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်မည်။ ငွေကြေး၊ လုပ်ငန်းကိစ္စများတွင် အတိုက်အခံရှိမည်။ ပြဿနာများ လက်ငင်းဖြေရှင်းရန်သင့်သည်။ အိပ်တွင်းရေးအညံ့ရှိသည်။ အာမခံမှား၍ ပြဿနာများ ထိပ်တိုက်ဖြေရှင်းရမည်။ ခရီးသွားရင်းပစ္စည်းပျောက်မည်။ အိမ်တွင်ရှိသူများနှင့် စကားပြော၍ အဆင်မပြေဖြစ်သည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အပြိုင်အဆိုင်များမည်။ အခက်အခဲများနှင့် ရင်ဆိုင်ရမည်။ စက်ပစ္စည်းများနှင့် ဆက်နွယ်ပြီး ထိခိုက်ဒဏ်ရာရတတ်သည်။ လက်တွဲလုပ်သူများနှင့် လမ်းခွဲရမည်။ မိမိအပေါ် ရန်အနှောင့်အယှက်ပြုသော ကိစ္စများရင်ဆိုင်ရမည်။ မူလစိတ်ကူးထားသည်ကတစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်မည်။ ပင်ကိုဦးတည်ချက်လမ်းကြောင်းမှသွေဖီပြီး အလုပ်ကိစ္စဆောင်ရွက်ရမည်။ ယာဉ်ကားမောင်းနှင်မှု သတိရှိပါ။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အရာရာ အတိုက်အခံများသော ကာလဖြစ်သည်။ ကျန်းမာရေးဂရုစိုက်ရမည်။ မတော်တဆထိခိုက်မှုသတိရှိရမည်။ အကြီးအကဲအမျိုးသမီးများ၏ ကျန်းမာရေးချူချာမည်။ ယုံကြည်လွှဲအပ်ထားသူတစ်ဦး၏ ပေါ့ဆမှုကြောင့် မိမိတွင် ပြဿနာပေါ်မည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ လုံးဝမပြုသင့်။ ဆောင်ရွက်နေသည့်လုပ်ငန်းကိစ္စများ ရုတ်တရက်ရပ်တန့်သွားက ဇွတ်တိုးပြီး မလုပ်သင့်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ထူးထူးခြားခြား အောင်မြင်မည်။ ကိုယ်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ ထူးခြားသော တက်လမ်းရမည်။ ရပ်ဝေးမှသတင်းကောင်းကြားသိရမည်။ ကံဇာတာမြင့်မားနေမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ အဖို့ လုပ်ငန်းများမှကောင်းကျိုးရရှိမည်။ စွန့်စားလုပ်ကိုင်သည်များမှ အကျိုးခံစားရမည်။ သတိပြုရန်မှာ တနင်္ဂနွေ၊ သောကြာနေ့မွေးသူများကိစ္စ ကြားဝင်ဆောင်ရွက်ပေးရင်း စေတနာ၊ ဝေဒနာဖြစ်တတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ဘဝရည်ရွယ်ချက် အောင်မြင်မည်။ သတိနှင့်ယှဉ်၍ လုပ်ကိုင်ပါ။ အလွယ်တကူမဆုံးဖြတ်ပါနှင့်။ အလွယ်လမ်းလည်း မလိုက်ပါနှင့်။ ဤရက်ပိုင်းအတွင်း အညံ့၊ အဆိုး၊ အလုံးစုံကျော်လွှားနိုင်ပြီး အလုပ်စီးပွားများတိုးတက်မည်။ ရသင့်သော ကြွေးဟောင်းများပြန်ရမည်။ ဤရက်အတွင်း အပြောအဆို သတိရှိပါ။ မမျှော်လင့်ဘဲ ခိုက်ရန်ဖြစ်ပွားတတ်သည်။

# News Analysis

7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



# အီဂျစ်အတွက် မူဆာလား

Photo - AFP

**ကြည်နေဝင်းမင်း**

အီဂျစ်နိုင်ငံ၏ သမ္မတပြိုင်ပွဲတွင် ရှေ့ဆုံးမှ ဦးဆောင်နေသူ အာမေး မူဆာက ၎င်းအနေဖြင့် သမ္မတဖြစ်လာပါက နှစ်ပေါင်း ၂၀ ခန့် အတွင်းအမြင့်မားဆုံးဖြစ်နေသော အလုပ်လက်မဲ့နှုန်းကို လျှော့ချနိုင်ရန် ပထမတစ်နှစ်အတွင်းမှာပင် အစိုးရ၏ သုံးစွဲမှုများကို တိုးမြှင့်သွားမည်ဟု ကတိပြုထားပါသည်။

နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့်ယခင်အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ်ဖြစ်သူ မူဆာသည် အီဂျစ်နိုင်ငံ၏ အခြေခံအဆောက်အအုံများတည်ဆောက်ရေးကဏ္ဍတွင် ငွေကြေးသုံးစွဲရန်အတွက် အာရပ်နိုင်ငံများနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ ရန်ပုံငွေများကို အသုံးချသွားမည်ဟု ယခုလစောစောပိုင်းက ထုတ်ဝေခဲ့သော ရွေးကောက်ပွဲ ကြေညာစာတမ်းတွင် ဖော်ပြခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးရန် လုံခြုံရေးတိုးတက်အောင်ပြန်လည်လုပ်ဆောင်ပြီး ယမန်နှစ် လူထုအုံကြွမှု နောက်ပိုင်းမှစ၍ မြင့်တက်လာသည့် ချေးငွေအပေါ် ပြန်လည်ပေးဆပ်ရသည့်အတိုးနှုန်းကို လျှော့ကျသွားစေရန် လုပ်ဆောင်မည်ဟု ၎င်းက ကတိပြုထားသည်။

"အလုပ်အကိုင်တွေ ဖန်တီးနိုင်ဖို့ ကျွန်တော်တို့ရဲ့ စီးပွားရေးထဲကိုငွေကြေးထည့်သွင်းပေးဖို့လိုအပ်ပါတယ်" ဟု မူဆာ၏ စီးပွားရေးအကြံပေးအက်ရှ်ရက် ဆဝီလမ်က တယ်လီဖုန်းဖြင့် မေးမြန်းသော အင်တာဗျူးတွင် ကိုင်ရိုမှနေ၍ ဖြေကြားသည်။

"လုံခြုံရေးအခြေအနေ ပြန်ကောင်း အောင်လုပ်နိုင် ရင် ဘက်ဂျက်လို ငွေအများကြီး မြင့်မသွားနိုင်ပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ယုံကြည်မှုတိုးလာတာနဲ့ အမျှကျွန်တော်တို့ရဲ့ အသုံးစရိတ်ကို ပြန်လည်ထိန်းညှိမယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိလာပါလိမ့်မယ်"ဟု ၎င်းကဆက်လက် ပြောပါသည်။

ဟိုစနီမူဘာရက် ပြုတ်ကျသွားပြီးနောက် အီဂျစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးမှုများ စတင်နေပြီဖြစ်သည်။ ရွေးကောက်ပွဲမဲပေးရမည့်နေ့ကို မေလ ၂၃ ရက်အဖြစ် သတ်မှတ်ထားပြီး ရွေးကောက်ပွဲ၌ အောင်ပွဲခံသူမှာ ဇူလိုင်လကုန်တွင်စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ နောက်တက်မည့် အုပ်ချုပ်သူသည် အရှေ့အလယ်ပိုင်းတွင် စီးပွားရေးဖွံ့ဖြိုးမှုအနည်းဆုံးနှင့်ပြည်ပကြွေးမြီအများဆုံးနိုင်ငံအား အမွေဆက်ခံရမည်ဟုနိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကိန်းဂဏန်းများက ပြဆိုနေသည်။

နိုင်ငံရေးနှင့် မဟာဗျူဟာမြောက် လေ့လာရေးအယ်လ်အာရမ်စင်တာမှ မကြာသေးမီက ပြုလုပ်ခဲ့သောစစ်တမ်းအရ ရွေးကောက်ပွဲ ယှဉ်ပြိုင်မည့်သူ ၁၃ ဦး တွင် မစ္စတာအာမေးမူဆာက ထိပ်ဆုံးမှ ဦးဆောင်နေကြောင်းတွေ့ရှိထားသည်။ ၎င်း၏ ပထမဆုံးနှစ်တွင် အစိုးရသုံးစွဲမှုများကြောင့် နိုင်ငံ၏ ဘတ်ဂျက်လိုငွေ အနည်းငယ်ကျယ်ပြန့်လာမည်ဟု မျှော်လင့်ထားကြောင်း မူဆာ၏ စီးပွားရေးအကြံပေး ဆဝီလမ်က ဆိုသည်။ စွမ်းအင် (ဓာတ်ဆီ) အတွက်ခွဲတမ်းများချပေးခြင်းကို လျှော့ချနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရင်း ၂၀၁၇ ခုနှစ်အရောက်တွင် နိုင်ငံ၏ဘတ်ဂျက်လိုငွေကို ၄ ရာခိုင်နှုန်းအထိ လျှော့ချနိုင်လိမ့်မည်ဟု ၎င်းကပြောကြားသည်။ ယမန်နှစ်က အစိုးရ၏ ဘတ်ဂျက်လိုငွေမှာ ၁၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။

မူဘာရက်၏ အုပ်ချုပ်မှုကို အဆုံးသတ်စေခဲ့သည့် လူထုအုံကြွမှုတွင် လူပေါင်းတစ်သန်းခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ လုံခြုံရေးနှင့် ကန့်ကွက်ဆန္ဒပြသူများကြားဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများကြောင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခဲ့ပြီး ကမ္ဘာလှည့်ခရီးသည်များလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်နေကြပြီဖြစ်သည်။ အလုက်လက်မဲ့နှုန်းမှာ ၁၉၉၂ ခုနှစ် နောက်ပိုင်းအမြင့်ဆုံးအမှတ်ဖြစ်သော ၁၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ရောက်ရှိသွားခဲ့သည်။ ထိုအချိန်မှာပင် နိုင်ငံ ဂျီဒီပီ(စုစုပေါင်းထုတ်ကုန်တန်ဖိုး)မှာလည်း ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ် ကျုံ့သွားသည်။

ကန်ဒေါ်လာ ၁၂ ဘီလီယံနှင့်အထက်ရှိနိုင်သော ဘတ်ဂျက်လိုငွေယိုပေါက်ကိုပိတ်ဆို့ရန်၎င်း၏ ဒေသတွင်းမှ အဆက်အသွယ်များ၊ နိုင်ငံတကာမှ အဆက် အသွယ်များကို ချက်ချင်းလက်ငင်း အသုံးချသွားမည်ဟု မူဆာက ၎င်း၏ရွေးကောက်ပွဲ ကြေညာစာတမ်းတွင် ကတိပြုထားသည်။ ၎င်းကိုဝေဖန်သူများက အစိုးရဟောင်းနှင့် မူဆာပတ်သက်နေခြင်းကို ရှုတ် ချသော်လည်း မူဆာ၏ အဆက် အသွယ်များကြောင့် နိုင်ငံခြားမှ ရန်ပုံငွေများ ရရှိရန်အထောက် အကူဖြစ်မည်ဟု ကိုင်ရိုမြို့ CI Capital မှစီးပွားရေးပညာရှင် အလီယာမမ်ဒူးက ဆိုပါသည်။

ဝါရင့်၊ သမ္မာရင့်နိုင်ငံရေး သမားအဖြစ် မူဆာ၏ ကျော်ကြားမှုကလည်းအခြားပြိုင်ဘက်များအပေါ် အသာစီးရစေသော အချက်ဖြစ်သည်။ ပြိုင်ဘက်တစ်ဦးမှာ တစ်ချိန်က ပိတ်ပင်ခံထားရသော အစ္စလာမ်မစ် အုပ်စုမွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ အဗ္ဗဒီမိုနီယမ်အဘိုလ်ဖူတိုအာဖြစ်သည်။ အဘိုလ်ဖူတိုအာသည်အယ်လ်အာရမ် စစ်တမ်းအရထောက်ခံမှုနှုန်း ၂၇ ဒသမ ၃ ရာခိုင်နှုန်းရရှိကာ ဒုတိယနေရာလိုက်နေသည်။ အာမေးမူဆာမှာ ထောက်ခံမှု ၄၁ ဒသမ ၁ ရာခိုင်နှုန်း ရရှိထားသည်။ အဘိုလ်ဖူကိုအာ၏ ကနဦးရွေးကောက်ပွဲကြေညာစာတမ်းတွင်လည်း ကုန်ထုတ်လုပ်မှုမြင့်မားသောကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်နှင့် အလုပ်အကိုင်များ ရရှိစေရန် ငွေကြေးပေါ်လစီကို အသုံးချရန် ပြောကြားထားသည်။ ခြိုးခြံချွေတာမှု အစီအစဉ်များ ချမှတ်ခြင်းထက်နိုင်ငံ၏ဝင်ငွေပိုမိုရရှိအောင် ရှာဖွေ၍ ဘတ်ဂျက်လိုငွေကို လျှော့ချမည်ဟု ကတိပေးထားသည်။ မူဆာကဲ့သို့ပင် ဝင်ငွေခွန်များကို တဖြည်းဖြည်းချင်းတိုးမြှင့်ကောက်ခံခြင်း၊ အရင်းအနှီး အကျိုးအမြတ်များအပေါ် အခွန်ကောက်ခံခြင်းများကို ၎င်းက ထောက်ခံသည်။

အဘိုလ်ဖူတိုအာ၏ စီးပွားရေးအကြံပေးတစ်ဦးဖြစ်သူနှင့် ကိုင်ရိုမြို့ရှိ American University မှစီးပွားရေးပညာပါမောက္ခဖြစ်သူ ဆာမာအတာလာက ငွေကြေးချေးငှားမှုများအပေါ် မှီခိုမည့်မူဆာ၏ အစီအစဉ်ကိုဝေဖန်ပြောဆိုခဲ့သည်။ ယင်းမှာ အီဂျစ်စီးပွားရေး၏ ရောဂါဆိုးကြီးဖြစ်ပြီး စဉ်ဆက်မပြတ်နိုင်ငံခြားမှ ချေးငွေများအပေါ် မှီခိုခြင်းမှာ အီဂျစ်စီးပွားရေးအမှတ် သင်္ကေတဖြစ်နေသည်ဟု ၎င်းက ဆိုသည်။

အီဂျစ်နိုင်ငံ၏ နိုင်ငံခြားအရန်ရန်ပုံငွေမှာလည်း ထက်ဝက်ခန့်တစ်ဟုန်ထိုးကျဆင်းသွားခဲ့သည်။ မတ်လတွင် ယင်းရန်ပုံငွေပမာဏမှာကန်ဒေါ်လာ ၁၅ ဒသမ ၁ ဘီလီယံသို့ရောက်ရှိသွားခဲ့ရာ မူဘာရက်ထံမှ ယာယီကြားဖြတ်အာဏာရယူထားသော စစ်ဘက်က ခန့်အပ်ထားသည့် လက်ရှိအစိုးရက နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ ချေးငွေရရှိရန် ဆွေးနွေးတိုင်ပင်နေကြသည်။ နောက်ဆုံးနှစ်ဖက် သဘောတူညီချက်တွင် မည်သည့်သတ်မှတ်ချက်များ ထည့်သွင်းမည်နည်း၊ မည့်သည့်အချိန်တွင် ချေးငွေစတင် ပေးအပ်မည်နည်းဆိုသည့် အချက်များမှာ ရှင်းရှင်းလင်းလင်း မရှိသေးပေ။

အီဂျစ်စီးပွားရေးတွင် အကျပ်အတည်းများရှိသလို နိုင်ငံရေးတွင်လည်း တစ်ဖက်နှင့်တစ်ဖက် တွန်းတိုက်နေရာလုမှုများကြောင့် အခြေခံဥပဒေသစ်ရေးဆွဲရေးမှာ နှောင့်နှေးနေရသည်။ နောက်တက်မည့် သမ္မတတွင် ဩဇာအာဏာမည်မျှ အပ်နှင်းထားမည်ဆိုသည်မှာလည်း မရှင်းလင်းပေ။ မူဘာရက်လက်ထက်က သမ္မတလက်ထဲတွင် အာဏာစုပြုံ ရောက်ရှိနေခဲ့ခြင်းကို စိတ်ကုန်ခဲ့ကြသူများကလည်း နိုင်ငံခေါင်းဆောင်ထက်ပါလီမန်၏ ဩဇာအာဏာကို ပိုမိုတိုးမြှင့်ထားလိုကြသည်။

မူဘာရက်လက်ထက်တွင် အာဏာအပြည့်ရှိပြီး ပါလီမန်၏ ထောက်ခံမှုအပြည့်အဝ ရရှိခဲ့သော်လည်း အာမေးမူဆာအနေဖြင့် နိုင်ငံခြားချေးငွေများနှင့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များအတွက် ပါလီမန်တွင် နေရာအများစုရရှိထားသည့်မွတ်ဆလင်ဘရားသားဟုဒ်နှင့် ဆာလာဖစ်အုပ်စုများနှင့် ညှိနှိုင်း၍ သဘောတူညီချက်များ ရယူရလိမ့်မည်ဟု ဂျာမနီနိုင်ငံမှ ကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ တန်ကြေးရှိပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ မန်နေဂျာ ဆာဂျီဒါဂါချက်ဖ်က ပြောကြားသည်။

*—Ref: The Guardian*



# ဗြိတိန်ရွေးကောက်ပွဲများတွင် အတိုက်အခံပါတီ အသာစီးရနေ

**လန်ဒန်၊ မေ-၅**

ဗြိတိန်နိုင်ငံတစ်ဝန်းတွင်ကျင်းပခဲ့သော ဒေသဆိုင်ရာရွေးကောက်ပွဲများ၌ လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီနှင့် ၎င်း၏ မဟာမိတ်ပါတီကိုယ်စားလှယ်များ ရှုံးနိမ့်ခဲ့ပြီး အတိုက်အခံလေဘာပါတီက ၎င်းတို့၏ မျှော်မှန်းချက်များကိုပင် ကျော်လွန်၍ အောင်ပွဲများရရှိခဲ့သည်။

ကွန်ဆာဗေးတစ်ကိုယ်စားလှယ်များ အရှက်တကွဲ ရှုံးနိမ့်ခဲ့ခြင်းအတွက် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ဝန်ချတောင်းပန်ခဲ့သည်။ ရွေးကောက်ပွဲရလဒ်မှာ အစိုးရ၏ ခြိုးခြံချွေတာမှု အစီအစဉ်များကို ပယ်ချခြင်းဖြစ်ပြီး စီးပွားရေးပေါ်လစီများကိုလည်း ဗြိတိန်နိုင်ငံသားများက မကြိုက်နှစ်သက်ကြောင်းပြသခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုကြသည်။

ရွေးကောက်ပွဲသတင်းဆိုးများ ဆက်တိုက်ဝင်လာချိန်မှာပင် ကွန်ဆာဗေးတစ်များအတွက် ဖြေသာသော အောင်ပွဲတစ်ခု၌ လန်ဒန်မြို့တော်ဝန် ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ကိုယ်စားလှယ်ဘောရစ်ဂျွန်ဆင်က ၎င်း၏ လေဘာပါတီပြိုင်ဘက် ကင်လစ်ဗင်းစတုန်းအပေါ် အနိုင်ရရှိခဲ့သော သတင်းဖြစ်သည်။ ယင်းမှာလည်း ဘောရစ်ဂျွန်ဆင်က ကပ်နိုင်ပြီး ဒုတိယအကြိမ်အဖြစ် မြို့တော်ဝန်တာဝန်ကို ထမ်းဆောင်ခွင့်ရခြင်းဖြစ်သည်။

အတိုက်အခံလေဘာပါတီခေါင်းဆောင် အက်ဒ်မီလီဘန်းကလည်း ရွေးကောက်ပွဲရလဒ်မှာ အစိုးရအတွက် အချက်ပေးခေါင်းလောင်းသံဖြစ်ပြီး ၎င်း၏ ပါတီသာလျှင် ဗြိတိန်နိုင်ငံက လိုအပ်နေသော ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ *—Ref: The Hindu*


NK DO DO KO KO
Computer & Electronics Sales Centre
ဈေးနှုန်းမှာလည်းချိုသာပြီး Warranty ပိုင်းမှာလည်းစိတ်ချရတဲ့ Laptop & Desktop များကို ရောင်းချပေးနေပါပြီ။
lenovo G 475
* AMD E300 APU With Radeon(FM) HD Graphic (2CPUS) ~ 1.3 GHz
* 2GB, 500 GB
* DVD RW, 943MB VGA
* LAN, Wifi, Webcan
* 14" HD LED
* 6 cell Battery
NEW
hp nx-6320
* Core2Duo-1.8GHz
* 1 GB DDRII
* 60 GB SATA
* 256MB VGA
* DVD Combo
* LAN, Wifi
* 15" TFT
220,000/-
hp 6510 B
* Core2Duo-2.2GHz
* 2 GB DDRII
* 120 GB SATA
* 358MB VGA
* DVD RW
* Wifi
* 14" TFT
240,000/-
Fujitsu FMV-E8220
* CoreDuo-1.66GHz
* 1 GB DDRII
* 40 GB SATA
* DVD Combo
* LAN
* 15" (XGA)TFT
179,000/-
TOSHIBA J 60
* Core Solo 1.83GHz
* 512 MB DDRII
* 40 GB SATA
* 256MB VGA
* DVD Combo
* LAN
* 14.1" TFT LCD
149,000/-
All In One PC - နေရာယူမှုသက်သာပြီး မီးစားအလွန်သက်သာသော
- အဆင်မြင်မြင်သုံးလိုသူများအတွက် P4 All in One (Pc Attach Desktop)
HITACHI
* P4 3.2 GHz
* 512GB, DDR II
* 40 GB SATA
* 128 VGA
* CD Rom
* 17" TFT LCD
* Build In Speaker
100000/-
* Celeron D 2.8 GHz
* 512GB, DDR II
* 40 GB SATA
* 128 VGA
* CD Rom
* 15" TFT LCD
* Build In Speaker
80000/-
14"TV+DVD (၁)စုံ
38,000/-
DVD +
TV 14"
21" TV
38,000/-
CD/Tape ရေနဲ့လည်း အသုံးပြုနိုင်တယ်
FM အနေနဲ့လည်းနားထောင်နိုင်တဲ့
Japan Portable CD Radio Cassette
Only - 15,000/-
20" Nikko LCD
Only - 85,000/-
Made In Japan အစစ် Toshiba
အဝတ်လျှော်စက်များကို
ဈေးချိုချိုနှင့်ရောင်းချပေးနေပါပြီ။
Washing Machines
NEW
Toshiba AW- 42SJ (W)
=195,000/Ks
Toshiba AW- 60GF(W)
=240,000/Ks
Toshiba AW- 70GF(W)
=270,000/Ks
3 Doors ရေခဲသေတ္တာ
2 Doors ရေခဲသေတ္တာ
ရေခဲသေတ္တာ
2 Doors (small) 70000/-
2 Doors (medium) 90000/-
3 Doors 220000/-
4 Doors 250000/-
5 Doors 270000/-
1 Door ရေခဲသေတ္တာ
25,000/-
* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၈၅၀)၊ သံသုမာလမ်း (၁၀)ရပ်ကွက် (မိုးဆွေ ကားမှတ်တိုင်အနီး)
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုဓမ္မာလမ်း၊ (ရှ)ရပ်ကွက်(ဖြ-ကွေ့ ကားမှတ်တိုင်အနီး)၊
* မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်။


Inforithm-Maze
Innovating for Future
လိပ်စာပြောင်း ကြေညာခြင်း
» လေးစားအပ်ပါသော လူကြီးမင်းအပေါင်းနှင့်မိတ်ဆွေများခင်ဗျား...
Inforithm-Maze နှင့် ဖော်ပြပါလုပ်ငန်းစုများအားလုံးကို
၂ • ၅ • ၂၀၁၂ မှစ၍ အောက်ဖော်ပြပါလိပ်စာအသစ်သို့
ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း
လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။
» ဆက်သွယ်ရန်လိပ်စာ
အခန်းအမှတ်(G-12)၊ မြေညီထပ်၊ တိုက်(B)၊ Diamond Centre
အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၂၃၉၁၁~၁၈ ၊ ၅၁၃၅၁၅~၉ Fax ၅၂၃ ၉၁၈
7DAY NEWS JOURNAL
Hot Line-09 730 32006, 09 732 24541
PEOPLE
Hot Line-09 730 33065
PEOPLEMEDIA
7DAY SHOPPING GUIDE JOURNAL
IM EXPRESS
Hot Line-09 731 62609
Distribution
Hot Line-09 730 53320
» Internet Journalနှင့် 7Day Sports ရုံးခန်းများအား
အခန်းအမှတ်(၉၀၁၊၉၀၂၊ ၉၀၃၊ ၉၀၄)၊ ၉လွှာ၊
လပြည့်ဝန်းပလာဇာတွင် ဆက်လက်ဖွင့်လှစ်ပါမည်။
ဖုန်း-၃၇၆၅၂၅၊ ၃၉၃၄၅၈၊ Hot Line-၀၉ ၇၃၀ ၃၂၉၂၈၊ ၀၉ ၄၉ ၂၁၄၂၄၅


နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
Special Sales Event
7th May to 31st May
ကား(၁)စီး ဝယ်ယူသူတိုင်း
၂သိန်း GSM SIM CARD FREE
အခမဲ့လက်ဆောင်များ...
AVAILABLE STOCK (CIF USD 5500*ကားများ)
Mark II 99
Mark II ရှေ့ဝါး 2001
Mark II Blit 2002
Premio 2000
Caldina Van 2000
Mark II Van 2000
Altteza Van 2000
Honda Odessy 2000
CIF USD 5500
မေလတစ်လလုံး သိန်း ၁၁၀ အပြီးအစီး
ဈေးနှုန်းဖြင့် ရောင်းချပေးသွားပါမည်
မှတ်ချက် - ကားဟောင်းအပ်စလစ်တန်ဖိုး မပါရှိပါ
SEPICAL PERMIT ဖြင့် တင်သွင်းထားသောကားများ
Soarer 2002
Mark X 2004/ 2005/ 2006
LN 165 / 167 Double Cab
SSR G 1999 Hilux Surf
Diamond Auto Service Co., Ltd. အမှတ်(၁၅၀-B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ (ကုက္ကိုင်းမီးပွိုင့်ထောင့်)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com

# Commodity Watch

7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.06 (E 6600) (775) | 58,896 |
| Intel P4 Core i3 3.3 GHz (1155,2120) | 97,342 |
| Intel P4 Core i5 3.1 GHz (1155,2400) | 145,604 |
| Intel P4 Core i7 3.1 GHz (115,2600) | 243,766 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,898 |
| MSI H67MA-E35(1155) | 82,618 |
| MSI H61M-E23 (1155) | 63,804 |
| MSI Z68A-G45(1155) | 126,790 |
| ASUS P8H61MLX Pro (1155) | 49,898 |
| ASUS P8H61MLX Plus (1155) | 55,624 |
| ASUS P8H61MLX Pro (1155) | 85,890 |
| ASUS P8H68 VLX (1155) | 107,976 |
| Gigabyte H61M-S2(B3)(775)50,716 | |
| Gigabyte H61M-S2(B3)(1155) | 63,804 |
| Gigabyte H67M-D2(B3)(1155) | 98,160 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston19,800 | |
| **Harddisk** | |
| 500 GB Western Digital SATA | 71,984 |
| 500GB Sagate SATA | 71,984 |
| 2TB Seagate SATA | 127,608 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,894 |
| MSI N430GT 2GB PCI Express Card | 69,530 |
| ASUS ENGTX520 1GB PCI Express Card | 44,990 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 49,898 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 150,512 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 35,992 |
| ASUS EAH 5450 512MB PCI Express Card | 31,084 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 65,000 |
| Gigabyte ATI Redeon HDR545 SC 1GB PCI Express Card | 57,260 |
| Gigabyte ATI Redeon HDR 6450 1 GB D3 PCI Express Card | 69,530 |
| **Memory Stick** | |
| TOSHIBR 500 GB | 68,000 |
| VERBATIM 500GB | 72,800 |
| BERBATIM ITB | 110,000 |
| WD 500 GB | 76,000 |
| WD 1 TB | 112,000 |
| **UPS** | |
| Numeric (600VA) UPS | 65,174 |
| Numeric(1000VA) UPS | 65,440 |
| SVC (600VA) UPS | 28,500 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 20,450 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,086 |
| [illegible] | 160,000 |

Technoland ဆိုင်မှ မေလ(၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 300,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 270,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 22,000 |
| LG | DV276 | 22,000 |
| Toshiba | DV380 | 22,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 195,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မေလ (၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၅) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေလ (၆)ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၀၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၆၀၀- ၂၇,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀- ၂,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀- ၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀- ၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၆,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀- ၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

မေလ (၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာဝက်ဂွန် | ၃. ၀ အင်ဂျင်ပါဝါ | ၇၈၊၉၈၊၁ဃ | ၂၈၅ |
| စူဇူကီးဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁၈၊၂၈၊၃၈ | ၁၈၀ ဝန်းကျင် |
| ပါဂျဲရို | ၉၅၊၉၆ | ၇၈/၉၈ | ၃၇၀ ဝန်းကျင် |
| ပါဂျဲရို | ၉၇၊၉၈၊၉၉ | ၇၈/၉၈ | ၄၅၀ |
| ဟိုင်းလပ်ဆပ်(ဝက်ဂွန်) | ၉၆ | ၇၈/၉၈/၁ဃ | ၃၄၀-၃၈၀ ကြား |
| ဟိုင်းလပ်ဆပ်(Grade အစုံ) | ၉၇၊၉၈၊၉၉ | ၇၈/၉၈/၁ဃ | ၄၅၀ ကြား |
| တိုယိုတာဖင်ကောက်(ဒီဇယ်) | ၂၀၀၀-၀ | ၇၈/၉၈ | ၃၀၀ |
| တိုယိုတာ(လီမိတက်) | ၈၈-၉၈ | ၂ဃ/၈ဃ | ၃၃၀ ဝန်းကျင် |
| မတ်တူး(၂. ၀ Grade) | ၂၀၀၂ | ၉၈ | ၂၈၀ |
| မတ်တူး (၂. ၅ Grade) | ၂၀၀၂ | ၉၈ | ၃၀၀ |

မေလ (၅)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | April (29) | April (30) | Mar (1) | Mar (2) | Mar (3) | Mar (4) | Mar (5) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |
| Premier ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |

7Day News Journal
Vol.11, No.9 • MAY 10 , 2012

# စာ-၂၅၊ စတော့အိတ်ချိန်း တည်ထောင်ခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံခြင်း မှ

ဒီလို ဆောင်ရွက်မှုမျိုးကို တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို စတဲ့ ဗဟိုချုပ်ကိုင်မှုစနစ်က ဈေးကွက်စီးပွားရေးစနစ်ကို အသွင်ကူး ပြောင်းကြတဲ့ နိုင်ငံတွေမှာ ဆောင်ရွက်ကြတာဟာ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ဒီလို လုပ်ဆောင်နိုင်ရင် အများပိုင်ကုမ္ပဏီတွေ မြန်မြန်ဆန်ဆန် ပေါ်ပေါက်နိုင်တဲ့ အခွင့်အလမ်းရှိတယ်လို့ ကျွမ်းကျင်သူတွေ အတော်များများကသုံးသပ်ကြတယ်။ ဒီအယူအဆကို ကျွန်တော်လည်းလက်ခံတယ်။ ဒါပေမဲ့ အရေးကြီးတဲ့အချက်က ဒီလိုမဆောင်ရွက်မီအများပိုင် ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းမယ့် အစိုးရလုပ်ငန်းတွေရဲ့ လုပ်ငန်းစီမံအုပ်ချုပ်မှု ပုံသဏ္ဍာန်၊ ငွေရေးကြေးရေး စီမံအုပ်ချုပ်မှုပုံသဏ္ဍာန်တွေကို လုံးဝပြောင်းလဲဖို့ လိုတယ်။ ဒီအချက်က အလွန်ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်လိမ့်မယ်။ တကယ်တော့ အစိုးရစီးပွားရေး လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကြီးမားတဲ့ ပြုပြင်ပြောင်းလဲမှု ပြုလုပ်သင့်တာကြာပြီ။ ကနေ့ထိ ထိရောက်တဲ့ပြောင်းလဲမှုတွေကို မပြုလုပ်နိုင်သေးပါဘူး။ဒါကြောင့် တချို့ အစိုးရစီးပွားရေးလုပ်ငန်းတွေကို အများပိုင်အကျိုးတူ ဖက်စပ်ကုမ္ပဏီများအဖြစ် ပြောင်းလဲဖွဲ့စည်းဖို့ဆိုတာ အမှန်တကယ်ဆောင်ရွက်သင့်တဲ့ ကိစ္စရပ်တစ်ခုဖြစ်ပေမယ့် အလွန်ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်မယ်လို့ဆိုတာပါ။

**■ မြန်မာနိုင်ငံမှာစတော့အိတ်ချိန်းတစ်ရပ်ဖြစ်ထွန်းလာဖို့ မလွယ်ကူသေးဘူးလို့ ဆိုလိုတာလား။**

အဲဒီလိုတော့ မဟုတ်ပါဘူး။ ကျွန်တော်ပြောခြင်းတာက ဒီလုပ်ငန်းရဲ့ သဘာဝက အချိန်တိုအတွင်း ချက်ချင်းကောက်လုပ်လို့ မရတဲ့ လုပ်ငန်းသဘာဝမျိုး မဟုတ်ဘူး။ ဒီဈေးကွက် ဖြစ်ထွန်းတည်တံ့နိုင်မယ့် အခြေခံတွေကို စနစ်တကျတစ်ခုပြီးတစ်ခု အချိန်ယူပြီး တည်ဆောက်ရတယ်။ အဲဒီအခြေခံတွေ ဖြစ်ထွန်းပေါ်ပေါက်မှုအရ ဒီဈေးကွက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာ ဖြစ်တယ်။ဈေးကွက်အခြေခံတွေ ပြည့်ပြည့်စုံစုံ တည်ဆောက်နိုင်လေလေ ပိုမိုကောင်းမွန်တဲ့ ဈေးကွက်ကို ရရှိလေပဲ။ ယေဘုယျအားဖြင့်တော့ ဈေးကွက်အခြေခံတွေကို အိုင်လေးလုံးလို့အတိုကောက် ခေါ်ကြတယ်။ ငွေချေးသက်သေခံလက်မှတ်တွေ ထုတ်ဝေသူ (Issuers)၊ ငွေချေးသက်သေခံလက်မှတ်တွင် ရင်းနှီးမြှုပ်နှံသူ (Investors)၊ အဖွဲ့အစည်းများ (Institutions)နှင့် ကြားခံဆောင်ရွက်သူ (Intermediaries) တို့ ပြည့်စုံမှ ဒီဈေးကွက်ကို အင်္ဂါစုံလင်တဲ့ ဈေးကွက်တစ်ခုလို့ သတ်မှတ်ကြတယ်။ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတွေကို ကြည့်ရင် စတော့အိတ်ချိန်းတွေ ထူထောင်ခဲ့ကြတာပဲ။ ဗီယက်နမ်ကတော့ သူ့အတိုင်းနဲ့ သူမဆိုဘူး ပြောလို့ရပေမယ့် ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေမှာတော့ သိပ်အလုပ်မဖြစ်ဘူးဆိုတာ တွေ့ရတယ်။ ကျွန်တော်တို့လည်း ၁၉၉၆ ခုနှစ်ကတည်းက ဒီဈေးကွက်အတွက် အစပျိုးခဲ့ကြတာဘဲ။ ဒါပေမဲ့ သိပ်အလုပ်မဖြစ်ခဲ့ဘူးဆိုတဲ့ အချက်ကိုတော့ လက်ခံကြရမှာဘဲ။ ဈေးကွက်အခြေခံတွေကို တည်ဆောက်ရမှာ ကိုယ့်ဘာသာချည်း တည်ဆောက်လို့ မရဘူး။ ဒါပေမဲ့ သူများကိုလည်း သိပ်အားကိုးလို့ မရဘူး။ တော်တော်များများက ကိုယ့်ဘာသာကိုယ် တည်ဆောက်ယူရမှာတွေ ဖြစ်တယ်။ တိုင်းပြည်စီးပွားရေးကဏ္ဍအရပ်ရပ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကလည်း လိုသေးတယ်။ တခြားစီးပွားရေးကဏ္ဍ အသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ဒီဈေးကွက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသွားမှာ။ ဒီဈေးကွက်တစ်ရပ်တည်း ထီးထီးကြီး ဖွံ့ဖြိုးတိုးတက်လာမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီဈေးကွက်အခြေခံတွေအားလုံး ပြည့်စုံမှ စတော့အိတ်ချိန်းကြီး ဘွားခနဲ ပေါ်ပေါက်လာမယ်လို့ ဆိုတာ မဟုတ်ဘူး။ ၂၀၁၅ ခုနှစ်မှာဈေးကွက်အခြေခံတွေအားလုံး ဒါမှမဟုတ် အတော်များများပြည့်စုံမှုမရှိနိုင်သေးဘူး။ ဒီအချက်ကို အသေအချာ ပြောရဲတယ်။ဒါပေမဲ့ တချို့အခြေခံတွေကို တည်ဆောက်နိုင်ခဲ့ရင် အတင့်အသင့်လည်ပတ်ဆောင်ရွက်နိုင်တဲ့စတော့အိတ်ချိန်းတစ်ရပ်ကို မြင်နိုင်ဖွယ်ရှိတယ်။

**■ ဒါဆိုရင် ၂၀၁၅ မှာ ဘယ်လိုအခြေအနေရှိတဲ့ စတော့ အိတ်ချိန်းကို လည်ပတ်ဆောင်ရွက်နိုင်မလဲ။ ဘယ်လိုအခြေခံတွေကို ဦးစားပေးတည်ဆောက်ရမှာလဲ။**

စတော့အိတ်ချိန်းရယ်လို့ ခေါ်ဝေါ်မသုံးနှုန်းကြမီ စတော့အိတ်ချိန်းဖြစ်လာမယ့် ရှေ့ပြေးဈေးကွက်တွေ စတင်ခဲ့ပုံကို လေ့လာကြည့်ရင် ဒီဈေးကွက်နဲ့ပတ်သက်တဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ တိတိကျကျ မရှိသေးဘူး။ စီးပွားရေးဖွံ့ဖြိုးလာတော့ စီးပွားရေးလုပ်ငန်းတွေကို တိုးတက်ဖွံ့ဖြိုးလာတယ်။ စီးပွားရေးလုပ်ကိုင် ဆောင်ရွက်သူတွေဆီမှာ ငွေလိုလာတယ်။ ငွေပိုတဲ့သူတွေက ငွေထည့်ဝင်ပြီး ပါဝင်လုပ်ကိုင်လိုတယ်။ ဒီလိုနဲ့ ရှယ်ယာဈေးကွက် အစပျိုးခဲ့တာပဲ။ အဲဒါဈေးကွက် ပထမ(Market First)ဆိုတဲ့ သဘောတရားဘဲ။ အခုခေတ်မှာတော့ ဈေးကွက်အတွက် ဘယ်လိုအခြေခံတွေကို တည်ဆောက်ရမယ်ဆိုတာကို သိနေကြပြီ။ ဒါတွေကို တတ်နိုင်သလောက် တည်ဆောက်ပြီးမှ ဈေးကွက်ကို ဖော်ဆောင်ရင် ပိုမိုချောမွေ့မှာမို့ ဈေးကွက်အခြေခံတွေကိုတတ်နိုင်သလောက် အရင်တည်ဆောက်ကြတယ်။ (Market Latter)ပေါ့။ အခုချိန်မှာ ကျွန်တော်တို့ တကယ်အရေးကြီးဆုံးလိုအပ်ချက်က အရည်အသွေးပြည့်ဝတဲ့ အများပိုင်ကုမ္ပဏီတွေ အထိုက်အလျောက် ရှိလာဖို့ပဲ။ ရှယ်ယာဝယ်ယူ ရင်းနှီးမြှုပ်နှံလိုသူတွေက အရန်သင့် ရှိနေကြတယ်။ အချို့အများပိုင် ကုမ္ပဏီတွေရဲ့ ရှယ်ယာတွေကို အရောင်းအဝယ်ပြုနေကြတာ ချောချောမွေ့မွေ့ပဲ။ ဒီကြားထဲမှာ ငွေချေး သက်သေခံလက်မှတ်များ ဥပဒေကို ပြဋ္ဌာန်းနိုင်မယ့် နည်းဥဒေ၊ စည်းမျဉ်းစည်းကမ်းတွေကိုပြဋ္ဌာန်းနိုင်မယ်ဆိုရင် အသင့်အတင့်ပမာဏရှိတဲ့စတော့အိတ်ချိန်းတစ်ရပ်ကို ၂၀၁၅ ခုနှစ်လောက်မှာ တွေ့ရှိနိုင်မှာ။ ဈေးကွက်ကို လည်ပတ်ဆောင်ရွက်ရင်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားလို့ရတယ်။

**■ အရည်အသွေး ပြည့်ဝတဲ့ အများပိုင်ကုမ္ပဏီဆိုတာကို အလွယ်ကူဆုံး နားလည်အောင် ရှင်းပြပေးပါ။**

မိမိထုတ်ဝေတဲ့ ရှယ်ယာတွေကို ဈေးကွက်မှာရောင်းဝယ်မှုပြုလုပ်နိုင်ဖို့ အများပိုင်ကုမ္ပဏီတစ်ခုအတွက် မရှိမဖြစ် အနည်းဆုံး လိုအပ်ချက်တွေကတော့ စီမံအုပ်ချုပ်မှု ကောင်းမွန်ရမယ်၊ စာရင်းအင်းစံနှုန်း စနစ်ကောင်းမွန်ရမယ်။ ထင်သာ မြင်သာ ရှိရမယ်။ သတင်းအချက်အလက်တွေကို အများပြည်သူကို ပုံမှန်အသိပေးရမယ်။ ရှယ်ယာတွေကို ဈေးကွက်မှာလွတ်လွတ်လပ်လပ်ရောင်းဝယ်နိုင်ခွင့်ရှိရမယ်။ ရှယ်ယာ ရောင်းဝယ်မှုကို လုံးဝကန့်သတ်လို့ မရဘူး။ အဲဒီစံနှုန်းတွေ မပြည့်စုံရင် ဒီရှယ်ယာတွေကို ဈေးကွက်မှာ ရောင်းဝယ်မှုပြုနိုင်မှာမဟုတ်ဘူး။

**■ မြန်မာနိုင်ငံမှ စတော့အိတ်ချိန်း တည်ထောင်နိုင်ဖို့ အားသာချက်၊ အားနည်းချက်တွေကို သုံးသပ်ပေးပါ။**

အားသာချက်ကတော့မြန်မာနိုင်ငံရဲ့ ပထဝီဝင်အနေအထား၊ တိုင်းပြည်ရဲ့ အရွယ်အစား၊ လူဦးရေ ပမာဏ၊ သဘာဝ သယံဇာတ အခြေအနေတွေ အရ အလားအလာကောင်းတဲ့ စတော့အိတ်ချိန်းတစ်ရပ်ဟာ အခြားသော စီးပွားရေး အခွင့်အလမ်းများနဲ့ ပေါ်ပေါက်လာနိုင်တယ်လို့ နိုင်ငံတကာက ယုံကြည်ပြီး မျှော်လင့်စောင့်စားနေကြတာပါပဲ။ ဒါကြောင့်လည်း နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်လိုသူတွေ၊ ပံ့ပိုးဆောင်ရွက်လိုသူတွေ၊ ပါဝင်ဆောင်ရွက်လိုသူတွေ၊ အများအပြားရှိနေတာဖြစ်တယ်။ ဒီလိုဆောင်ရွက်ခွင့်ရသူတွေအနေနဲ့လည်း တစ်နည်းမဟုတ်တစ်နည်း အကျိုးအမြတ်ပြန်လည် ရရှိမှာမလွဲမသွေ ဖြစ်တယ်။ စီးပွားရေးဆိုတာက သူ့အကျိုး၊ ကိုယ့်အကျိုး ဆောင်ရွက်ကြတဲ့ ကိစ္စဖြစ်လို့ ဒါတွေကို လက်ကမ်းကြိုဆိုရမှာ ဖြစ်တယ်။ ကိုယ့်အတွက် အကျိုးအမြတ်အများဆုံးရအောင် ဆောင်ရွက်နိုင်ရင် တိုင်းပြည်ရဲ့ စီးပွားရေးကို များစွာအထောက်အကူဖြစ်မှာ ဖြစ်တယ်။ဒါပေမဲ့ ကျွန်တော်ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုယ့်ဘာသာ ကိုယ်ဖော်ဆောင်ရမယ့် ဈေးကွက်အခြေခံတွေကို တည်ဆောက်ရမှာတော့ အတော်ကို အားနည်းသေးတာ တွေ့ရတယ်လို့ယူဆတယ်။ ဒီကိစ္စရပ်တစ်ခုတည်းကို အာရုံစူးစိုက်မှုပြုပြီး ဆောင်ရွက်မယ့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ခြင်း မရှိသေးဘူး။ သက်ဆိုင်မှုရှိတဲ့ အဖွဲ့အစည်း အသီးသီးက အချိန်အတော်အသင့်ပေးပြီး ဆောင်ရွက်နေကြတဲ့ သဘောလို ဖြစ်တယ်။ ဒီလို ဆောင်ရွက်မှုမျိုးက ခရီးမပေါက်နိုင်ဘူးဆိုတာကို ကျွန်တော်တို့ကြုံခဲ့ပြီးဖြစ်တယ်။ ဒီကိစ္စတစ်ခုတည်းကိုသာ ဇောက်ချဆောင်ရွက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမျိုးနဲ့ ဆောင်ရွက်မယ်ဆိုရင်ပိုပြီး ခရီးပေါက်မယ်လို့ယူဆတယ်။ ပြည်ပက အတွေ့အကြုံရှိ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုများက ယူတတ်မယ်ဆိုရင် အကျိုးအမြတ်များစွာ ရရှိနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကိုယ်တိုင်က အခုဆောင်ရွက်နေတဲ့ကြိုးပမ်းမှုထက် အဆများစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ဖို့ လိုတယ်။ ရှေးလူကြီးတွေပြောတဲ့ စကားအတိုင်းပဲပေါ့“ဘယ်သူချော့သိပ်သိပ် ကိုယ့်အိပ်မှ ပျော်မှာ”ပါ။

**■ အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ။

## စာ(၃၂) အဟောင်းအညစ်မှသည် အကောင်းအသစ်သို့ မှ

ဤဌာနအတွင်း တာဝန်ထမ်းဆောင်နေကြသော မိမိနှင့် တကွသော အောက်ခြေဝန်ထမ်းအဆင့်ဆင့်တို့သည် နိုင်ငံ့ဝန်ထမ်းများသာဖြစ်၍ မိမိအကျိုးစီးပွားအတွက် ရည်ရွယ်ဆောင်ရွက်သော ဆုံးဖြတ်ချက်တိုင်းသည် အလွဲသုံးစားမှုပင်ဖြစ်ပါသည်။ နိုင်ငံ့အကျိုး၊ ဌာနအကျိုး တစ်နည်းအားဖြင့် ပြည်သူလူထုအကျိုးကို သယ်ပိုးမည့်သူထက် မိမိအကျိုးကို ထိရောက်စွာ သယ်ပိုးမည့်သူကို ဦးစားပေးနေလျှင်ဝန်ထမ်းများ၏စွမ်းဆောင်ရည်တဖြည်းဖြည်း ညံ့ဖျင်းသွားကာနိုင်ငံတော်အတွက်အဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုဖြစ်စေမည်ဖြစ်ပါသည်။ ဤသို့ဖန်တီးသူသည် နိုင်ငံတော်ကို ချောက်ထဲဆွဲချသူသာ ဖြစ်ပါသည်။

ဝန်ထမ်းများအား တာဝန်ထမ်းဆောင်စေရာတွင်လည်း တစ်ကိုယ်ရေ ခံစားချက်များကို ရှေ့တန်းတင်ကာ မိမိနှင့် သွေးဝေးသူများကို ချောင်ထိုးချော့သိပ်၍ အုတ်ဆယ်ချပ်သယ်နိုင်သူကို တစ်ချပ်တည်း သယ်ခိုင်းပြီး အပြေးသမားကောင်းကို ပွဲကြည့်စင်တင်ထားတာမျိုးသည်လည်း နိုင်ငံနှင့် မိမိဌာနအပေါ် သစ္စာမရှိသော စီမံမှုမျိုးပင်ဖြစ်ပါတယ်။ အရည်အချင်းစွမ်းရည်ရှိသူကို ရှိမှန်းလည်းသိလျက် မသိကျိုးကျွံပြုကွင်းအပြင်ထုတ်ပြီး မိမိတစ်ယောက်တည်း (သို့မဟုတ်) မိမိနှင့်အပေါင်းပါတစ်စုသာ ကစားပြနေတာမျိုးက ဂိုးမရှုံးနိုင်တဲ့အခါ ကဲ့ရဲ့စရာဖြစ်စေပါသည်။

စီမံခန့်ခွဲမှုစနစ်ဟူသည် လူ့ခန္ဓာကဲ့သို့ပင်။ ခေါင်းသည် လည်ပင်းကိုချိတ်ပြီး လည်ပင်းကမှ ခန္ဓာကိုယ်၊ခြေ၊ လက်တို့ကို ဆက်တွဲရလေသည်။ ခန္ဓာတစ်ခုလုံး အသုံးပြုနိုင်ဖို့ရာမှာ အဆင့်ဆင့်သော ကွင်းဆက်တို့ အချိတ်အဆက်မိဖို့ လိုလေသည်။ မျိုးဆက်တွေပြတ်ကုန်ပြီဟု မကြာခဏငြီးတွားသံနှင့်အတူ (တကယ်တမ်း ပြတ်အောင် လုပ်ခဲ့သူများမှာလည်း မိမိတို့ဖြစ်ပါလျက်) ဦးခေါင်းတို့သည် ဒူးကို ချိတ်ဆက်သောအခါ ခန္ဓာ၊ခြေလက်တို့ အသုံးမဝင်ဖြစ်ရမှုများလည်း မကြာခဏ တွေ့ရလေ့ရှိရာ လူငယ်မျိုးဆက်သစ်များကို နေရာပေးခြင်းဆိုလျှင် မြေတောင်မြှောက်ပေးခြင်းဆိုလျှင် သာဓုခေါ်ရမည်ဖြစ်သော်လည်း ဆုံးဖြတ်သူသည် လိပ်ပြာသန့်၊ မသန့် မိမိဘာသာ စစ်ဆေးရန်တော့လိုအပ်မည်ဖြစ်ပါသည်။

လူရှေ့သူရှေ့ စည်းဝေး ခန်းမထဲမှာ ခုနစ်သံချီထားသော မှုဘောင်ဝါဒတို့သည် အိမ်ရှင်မမီးဖိုချောင်ကလာသောအမိန့်၏ လွှမ်းမိုးမှုအောက်ဝယ် ကျောင်းတွင်းလုံးသော ကမ္ဘာကြီးသည် အိမ်တွင် ပြားမသွားရန်လည်းလိုပါသည်။ အနှစ်ချုပ်လျှင် ပြည်သူတွေ အကြည်ညိုမပျက်စေဖို့ မိမိလုပ်ငန်းများ၊ ဌာနလုပ်ငန်းများ အောင်မြင်ဖို့တစ်ဆက်တည်း မိမိကိုယ်စားပြု ထမ်းရွက်နေသော နိုင်ငံတော်တိုးတက်ဖို့ဆိုတာ အကောင်အထည်ဖော်နေသော ဝန်ထမ်းအားလုံးနှင့် သက်ဆိုင်တာမို့ ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်အတွေးအခေါ်တွေကို မြှင့်တင်ပေးဖို့လိုအပ်ပါတယ်။ ဝန်ထမ်းများရဲ့ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်တိုးတက်စေဖို့က သူတို့အပေါ် သက်ရောက်နေတဲ့အားများဟာ တရားတယ်လို့ ၎င်းတို့ကိုယ်တိုင် သိရှိနားလည်သွားစေတဲ့အထိ မျှတမှုတွေ မျှဝေပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုလုံး တညီတညာတည်း မကောင်းဖြစ်နေတဲ့ ဟောင်းညစ်တဲ့အတွေးအခေါ် လုပ်ရပ်တွေကို ကောင်းသစ်တဲ့ စီမံခန့်ခွဲမှုနည်းစနစ်များနှင့်အတူ နိုင်ငံတော်နှင့် ပြည်သူတွေအတွက် ရှေ့ရှုချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း နှစ်သစ်ဆုတောင်းပို့သလိုက်ရပါကြောင်း. . . ။

## စာ(၄၁)ကျွန်တော်ကြောက်သော ထိုနံ့ကောင် မှ

ရှိသည့်စက်ရုံတွေကလည်း တီဗီသတင်းမှာပြရုံသက်သက်လောက်ပဲ အလုပ်ဖြစ်ကြသည်။ သူများတွေ ဘယ်လိုမြင်သည်တော့မသိ။ ကျွန်တော့်အနေနှင့် သည်အချက်ကို အားသာချက်အဖြစ် အကောင်းဘက်ကို ရှုမြင်ပါသည်။

၂၀၁၁ မေလအတွင်း ရန်ကုန်မှာ ကျင်းပခဲ့သော 9th Meeting of ASEAN Working Group of Environmental Sustainable Cities (AWGESC) မှာ ဆက်သွယ်ရေးအရာရှိ Liaison Officer အဖြစ် ဆောင်ရွက် စဉ်က သတင်းကောင်းတစ်ခု ကျွန်တော်ကြားခဲ့ရသည်။ ရန်ကုန် မြို့တော်၏ လေထုသည် လတ်ဆတ်သန့်ရှင်းဆဲတဲ့။ ဘာနဲ့တူသလဲ ဆိုတော့ နောက်ကျမှ ဒစ်ဂျစ်တယ်ကင်မရာဝယ်သူက ဈေးပေါပေါနှင့်လုပ်ဆောင်ချက်များသော၊ Mega Pixel များသော ကင်မရာကိုင်ရသည်နှင့်တူပါသည်။ စက်မှုထုတ်ကုန်ကဏ္ဍမှာ ကျွန်တော်တို့ အများကြီးနောက်ကျကျန်ခဲ့ပါသည်။ ဒါပေမဲ့ ‘တစ်ဖက်ကမ်းပြို တစ်ဖက်သောင်ထွန်း’ ဆိုသလို ပတ်ဝန်းကျင်အဆိပ်သင့်မှုမှာ သူများတကာတွေထက်သက်သာပါသည်။ အနာဂတ်မှာ စက်မှုလုပ်ငန်းတွေ ထွန်းကားလာရင်တော့ ပတ်ဝန်းကျင်မညစ်ညမ်းရလေအောင် အားလုံးသတိရှိရှိ ဆောင်ရွက်ရပါလိမ့်မည်။

လောလောဆယ်ကြောက်ရမည်က နံ့ကောင်ဖြစ်သည်။ အတိတ်ကာလတစ်လျှောက်လုံးမြန်မာပြည်ကို ကွေ့ကွေ့ရှောင်သွားခဲ့လေသော ကိုရွှေမုန်တိုင်းက ၂၀၀၈ မှာ နာဂစ်ဟု ဘွဲ့ခံဝင် ရောက်တိုက်ခိုက်ခဲ့ပြီ။ ဒီလိုဒါရိုက်ဟစ် Direct Hit ကို New Comer Way (လမ်းကြောင်းသစ်) ဟု ပညာရပ်မှာ သုံးနှုန်းပါသည်။ သူခိုးလက်ခံ သစ်တောပြုန်းတီးမှုတွေကြောင့် မုန်တိုင်းလမ်းကြီး ပေါက်သွားနိုင်ပါသည်။ ပြီးတော့ ရေကြီးရေလျှံမှုတွေ၊ တစ်သက်လုံးရေမစီးတော့ဘူးဟု ယုံထားကြသော ပခုက္ကူရွှေချောင်းက ဝါးလုံးထိုးရေစီး၍ လူသတ်ကောင်ဖြစ်ခဲ့ပြီ။ ဒါတွေအားလုံးသည် သစ်တောပြုန်းတီးမှု၏ သက်ရောက်မှုများ။

ဒေသတစ်ခုမှာ ရွာချလိုက်သောမိုးရေကို ၎င်းဒေသသစ် တော၏ သစ်ပင်၊ သစ်ရွက်၊ အကိုင်းအခက်များ၊ သစ်တောနှင့် ဆက်စပ်သော ချုံများ၊ မြက်နှင့်ရေကန်များ၊ မြေဆီလွှာများက သဘာဝအလျောက်စုပ်ယူထိန်း သိမ်းထားလိုက်သည်။ ကျွန်တော်တို့သစ်ပင်တွေကိုငွေကြေးအတွက် ခုတ်လှဲရောင်းချလိုက်သောအခါသစ်ပင်များအပြင် ယင်းတို့ နှင့်ဆက်စပ်နေသော ချုံများ၊ မြက် နှင့် ရေကန်များပါ မရှိကြတော့။ ဒီအခါ မြေဆီလွှာက ရေကို ထိန်းမထားနိုင်တော့။ ဆိုင်းငံ့သိုလှောင် မှုစနစ် (Detention System) ပျက်သွားသောကြောင့် ရွာလေသမျှမိုးတွေက ရေကြီးရေလျှံမှုအဖြစ် ရပ်ရွာတွေကို ဒုက္ခပေးတော့သည်။ တစ်ခါမိုးက ခေါင်ပြန်ဦးမည်။ ကြာလာတော့ လူသား၏ တွက်ချက်နိုင်စွမ်းအထက်မှာ အမြဲတမ်းရှိသော သဘာဝတရားကြီးက သူခိုးလက်ခံရှိသောအရပ်သို့ အခြားတစ်ပါးအရပ်မှ ဘေးဒုက္ခ (ညစ်ညမ်းမှု၊ အဆိပ်သင့်မှု)များကိုပါ နံ့ကောင်သက်ရောက်မှုအဖြစ် သက်ရောက်စေနိုင်ပါသေးသည်။

သီအိုရီနှင့် ပထဝီမြေပြင်အနေအထားအရ ကျွန်တော်တို့ဆီ ရောက်အလာနိုင်ဆုံး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကတော့ တရုတ်ပြည်မကြီးမှုဖြစ်ပါသည်။ ငယ်စဉ်တုန်းက အတန်းထဲမှာ ‘မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်’ ဟု အော်ဆိုခဲ့ကြသလိုအမိမြေ၏ သဘာဝပတ်ဝန်းကျင်မယိုယွင်းအောင် ထိန်းသိမ်းကြခြင်းကသာလျှင် ကျွန်တော်ကြောက်သော ထိုနံ့ကောင်အတွက် ကာကွယ်ဆေးဖြစ်ပါသည်။ ။


Environment

7 DAY NEWS JOURNAL

Vol.11, No.9 • MAY 10 , 2012

# ကျွန်တော်ကြောက်သော ထိုနှံကောင်

သော်အိန်မင်း



ငယ်စဉ်ကလေးဘဝမှာ ကြောက်စရာ၊ အံ့သြစရာကောင်းသော မီးဘေးအန္တရာယ်တစ်ခု ကျွန်တော်ကြုံခဲ့ဖူးပါသည်။ မြစ်ဝကျွန်းပေါ်က မြို့ငယ်လေးတစ်မြို့ဖြစ်သော ကျွန်တော့်ဇာတိမြို့လေး၏ ချောင်းတစ်ဖက်ကမ်းမှာ စတင်လောင်သောမီးဘေးဖြစ်ပါသည်။ ချောင်းခြားနေသောတစ်ဖက်ကမ်းမှမီးကို ရပ်ကွက်ထဲက လူတွေကမ်းလုံးညွတ်မျှ ကြည့်နေကြတုန်းမှာ မီးညွန့်မီးတောက်တစ်ခုက ချောင်းကိုဖြတ်ကျော်ပြီး ကျွန်တော်တို့ရပ်ကွက်ထဲသို့ကူးစက်လောင်ကျွမ်းခဲ့သည်။ ချောင်းတစ်ခုလုံးခြားနေပါလျက် နဂါးတစ်ကောင်မှုတ်ထုတ်လိုက်သည့် မီးတောက်လို ချောင်းကိုဖြတ်ကျော် ပျံသန်းလာသောမီးညွန့်ကို ကြောက်ရွံ့အံ့သြစွာ ကျွန်တော် မော့ကြည့်ရင်း သဘာဝတရား၏ ဆန်းကြယ်မှုကို မှင်တက်မိခဲ့သည်။

စာသင်ခန်းတွေထဲမှာ Environmental ကျောင်းသားတစ်ယောက်အဖြစ် သဘာဝတရား၏ ပဋ္ဌလက်များကို လေ့လာသင်ကြားရသောအခါ ‘နှံကောင်သက်ရောက်မှု’ဟု ကင်ပွန်းတပ်ရမည့် Grasshopper Effectကို ကျွန်တော်ထိတ်လန့်မိသည်။ မြက်ခင်းစိမ်းစိမ်းတွေပေါ်မှာ ခုန်၍ခုန်၍ သွားတတ်သော နှံကောင်လေးတွေကို ကျွန်တော်တို့ မှတ်မိပါလိမ့်မည်။ ကလေးဘဝမှာ ဖန်ပုလင်းအလွတ်တွေနဲ့ အုပ်ပြီး နှံကောင်တွေကို လိုက်လိုက်ဖမ်းတုန်းက သည်နှံကောင်လေးတွေ ဘယ်ဘက်ကို ခုန်မည်ဆိုတာ ကျွန်တော် မခန့်မှန်းနိုင်ခဲ့။

နှံကောင်တစ်ကောင်က စိတ်ကြိုက်အရပ်မျက်နှာတစ်ခုသို့ ဆတ်ခနဲ ခုန်လိုက်သလိုမျိုး ဒေသတစ်ခု၏ သဘာဝဝန်းကျင် ယိုယွင်းမှု (အထူးသဖြင့် လေထုညစ်ညမ်းမှုများ)က ကမ္ဘာ၏ ရှိမြဲလေစီးကြောင်းများ၊ မုန်တိုင်းများ၊ ထူးခြားဖြစ်စဉ်များ၊(ဥပမာ-မီးတောင်ပေါက်ကွဲမှုလိုမျိုး)ကို အမှီသဟဲပြု၍ မဆီမဆိုင် အရပ်ဒေသတစ်ခုမှာ ဆိုးကျိုးသက်ရောက်စေမှုကို ‘နှံကောင်သက်ရောက်မှု’(Grasshopper Effect)ဟု ခေါ်ခြင်းဖြစ်ပါသည်။ မဆီမဆိုင် တစ်ဖက်ကမ်းမှ မီးက ကျွန်တော်တို့ ရပ်ကွက်ထဲ ခုန်ပျံလောင်ကျွမ်းခြင်းမျိုးနဲ့ နည်းနည်းဆင်ပါသည်။

Grasshopper Effect ကို စဖတ်တော့ ကျွန်တော့်မျက်စိထဲ တရုတ်ပြည်မကြီးကို ပြေးမြင်မိပါသည်။ ကျွန်တော်သည် တရုတ်နိုင်ငံနှင့် တရုတ်လူမျိုးတို့ကို မုန်းတီးသူမဟုတ်။ မတော်လောဘ စက်မှုလုပ်ငန်းရှင်တို့ လုပ်သမျှ ခါးစည်းခံရသော တရုတ်ပြည်သူတို့ကို ကိုယ်ချင်းစာသူသာဖြစ်ပါသည်။ Environmental စာသင်သားတစ်ယောက်အနေဖြင့် လေ့လာရသမျှတော့ တရုတ်စက်မှုလုပ်ငန်းတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမည့်အခြေခံစည်းများအပေါ် လျစ်လျူရှုမှုက ဆိုးလွန်းလှသည်။ နေသာသပလေညှာကဟု ခပ်ပေ့ါပေ့ါသဘောမထားသင့်သောကိစ္စဖြစ်ပါသည်။ တရုတ်စက်မှုမြို့တော်တွေမှာဖြစ်သည့် ဆိုးရွားလှသည့် လေအရည်အသွေး ကျဆင်းမှုများ၊ အဆိပ်သင့်ဓာတုပစ္စည်းများ၊ ဖုန်မှုန့်များ၊ ညစ်ညမ်းရေငွေ့များဖြင့် လုံးခဲစုဖွဲ့နေသော မိုင်နှင့်ချီထုထည်ရှိသည့် ‘အညိုရောင် မဟာတိမ်တိုက်’ (GiantBrown Clouds)များသာ နှံကောင်သက်ရောက်မှုဖြင့် ကျွန်တော်တို့နိုင်ငံပိစိကွေးလေးအပေါ် ကျရောက်လာပါက ကျွန်တော်တို့ဘယ်လိုလုပ်ကြမည်နည်း။ ရပ်ကျော်ရွာကျော် ရောက်လာနိုင်သည့် အက်ဆစ်မိုးတွေ၊ ဓာတုတိမ်တိုက်တွေ၊ လေထုညစ်ညမ်းမှုတွေကို ဘယ်လိုဖြေရှင်းကြမည်နည်း။

သဘာဝဝန်းကျင်ညစ်ညမ်းမှုတွင် တိုက်ရိုက်ညစ်ညမ်းမှု(Primary Pollution)နှင့် တစ်ဆင့်ခံ ညစ်ညမ်းမှု(Secondary Pollution) ဟု နှစ်မျိုးရှိပါသည်။ ထင်သာမြင်သာဖြစ်အောင် ဥပမာဆောင်ရလျှင် စိုက်ခင်းတစ်ခုကို ပိုးသတ်ဆေးဖျန်းသည်ဆိုပါစို့။ ပိုးသတ်ဆေးဖျန်း၍ စီးပွားတွေတိုး၊ ထီပေါက်သလို တစ်ဟုန်ထိုး ချမ်းသာသွားသည်ဟု တီဗီမှာ ဘယ်လိုပင်ကြော်ငြာစေကာမူ ပိုးသတ်ဆေးကတော့ ဖျန်းသူနှင့် စိုက်ခင်းအလုပ်သမားများကို ကျိန်းသေထိခိုက်ပါလိမ့်မည်။ ဒါ့အပြင် သေစေလိုသည့် အဖျက်ပိုးတွေအပြင် လူ့အကျိုးပြုအင်းဆက်များ၊ လိပ်ပြာနှင့်ငှက်များ၊ စိုက်ခင်းကို ဘာမှ ဒုက္ခမပေးဘဲ အေးရာအေးကြောင်း သူ့ဟာသူနေသော ပိုးမွှားများလည်း သေကျေနိုင်ပါသည်။ ဒါက Primary Effect တိုက်ရိုက်သက်ရောက်မှု။

ဒီထက်ဆိုးသည်က ဖျန်းလိုက်သည့်ပိုးသတ်ဆေး(အဆိပ်)တွေ လေယူရာ ခရီးနှင်၍ (သို့) ရေစီးကြောင်းနှင့်မျောပါ၍ နီးစပ်ရာ လူနေရပ်ရွာများသို့လည်း ဒုက္ခပေးနိုင်ပါသည်။ ဒီလို မရောင်ရာဆီလူးပြဿနာများကို Secondary Pollution (တစ်ဆင့်ခံ ညစ်ညမ်းမှု) ဟု ခေါ်ပါသည်။ သို့ဆိုလျှင် အိမ်နီးချင်းနိုင်ငံများမှာဖြစ်သော Primary Pollution ကိစ္စက နီးစပ်ရာ ကျွန်တော်တို့နိုင်ငံမှာ နှံကောင်သက်ရောက်မှုအဖြစ် တစ်ဆင့်ခံညစ်ညမ်းမှုဖြစ်နိုင်တာပေ့ါ။ တရုတ်နိုင်ငံမှမဟုတ် လေထု၊ မြေထု၊ ရေထု ညစ်ညမ်းနေသော အိမ်နီးချင်းနိုင်ငံများက ကျွန်တော်တို့အတွက် အန္တရာယ်ဖြစ်နိုင်ပါသည်။ ကျွန်တော်တို့နိုင်ငံကိုယ်၌ကရော မညစ်ညမ်းဘူးလား၊ သစ်တောအချို့ ပြောင်သွားသည်ကလွဲ၍ ဒီကနေ့အထိတော့ ဆိုးဆိုးရွားရွား မဖြစ်သေးပါ။ သိပ်တော်၍ဟုဝါဒဖြန့်နေခြင်းမဟုတ်။ မည်သည့်အကြီးစားစက်မှုလုပ်ငန်းကြီးများ၊ ကော်ပိုရေးရှင်းကြီးများ ခိုင်ခိုင်မာမာမရှိသေး၍ ဖြစ်သည်။ သဘာဝဝန်းကျင် ညစ်ညမ်းသွားရလောက်အောင် ဘာထုတ်ကုန်မှ ကျွန်တော်တို့မထုတ်၊ အပ်ကစ၍ မော်တော်ကားအထိ သူများနိုင်ငံမှ ခပ်တည်တည် ဝယ်သုံးနေသည်။

စာ(၄၀) သို့

## စွန့်ပစ်ပစ္စည်း အသုံးပြုဖန်တီးသော အနုပညာပြပွဲကျင်းပ

အေးမြတ်သူ

ရန်ကုန်၊ မေ - ၃

စွန့်ပစ်ပစ္စည်းများအား အသုံးပြု၍ ဖန်တီးထားသော အနုပညာလက်ရာပြပွဲ Recycle Art Exhibition ကိုမေလ ၁ ရက်မှ ၂ ရက်ထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ ဗိုင်းမွန်း ကွန်ဒိုတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲတွင်စွန့်ပစ်ပစ္စည်းများမှ ဖန်တီးထားသော အနုပညာလက်ရာ ရုပ်လုံးရုပ်ကြွများနှင့်ကားချပ်ပေါင်း ၇၀ ကျော် ပြသခဲ့ပြီး ထိုပြပွဲ၌ ကော်ဖီမစ်အခွံကိုအသုံးပြုဖန်တီးသော ရုပ်လုံးရုပ်ကြွ၊ကားချပ်များ အများဆုံး ပါဝင်ပြသခဲ့ကြောင်း သတင်းရရှိသည်။

“အခုဒီပွဲကို Recycle Art အနေနဲ့ပြတာပါ။ နောက်ပြီး လူတို့စွန့်ပစ်လိုက်တဲ့ စွန့်ပစ်ပစ္စည်းက နေကုန်ကြမ်းပစ္စည်းဖြစ်ဖြစ် ဒါမှမဟုတ် သဘာဝအရင်းအမြစ်တစ်ခုအနေနဲ့ပြန်ပြီး အသုံးပြုလို့ရတယ်ဆိုတာ အများပြည်သူကိုသိစေချင်တဲ့ရည်ရွယ်ချက်နဲ့ အခုလို ဒီပြပွဲကိုလုပ်ဖြစ်တာပါ”ဟု တာဝန်ခံဒေါက်တာလွင်လွင်ဝေက ပြောကြားသည်။



ဓာတ်ပုံ - ဇေယျာအောင်([illegible])

ပြပွဲမှ လက်ရာတစ်ခု

အဆိုပါပြပွဲ၌ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကော်ဖီမစ်အခွံတို့ဖြင့် ဖန်တီးထားသော ကားချပ်များ၊ ရုပ်လုံးရုပ်ကြွများနှင့် စီဒီခွေအဟောင်းများဖြင့် ဖန်တီးထား သောရုပ်လုံးရုပ်ကြွများ၊ ခြင်ဆေးဘူးခွံ၊ ကီးဘုတ်အဟောင်း၊ ကက်ဆက်တိတ်ခွေအစရှိသည့် စွန့်ပစ်ပစ္စည်းမျိုးစုံတို့ဖြင့် ဖန်တီးထားသော အနုပညာလက်ရာများလည်း တွေ့ရသည်။

## Environment Cartoon






# Tourism

7 DAY NEWS JOURNAL

Vol.11, No.9 • MAY 10 , 2012


# ပြည်တွင်းခရီးသွားလုပ်ငန်းများသို့ အခန်းဈေးနှုန်းစာချုပ်မပို့သော နိုင်ငံခြားသားပိုင် ဟိုတယ်စာရင်းကောက်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၄**

ပြည်ပနိုင်ငံများက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော ဟိုတယ်များက ပြည်တွင်းရှိ ခရီးသွားကုမ္ပဏီများသို့ အခန်းခများအား ဈေးနှုန်းတစ်ခု သတ်မှတ်၍ ချုပ်ဆိုသော စာချုပ် Contract ပေးပို့ခြင်း မရှိသော ဟိုတယ်စာရင်းကို ပြုစု၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသို့ပေးပို့ရန်အကြောင်း ကြားလာကြောင်း သတင်းရရှိသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကော်မတီဉက္ကဋ္ဌ(ဟိုတယ်) နှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့သည် ဧပြီလ ၂၈ ရက်က ညှိနှိုင်း၍ သဘောတူခဲ့ခြင်းဖြစ်သည်။



*နိုင်ငံရေးအပြောင်းအလဲများက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုတစ်ခုဖြစ်နေသည်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"စာချုပ်တွေတော့ ပေးပါတယ် တစ်ခန်းကို အနည်းဆုံး ဒေါ်လာ ၂၀၀ အထက်ပဲ၊ လစာကြိုတင်ငွေတောင်းတာနဲ့၊ ဒေါ်လာနှစ်သောင်းကြိုသွင်းခိုင်းတာနဲ့ဆိုတော့ အလုပ်လုပ်ဖို့ တော်တော်ခက်တယ်"ဟု ယခုရက်ပိုင်းတွင် စာချုပ်ရရှိခဲ့သူ ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

၂၀၁၀ ခုနှစ်နှောင်းပိုင်းမှစ၍ မြန်မာနိုင်ငံသို့ ဧည့်သည်ဝင်ရောက်မှုများလာခဲ့သဖြင့် ရန်ကုန်မြို့ရှိဟိုတယ်များသည်ပြည်တွင်းရှိ အေးဂျင့်များအား စာချုပ်မချုပ်ပေးခြင်းနှင့် အခန်းမပေးခြင်းများ ပြုလုပ်လာကြသည်။

ထို့အပြင် အခန်းခဈေးနှုန်းများမှာလည်း နှစ်ဆကျော်ဈေးတက်လာခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသွားတချို့ ခရီးစဉ်ဖျက်သိမ်းခြင်းများပြုလုပ်လာကြသည်။

"ဟိုတယ်ခတွေကသာ ဒေါ်လာ ၇၀ ကနေ ဒေါ်လာ ၂၀၀ ကျော်ဈေးဖြစ်သွားပေမယ့်အလုပ်မကောင်းလို့ဆိုပြီး FDI ဟိုတယ်တွေက အစိုးရကို ပေးစရာရှိတဲ့ ဒေါ်လာ ၄၂ သန်းကို အခုထိ မပေးသေးဘူး"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုကဲ့သို့ ဟိုတယ်အခန်းခများ မြင့်တက်လာသဖြင့် တချို့သော ခရီးသွားများမှာ မြန်မာနိုင်ငံခရီးစဉ်များကို ဖျက်သိမ်းလာကြကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ ဟိုတယ်များက ပြုလုပ်နေသော်လည်း ဥပဒေမရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားခြင်းသာပြုလုပ်နိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"တစ်ခုတော့ လုပ်လို့ရတယ် အခု လူတွေနဲ့ ဈေးနှုန်းတွေနဲ့ အခွန်တကယ်ဆောင်မဆောင် စစ်ကြည့်လိုက်ရင် သိနိုင်တယ်။ နောက်တစ်ခုက ကြီးကြပ်မှုကော်မတီ ဖွဲ့စစ်လိုက်ရင် အဆင်ပြေသွားနိုင်တယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက အကြံပြုသည်။

ရန်ကုန်မြို့တွင် ဟိုတယ်ပေါင်း ၁၈၇ လုံးရှိပြီး အခန်းပေါင်း ၇၀၀၀ ကျော်ရှိကာ အဆင့်မြင့် ဟိုတယ်အများစုမှာ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော ဟိုတယ်များဖြစ်သည်။

---

## ကမ္ဘာပေါ်တွင် နေထိုင်လုပ်ကိုင်မှု အကောင်းဆုံးစာရင်း၌ စင်ကာပူ အဆင့်လေးချိတ်

**စင်ကာပူ၊ မေ - ၂**

စင်ကာပူသည် ကမ္ဘာပေါ်တွင် လူတို့နေထိုင် အလုပ်လုပ်ကိုင်ချင်ဆုံးနေရာများစာရင်းတွင် ယခုအခါ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျတို့ပြီးနောက် စတုတ္ထနေရာသို့ ရောက်လာကြောင်း စစ်တမ်းတစ်ခုအရ သိရသည်။ ယင်းမှာ စင်ကာပူသည် ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအတွက် လူကြိုက်များသည့် နေရာတစ်ခုဖြစ်လာခြင်းကြောင့် ဖြစ်ကြောင်း စစ်တမ်းပြုစုသည့် ဟိုက်ဒရိုဂျင်အလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီနှင့် ESCP Europe စီးပွားရေးကျောင်းတို့၏ အဆိုအရ သိရသည်။ ဟိုက်ဒရိုဂျင်၏ အာရှဌာနခွဲမန်နေဂျာဆိုင်မွန်ဝေါလ်ကာက "နည်းပညာ၊ စွမ်းအင်၊ ဆေးဝါးထုတ်လုပ်ရေးနဲ့ စီမံခန့်ခွဲရေးစတဲ့ ကဏ္ဍအသီးသီးက ကုမ္ပဏီတွေဟာ ဒီစင်ကာပူမှာ ရုံးတွေလာဖွင့်နေကြတာပါ။ စင်ကာပူဟာ အာရှရဲ့ဆီလီကွန်တောင်ကြား (သို့မဟုတ်) ဆွစ်ဇာလန်လို ဖြစ်လာမလားဘဲမေးရမှာပါ" ဟု ဆိုသည်။

စစ်တမ်းတွင် မေးမြန်းခံရသူ ၁၂ ရာခိုင်နှုန်းက အမေရိကန်ကို ၎င်းတို့အကြိုက်ဆုံးနေရာအဖြစ် ရွေးချယ်ခဲ့သည်။ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံများကို မေးမြန်းခံရသူ ၉ ရာခိုင်နှုန်းစီက အကြိုက်ဆုံးအဖြစ် ရွေးချယ်ခဲ့သည်။ ယခုစစ်တမ်းတွင် ကမ္ဘာတစ်ဝန်းမှ လူပေါင်း ၂,၃၅၃ ဦးကို အင်တာဗျူးပြုလုပ်ခဲ့ခြင်းဖြစ်သည်။ —Ref: CNA

---

## Silk Air လေကြောင်းလိုင်း ထပ်မံတိုးချဲ့ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၃**

စင်ကာပူအခြေစိုက် Silk Air လေကြောင်းလိုင်းသည် မေလ ၂၆ရက်မှစ၍ တစ်ပတ်လျှင် နှစ်ရက်ထပ်မံတိုးချဲ့ပြေးဆွဲပေးမည်ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

"မေလ ၂၆ရက်ကစပြီး အပတ်စဉ်သောကြာနေ့ည ၁၂နာရီခွဲ (စနေနေ့ နံနက် ၀၀း၃၀ မိနစ်) တနင်္ဂနွေည ၁၂ နာရီခွဲ (တနင်္လာနံနက် ၀၀း၃၀ မိနစ်)မှာ ရန်ကုန်က ထွက်မယ်။ စင်ကာပူကတော့ အဲဒီနှစ်ရက်မှာ ည ၁၀ နာရီမှ ရန်ကုန်ကို လာမယ်" ဟု အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောသည်။

ယခုကဲ့သို့ တိုးချဲ့ပျံသန်းရခြင်းမှာ လာရောက်သူခရီးသွားများပြားခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ရုံးဝန်ထမ်းများအတွက် ရည်ရွယ်၍ ညဘက်ပျံသန်းခြင်းဖြစ်သည်။ မြန်မာအစိုးရကလည်း ဇွန်လ ၁ ရက်မှစ၍ အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များအား ဆိုက်ရောက်ပြည်ဝင်ခွင့်ပေးရန် စီစဉ်ထားသည်။

စင်ကာပူ လေကြောင်းလိုင်းသည် Air Bus A 319,A 320လေယာဉ်များဖြင့် ရန်ကုန်-စင်ကာပူ ခရီးစဉ်အား တစ်ပတ်လျှင် ၁၄ ကြိမ်ပျံသန်းလျက်ရှိသည်။

---

## မဲခေါင်မြစ်အတွင်း ဧရာဝတီလင်းပိုင်များထိန်းသိမ်းရေး ကမ္ဘောဒီးယား သုတေသနပြုလုပ်မည်

**ဖနွမ်းပင်၊ ဧပြီ - ၃၀**

ကမ္ဘောဒီးယား အစိုးရသည် အမေရိကန်ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ မဲခေါင်မြစ်အတွင်း ဧရာဝတီလင်းပိုင်များ ထိန်းသိမ်းရေးအတွက် သုတေသန အသစ်တစ်ခုပြုလုပ်သွားမည် ဖြစ်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (WWF) က ပြောကြားသည်။

ဧပြီလကုန်မှ မေလကုန်အထိပြုလုပ်မည့် အဆိုပါသုတေသနကို မဲခေါင်မြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်း လင်းပိုင်ဇုန် ဖွံ့ဖြိုးရေးနှင့် လင်းပိုင်မျိုးစိတ်ထိန်းသိမ်းရေးကော်မရှင်၊ ကမ္ဘောဒီးယားစိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောဝန်ကြီးဌာနနှင့် WWF တို့ပူးပေါင်းပြုလုပ်ခြင်းဖြစ်သည်။ ပညာရှင်များသည် အမေရိကန်အခြေစိုက်အမျိုးသား ပင်လယ်သမုဒ္ဒရာနှင့် လေထုဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ NOAA မှပညာရှင်



များနှင့် ပူးပေါင်းကာ မဲခေါင်မြစ်တွင်းသွားလာနေသော လင်းပိုင်သုံးကောင်မှ အသားစနမူနာများ စုဆောင်းရယူမည်ဟုလည်း သိရသည်။

မဲခေါင်ဒေသအတွင်း ဧရာဝတီလင်းပိုင်များ၏ အရေအတွက်မှာယခုအခါ သိသာစွာကျဆင်းနေပြီး မျိုးသုဉ်းနိုင်ခြေရှိသည့် သက်ရှိမျိုးစိတ်များတွင် အမြင့် ဆုံးဖြစ်ကြောင်းဆိုသည်။

WWF ၏ခန့်မှန်းချက်အရ ယခုအခါမဲခေါင်မြစ်အတွင်း ဧရာဝတီလင်းပိုင်ကောင်ရေ၁၀၀ အောက်သာရှိတော့ပြီး မျိုးသုဉ်းနိုင်ခြေအမြင့်ဆုံးဖြစ်နေကြောင်း သိရသည်။

—Ref: Xinhua




7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# The Cartoon Logo



























7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# ဂျပန်လူငယ် လေးပုံတစ်ပုံခန့် ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြံစည်

**တိုကျို၊ မေ - ၂**

ဂျပန်အစိုးရအဖွဲ့ရုံးမှပြုလုပ်သော စစ်တမ်းတစ်ရပ်အရ အသက် ၂၀ အရွယ် ဂျပန်လူမျိုးလေးပုံ တစ်ပုံခန့်သည် မိမိကိုယ်ကို အဆုံးစီရင်ရန် စဉ်းစားခဲ့ဖူးကြောင်း ဝန်ခံခဲ့သည်ဟု သိရသည်။

ကမ္ဘာပေါ်တွင် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုနှုန်း အမြင့်မားဆုံးနိုင်ငံများထဲတွင်အပါအဝင်ဖြစ်သော ဂျပန်နိုင်ငံတွင်ပြုလုပ်ခဲ့သည့် ယင်းစစ်တမ်း၌မေးမြန်းခံရသူ အသက် ၂၀ အရွယ်တွင်း လူငယ်စုစုပေါင်းအနက် ၂၈ ဒသမ ၄ ရာခိုင်နှုန်းမှာ ၎င်းတို့သည် ကိုယ့်ကိုယ်ကိုယ် သတ်သေရန်ကြိုးစားခဲ့ဖူးကြောင်းဝန်ခံခဲ့ပြီး ၃၆ ဒသမ ၂ ရာခိုင်နှုန်းကမူ ယမန်နှစ်က ကိုယ့်ဘဝကိုယ် အဆုံးစီရင်ရန် စဉ်းစားခဲ့ဖူးကြောင်း ဝန်ခံခဲ့သည်။

စစ်တမ်းက "အချက်အလက်တွေက ပြသနေတာကတော့ မေးမြန်းခံရတဲ့ အရွယ်ရောက်သူ ၂၀၀၀ ကျော်ရဲ့ ၂၈ ဒသမ ၄ ရာခိုင်နှုန်းဟာ ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့တွေးခဲ့ဖူးပြီး ဒီနှုန်းဟာ ပထမအကြိမ်စစ်တမ်းကောက်စဉ် ၂၀၀၈ ကနဲ့ ပြီးခဲ့တဲ့နှစ်ကထက် ၄ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခြင်း ဖြစ်ပါတယ်" ဟုဖော်ပြထားသည်။ ယင်းသို့ကိုယ့်ကိုယ်ကိုယ်သတ်သေရန်စဉ်းစားသူများမှာပြဿနာများကို အခြားသူများအား ဖွင့်မပြောလိုဘဲ မျိုသိပ်ခံစားသည့်လူငယ်များဖြစ်ကြသည်။

လူဦးရေ ၁၂၈ သန်းရှိသော ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် သတ်သေမှုနှုန်းအများဆုံးဖြစ်ပြီး နှစ်စဉ်ကိုယ့်ကိုယ်ကိုယ်သတ်သေသူလူပေါင်း ၃၀,၀၀၀ ကျော်ရှိသည်။ သတ်သေမှု အများစုတွင် အဓိက အကြောင်းအရာများမှာ အလုပ်လက်မဲ့နှုန်းမြင့်တက်မှု၊ မိသားစုပြဿနာ၊ ကျန်းမာရေးပြဿနာများကြောင့် ဖြစ်သည်။

—*Ref: AFP*




Photo - Getty Images

# စင်ကာပူရှိ OCBC ဘဏ် ကမ္ဘာ့အတောင့်တင်းဆုံး ဘဏ်အဖြစ် သတ်မှတ်ခံရ

**စင်ကာပူ၊ မေ - ၄**

ဘလွန်းဘာ့ဂ် ဈေးကွက်မဂ္ဂဇင်းမှ နှစ်စဉ်ထုတ်ပြန်သော အစီရင်ခံစာအရ စင်ကာပူနိုင်ငံမှ OCBC ဘဏ်မှာကမ္ဘာ့အင်အားအတောင့်တင့်ဆုံးဘဏ်အဖြစ် သတ်မှတ်ခံရကြောင်း သိရသည်။

အနည်းဆုံးကန်ဒေါ်လာ ၁၀၀ ဘီလီယံပိုင်ဆိုင်သော ဘဏ်ကြီးပေါင်း ၈၇ ဘဏ်ကို ဆန်းစစ်လေ့လာခဲ့ရာတွင် OCBC ဘဏ်ကထိပ်ဆုံးနေရာရရှိခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ဆန်းစစ်ရာတွင် ကုမ္ပဏီကြီးများ၏ မတည်ရင်းနှီးငွေအချိုး၊ ချေးငွေနှင့် စုငွေအချိုး အဆုံးခံသွားသည့် ကြွေးမြီအချိုးနှင့် ကြွေးမြီများ၏ ထိရောက်မှုများကိုတိုင်းတာပြီး ကုန်ကျစရိတ်များကိုဝင်ငွေရရှိမှုနှင့်အချိုးချကြည့်ခြင်းဖြစ်သည်။

ကမ္ဘာ့အင်အားအတောင့်တင်းဆုံးဘဏ်အဖြစ် ဒုတိယနေရာတွင် ယမန်နှစ်က နံပါတ် ၁၀ ၌ ရှိခဲ့သော Bank of China Hong Kong Holdings ရောက်ရှိလာပြီး ကနေဒါဘဏ်များက နံပါတ် ၃ မှ ၆ အဆင့်အထိ နေရာယူခဲ့သည်။ ထိပ်တန်းဘဏ်ပေါင်း ၂၀ တွင် အာရှမှ ၆ ဘဏ်ပါဝင်ပြီး ယင်းမှာ အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်နေသည်။

—*Ref: CNA*





# တရုတ်နိုင်ငံမြောက်ပိုင်းရှိ ကိုကာကိုလာ အချိုရည်စက်ရုံ ကလိုရင်းပါဝင်မှု သတင်းကြောင့် ယာယီရပ်ဆိုင်း

**ရှန်ဟိုင်း၊ မေ - ၃၀**

အမေရိကန်အချိုရည် ကုမ္ပဏီ ကိုကာကိုလာသည် ၎င်း၏ ထုတ်ကုန်များတွင်ကလိုရင်းဓာတ်ပါဝင်နေကြောင်း မီဒီယာသတင်းများ၏ဖော်ပြမှုခံရပြီးနောက် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ၎င်း၏ အချိုရည်စက်ရုံတစ်ရုံကို ထုတ်လုပ်မှု ယာယီရပ်ဆိုင်းလိုက်ကြောင်း တရုတ်အာဏာပိုင်များက ပြောသည်။ တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီးပြည်နယ်၏ စားသောက်ကုန်အရည်အသွေး ထိန်းချုပ်ရေးဗျူရိုက ထုတ်ပြန်သော ကြေညာချက်တွင် ကိုကာကိုလာ အချိုရည်များ၌ ကလိုရင်းဓာတ်ပါဝင်သောရေများ ပါဝင်နေကြောင်းသတင်းများထွက်ပြီးနောက် တာဝန်ရှိသူများက စက်ရုံကို စုံစမ်းစစ်ဆေးရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်းဖော်ပြထားသည်။ ရှန်ဇီးပြည်နယ်စားသောက်ကုန်အရည်အသွေးထိန်းချုပ်ရေးဗျူရို၏ ကြေညာချက်တွင် "စက်ရုံတွင်း စစ်ဆေးချက်၊ ထုတ်ကုန်စမ်းသပ်စစ်ဆေးမှု၊ မှတ်တမ်းတွေ တိုက်ဆိုင်မှု၊ လုပ်သားတွေကို တွေ့ဆုံမေးမြန်းမှုအပြင် အခြားနည်းလမ်းတွေသုံးပြီး စစ်ဆေးမှုအရ မီဒီယာသတင်းတွေမှာဖော်ပြခဲ့တာကို မှန်ကန်ကြောင်း အတည်ပြုပေးခဲ့ပါတယ်" ဟုဖော်ပြသည်။

သို့သော် တရုတ်နိုင်ငံရှိ ကိုကာကိုလာကုမ္ပဏီမှ ပြောခွင့်ရပုဂ္ဂိုလ်ကမူ စက်ရုံယာယီပိတ်ခဲ့ခြင်းမှာ အစားအသောက်လုံခြုံမှု(သို့မဟုတ်)အချိုရည်တွင်ကလိုရင်းပါဝင်မှု ပမာဏမြင့်မားခြင်းကိစ္စတို့နှင့် မသက်ဆိုင်ဘဲ အစိုးရ၏ စုံစမ်းစစ်ဆေးမှုတွင် တွေ့ရှိရသော အခြားကိစ္စများကြောင့်ဟု ဆိုသည်။ ၎င်းက အချိုရည်တွင် ကလိုရင်းပါဝင်မှု ပမာဏမှာ သောက်သုံးရေအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အီးယူ၊ အမေရိကန်နှင့် တရုတ်နိုင်ငံတွင် သတ်မှတ်ထားသော စံချိန်စံနှုန်းများထက် နည်းပါးသည်ဟု ဆိုသည်။ ကလိုရင်းဓာတ်ကို ရေတွင် ပါဝင်သော ဘက်တီးရီးယားများအား သတ်ရန်သုံးလေ့ရှိပြီး ယင်း ဓာတ်ပါဝင်မှု မြင့်မားလာပါက လူ၏ ကျန်းမာရေး ထိခိုက်စေနိုင်သည်ဟု သိရသည်။

—*Ref: CNA*



## Leader's Profile

# ဆမ်ဆောင်းကုမ္ပဏီဥက္ကဋ္ဌ လီကွန်ဟီး

ရဲမင်း

မစ္စတာလီကွန်ဟီးသည် ကိုရီးယားနိုင်ငံမှ ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သည်။ လီသည် ဆမ်ဆောင်းရန်ပုံငွေ ငွေကြေးအရှုပ်တော်ပုံကြောင့် ၂၀၀၈ ခုနှစ်မေ ၂၁ ရက်တွင် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း ၂၀၁၀ မတ်လ ၂၄ ရက်တွင် ကုမ္ပဏီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆမ်ဆောင်းအုပ်စုကို တည်ထောင်သူ လီဗြွန်ချူး၏ တတိယသားဖြစ်သူ လီကွန်ဟီးအား ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် မွေးဖွားခဲ့ပြီး အခြေခံပညာရေးကို ကိုရီးယားနိုင်ငံမှာပင် သင်ကြားခဲ့ကာ ဂျပန်နိုင်ငံတိုကျိုမြို့ ဝါဆယ်ဒါတက္ကသိုလ်မှ စီးပွားရေးပညာအထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဂျော့ချ်ဝါရှင်တန် တက္ကသိုလ်တွင် စီးပွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) ဆက်လက်တက်ရောက်ခဲ့သော်လည်း ဘွဲ့မရရှိခဲ့ပေ။

၁၉၉၀ အစောပိုင်းနှစ်များတွင်ဆမ်ဆောင်းအုပ်စုသည် အရည်အသွေးနိမ့်သော ကုန်ပစ္စည်းများကို အာရုံစိုက်၍ အများအပြားထုတ်လုပ်နေပြီး အရည်အသွေးရှိကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်ရန် ပြင်ဆင်မှုမရှိဟု လီကွန်ဟီးက ယုံကြည်ခဲ့ပြီး ယခုလိုမှတ်မှတ်ရရပြောဆိုခဲ့သည်။ "မင်းရဲ့မိန်းမနဲ့ ကလေးတွေကလွဲလို့ ကျန်တာအကုန်လုံးပြောင်းလဲပစ်" ဟူ၍။ ယခုအခါတွင် ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီသည်တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ စမတ်ဖုန်းများ ထုတ်လုပ်ရာတွင် ကမ္ဘာ့ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးကော်ပိုရေးရှင်းကြီး ၁၀၀ စာရင်းတွင် ပါဝင်သည်။

ဆမ်ဆောင်းကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံရှိ ဉာဏ်ရည်အထက်မြက်ဆုံး လူများကို ဆွဲဆောင်နိုင်ခဲ့ကြောင်းနှင့် ၎င်း၏ ရည်မှန်းချက်သစ်မှာ တစ်ကမ္ဘာလုံးရှိ ထူးချွန်ထက်မြက်သူများကို ဆွဲဆောင်ရေးဖြစ်ကြောင်း၊ သို့မှသာ ဆမ်ဆောင်းကုမ္ပဏီသည် နှစ်ပေါင်းများစွာ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။ သို့သော် မစ္စတာလီသည် ဆမ်ဆောင်းအုပ်စု၏ အရေးပါသောရာထူးများတွင် ၎င်း၏သားနှင့် သမီးအား ခန့်အပ်ထားခဲ့ပြီး ၎င်း၏သား လီဂျေယောင်မှာ ဆမ်ဆောင်း အီလက်ထရွန်နစ်၏ လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်ဖြစ်ပြီး သမီးဖြစ်သူ လီဆူဂျင်းမှာ ဆမ်ဆောင်းပိုင် ဖိမ်ခံရှီလာ ဟိုတယ်အုပ်စု၏ ဥက္ကဋ္ဌဖြစ်သည်။

ဆမ်ဆောင်းအုပ်စုသည် တောင်ကိုရီးယားနိုင်ငံရှိနိုင်ငံရေးခေါင်းဆောင်များ၊ တရားသူကြီးများ၊ ဩဇာကြီးသော အစိုးရရှေ့နေများအား လာဘ်ထိုးရန် ရန်ပုံငွေတစ်ရပ်ထားရှိသည်ဟူသော စွပ်စွဲချက်များကြောင့် စုံစမ်းစစ်ဆေးခံရပြီး ၂၀၀၈ ခုနှစ်တွင် ဇန်နဝါရီလ ၂၄ ရက်တွင် မစ္စတာလီကွန်ဟီး၏ အိမ်နှင့်ရုံးကိုပါ ဝင်ရောက်စီးနင်းခဲ့သည်။ အစပထမတွင် ယင်းကိစ္စကို လီက ငြင်းဆန်ခဲ့သော်လည်း နောက်ပိုင်းတွင် အပြစ်ရှိကြောင်း ဝန်ခံ၍ ရာထူးမှ နုတ်ထွက်ခဲ့သည်။ သို့သော် နိုင်ငံတကာအိုလံပစ်ကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မစ္စတာလီကွန်ဟီးက ၂၀၁၈ ခုနှစ် ဆောင်းရာသီအိုလံပစ်ပွဲတော်အား တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းမြို့တွင် ကျင်းပရန် ကြိုးပမ်းနိုင်ခဲ့ပြီးနောက် တောင်ကိုရီးယားအစိုးရက မစ္စတာလီကွန်ဟီး၏ ပြစ်ဒဏ်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးရန် အဆိုတင်သွင်းခဲ့သည်။

—*Ref: Wikipedia*

## တရုတ်ပြည်၏ ထင်ရှားသော လူ့အခွင့်အရေးလှုပ်ရှားသူ ချင်ကွမ်းချန်

**ကျော်မျိုး**

တရုတ်ပြည်၏ ထင်ရှားသော လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ချင်ကွမ်းချန်သည် ငယ်စဉ်ဘဝကပင် မျက်မမြင်တစ်ဦးဖြစ်ကာ ကမ္ဘာသိထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ချင်ကို ၁၉၇၁၊ နိုဝင်ဘာ ၁၂ တွင် ရှန်တုန်ပြည်နယ် တောင်ရှိဂူရွာတွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဥပဒေပညာကို ကျောင်းတက်ခြင်းမရှိဘဲ မိမိဘာသာလေ့လာလိုက်စားခဲ့ပြီး အမျိုးသမီးအခွင့်အရေးဆိုင်ရာနှင့် ဆင်းရဲသားပြည်သူတို့၏ အကျိုးစီးပွားဆိုင်ရာကိစ္စများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်တွင် ရှန်တုန်ပြည်နယ် လင်းယီမြို့၌ အာဏာပိုင်များ၏ တစ်အိမ်ထောင်ကလေးတစ်ဦး ပေါ်လစီ တင်းကျပ်စွာချမှတ်မှုကို ဆန့်ကျင်စည်းရုံး၍ တရားစွဲခဲ့ရာမှ နိုင်ငံတကာတွင် လူသိများသော တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်လာသည်။ ၂၀၀၅စက်တင်ဘာမှ ၂၀၀၆ မတ်အထိ နေအိမ်အကျယ်ချုပ်ချမှတ်ခံခဲ့ရပြီး ၂၀၀၆ ဇွန်တွင်မူ အဖမ်းခံခဲ့ရကာ ဆူပူလှုပ်ရှားမှုဖြစ်ရန် လှုံ့ဆော်မှုဖြင့် ထောင်ဒဏ် လေးနှစ်နှင့် သုံးလ ချမှတ်ခံရသည်။ ထို့နောက် ၂၀၁၀ စက်တင်ဘာတွင် ထောင်ဒဏ်မှ လွတ်မြောက်လာခဲ့ပြီးသော်လည်း တောင်ရှိဂူရွာရှိ နေအိမ်၌ပင် အကျယ်ချုပ်ဖြင့် နေထိုင်ရကာ အိမ်ကိုလည်း အချိန်ပြည့် ရဲအစောင့်အရှောက်ဖြင့် စောင့်ကြပ်ထားခြင်း ခံရသည်။

၂၀၁၂ မေ ၂၂ တွင်မူ ၎င်းသည်နေအိမ်အကျယ်ချုပ်မှ ထွက်ပြေးကာ ဘေဂျင်းမြို့တော်ရှိအမေရိကန်သံရုံးအတွင်း ဝင်ရောက်ခိုလှုံခဲ့ကာ နိုင်ငံတကာမီဒီယာများ၏ အာရုံစိုက်မှုပိုမိုရရှိလာခဲ့သည်။ တရုတ်အစိုးရနှင့် စေ့စပ်ညှိနှိုင်းမှုများစွာပြုလုပ်ခဲ့ပြီးနောက် ချင်သည် အမေရိကန်သံရုံးအတွင်း ခိုလှုံရာမှ ပြန်လည်ထွက်ခွာခဲ့ကာ မေ ၂ ရက်တွင် အမေရိကတွင် ဆေးကုသမှုခံယူရန် ထွက်ခွာခဲ့သည်။ ထို့နောက် ၎င်းကို မေ ၄ ရက်တွင် အမေရိကသို့ ထွက်ခွာခွင့် တရုတ်အစိုးရက ပေးအပ်ခဲ့ပြီး ထိုနေ့မှာပင် အမေရိကန်နယူးယောက်တက္ကသိုလ်က ၎င်းကို ဧည့်ပညာရှင်သုတေသီအဖြစ် လာရောက်ရန် ကမ်းလှမ်းခဲ့သည်။

မေ ၂၇ ရက်တွင် ချင်သည် You Tube ဗီဒီယိုဝက်ဘ်ဆိုက်သို့ ၎င်းရိုက်ကူးထားသော ဗီဒီယိုဖိုင်တစ်ခုတင်ခဲ့ကာ တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်သို့ ၎င်း၏ မိသားစုကို မတရားစွပ်စွဲခဲ့သော ဒေသခံအာဏာပိုင်များအားတရားစွဲဆိုရေး၊ မိသားစုလုံခြုံရေးကို အာမခံပေးရေးနှင့် တရုတ်အစိုးရအနေဖြင့် လာဘ်စားမှုပြဿနာများကို ဥပဒေအရ တရားစွဲဆိုဖြေရှင်းရေး အချက်သုံးချက် တောင်းဆိုခဲ့သည်။

တရုတ်နှင့် အမေရိကန်တာဝန်ရှိသူများသည် ချင်၏ အရေးနှင့်ပတ်သက်၍ အကြိမ်များစွာ ဆွေးနွေးညှိနှိုင်းပြီးနောက် ၎င်းကို နောက်ဆုံးတွင် အမေရိကန်ပြည်ထောင်စု၌ ဆေးကုသမှုခံယူရန်နှင့် နယူးယောက်တက္ကသိုလ်တွင် ဧည့်ပညာရှင်အဖြစ်တာဝန်ထမ်းဆောင်ရန် ဖိတ်ကြားခံခဲ့ရသည်။

### နောက်ကျောဖုံး - အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သုံးညဆက်တိုက် ညမထွက်ရအမိန့်ထုတ်ပြန် မှ

သမ္မတစ်ဦး ရွေးချယ်ပြီးပါက အရပ်ဘက်သို့ အာဏာလွှဲပြောင်းပေးသွားမည်ဟု အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့ ထိပ်သီးကောင်စီကပြောကြားထားသည်။ အီဂျစ်သမ္မတရွေးကောက်ပွဲများကို မေလ ၂၃ နှင့် ၂၄ ရက်တွင် ကျင်းပရန်စီစဉ်ထားပြီး ပထမအကျော့နှင့်မပြီးပြတ်ပါက ဇွန် ၁၆ နှင့် ၁၇ ရက်များတွင် ဒုတိယအကျော့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

—*Ref: PTI*



Photo - AFP

### နောက်ကျောဖုံး - ဘာလီကျွန်း ဗုံးခွဲမှုများနှင့်ပတ်သက်၍ မှ

ထို့အပြင် ပါတက်သည် အယ်လ်ကိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသော ဂျီးမာအစ္စလာမီးယား(JI) အဖွဲ့၏ ဗုံးကျွမ်းကျင်သူဟု စွပ်စွဲခံရပြီး ကြိုတင်ကြံစည်သော လူသတ်မှု၊ ဗုံးတပ်ဆင်ခြင်းနှင့် လက်နက်များ တရားမဝင်ပိုင်ဆိုင်ခြင်း ပြစ်မှုများဖြင့် စွဲချက်တင်ခံထားရသည်။

အစိုးရရှေ့နေများက ၎င်းအား သေဒဏ်ပေးရန် တောင်းဆိုမည်ဟု ပြောကြားထားသည်။ အခြား JI အဖွဲ့ဝင်များဖြစ်သော မူကလပ်စ်၊ အမ်ရိုဇီနှင့် အီမန်ဆာမူဒရာတို့သုံးဦးကိုလည်း ဘာလီဗုံးခွဲမှုတွင် ပါဝင်ခဲ့ခြင်းအတွက် ၂၀၀၈ ခုနှစ်တွင် အဆုံးစီရင်ခဲ့ကြောင်းသိရသည်။

ဂျကာတာမြို့ အနောက်ပိုင်းခရိုင်တွင် ပြုလုပ်မည့် တရားရုံးကြားနာမှုမှာ နံနက် ၉ နာရီတွင် စတင်မည်ဖြစ်ပြီး ဗုံးခွဲမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပါတက်က ပထမဆုံးအကြိမ်ထုတ်ဖော်ပြောကြားမည်ဟုမျှော်လင့်ရသည်။ —*Ref: AFP*

### နောက်ကျောဖုံး - ပြင်သစ်သမ္မတ ရွေးကောက်ပွဲ ဆာကိုဇီရှုံးနိမ့် မှ

"ခင်ဗျားတို့ဟာ အပြောင်းအလဲကိုလိုချင်တဲ့ပြည်သူတစ်ရပ်ဆိုတာထက်ပိုပါတယ်။ ခင်ဗျားတို့ဟာ ဥရောပတစ်ဝန်း၊ ဒါမှမဟုတ် ကမ္ဘာတစ်ဝန်းမှာတောင်ဖြစ်ပေါ်နေတဲ့ လှုပ်ရှားမှုတစ်ခုလို ဖြစ်နေပါပြီ"ဟုမစ္စတာဟော်လန်ဒီက အော်ဟစ်အားပေး ထောက်ခံနေသူများကို ပြောကြားသည်။

မေလ ၆ ရက် စောစောပိုင်းက ၎င်း၏ မွေးရပ်မြေဖြစ်သော တူလေး မဲဆန္ဒနယ်တွင်ပြောကြားရာ၌လည်း ဘဏ္ဍာရေးတောင့်တင်းအောင် လုပ်ဆောင်ရာ၌ ခြိုးခြံချွေတာမှုထက် ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်လုပ်ဆောင်သွားရန် ဥရောပသမဂ္ဂအား တိုက်တွန်းသွားမည်ဟု မစ္စတာဟော်လန်ဒီက ပြောကြားခဲ့သည်။

လက်ရှိသမ္မတ မစ္စတာဆာကိုဇီကလည်း ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး နိုင်ငံရေးတွင် ရှေ့တန်းမှ ပါဝင်နေခြင်းကို လျှော့ချသွားမည့်အကြောင်း အရိပ်အမြွက်ပြောကြားသည်။

"ပြင်သစ်ပြည်သူတွေက ရွေးချယ်မှုလုပ်လိုက်ပါပြီ။ ဖရန်ဆွာဟော်လန်ဒီက ပြင်သစ်နိုင်ငံရဲ့ သမ္မတဖြစ်သွားပါပြီ။ သူ့ကိုလေးစားရပါမယ်"ဟု သမ္မတရာထူးမှ ဖယ်ရှားပေးရတော့မည့် ဆာကိုဇီက ဝမ်းနည်းရိပ်သမ်းနေသော ၎င်းအား ထောက်ခံသူများကို ပြောကြားခဲ့သည်။

—*Ref: AFP*

### နောက်ကျောဖုံး - မဟာဗျူဟာမြောက် ဆွေးနွေးမှုများမတိုင်မီ ကန်နိုင်ငံခြားရေးဝန်ကြီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိ မှ

ဒေသဆိုင်ရာ ကိစ္စများဆွေးနွေးရာတွင် အီရန်နိုင်ငံအကြောင်း ထည့်သွင်းဆွေးနွေး မည်ဖြစ်သော်လည်း နှစ်ဖက်ဆက်ဆံရေးကို အဓိကအာရုံစိုက်၍ ဇွန်လ ၁၃ ရက်တွင် ဝါရှင်တန်၌ ပြုလုပ်ရန်စီစဉ်ထားသည့် မဟာဗျူဟာမြောက်ဆွေးနွေးပွဲအတွက်ပြင်ဆင်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။ နယူးဒေလီအနေဖြင့် အီရန်နှင့် ကုန်သွယ်ရေးဆက်ဆံမှုများ၊ အထူးသဖြင့် စွမ်းအင်ကဏ္ဍဆက်ဆံမှုများ လျှော့ချသွားရန် ဝါရှင်တန်က အလိုရှိနေသည်။

ပြီးခဲ့သည့်နှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုမှာကန်ဒေါ်လာ ၁၀၀ ဘီလီယံသို့ ရောက်ရှိပြီးနောက် အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လျှော့ပေါ့ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် အမေရိကန်က အခွင့်အလမ်းများရှာဖွေနေကြောင်း သိရသည်။ —*Ref: The Hindu*

7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# “ကျွန်တော်တို့ စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်နေရပါတယ်”

## အီရတ်ဒုသမ္မတ တာရစ်ဘယ်လ်ဟာရှီမီနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

အမေရိကန်တပ်ဖွဲ့တွေ ရုပ်သိမ်းသွားပြီးနောက် အီရတ်ရဲ့ လုံခြုံရေးအခြေအနေဟာ စိုးရိမ်နေရဆဲအဆင့်ကနေ ပိုမိုဆိုးရွားလာတယ်လို့တောင်ပြောရမှာ ဖြစ်နေပါတယ်။ မကြာသေးမီကပဲ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့တဲ့ဆာမာရာ၊ ကာကပ်နဲ့ဘဂ္ဂဒက်မြို့တော်တွေမှာ ဗုံးပေါက်ကွဲခဲ့မှုတွေက အီရတ်မှာ ခွဲထွက်ရေးဝါဒီအကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုက ပြင်းထန်လာတယ်ဆိုတာ ပြသနေပါတယ်။ ဒါ့ကြောင့် ယူရိုသတင်းဌာနဟာ ဆွန်နီမျိုးနွယ်ဝင်အီရတ်ဒုသမ္မတ တာရစ်အယ်လ်ဟာရှီမီနဲ့ မကြာမီက တွေ့ဆုံခဲ့ပြီး အီရတ်ရဲ့ လုံခြုံရေးအခြေအနေအကြောင်း၊ ခွဲထွက်ရေးဝါဒအကြောင်း၊ အီရန်ရဲ့ အနေအထားအကြောင်းတွေကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။



Photo - AFP

**အီရတ်မှာ မကြာမီက နောက်ဆုံးဖြစ်ပေါ်ခဲ့တဲ့ ဗုံးခွဲတိုက်ခိုက်မှုတွေအကြောင်း မေးရင်းနဲ့ အင်တာဗျူးကို စတင်ချင်ပါတယ်။ ပစ်မှတ်ထားတိုက်ခိုက်ခံရတဲ့ မြို့တွေဖြစ်တဲ့ ဆာမာရာ၊ ကာကပ်နဲ့ ဘဂ္ဂဒက်မြို့တွေမှာအခြေအနေက အဆိုးဆုံးဖြစ်နေပြီး ခွဲထွက်ရေးအကြမ်းဖက်မှုတွေ သိပ်မြင့်မားနေပါတယ်။ ဒီနောက်ဆုံးဖြစ်ပေါ်ခဲ့တဲ့ ကိစ္စတွေကို လူကြီးမင်းအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဟုတ်ကဲ့ ကံမကောင်းလှစွာဘဲ ဒါဟာ ကျွန်တော်တို့မှာ လုံခြုံရေးအတွက် အရည်အချင်းပြည့်မီတဲ့ စီမံခန့်ခွဲမှု မရှိဘူးဆိုတဲ့ အထောက်အထားသစ် ဖြစ်ခဲ့ပါတယ်။ အကြမ်းဖက်သမားတွေဟာတကယ်တော့အစိုးရအဖွဲ့အစည်းတွေကိုသာမက အပြစ်မဲ့ပြည်သူတွေကိုပါ အချိန်နဲ့အမျှ ပစ်မှတ်ထားတိုက်ခိုက်လာနေကြတာပါ။

ဒီတစ်ချိန်မှာတော့ ခင်ဗျားတို့သတိထားမိတဲ့အတိုင်း ဒါဟာ အသိုင်းအဝိုင်းတစ်ခုထဲကို ပစ်မှတ်ထားတာမဟုတ်ဘဲ ရောနှောတိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ အခုတော့အီရတ်လူမျိုးအားလုံးကို အကြမ်းဖက်သမားတွေက ပစ်မှတ်ထားနေတဲ့ သဘောကထင်ရှားလာပါပြီ။ ဒါဟာ ဒီအတိုင်းပဲ ဖြစ်မှာပါ။ ဘာ့ကြောင့်လဲဆိုတော့ အီရတ်လုံခြုံရေးတာဝန်ရှိသူအကြီးအကဲရဲ့ လုပ်ဆောင်ပုံကို ကျွန်တော်ဝေဖန်ခဲ့တဲ့အတိုင်း ဖြစ်ခဲ့တာဖြစ်ပြီး အနာဂတ်တစ်ချိန်ချိန်မှာလည်း ဒီလိုထပ်ဖြစ်နိုင်ပါသေးတယ်။ ပြဿနာကတော့(လုံခြုံရေးအတွက်) တပ်ဖွဲ့ဝင်ဦးရေဘယ်လောက်ပဲရှိရှိ၊ ၂၀၀၃ ကစလို့ ဒေါ်လာဘီလီယံနဲ့ ချီပြီး ဘယ်လောက်သုံးသုံး ကျွန်တော်တို့မှာ အီရတ်နိုင်ငံရင်ဆိုင်နေရတဲ့ တကယ့်လုံခြုံရေး စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်တဲ့ အဆင့်မီလုံခြုံရေးတပ်ဖွဲ့တွေ မရှိတာပါပဲ။ သာမန်နိုင်ငံသားတွေဟာ အချိန်နဲ့အမျှ ပစ်မှတ်ထားခံနေရပြီး အဲဒါကို ဘယ်သူကမှ ဂရုမစိုက်မိကြပါဘူး။

**ဒီတိုက်ခိုက်မှုတွေကို ဘယ်သူက ပြုလုပ်နေတယ်လို့ လူကြီးမင်း ထင်ပါသလဲ။**

အီရတ်ရဲ့ အခြေအနေက နိုင်ငံရေးဖြစ်စဉ်ဟာ ကျိုးပဲ့လွယ်တဲ့အနေအထားဖြစ်နေတာပါပဲ။ ကျွန်တော်တို့ စိန်ခေါ်မှုတွေ အများကြီး ရင်ဆိုင်နေရပါတယ်။ အဖွဲ့အစည်းတွေ တော်တော်များများဟာ အီရတ်ကို တည်ငြိမ်မှုရှိအောင် မလုပ်နိုင်ကြသေးပါဘူး။ ကျွန်တော်တို့မှာ အကြမ်းဖက်မှုရင်းမြစ်တွေ အများကြီးရှိနေပါတယ်။ အဲဒါအယ်လ်ကိုင်ဒါအဖွဲ့တစ်ခုတည်းမဟုတ်ပါဘူး။ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ခြစားမှုကလည်း အကြမ်းဖက်မှု ရင်းမြစ်တစ်ခုဖြစ်နိုင်ပါတယ်။

**ဒီတိုက်ခိုက်မှုတွေဟာ ခွဲထွက်ရေးကြိုးစားမှုတွေကို ပိုပြီး လောင်စာဆီဖြည့်သလို ဖြစ်နေပါတယ်။ အီရတ်ဟာ ခွဲထွက်နိုင်ငံရေးကိစ္စထဲ ပိုပြီးဝင်လာနေတယ်ထင်မိပါတယ်။ အဲဒီအချက်ကို သဘောတူပါသလား။**

လက်ရှိဖြစ်နေတဲ့ ပြဿနာကခွဲထွက်ရေးကိစ္စထက်ပိုတဲ့ နိုင်ငံရေးကိစ္စပါ။ ဒါပေမဲ့ နိုင်ငံရေးမတည်ငြိမ်မှုဟာ ခွဲထွက်ရေးကိစ္စတချို့ကြောင့် ဆိုတဲ့ အချက်ကိုတော့ ကျွန်တော်မဖုံးကွယ်ချင်ပါဘူး။ ကျွန်တော့်ကိုလည်း ဒီလိုစွပ်စွဲမှုမျိုးတွေနဲ့ မလိုအပ်ဘဲ တိုက်ခိုက်ခဲ့ကြတယ်။ လူတွေကတော့ ဒါဟာ ခွဲထွက်ရေးအမြင်အရ ပစ်မှတ်ထားလုပ်ကြံတာ၊ နိုင်ငံရေးအရမဟုတ်ဘဲ လုပ်ကြံတာလို့ နားလည်ထားကြပါတယ်။

**ဒါဆို ဒီလိုမျိုး လူမျိုးရေးနဲ့ ခွဲထွက်ရေးပေါ်လစီတွေက ဘယ်လောက်အန္တရာယ်ကြီးတယ်လို့ မြင်ပါသလဲ။ အီရတ်ဟာ ခြားနားနေတဲ့ လူမျိုးစုသုံးစုကြောင့် အပိုင်းပိုင်းကွဲသွားတော့မယ်လို့ ထင်ပါသလား။**

ဒါမျိုးမဖြစ်နိုင်ဘူးလို့တော့ ကျွန်တော်မျှော်လင့်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဆုံးတစ်နေ့မှာ နိုင်ငံရေးပဋိပက္ခတွေရဲ့ ဒဏ်ကိုခံစားရမှာ ကျွန်တော်တို့တစ်နိုင်ငံတည်းတင်မကဘဲ ဒီဒေသတစ်ခုလုံးပါ ခံစားရမှာမို့ပါ။ အီရတ်ဟာ ချမ်းသာကြွယ်ဝတဲ့ တိုင်းပြည်တစ်ခုဖြစ်ပြီး ဒီမှာပထဝီအနေအထားအရ ကွဲပြားမှု မှန်သမျှဟာ အိမ်နီးချင်းနိုင်ငံတွေကို ကျွန်တော်တို့ရဲ့ပြည်တွင်းရေးကိစ္စတွေမှာ ဝင်စွက်ဖက်ဖို့ ဆွဲဆောင်ပါလိမ့်မယ်။ အရှေ့အလယ်ပိုင်းဒေသထဲမှာလည်း အီရတ်အရေးနဲ့ပတ်သက်လို့ တိုက်ပွဲကြီးတစ်ခုဖြစ်လာပါလိမ့်မယ်။ ဒါ့ကြောင့် ခင်ဗျားပြောတဲ့ ဖော်မြူလာမျိုးက အီရတ်ရဲ့ အမျိုးသားအကျိုးစီးပွားကိုရော ဒေသတစ်ခုလုံးရဲ့ တည်ငြိမ်မှုကိုပါ မဖြစ်စေနိုင်ပါဘူး။

**ဒေသတွင်း အင်အားကြီးတွေဖြစ်တဲ့ အီရန်၊ တူရကီနဲ့ ဆော်ဒီအပြင် အမေရိကန်လိုနိုင်ငံမျိုး တွေကရော အီရတ်ညီညွတ်ရေးကိုထိန်းပေးဖို့ စိတ်ဝင်စားပါသလား။ ဒါမှမဟုတ် တချို့နိုင်ငံတွေက ဒီညီမျှခြင်းရဲ့ အခြားတစ်ဖက်မှာ ရှိနေပါသလား။**

ဥပမာအားဖြင့်တော့ မကြာမီက ဆော်ဒီ၊ ကာတာ၊ တူရကီတို့မှာ ကြုံ့ခဲ့ရတဲ့ ကျွန်တော့်ကိုယ်ပိုင်အတွေ့အကြုံ၊ ဆွေးနွေးမှုတွေအရပဲ ပြောနိုင်ပါတယ်။ ဒီသုံးနိုင်ငံဟာ အရှေ့အလယ်ပိုင်းဒေသမှာ ဩဇာကြီးတဲ့နိုင်ငံတွေပါ။ သူတို့က အီရတ်တည်ငြိမ်ရေးကို အများကြီးပူပန်နေကြပါတယ်။ အီရတ်မှာ စဉ်ဆက်မပြတ် ညီညွတ်ရေးရဖို့ ဆန္ဒရှိကြပါတယ်။

**အီရန်ကရော ဘယ်လိုနေပါသလဲ။**

ပြဿနာကတော့ အီရန်ဟာ ခွဲထွက်ရေးပဋိပက္ခတွေကို တွန်းအားပေးနေပါတယ်။ အီရန်ရဲ့ပေါ်လစီကိုသမိုင်းကြောင်းအရ နှိုင်းယှဉ်ကြည့်ရမယ်ဆိုရင် ဒါဟာ အသစ်ဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး။ အီရန်ဟာကျွန်တော်တို့ပြည်တွင်းကခွဲထွက်ရေးပြဿနာတွေရဲ့ နောက်ကွယ်မှာ ရှိနေပါတယ်။ ကျွန်တော်က အီရန်ဆန့်ကျင်ရေးနိုင်ငံရေးသမားလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အကြောင်းအရာတွေကိုတော့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ အချက်အလက်တွေ အခြေခံပြီး ပြောရမှာဖြစ်ပါတယ်။

*—Ref: Tarig al-Hashimi, Iraqi Vice-president Euronews: 25th April*

## တိုင်မိုရှန်ကိုအား ထောင်ထဲ ဆက်လက် ထားရှိပါက ယူရို ၂၀၁၂ ဘောလုံးပွဲကို သပိတ်မှောက်ရန် အန်ဂျလာမာကယ် စီစဉ်

**ဘာလင်၊ မေ - ၂**

ယူကရိန်းအတိုက်အခံခေါင်းဆောင်ယူလီယာတိုင်မိုရှန်ကိုအား ထောင်သွင်းအကျဉ်းချထားခြင်းမှလွှတ်မပေးပါက ယူကရိန်းနိုင်ငံတွင်ကျင်းပမည့် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအား ဂျာမနီအဓိပတိ မစ္စအန်ဂျလာမာကယ်က သပိတ်မှောက်ရန်စီစဉ်နေကြောင်း သိရသည်။



Photo - AFP

ယူကရိန်းဝန်ကြီးချုပ်ဟောင်း တိုင်မိုရှန်ကို၏ သမီးဖြစ်သူက သူမ မိခင်၏ အသက်ကို ကယ်တင်ရန် အနူးအညွတ်တောင်းပန်ပြောကြားခဲ့ပြီးနောက် ဂျာမနီအဓိပတိ၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

“အချိန်မလွန်ခင် ကျွန်မမိခင်ရဲ့ အသက်ကို ကယ်တင်ပေးပါ။ ကျွန်မအမေရဲ့ ကံကြမ္မာနဲ့ ကျွန်မတို့ တိုင်းပြည်ရဲ့ကံကြမ္မာဟာအတူတူပါပဲ။ အမေသေရင် သူမနဲ့အတူ ဒီမိုကရေစီလည်း သေဆုံးသွားပါလိမ့်မယ်”ဟုယူဂျီးနာတိုင်မိုရှန်ကိုက ဂျာမနီသတင်းစာတစ်စောင်နှင့် ပြုလုပ်သည့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

ယူကရိန်း လိမ္မော်ရောင်တော်လှန်ရေး၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ တိုင်မိုရှန်ကို(၅၂နှစ်)သည် သူမ၏ ဝန်ကြီးချုပ် လက်ထက်က ရုရှားနိုင်ငံနှင့်ချုပ်ဆိုခဲ့သည့် စွမ်းအင်သဘောတူညီချက်တွင် အာဏာအလွဲသုံးစားလုပ်ခဲ့သည်ဟူသော စွဲချက်များဖြင့် ထောင်ဒဏ် ၇ နှစ် ကျခံနေရသည်။ မကြာသေးမီကပင် အကျဉ်းထောင်ဝန်ထမ်းများက သူမ၏ဆန္ဒကို ဆန့်ကျင်၍ ဆေးရုံသို့ခေါ်ဆောင်သွားခဲ့ပြီး ဝမ်းဗိုက်ကိုလက်သီးဖြင့်ထိုး၍ လက်များကို ဆွဲလိမ်ခဲ့သဖြင့် တိုင်မိုရှန်ကိုမှာလည်း အစာငတ်ခံဆန္ဒပြနေကြောင်း သိရသည်။

*—Ref: The Guardian*

# Entertainment

7DAY NEWS JOURNAL

Vol.11, No.9 • MAY 10 , 2012




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## တစ်ကိုယ်တော်ခွေထွက်ရန် ပြင်နေတဲ့ ဂျင်းနီ

ကြူကြူဟန်

ရန်ကုန်၊ မေ-၅

အတွဲခွေတော်တော်များများမှာ သီဆိုရင်းအောင်မြင်မှုများ ရရှိနေသည့် အဆိုတော်ဂျင်းနီသည် သူမ၏ တစ်ကိုယ်တော်ခွေ ထွက်ရှိရန် ပြင်ဆင်နေကြောင်း သတင်းရရှိ သည်။

"စီးရီးနာမည်တော့ မပေးရသေးဘူး။ စဉ်းစားတုန်းပဲ ရှိတယ်။ ၁၀ပုဒ်နဲ့ ၁၀ ပုဒ်ကြားမှာပါမယ်၊ သမီးဆိုနေကျပုံစံမျိုး လေးတွေလည်းပါမယ်။ ပေ့ါပ်အနေးလေးတွေပါမယ်။ ပြီးရင် သမီးတစ်ခါမှ မဆိုဘူးသေးတဲ့ ပုံစံအသစ်တွေပါမယ်။ သီချင်း ကစုပြီးနေပြီ။ လောလောဆယ်တေးရေးတွေက ရွှေဂျော်ဂျော်၊ ဦးမြင့်မိုးအောင် နောက်အများကြီးပါမယ်။ သမီး ရေးတဲ့ သီချင်း လည်းပါမယ်ထင်တယ်"ဟု ဂျင်းနီက ပြောသည်။

သူမ၏ တစ်ကိုယ်တော်ခွေကို စက်တင်ဘာလတွင် ထွက်ရှိ နိုင်အောင်ကြိုးစားနေကြောင်း ဂျင်းနီက ပြောသည်။ ဂျင်းနီသည် Shink-n-Shin ခုနစ်နှစ်ပြည့် ရှိုးပွဲတွင်လည်း ပါဝင်သီဆိုထား ကြောင်း သိရသည်။

"ဖြစ်နိုင်ရင် သမီးရေးတဲ့သီ ချင်းလေးတော့ ထည့်ချင်တယ်။ သီ ချင်းတွေ လည်းများနေမယ်။ နောက် အဲ့ ဒီ သီ ချင်းထက် ပရိသတ် ပိုပြီးတော့ ခံစားလို့ကောင်းမယ့်သီချင်းမျိုးရှိရင် ထည့်လိုက် မယ်ပေ့ါ။ အဲဒါ သမီးရေးတဲ့သီချင်းက ပါဖို့ မသေချာသေးတာ"ဟု ဂျင်းနီက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မမျှော်မှန်းရဲပါဘူး၊ မမျှော်လင့်ရဲဘူး၊ အခုမှ စပြီးလုပ်တာဆိုတော့ လိုအပ်ချက်တွေ အများကြီးရှိပါသေးတယ်။

### "အချစ်သင်္ကေတ" ဇာတ်လမ်းတွဲမှ မင်းသားမြတ်သူကျော်နှင့် တွေ့ဆုံခြင်း

ကြူကြူဟန်

အမြင်ဆန်းသစ်သော ရိုက်ချက်များ၊ ငယ်ရွယ်သော သရုပ်ဆောင်များကို အဓိကပွဲထုတ်လာခြင်း၊ အရောင်အသွေးများက အခြား ဇာတ်လမ်းဇာတ်ကွက်များနှင့် ကွဲပြားမှုများကြောင့် MRTV-4မှ ပထမဆုံးပြသမည့် မြန်မာရုပ်သံဇာတ်လမ်းတွဲ "အချစ်သင်္ကေတ" ကိုပရိသတ်အများစု သတိထားမိခဲ့ကြသည်။ ထိုဇာတ်လမ်းတွဲတွင် ဆရာဝန်တစ်ဦးအဖြစ် သရုပ်ဆောင်ထားပြီး ခေါင်းဆောင်မင်းသားအဖြစ်ပါဝင်ထားသော တက်သစ်စ မင်းသား မြတ်သူကျော်နှင့် တွေ့ဆုံဖြစ်ခဲ့သည်များကို ပြန်လည် ဖော်ပြလိုက်ပါသည်။

**ဇာတ်လမ်းတွဲမှာ ပါဝင်ဖြစ်ပုံကို အရင်ဆုံး သိချင်ပါတယ်။**

ဒီဇာတ်လမ်းတွဲရိုက်ဖို့ လူရွေးပွဲရှိတယ်။ သူငယ်ချင်းတစ်ယောက်က ခေါ်လို့ပါ။ ကျွန်တော်က လည်း ငယ်ငယ်လေးထဲက စိတ်လည်းဝင်စားတယ်၊ ဝါသနာလည်းပါတယ်။ ဒီအလုပ်ကို စိတ်ဝင်စားတာနဲ့ ဝင်ပြိုင်ဖြစ်သွားတာပါ။

စာ(၄၉)သို့

## ဟောလိဝုဒ် နာမည်ကျော်များ လျှောက်လမ်းတွင် ကိုယ်ပိုင်ကြယ် ရရှိသွားတဲ့ စကားလက်ဂျိုဟန်ဆန်





ဟောလိဝုဒ်၊ မေ-၆

မင်းသမီးစကားလက်ဂျိုဟန်ဆန်သည် ဟောလိဝုဒ်နာမည်ကျော်များလျှောက်လမ်းတွင် ကိုယ်ပိုင်ကြယ်ဖြင့် ဂုဏ်ပြုခံခဲ့ရရာ သူမသည် ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးလူဟု ခံစားရကြောင်း ဝမ်းသာအယ်လဲပြောသည်။ သူမ၏ နာမည်ကို ကိုယ်ပိုင်ကြယ်ဖြင့် ဖော်ထုတ်ခွင့်ရခြင်းအတွက် အံ့အားသင့်ရပါသည်ဟုလည်း မင်းသမီးကဝန်ခံခဲ့သည်။

စကားလက်သည် အသက် ၁၂နှစ်အရွယ်ကပင် မင်းသားကြီး ရောဘတ်ရက်ဖိုဒ့်နှင့် တွဲဖက်ကာ Horse Whisperer ဟူသော ဇာတ်ကားတွင်စတင်သရုပ်ဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ စကားလက်မှာ ဟောလိဝုဒ်၏ နာမည်ကျော်မင်းသမီးဖြစ်လာခဲ့ပြီး "Girl with a Pearl Earring" "Lost in Translation"စသော ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ စကားလက်သည် ယခုနောက်ဆုံး "The Avengers" ဟူသော ဇာတ်ကားတွင်ပါဝင် သရုပ်ဆောင်ထားပြီး ယခု ဟောလိဝုဒ်တွင် ကျင်းပသော အခမ်းအနားသို့ စကားလက်၏ မိခင်၊ အဘွားနှင့် ညီမဖြစ်သူနှင့်အတူ "The Avengers" တွင် ၎င်းနှင့်အတူ သရုပ်ဆောင်သူမင်းသား Jeremy Renner လည်း တက်ရောက်ခဲ့သည်။

-SF Gate

7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# ဗိုလ်ချုပ်ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့ Home Entertainment တည်ထောင်

**အေးသူစံ**

**ရန်ကုန်၊ မေ ၃**

ရုပ်ရှင်နှင့် သတင်းမီဒီယာ ပညာရပ်များ လူငယ်ထုအတွင်း ပျံ့နှံ့စေရန် အခမဲ့ပညာဒါနဖြန့်ဖြူးပေးမည့် Home Entertainment ကို ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေးအဖွဲ့မှ ယခုလဆန်းပိုင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

“ဗိုလ်ချုပ်ရုပ်ရှင်ဖြစ်မြောက်ရေးလုပ်ငန်းလုပ်နေရင်းနဲ့မှ တစ်ပါတည်းပါလာတဲ့လုပ်ငန်းစဉ်တွေကိုလုပ်ဖို့အတွက် အဖွဲ့ဝင်တွေ တိုင်ပင်ပြီး Home Entertainment ကို ဗိုလ်အောင်ကျော်လမ်းမှာ ဖွင့်လိုက်ပါတယ်။ House of media and Entertainment ကို အတိုကောက် HOME လို့အမိပ္ပာယ်ယူပြီး ဖွင့်လိုက်တာပါ။ ဒီမှာ လူငယ်တွေ အတွက် ရုပ်ရှင်နဲ့ သတင်းမီဒီယာပညာရပ်တွေကို အခမဲ့သင်တန်းတွေ ပေးမယ်။ စိတ်ဝင်စားသူ ဘယ်သူဖြစ်ဖြစ်လာတက်နိုင်ပါတယ်”ဟု ဒါရိုက်တာဦးသူရက ပြောသည်။

သတင်းမီဒီယာပိုင်းကို မူကိုဇော်သက်ထွေးက တာဝန်ယူထားသည်။

လက်တလောတွင် ဒလ၊ ကော့မှူးနှင့်ကွမ်းခြံကုန်းဘက်မှ လူငယ်များအတွက် အိုင်တီသင်တန်းကို ဘလော့ဂါ နေဘုန်းလတ်နှင့်စင်ကာပူမှကိုညီညီတို့သင်တန်းပေးနေကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာတွင် ကနေဒါအခြေစိုက် Fourm for Federation မှ သတင်းမီဒီယာသင်တန်းပို့ချပေးမည်ဖြစ်ပြီး အဆိုပါသင်တန်းမှ ထူးချွန်သူ ငါးဦးကို ကနေဒါနိုင်ငံသို့ ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။

“အခု ဇူလိုင်လမှာ ဗိုလ်ချုပ်ရုပ်ရှင်အတွက် ဇာတ်ညွှန်းပိုင်းမှာ လာပူးပေါင်းပေးမယ့် The Artist ဇာတ်ကားရဲ့ ထုတ်လုပ်သူ Wein Stain နဲ့အဖွဲ့က ဇာတ် ညွှန်းပိုင်းသင်တန်းပို့ချမယ်။ The Help ဇာတ်ကားရဲ့ ရိုက်ကူးရေးပညာရှင် Stephen Goldblattက ရုပ်ရှင်ဓာတ်ပုံနဲ့ပတ်သက်ပြီး သင်တန်းပို့ချမယ်။ သင်တန်းကာလနှစ်လကြာမယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။


# The Help ဇာတ်ကားရိုက်ကူးရေးပညာရှင်နှင့် The Artist ဇာတ်ကားထုတ်လုပ်သူ ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ညွှန်းအတွက် မြန်မာနိုင်ငံသို့ လာမည်

**အေးသူစံ**

**ရန်ကုန်၊ မေ ၃**

ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းပိုင်းဆိုင်ရာ ပူးပေါင်းလုပ်ကိုင်ရန် ယခုနှစ်အော်စကာဆုရ The Artist ဇာတ်ကားထုတ်လုပ်သူ ဝိန်းစတိန်းနှင့် အဖွဲ့အပါအဝင် The Help ဇာတ်ကား၏ ရိုက်ကူးရေးပညာရှင် Stephen Goldblattတို့ မြန်မာနိုင်ငံသို့ ဇူလိုင်လတွင် လာရောက်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးသူရကပြောသည်။





“ဗိုလ်ချုပ်ရုပ်ရှင်ကားအတွက်နိုင်ငံတကာမူအရSequence အခန်းစဉ်ဇာတ်ညွှန်းကို မေလကုန်မှာအပြီးရေးမယ်။ ဇွန်လကုန်မှာ Spec Script (ဇာတ်ညွှန်းမူကြမ်း) ပြီးမယ်။ ဇူလိုင်လထဲမှာ ဒီမူကြမ်းကို အခုနှစ်အော်စကာဆုပေးပွဲမှာဆုရသွားတဲ့ The Artist ဇာတ်ကားထုတ်လုပ်သူ ဝိန်းစတိန်းနဲ့အဖွဲ့က Screen Play Doctor အဖွဲ့နဲ့လာပြီးမွမ်းမံမယ်။ မြန်မာလိုပြောရရင် ဇာတ်ညွှန်းကို ဆေးကုပေးမယ့်အဖွဲ့ပေါ့။ နောက်ပြီးဇာတ်ပို့အော်စကာဆုရသွားတဲ့ The Help ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ စတက်ဖင်ဂိုးဘလက်လည်း လာမယ်။ ဒီမှာ သူတို့က တစ်လလောက်ကို အချိန်ယူပြီး လုပ်ကြမှာ။ အခုထိ ရေးပြီးသမျှ ဇာတ်ညွှန်းတွေကိုလည်း သူတို့ကို အီးမေးလ်ပို့ပေးနေတယ်”ဟု ၎င်းကပြောသည်။

မြန်မာပြည်တွင်းမှ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ပြည်ပမှ အထူးသဖြင့် ဟောလိဝုဒ်မှ အနုပညာရှင်များနှင့် ပူးပေါင်းရိုက်ကူးခြင်းမှာ ယခု ဗိုလ်ချုပ်ရုပ်ရှင် ဇာတ်ကားသည် ပထမဆုံးဖြစ်သည်။









## စာ-၄၇၊ "အချစ်သင်္ကေတ" ဇာတ်လမ်းတွဲမှ မင်းသားမြတ်သူကျော်နှင့် တွေ့ဆုံခြင်း မှ

**ဒီရုပ်သံဇာတ်လမ်းတွဲမှာ မပါဝင်ခင်တုန်းက အနုပညာ လှုပ်ရှားမှုအနေနဲ့ ဘာတွေလုပ်ဖြစ်ခဲ့လဲ။**
ရှိုးလျှောက်တယ်၊မဂ္ဂဇင်းရိုက်တယ်၊ ကြော်ငြာရိုက်တယ် ဒီ လောက်ပါပဲ။

**ဇာတ်လမ်းတွဲကလည်းပြနေပြီဆိုတော့ ပတ်ဝန်းကျင်မှာရှိတဲ့ သူတွေရယ်ပရိသတ်တွေဆီက ဘယ်လိုတုံ့ပြန်တာကြားရလဲ။ ဝေဖန်ခံနေရတာရော ရှိနေပြီလား။**

တချို့တွေကျတော့လည်း ကောင်းတယ်လို့ ပြောကြတယ်ပေါ့။ တချို့တွေကျတော့လည်း နည်းနည်းလိုနေသေးတယ်ပြောတယ်။ ကျွန်တော်က အခုမှ စလုပ်တာဆိုတော့ လိုအပ်ချက်တော့ ရှိတာပေါ့။ အဲဒါလေးကို ထောက်ပြပြီး ဒါတွေလိုတယ်။ ဒါတွေပိုတယ်လို့ ပြောကြပါတယ်။

**‘အချစ်သင်္ကေတ’ဇာတ်လမ်းတွဲကို ပရိသတ်တွေကြိုက်လိမ့်မယ်လို့ ဘယ်လောက်ထိ ယုံကြည်ထားလဲ။ ဘယ်လောက်ထိမျှော်မှန်းထားလဲ။**

ကျွန်တော် မမျှော်မှန်းရဲပါဘူး၊ မမျှော်လင့်ရဲဘူး။ ကျွန်တော်က အခုမှ စပြီးရိုက်တာ၊ အခုမှ စပြီးလုပ်တာဆိုတော့ လိုအပ်ချက်တွေ အများကြီးရှိနေပါတယ်။ အဲ့ဒီအပေါ်မှာ ဖြည့်စွက်ပြီး ကြည့်ပေးတဲ့ ပရိသတ်တွေ့ရဲ့ အမြင်ပေါ့နော်။

**ဒီဇာတ်လမ်းတွဲမှာသရုပ်မဆောင်ခင်က ဘယ်လိုလေ့ကျင့်ဖြစ်လဲ။ ဘယ်လိုဇာတ်ကားတွေကြည့်ဖြစ်လဲ။**

ကျွန်တော်က ဇာတ်လမ်းမျိုးစုံကြည့်တယ်။ ဒီဇာတ်လမ်းရိုက်တော့မယ်ဆိုတော့ ကိုယ်ကသရုပ်မဆောင်ဖူးဘူးဆိုတော့ အခက်အခဲတော့ နည်းနည်းဖြစ်တာပေါ့။ ဆရာတွေအကုန်လုံးကရော၊ ဘေးမှာရှိတဲ့ သူတွေအကုန်လုံးကရော လိုနေတယ်ပေါ့။ ပရိသတ်တစ်ယောက်အနေနဲ့ သူတို့က ကြည့်ပြီးတော့ သင်ပေးရင်း၊ သင်ပေးရင်း အကုန်အဆင်ပြေပါတယ်။ ကျွန်တော်ကြည့်တဲ့ဇာတ်ကားတွေက အများကြီးပဲ အကုန်လုံးကို ကြည့်ဖြစ်တယ်။ များသောအားဖြင့် ဒရာမာကားတွေ ကြည့်တာများတယ်။

**‘The Sign of Love’ ဇာတ်လမ်းတွဲရဲ့ ဇာတ်ဝင်တေးကို ဆိုထားတယ်ဆိုတော့ ဘယ်လိုဆိုဖြစ်ခဲ့တာလဲ။**

နိုင်ငံခြားက ဒါရိုက်တာကျတော့ ဒီထဲကသူတစ်ယောက်လောက်ကို ဆိုစေချင်တယ်တဲ့၊ အဲဒါနဲ့ ဟုတ်ကဲ့ ရပါတယ်ကျွန်တော်ဆိုပေးမယ်လို့ ပြောလိုက်တယ်။ ဆိုလိုက်တော့ အဆင်ပြေသွားတယ်။ အဆင်ပြေသွားတာနဲ့မယ်လိုဒီဝေါလ်ကဆရာ မြင့်မိုးအောင်တပည့် ကောင်မလေးအသံနဲ့ ကျွန်တော့်အသံကို အဆင်ပြေတယ်ဆိုပြီး ထည့်ဖြစ်သွားတာပါ။

**ဇာတ်လမ်းတွဲမှာ ကိုယ်တိုင်သီချင်းဆိုထားတော့ အဆိုလိုင်းကိုရော ကူးဖို့ရှိလား။**

ကျွန်တော် သရုပ်ဆောင်တာကို ပိုပြီး ဝါသနာပါတယ်။ အခွင့်အရေးရမယ်ဆိုရင် အဆိုဘက်ကိုလည်း နည်းနည်းကူးချင်တယ်။ ဒါပေမဲ့ ကျွန်တော်က သရုပ်ဆောင်ပိုင်းကိုပိုပြီးအားသန်တယ်။

**အဆိုဝါသနာပါတယ်ဆိုတော့ တစ်ကိုယ်တော်ခွေစလုပ်ဖို့ အစီအစဉ်ရှိမလား။ သီချင်း ဘယ်အမျိုးအစားကို ဆိုဖြစ်မလဲ။**

ဒါကတော့ ပြောလို့တော့ မရသေးဘူး၊ ကျွန်တော် အဆိုဘက်ဝါသနာပါတယ်ဆိုပေမယ့် တစ်ခါမှလည်း အဲ့လိုမျိုး လူရှေ့သူရှေ့မှာ တစ်ခါမှ အဲ့လိုမျိုး သီချင်းဆိုကောင်းတယ်ဆိုပြီး သိတဲ့သူတော့ မရှိဘူး။ ကိုယ့်ကိုယ်ကိုယ်တော့ယုံကြည်ချက်လေးတော့ နည်းနည်းမဲ့နေသေးတယ်။ တကယ်လို့ လုပ်ဖြစ်မယ်ဆို Pop ပဲ။ သီချင်းအေးအေးလေးတွေပဲလုပ်မယ်။

**သရုပ်ဆောင်မှုအပိုင်းမှာ စံထားရတဲ့ ပြည်တွင်း/ပက အနုပညာရှင်ရှိလား။ နောက်အဆိုပိုင်းကိုရောပေါ့။**

ကျွန်တော်စံထားရတဲ့ အနုပညာရှင် တသီးတသန့်ရယ်လို့ မ ရှိဘူး။ ကျွန်တော်အနုပညာအလုပ်ကို ချစ်တယ်။ အနုပညာလုပ်တဲ့ သူမှန်သမျှကို လေးလည်းလေးစားတယ်၊ ချစ်လည်းချစ်ပါတယ်။ ပြည်ပမှာလည်း အများကြီးပဲ၊ ဒီမှာလည်း အများကြီးပဲ။ အနုပညာလုပ်တဲ့ သူမှန်သမျှကို ကျွန်တော်လေးစားပါတယ်။ အဆိုပိုင်းမှာလဲ Pop နဲ့ ပတ်သက်တဲ့ သီချင်းမှန်သမျှ အကုန်ကြိုက်တယ်။ နားထောင်ကောင်းတယ်၊ နားဝင်ချိုတယ်ဆိုရင် အကုန်လုံးကြိုက်တယ်၊ အစွဲတော့ မရှိဘူး။

**အခုသရုပ်ဆောင်နေတဲ့ အပိုင်းမှာ ဘယ်နေရာက အားနည်းချက်ရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယ်ထင်လဲ။**

အသေးအဖွဲ့လေးကအစလိုတာလေးတွေရှိတာပေါ့။ မင်းသမီးနဲ့ စကားပြောနေရင်းနဲ့လည်း မျက်လုံးက သူ့ဆီကို ရောက်နေရမယ့်အစား ဟိုဘက်ကို ရောက်သွားတာနည်းနည်း ဘယ်လိုပြောရမလဲ။ နှစ်ယောက်စကားပြောနေရင်း မလေးစားသလို ဖြစ်တာပေါ့နော်။ ဇာတ်လမ်းတစ်ခုလုံးကို ပြလိုက်တဲ့အချိန်မှာတော့ အဲ့ဒါလေးက တစ်ယောက်နဲ့တစ်ယောက် မလေးစားသလိုဖြစ်နေတယ်။ အဲ့လိုမျိုးတွေ တွေ့ခဲ့ရတယ်။ အဲ့ဒါလေးတွေပြင်ဖို့ ဆုံးဖြတ်ထားပါတယ်။

**သရုပ်ဆောင်ခွင့်ရမယ်ဆိုရင် ဘယ်လိုကာရိုက်တာမျိုးကို သရုပ်ဆောင်ချင်ဆုံးလဲ။**

အနုပညာအလုပ်နဲ့ ပတ်သက်လို့ရှိရင် အကုန်လုပ်ဖို့ စီစဉ်ထားတယ်ခင်ဗျ၊ ကျတဲ့ပုံစံပေါ့၊ သရုပ်ဆောင်ချင်ဆုံးရယ်တော့ မရှိပါဘူး။ အနုပညာအလုပ်က ဘာပဲပြောပြော အရူးဆိုအရူးစရိုက်၊ အကောင်းဆိုအကောင်းစရိုက် ကျတဲ့ဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင်ချင်တယ် အဲ့လိုစိတ်ပဲရှိတယ်။

**မီဒီယာကမ္ဘာနဲ့ ၂ နှစ် စာချုပ်ချုပ်ထားတယ်လို့သိရပါတယ်။ တကယ်လို့ အခြားနေရာက ကမ်းလှမ်းလာမယ်ဆိုရင်ရော ဘယ်လိုစဉ်းစားသွားမလဲ။**

စာချုပ်ချုပ်ပြီးပြီဆိုတော့ Media Kabar က ကျွန်တော်တို့ရဲ့ လူကြီးဖြစ်သွားပြီပေါ့။ Media Kabar က လူကြီးတွေဆုံးဖြတ်ပေးလို့ ဇာတ်ကားရိုက်မယ်ဆိုရင် လည်း သူတို့ကို တိုင်ပင်ရမှာပဲ။ သူတို့ပြောတဲ့ပေါ်မူတည်ပြီး ကျွန်တော်လုပ်မယ် ကျွန်တော်တို့ ကိုယ်တိုင်တော့ ဆုံးဖြတ်လို့မရဘူး။



## အနုပညာသတင်းတိုများ

**ကြူကြူဟန်**

■ အဆိုတော် ဒီလွန်၏ ‘မှားသွားလည်း’ စီဒီ၊ ဗီစီဒီကို မေလ ၅ ရက်နေ့တွင် Excellent Creation မှ ဖြန့်ချိမည်ဖြစ်သည်။ မြင့်မိုးအောင်၊ ရွှေဂျော်ဂျော်၊ အငဲ၊ လင်းလင်း၊ ကိုမျိုး(PTL)၊ ဘုတ်(Shell)၊ မင်းကိုတို့ ရေးသားသော တေးသီချင်းများပါဝင်သည်။

■ အဆိုတော် ယမ်မီရိုကီ၏ ‘အဖြူရောင်’ ဒီဗီဒီကို မေလ ၅ ရက်တွင် The Sun Music မှ ဖြန့်ချိမည်ဖြစ်သည်။ J-me၊ ရသ၊ အောင်ဇေယျ၊ ကိုဝိုင်း၊ ကောင်းမြတ်ထူး၊ Gameboyz၊ ယမ်မီရိုကီတို့ ရေးသားသော သီချင်းပါဝင်သည်။ သီချင်း ၁၄ ပုဒ်ပါဝင်ပြီး Pop, R & B သီချင်းအမျိုးအစားဖြစ်သည်။

## တစ်သက်တာ အနုပညာထူးချွန်ဆုအတွက် အနုပညာသက်တမ်း ၄၀ ကျော် အနုပညာရှင်တစ်ဦးကို ရွေးချယ်မည်

**အေးသူစံ**

**ရန်ကုန်၊**
**မေ ၃**

အမေရိကန် အခြေစိုက် Myanmar Film Festival of Los Angeles (MFFLA) မှ ပေးအပ်မည့် တစ်သက်တာ အနုပညာထူးချွန်ဆုအတွက် မြန်မာပြည်တွင်းမှ အနုပညာသက်တမ်း ၄၀ ကျော် ရှိထားသည့် အနုပညာရှင်တစ်ဦးကို ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း အဆိုပါ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ယင်းဆုအတွက် အနုပညာသက်တမ်း ၄၀ ကျော်ရှိ၍ သက်ရှိထင်ရှားရှိနေဆဲဖြစ်ကြသည့် အနုပညာရှင် ၁၀ဦးကို ရွေးချယ်ထားပြီး မင်းသား စိုးရွှေ၊ ညွန့်ဝင်း၊ ကြည်စိုး၊ ဇော်ခင်နှင့် မင်းသမီးများမှာ အေဝမ်းမေလွင်၊ နွဲ့နွဲ့စန်း၊ ခင်ယုမေ၊ မြင့်မြင့်ခင်၊ စံရှားတင်နှင့် အေဝမ်း မေသဇင်တို့ဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ယင်းအနုပညာရှင် ၁၀ ဦးထဲမှ တစ်ဦးကို မဲပေးစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ပြီး www. myanmarfilmfest.org တွင် မဲပေးရွေးချယ်နိုင်ကြောင်း သိရသည်။ "အန်တီက ၁၅နှစ်သမီးကတည်းကရုပ်ရှင်နဲ့ဂီတကိုစလုပ်ခဲ့တာ။ အခု အသက်က ၇၈နှစ်ဆိုတော့ အနုပညာသက်တမ်းက ၆၃ နှစ်ရှိပါပြီ။ အခုလို အဖွဲ့အစည်းတစ်ခုခုက ကိုယ့်ကို ရွေးချယ်ထားတယ်ဆိုတာသိရတော့ ပျော်ပါတယ်။ ဝမ်းသာပါတယ်" ဟုစာရင်းဝင်ထားသူဒေါ်မြင့်မြင့်ခင်ကပြောသည်။

ယခု ရွေးချယ်ထားသော မဲပေးရွေးချယ်ခံရမည့်သူ ၁၀ ဦး အပြင် အနုပညာသက်တမ်းအားဖြင့် ၄၀ ကျော်ပြီဖြစ်သော မင်းသမီး ဝါဝါဝင်းရွှေ၊ ဒါရိုက်တာ မောင်မောင်မြင့်၊ လုံမင်းသားစံတင်တို့မှာမူ စာရင်းထဲတွင်မပါဝင်ပေ။

အဆိုပါရွေးချယ်ရေးအဖွဲ့သည် မြန်မာပြည်တွင်းမှ ရိုက်ကူးထုတ်လုပ်သော မြန်မာရုပ်ရှင်ဇာတ်ကားများအား အမေရိကန်နိုင်ငံတွင် ရုပ်ရှင်ပွဲတော်များ ပြုလုပ်ပြသနေသော The Network of Myanmar American Association (NetMMA) ၏ လုပ်ငန်းခွဲတစ်ခုလည်းဖြစ်သည်။ NetMMA ကို ၂၀၀၇ ခုနှစ်က အမေရိကန်ရောက် အဆိုတော် နီနီဝင်းရွှေ၏ ခင်ပွန်းဖြစ်သူက တည်ထောင်ထားခြင်းဖြစ်ပြီး တစ်သက်တာအနုပညာရှင်ပေးအပ်ခြင်းမှာ ယခုနှစ်တွင် ပထမဆုံးဖြစ်ကာ ဆုပေးပွဲကိုမူ အသေးစိတ်ထုတ်ပြန်ထားခြင်းမရှိသေးချေ။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Think Like A Man | Screen Gems | ၆၀,၄၇၂,၂၀၀ | ၂ |
| ၂။ | The Pirates! Band of Misfits | Sony Pictures | ၁၁,၁၃၇,၇၀၀ | ၁ |
| ၃။ | The Hunger Games | Lionsgate | ၃၇၂,၀၁၉,၀၀၀ | ၆ |
| ၄။ | The Lucky One | Warner Bros. Pictures | ၃၉,၄၀၉,၇၀၀ | ၂ |
| ၅။ | The Five-Year Engagement | Universal Pictures | ၁၀,၆၁၀,၁၀၀ | ၁ |
| ၆။ | Safe | Lionsgate | ၇,၈၉၂,၅၄၀ | ၁ |
| ၇။ | The Raven | Relativity Media & Walt Disney | ၇,၂၈၉,၆၄၀ | ၁ |
| ၈။ | Chimpanzee | Relativity Media & Walt Disney | ၁၈,၉၂၀,၈၀၀ | ၂ |
| ၉။ | The Three Stooges | 20 th Century Fox & MGM | ၃၆,၉၀၈,၀၀၀ | ၃ |
| ၁၀။ | The Cabin in the Woods | Lionsgate | ၃၄,၇၈၃,၃၀၀ | ၃ |

## Movie Review

### Men in Black III




Men in Black ဇာတ်လမ်းတွဲတတိယဇာတ်ကားတွင်ထိပ်တန်းလျှို့ဝှက်အစိုးရထောက်လှမ်းရေးသုံးဦးသည် ကျွန်ုပ်တို့၏ ကမ္ဘာကြီးအား ရန်လိုသော ဂြိုဟ်သားများရန်မှ ကာကွယ်ပေးမည်ဖြစ်သည်။ အေးဂျင့်ဂျေ တစ်ယောက် သူ့သူငယ်ချင်းအေးဂျင့်ကေကို ကယ်တင်ပြီး ကမ္ဘာကြီးကိုလည်း ဂြိုဟ်သားများလက်မှ ကယ်တင်နိုင်မည်လားဆိုသည် မှာ. . . ။

ပထမဦးဆုံးအကြိမ် သရီးဒီစနစ်ဖြင့် ကြည့်ရမည့် ဟာသသိပ္ပံနယ်လွန် ဇာတ်ကားအား Barry Sonnenfield က ရိုက်ကူးထားပြီး Will Smith, Tommy Lee Jones, Josh Brolin, Alice Eve တို့ပါဝင် သရုပ်ဆောင်ထားသည်။ မေလ ၂၅ ရက်နေ့တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

Sports

7DAY NEWS JOURNAL

Vol.11, No.9 • MAY 10 , 2012

# ဘောလုံးအသင်းအချို့ လက်ရွေးစင်ဟောင်းဘောလုံးသမားများကို ပြန်ခေါ်ရန် စီစဉ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၅**

၂၀၁၂ ခုနှစ်၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့တွင် ဘောလုံးအသင်းအချို့က လက်ရွေးစင်ဟောင်းဘောလုံးသမားများကို ခေါ်ယူရန် စီစဉ်နေသည်။

ပထမအကျော့ပွဲစဉ်များတွင် နေသူလှိုင်၊ မာလ စသည့် ဝါရင့်ကစားသမားဟောင်းများ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်ကလပ်များသို့ ရောက်ရှိလာခဲ့ပြီး ဒုတိယအကျော့အတွက်လည်း အသင်းအချို့တွင် လက်ရွေးစင်ဟောင်းများ လာ ရောက်စမ်းသပ်လေ့ကျင့်နေကြသည်။

လက်ရှိတွင် ဇွဲကပင်ယူနိုက်တက်အသင်းသည် ဆန်းဒေးသိန်း၊ မန်းမျိုးဝင်းညွှန့်စသည့် လက်ရွေးစင်ဟောင်းကစားသမားများကို ခေါ်ယူထားသည်။ ရက္ခပူရအသင်းကလည်း ဇော်ဇော်၊ စိုးသီဟအောင်စသည့် ဝါရင့်လက်ရွေးစင် ကစားသမားဟောင်းများကို ခေါ်ယူစမ်းသပ်နေသည်။

"အသင်းအတွက် အားဖြည့်တဲ့နေရာမှာ ပြည်တွင်းကစားသမားကောင်းတွေရှိတဲ့ အသင်းကြီးတွေကလလည်း လက်လွှတ်မှာမဟုတ်ဘူး။ လူငယ်တွေလည်းသိပ်မတွေ့တော့ အရင်လက်ရွေးစင်ဟောင်းကစားသမားတွေကို စမ်းသပ်နေတာပါ။ သူတို့အနေနဲ့ လေ့ကျင့်ခန်းအစီအစဉ်တွေ အပြည့်အဝ လိုက်မလုပ်နိုင်သေးပေမယ့် နောက်ပိုင်းရလာမယ်ဆိုရင်တော့ အသင်းအတွက်ခေါ်ယူသွားမှာပါ။ သူတို့မှာက အတွေ့အကြုံပိုင်းကတော့ အားသာမှုရှိတယ်လေ" ဟု ရက္ခပူရအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား ကျင်းပခဲ့သည်မှာ သုံးနှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သော်လည်း ပြည်တွင်းအဆင့်မီအားကစားသမားများ ရှားပါးနေဆဲဖြစ်ပြီး လူငယ်မျိုးဆက်သစ်အားကစားသမားများအနေဖြင့်လည်း ထိုးထွက်လာခြင်းမရှိသေးသည့်အတွက် အသင်းများမှာ ကစားသမားများ ဖြည့်တင်းရာတွင် အခက်အခဲများရှိနေကြောင်း လေ့လာသူများက သုံးသပ်သည်။

အပျော်တမ်းကစားသမားဘဝတွင် အနားယူသွားပြီးနောက် ငါးနှစ်ခန့်အကြာတွင် မြန်မာနေရှင်နယ်လိဂ် ယခုနှစ် ပထမအကျော့တွင် ဘောလုံးလောကသို့ ပြန်လည်ခြေချလာသည့် နေသူလှိုင်က အပျော်တမ်းနှင့် ဆုကြေးစားစနစ်၏ ကွင်းတွင်း၊ ကွင်းပြင် အခြေအနေကွာခြားချက်ကိုသိလို၍ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်းပြောသည်။

"အသင်းတွေ ပရိုစနစ်ပြောင်းလဲလာတော့ အပေါ်အသင်းတချို့တော့ နိုင်လိုစိတ် အရင်ထက်ပိုအားကြီးလာတာကိုတော့ သတိထားမိတယ်။ ဒါပေမဲ့ နည်းစနစ်ပိုင်း၊ တစ်ဦးချင်းစွမ်းရည်ပိုင်းတွေတော့ အရမ်းတိုးတက်လာတာမျိုး မတွေ့ရသေးဘူး"ဟု နေသူလှိုင်က ၎င်း၏ အမြင်ကို ပြောသည်။

# လန်ဒန်မသန်စွမ်း အိုလံပစ်ပြိုင်ပွဲ မြန်မာအားကစားသမားလေးဦး ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၃**


၂၀၁၂ခုနှစ်၊ လန်ဒန်မသန်စွမ်းအိုလံပစ် အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမားလေးဦး ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားကြောင်း သတင်းရရှိသည်။

၎င်းပြိုင်ပွဲသို့ ရေကူးအားကစားနည်းမှ နိုင်စစ်အောင် (မီတာ ၁၀၀၊ ပက်လက်ကူး)သည် သတ်မှတ်စံချိန်နှင့် အရည်အချင်းပြည့်ဝသည့်အတွက် အလိုအလျောက် ပြိုင်ပွဲဝင်ခွင့် ရရှိထားကြောင်း သိရသည်။ နိုင်စစ်အောင်သည်လက်ရှိတွင် ကမ္ဘာ့အဆင့်ကိုးဖြစ်သည်။

ပြီးခဲ့သည့် ဧပြီလနောက်ဆုံးပတ်အတွင်းက မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် မလေးရှားအလွတ်တန်း မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ(မသန်စွမ်းအိုလံပစ် လက်ရည်စစ်ပြိုင်ပွဲ)တွင်လည်း မြန်မာနိုင်ငံမှ ဝင်းနိုင်(ပိုလီယိုတစ်ဖက်) လှံတံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့ပြီး (ခ) အဆင့်ဖြင့် လက်ရည်စစ်အောင်မြင်ခဲ့သည်။

"လက်ရှိမှာတော့ နိုင်စစ်အောင်(ရေကူး)နဲ့ဝင်းနိုင်(ပြေးခုန်ပစ်) နှစ်ဦးအနေနဲ့ လန်ဒန်မသန်စွမ်းအိုလံပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားပါပြီ။ နောက်ထပ် မျိုးဆွေ(သံလုံးပစ်)နဲ့ အောင်ငြိမ်းဦး(ရေကူး)နှစ်ဦးကိုလည်း သူတို့စံချိန်အနေအထားအရ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားကော်မတီကို ပြိုင်ပွဲဝင်ခွင့်ရရှိဖို့ စာရင်းတင်ထားပါတယ်" ဟု မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အောင်ငြိမ်းဦးသည် လက်ရှိကမ္ဘာ့အဆင့် ၁၉ တွင် ရပ်တည်နေသူဖြစ်ပြီး မျိုးဆွေသည် ပြီးခဲ့သည့် မလေးရှား ပြိုင်ပွဲတွင်(ဒူးအောက်တစ်ဖက်ပြတ်) သံလုံးပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိထားသူဖြစ်သည်။ ၎င်းတို့နှစ်ဦးပြိုင်ပွဲဝင်ခွင့်ရ၊ မရကို ဇွန်လအတွင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းအားကစားကော်မတီမှ အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။




**မလေးရှားအလွတ်တန်း မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်းနိုင် လှံတံပစ်နေစဉ်**

လန်ဒန်မသန်စွမ်းအိုလံပစ်ပြိုင်ပွဲကို အိုလံပစ်အားကစားပြိုင်ပွဲ ပြီးဆုံးပြီး နှစ်ပတ်ကျော်ခန့်အကြာ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာလ ၁၀ ရက်အထိ အိုလံပစ်အားကစားပြိုင်ပွဲများလက်ခံကျင်းပသည့် အားကစားကွင်းများတွင်ပင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

# အမျိုးသမီးဖလား ဗိုလ်စွဲသောအသင်း ဆုငွေ ကျပ်သိန်း ၃၀ ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၅**

ပထမဆု ကျပ်ငွေသိန်း ၃၀ ချီးမြှင့်မည့် ၂၀၁၂မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဖလား (MFF Digicel Women's Cup 2012) ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို မေ ၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ခြေစစ်ပွဲအဆင့်တွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စံမြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမှတ်အများဆုံး နှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ခြေစစ်ပွဲအောင် နှစ်သင်းနှင့်အတူ ပို့ဆောင်ရေး၊ ပြည်ထဲရေး၊ အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေး၊ အမှတ်(၃)အခြေခံ(က)၊ အမှတ်(၃) အခြေခံ(ခ)အသင်း စုစုပေါင်း ၈ သင်းတို့ နောက်ဆုံးအဆင့်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ဒီပြိုင်ပွဲကနေ လာမယ့် ဆီးဂိမ်းအတွက် အမျိုးသမီးဘောလုံးသမားတွေ ထွက်လာဖို့ ရည်ရွယ်တာပါ။ ဒီနှစ်ပြိုင်ပွဲအတွက် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတွေကိုလည်း ကမ်းလှမ်းပေမယ့် မဝင်လာသေးပါဘူး။ နောက်ပြည်နယ်တိုင်းအသင်းတွေထဲက အစဉ်အလာရှိ အင်အားကြီးအသင်းတွေလည်း မပါလာသေးပါဘူး။ နောက်ပြိုင်ပွဲတွေမှာတော့ ပြိုင်ပွဲဝင်အသင်း ပိုများလာမယ်လို့ မျှော်လင့်ပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လက်ရှိ အမျိုးသမီး လက်ရွေးစင်အသင်းက အကျပိုင်းရောက်နေပါပြီ။ အသက်တွေလည်း ကြီးနေပြီ။ အောင်မြင်မှုအစဉ်အလာရှိနေတဲ့ အမျိုးသမီးအသင်းကိုလည်းပြန်လည်အောင်မြင်မှုရဖို့အတွက် အားလုံးကြိုးစားသင့်ပါတယ်" ဟု မြန်မာဘောလုံးပရိသတ်တစ်ဦးက ဆိုသည်။

၎င်းပြိုင်ပွဲ၏ ခြေစစ်ပွဲ ပွဲစဉ်များကို မေ ၇ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ နောက်ဆုံးအဆင့်ပွဲစဉ်များကို မေ ၂၅ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ညနေ ၄ နာရီမှ စတင်ကာ ပဒုမ္မာကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပွဲစဉ်များ၌ အမှတ်အများဆုံး နှစ်သင်းသည် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ပထမကျပ်သိန်း ၃၀ နှင့် ဒုတိယကျပ်သိန်း ၂၀ ချီးမြှင့်မည်ဖြစ်သည်။

# ကမ္ဘောဇအသင်း၏ စင်ကာပူဖိတ်ခေါ်ဖလား အဖွင့်ပွဲ မေ ၁၉ တွင် ကစားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၃**

၂၀၁၂ စင်ကာပူဖလား ဖိတ်ခေါ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဇဘောလုံးအသင်းသည် ပထမအဆင့်ပွဲစဉ်၌ စင်ကာပူကလပ်ဝုလန်းဝယ်လင်တန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စင်ကာပူဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် စင်ကာပူကလပ်အသင်း ၁၁ သင်းနှင့် ဒေသတွင်းမှ အသင်းအချို့ကို ဖိတ်ခေါ်ကျင်းပသော ပြိုင်ပွဲဖြစ်ပြီး၊ ပထမအဆင့် မဲခွဲပွဲအခမ်းအနားကို ဧပြီ ၂၉ ရက်တွင် စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့သည်။

ယခုနှစ် ပြိုင်ပွဲတွင် စင်ကာပူကလပ်အသင်းများနှင့် အတူ ပြည်ပမှ ဖိတ်ကြားထားသော ကမ္ဘောဇ(မြန်မာ)၊ လာယိုလာမာရယ်ကိုစပ့်ါခ်(ဖိလစ်ပိုင်)၊ ဖနွမ်ပင်ခရောင်း(ကမ္ဘောဒီးယား)နှင့် ယိုးသအက်စီ(လာအို)အသင်းများ

**စာ(၅၁)သို့**

7 DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ပွဲ မြို့သုံးမြို့တွင်ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၃**

လူငယ်မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ပွဲများကို အားကစားနည်းများအလိုက် ယခုလအတွင်း နေပြည်တော်၊ မိတ္ထီလာ၊ တောင်ငူမြို့များ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လူရွေးချယ်ပွဲများကိုနေပြည်တော်တွင် ဖူဆယ်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊စက်ဘီး၊ အလေးမ အားကစားနည်းများအတွက် မေ ၁၂ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ မိတ္ထီလာမြို့တွင် ပြေးခုန်ပစ်၊ အမျိုးသမီးဘောလုံး၊ စက်ဘီး၊ အလေးမ အားကစားနည်းများအတွက် မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း၊ တောင်ငူမြို့တွင် ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ရိုးရာလက်ဝှေ့ အားကစားနည်းများအတွက် မေလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

လူရွေးချယ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေရုံး ဖုန်း-၀၆၇-၂၂၀၈၀၊ မိတ္ထီလာခရိုင်ရုံး ဖုန်း-၀၆၄-၂၃၂၂၁၊ တောင်ငူခရိုင်ရုံး ဖုန်း-၀၅၄-၂၅၀၂၆ တို့နှင့်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

# အာရှအဆင့် ဘော်လီဘောပြိုင်ပွဲ မြန်မာလက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၃**

အာရှအမျိုးသား ကလပ်အသင်းများ ဘော်လီဘောပြိုင်ပွဲ (2012 Asian Men's Club Championship) သို့ မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကိုလာမည့် ဇွန် ၃၀ ရက်မှ ဇူလိုင် ၈ ရက်အထိ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး အာရှနိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာအသင်းသည်ဎင်းပြိုင်ပွဲအုပ်စု(ခ)တွင် အီရန်၊ ကာတာ၊ ဥဇဘက်ကစ္စတန် ကလပ်အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး ပြိုင်ပွဲဝင်ကလပ်အသင်းတစ်သင်းလျှင် နိုင်ငံခြားသားကစားသမားနှစ်ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်နေသော လက်ရွေးစင်အသင်းအား ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပဏာမလက်ရွေးစင် ကစားသမား ၂၀ ဦးဖြင့် လေ့ကျင့်လျက်ရှိကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အသင်းကိုပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကတည်းက စခန်းသွင်းလေ့ကျင့်နေတာပါ။ ဒီပြိုင်ပွဲအတွက်အပြီးသတ်၁၂ဦးရွေးချယ်ပြီး သွားရောက်ယှဉ်ပြိုင်မှာပါ။ တစ်အုပ်စုစီက အမှတ်အများဆုံးနှစ်သင်းစီက နောက်တစ်ဆင့်မှာ အဆင့်သတ်မှတ်ပြီး ပတ်လည်စနစ်နဲ့ ဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အသင်း ၁၇ သင်းအား အုပ်စုလေးခုခွဲခြားယှဉ်ပြိုင်စေမည့် ဎင်း ပြိုင်ပွဲတွင် မြန်မာဘော်လီဘောအသင်းသည် အေးရှားဝေါကလပ်အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရှန်ဟိုင်းရှင်ဟွာသို့ ဒရော့ဂ်ဘာ ပြောင်းရွှေ့ဖွယ်မရှိဟု အနယ်လ်ကာ ဆို



**ရှန်ဟိုင်း၊ မေ-၅**

တရုတ်ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ရှန်ဟိုင်းရှင်ဟွာကလပ်အသင်းရောက် ပြင်သစ်တိုက်စစ်မှူးဟောင်း နီကိုးလတ်အနယ်လ်ကာက ဎင်း၏ ချယ်လ်ဆီးအသင်းဖော်ဟောင်း ဒီဒီယာဒရော့ဂ်ဘာသည် ရှန်ဟိုင်းသို့ ပြောင်းရွှေ့လာဖွယ်မရှိကြောင်း ပြောကြားလိုက်သည်။ ယင်းရှန်ဟိုင်းရှင်ဟွာအသင်း၏ နည်းပြကစားသမားအဖြစ်တာဝန်ယူနေသူ အနယ်လ်ကာသည် ယခင်က ဒရော့ဂ်ဘာကို ရှန်ဟိုင်းသို့ပြောင်းရွှေ့လာရန် မျှော်လင့်ကြောင်း ထုတ်ဖော်ပြောခဲ့ဖူးသည်။ ဎင်းက ဒရော့ဂ်ဘာသည် ရှန်ဟိုင်းသို့ပြောင်းရွှေ့ရန် စဉ်းစားခဲ့ဖူးကြောင်း၊ သို့သော် ချယ်လ်ဆီးတွင် ဆက်နေချင်ပါက ကလပ်နှင့် ဎင်း၏ ကိုယ်ပိုင်ဆန္ဒအရသာဖြစ်ကြောင်း ပြောကြားသည်။ ရှန်ဟိုင်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အနယ်လ်ကာက "ဒရော့ဂ်ဘာ ရှန်ဟိုင်းကို မလာခဲ့ရင်လည်း နောင်တရစရာမရှိပါဘူး။ ကမ္ဘာမှာ အခြားကစားသမားကောင်းတွေ အများကြီးရှိနေဆဲပါ"ဟု ပြောကြားသည်။

အနယ်လ်ကာသည် ပြီးခဲ့သည့် ဇန်နဝါရီတွင် တရုတ်စူပါလိဂ်အသင်းရှန်ဟိုင်းရှင်ဟွာသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဧပြီလတွင် ပြင်သစ်နည်းပြ ယန်းတီ ဂါနာ ထုတ်ပယ်ခံရပြီးနောက် နည်းပြကစားသမားအဖြစ် တာဝန်ယူထားသည်။

*—Ref: AFP*

### စာ(၅၀) - ကမ္ဘောဇအသင်း၏ စင်ကာပူဖိတ်ခေါ်ဖလား အဖွင့်ပွဲ မေ ၁၉ တွင် ကစားမည် မှ

ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ကမ္ဘောဇအသင်းသည်ဝုလန်းဝယ်လင်တန်အသင်းနှင့် ယခုလ ၁၉ ရက်တွင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယမန်နှစ်က အဆိုပါ ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဟံသာဝတီယူနိုက်တက်(ယခင် ဉဿာယူနိုက်တက်)အသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ဒုတိယအဆင့်အထိ တက်ရောက်ခဲ့သည်။ ထိုစဉ်က ဎင်းအသင်းအား ကိုင်တွယ်ခဲ့သည့် စင်ကာပူနိုင်ငံသားနည်းပြဆီဗာဂျီမှာ လက်ရှိတွင် ကမ္ဘောဇအသင်းသို့ ရောက်ရှိနေပြီး နည်းပြတာဝန်ယူကာ စင်ကာပူဖလားဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# နောက်ဆုံးအချိန်အထိ နိုင်ပွဲကိုယ်စီရှာရမယ့် ပရီးမီးယားလိဂ် ပွဲစဉ် (၃၈) ပွဲကြိုခန့်မှန်းချက်




**ကိုအေးမြတ်**

ပရီးမီးယားလိဂ်ပွဲစဉ် (၃၈) ကတော့ ဒီနှစ် ၂၀၁၁-၁၂ ဘောလုံးရာသီရဲ့အဆုံးသတ်ပွဲစဉ်တွေဖြစ်သလို၊ နောက်ဆုံးပွဲစဉ်တွေအထိ ချန်ပီယံ ဘယ်သူလဲဆိုတာ စောင့်ကြည့်ရမှာမို့ပရိသတ်တွေအတွက် ကြည့်ရတာ အထိုက်တန်ဆုံးပွဲစဉ်တွေလို့ ဆိုနိုင်မှာပါ။ ဒီတစ်ပတ်ရဲ့ ပွဲစဉ်တွေထဲမှာ မန်စီးတီးက အိမ်ကွင်းမှာ တန်းဆင်းဇုန်က ရုန်းရမယ့် မာကျောတဲ့ ကျူပီအာကို ညှိခံရမှာဖြစ်သလို သရေကျလို့မရဘဲ အနိုင်ကစားရမှာပါ။ တစ်ဖက်က မန်ယူကလည်း သရေပွဲတွေများနေတဲ့ ဖိအားမရှိတော့တဲ့ ဆန်းဒါးလန်းကို အဝေးကွင်းမှာ ရင်ဆိုင်ရမှာမို့ ကြည့်ကောင်းမှာ အမှန်ပါ။ ဒီလိုပဲ လာမယ့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အဆင့် ၄ နေရာအတွင်းတင်ကျန်အောင်ကြိုးစားရမယ့် အာဆင်နယ်၊ စပါး၊ နယူးကာဆယ်တို့ရဲ့ ပွဲအသီးသီးကလည်း အကြိတ်အနယ်ကစားသွားရဖို့ များနေပါတယ်။ လိဂ်ရဲ့နောက်ဆုံးပွဲစဉ်ဖြစ်တာနဲ့အညီ ဒီတစ်ပတ်ပွဲစဉ်အားလုံးကို မေ ၁၃ ရက်၊ တနင်္ဂနွေနေ့၊ ည ၈း၃၀ နာရီမှာ တစ်ပြိုင်တည်းကစားသွားမှာ ဖြစ်ပါတယ်။

**၁၃၊ မေ။ တနင်္ဂနွေ**

**(ပွဲစဉ်အားလုံး ည ၈း၃၀ နာရီတွင် စတင်မည်)**

**ချယ်လ်ဆီး - ဘလက်ဘန်း**

**ပကျော့ရလဒ် ၁ - ၀**

ချယ်လ်ဆီးတို့အိမ်ကွင်းဆိုပေမယ့် အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲတွေအတွက် အဓိကပြင်ဆင်ရမှာမို့တန်းဆင်းဇုန်ထဲက ဘလက်ဘန်းကို အကြိတ်အနယ်ကစားဖို့မရှိလောက်ပါဘူး။ ရလဒ်ပိုင်းအရနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်စလုံး ချယ်လ်ဆီးကချည်းဂိုးအနည်းနဲ့ နိုင်ထားတာမို့ ဒီပွဲမှာလည်း ချယ်လ်ဆီးတို့ တစ်ဂိုးအသာ လောက်ရနိုင်တယ်။ သရေလည်း ဖြစ်နိုင်တယ်။

**အဲဗာတန် - နယူးကာဆယ်**

**ပကျော့ရလဒ် ၁ - ၂**

ဒီနှစ်သင်းရင်ဆိုင်တွေ့တိုင်း အကြိတ်အနယ်ကစားရလေ့ရှိပြီး အပြန်အလှန်နိုင်ထားတာ ထုံးစံဖြစ်နေပါတယ်။ ဒါပေမဲ့ ဒီနောက်ဆုံးပွဲမှာတော့ အိမ်ကွင်းခြေစွမ်းမဆိုးလှတဲ့ အဲဗာတန်ဘက်က နေကြည့်ရမှာပါ။ နယူးကာဆယ် သရေရနိုင်ခြေရှိပြီး နိုင်ရင် အဲဗာတန် ကပ်နိုင်ပါမယ်။

**မန်စီးတီး - ကျူပီအာ**

**ပကျော့ရလဒ် ၃ - ၂**

ပထမအကျော့ အဝေးကွင်းမှာ ခက်ခက်ခဲခဲကစားခဲ့ရပြီး မန်စီးတီး ကပ်နိုင်ခဲ့တယ်။ ချန်ပီယံဖိအားရှိနေတဲ့ မန်စီးတီးတို့ အိမ်ကွင်းမှာ ဖလားယူဖို့ တိုက်စစ်ဖိကစားသွားမှာပါ။ အဂူရို၊ တီဗက်ဇ် တိုက်စစ်အတွဲ အလုပ်ဖြစ်နေတာမို့ မန်စီးတီး အဖွင့်ဂိုးရရင် အနိုင်သေချာသလောက်ပါပဲ။ မန်စီးတီး နှစ်ဂိုးလောက်ရနိုင်ပါတယ်။

**နော့ဝစ်ချ် - ဗီလာ**

**ပကျော့ရလဒ် ၂ - ၃**

နော့ဝစ်ချ်တို့ ရှုံးပွဲများနေသလို ဗီလာကလည်း သရေပွဲများနေပါတယ်။ နှစ်သင်းစလုံး တန်းဆင်းဇုန်ဖိအား မရှိတော့ပေမယ့် ညှိသည် ဗီလာကိုပိုကြိုက်မိပါတယ်။ ဂိုးနည်းမယ့် ပွဲပါ။

**စတုတ် - ဘော်လ်တန်**

**ပကျော့ရလဒ် ၀ - ၅**

ပြီးခဲ့တဲ့ပထမအကျော့နဲ့ အက်ဖ်အေဖလားနှစ်ပွဲစလုံးမှာ တစ်ပွဲငါးဂိုးပြတ်သွင်းပြီး အပြန်အလှန်နိုင်ထားဖူးတဲ့ နှစ်သင်းပါ။ စတုတ်တို့ သရေပွဲများနေပြီး၊ ဘော်လ်တန်ကတော့ တန်းဆင်းဇုန်ဖိအားအပြည့်နဲ့ ရုန်းရမှာပါ။ ညှိသည် ဘော်လ်တန်ကို တစ်ဂိုးအသာနဲ့ ရွေးချင်ပါတယ်။

**ဆန်းဒါးလန်း - မန်ယူ**

**ပကျော့ရလဒ် ၀ - ၁**

ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာ နှစ်ကြိမ်သရေကျပြီး မန်ယူသုံးကြိမ်နိုင်ထားတယ်။ ညှိသည်မန်ယူဘက်က နေရမယ့်ပွဲပါပဲ။ မန်ယူနှစ်ဂိုးလောက် ရနိုင်ခြေရှိပြီး၊ သရေဖြစ်နိုင်ခြေ နည်းပါတယ်။

**ဆွမ်းဆီး - လီဗာပူး**

**ပကျော့ရလဒ် ၀ - ၀**

ပထမအကျော့အိမ်ကွင်းမှာသရေကျခဲ့တာကြောင့် လီဗာပူးတို့သတိထားရပါမယ်။ လီဗာပူးအဝေးကွင်းရလဒ်ပိုင်း အကောင်းဆုံးရှိမနေတာကြောင့် ဆွမ်းဆီးတို့ အခွင့်အရေးရှိနေတယ်။ သရေဖြစ်နိုင်သလိုလီဗာပူးကပ်နိုင်ခြေလည်းရှိတယ်။ သွင်းဂိုးနည်းမယ့်ပွဲပါ။

**စပါး - ဖူလ်ဟမ်**

**ပကျော့ရလဒ် ၃ - ၁**

လန်ဒန်နှစ်သင်းတွေ့တဲ့ပွဲဖြစ်ပြီး လက်ရှိအနေအထားအရစပါးတို့သာနေပါတယ်။ စပါးရဲ့ ဗန်ဒါဗတ်၊ ဘေးလ်၊ ဒီဖိုး၊ အဒီဘာယောတို့ ကွင်းလယ်အသာစီးရယူပြီး အိမ်ကွင်းနိုင်ပွဲရှာမှာပါ။ စပါးကို နှစ်ဂိုးအသာနဲ့ ရွေးချယ်ရပါမယ်။

**ဝက်စ်ဘရွန်း - အာဆင်နယ်**

**ပကျော့ရလဒ် ၀ - ၃**

အာဆင်နယ်တို့ သတိထားရမယ့်ပွဲဖြစ်ပါတယ်။ ပထမအကျော့တုန်းကလို ဂိုးပြတ်နိုင်ဖို့ မရှိတော့ဘဲ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ခြေရှိတယ်။ သရေဖြစ်ဖို့တော့ ရာခိုင်နှုန်းနည်းပါတယ်။

**ဝီဂန် - ဝုဒ်**

**ပကျော့ရလဒ် ၁ - ၃**

ဝုဒ်တို့တန်းဆင်းဖို့များသွားပြီဆိုပေမယ့် နောက်ဆုံးပွဲကို ဂုဏ်သိက္ခာအရ ကြိုးစားကစားသွားနိုင်ပါတယ်။ ဝီဂန်တို့အိမ်ကွင်းမှာ သရေပွဲ များတတ်တာကြောင့် သတိထားရမယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ဝီဂန်နိုင်ခြေရှိတယ်။ ဂိုးပေါင်း များနိုင်ပါတယ်။



7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012




Photo - AFP

# ပါကစ္စတန် အယ်လ်ကိုင်ဒါ ခေါင်းဆောင်သစ် ခန့်အပ်

**ပက်ရှ်ဝါ၊ မေ - ၂**

အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပေါ်ရာ ခိုင်ဘာပြည်နယ်တွင် နေထိုင်သူ အလီရှင်ဝါရီအား အယ်လ်ကိုင်ဒါအဖွဲ့က ပါကစ္စတန်အဖွဲ့ခွဲ၏ အကြီးအကဲသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ရှင်ဝါရီအား ပါကစ္စတန်အကြမ်းဖက်ကွန်ရက်၏ ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခန့်အပ်လိုက်ကြောင်းကိုအယ်လ်ကိုင်ဒါခေါင်းဆောင်ပိုင်းက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သတင်းရင်းမြစ်များအား ကိုးကား၍ သည်နယူးစ် သတင်းဌာနက ဖော်ပြသည်။

ယင်းသတင်းကို အမည်မဖော်လိုသော ဒေသခံအရာရှိများကအတည်ပြုပြောကြားသည်။

တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် အယ်လ်ကိုင်ဒါခေါင်းဆောင်ပိုင်း၏ အတည်ပြုချက်ဖြင့် အသက် ၃၀ အရွယ် ရှင်ဝါရီအား ပါကစ္စတန်ကွန်ရက်အကြီးအကဲအဖြစ် ခန့်အပ်လိုက်ခြင်းဖြစ်သည်ဟု အယ်လ်ကိုင်ဒါ၏ ဒါဝါအဖွဲ့ခွဲက ကြေညာချက်တွင် ဖော်ပြသည်။

ရှင်ဝါရီသည် အမေရိကန်မောင်းသူမဲ့လေယာဉ်များ၏ လက်ချက်ကြောင့် မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် သေဆုံးခဲ့သော အယ်လ်ကိုင်ဒါခေါင်းဆောင် ဘာဒါမန်ဆိုးနှင့် ရင်းနှီးသူဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ကြောင်း၊ ၎င်း၏ ညီအစ်ကိုများမှာလည်း ဂျမ်မူးနှင့်ကက်ရှ်မီးယားပြည်နယ် အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများ ဖြစ်ကြောင်း သိရသည်။

—*Ref: PTI*

# ကုလစောင့်ကြည့် လေ့လာသူများ ရောက်ရှိလာစဉ်အတွင်း ဆီးရီးယားတပ်ဖွဲ့ဝင် အများအပြား ကျဆုံး

**ဒမတ်စကပ်စ်၊ မေ - ၄**

စစ်မြေပြင်များတွင် ၎င်းတို့အဖွဲ့အားချထား၍ အေးချမ်းမှုများရှိလာသည်ဟု ကုလသမဂ္ဂစောင့်ကြည့်လေ့လာသူများက ပြောကြားနေသော်လည်း မေလ ၂ ရက်သည် ဆီးရီးယားတပ်ဖွဲ့များ အကျအဆုံး အများဆုံးနေ့ တစ်နေ့ဖြစ်ခဲ့သည်။

ယင်းနေ့တွင် နိုင်ငံမြောက်ပိုင်းအလက်ပိုခရိုင်၌ ဗိုလ်မှူးကြီးနှစ်ဦးအပါအဝင် ဆီးရီးယားတပ်ဖွဲ့ဝင် ၁၅ဦးသေဆုံးခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ဒမတ်စကပ်စ်မြို့အနီး တိုက်ခိုက်မှုများတွင် တပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် သူပုန်တိုက်ခိုက်ရေးသမားများလည်းသေဆုံးခဲ့ကြောင်း၊ ထိုအတောအတွင်းမှာပင် ဒီယာအက်ဇာခရိုင်တွင် တက်ကြွလှုပ်ရှားသူများ၏ နေအိမ်များကို ဆီးရီးယားစစ်တပ်က ဗုံးကြဲ မီးရှို့ခဲ့ကြောင်း သိရသည်။

စစ်ဘက်၏ပစ်ခတ်မှုကြောင့် အနည်းဆုံးအရပ်သားလေးဦးသေဆုံးပြီး ယင်းတို့အထဲတွင် ဒီယာအက်ဇာတွင်သေဆုံးခဲ့သည့်အမျိုးသမီးတစ်ဦးနှင့်ဒမတ်စကပ်စ်အနီး ဒါရာယာတွင် သေဆုံးသည့် အရပ်သား နှစ်ဦးလည်းပါဝင်သည်။ ယင်းနေရာမှာပင် ပြီးခဲ့သည့်ညက ဆီးရီးယားတပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့သည်။

ယင်းသို့ သွေးထွက်သံယို အသက်ဆုံးရှုံးမှုများ ရှိနေသော်လည်း ကုလသမဂ္ဂစစ်ဘက်စောင့်ကြည့်လေ့လာရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ် ရောဘတ်မုဒ်ကဝေဖန်မှုများကို ပယ်ချလိုက်ပြီး ၎င်းတို့အဖွဲ့ရောက်ရှိလာ၍ အပြုသဘောသက်ရောက်မှုရှိသည်ဟု ပြောကြားသည်။ အပစ်အခတ်ရပ်စဲမှု ခိုင်မြဲမှု မရှိခြင်းကိုလည်း နော်ဝေဗိုလ်မှူးချုပ်က ဝန်ခံထားသည်။

—*Ref: AFP*

# အမေရိက နံပါတ်တစ် သတင်းစာအဖြစ် ဝေါလ်စထရိ ရပ်တည်နေ

**နယူးယောက်၊ မေ - ၂**

အမေရိကန်ပြည်တွင်းထုတ် သတင်းစာ ၆၁၈ စောင်တွင် အပတ်စဉ်ထုတ်ဝေါလ်စထရိသတင်းစာမှာ ပုံနှိပ်မူ ဝယ်ယူဖတ်ရှုသူ ၁ ဒသမ ၅ သန်းကျော်ရှိကာ အွန်လိုင်းမှ ဒစ်ဂျစ်တယ်မူကို ဖတ်ရှုသူ ၅၆၀,၀၀၀ ခန့်ရှိ၍ အမေရိက၏ နံပါတ်တစ် သတင်းစာအဖြစ် စောင်ရေ ၂ ဒသမ ၁ သန်းဖြင့် ရပ်တည်နေကြောင်း သိရသည်။ အမေရိကန် မီဒီယာလောက၏ ပုံနှိပ်ဖြန့်ချိမှု စာရင်းစစ်ဗျူရိုမှ ခြောက်လတစ်ကြိမ် ဖြန့်ချိသော အစီရင်ခံစာ၌ ပြီးခဲ့သည့်နှစ်အောက်တိုဘာမှမတ်လအတွင်း သတင်းစာများအားလုံး၏ ပုံနှိပ်မူနှင့်ဒစ်ဂျစ်တယ်မူ နေ့စဉ်ဖြန့်ချိမှုမှာတစ်ရာခိုင်နှုန်းတိုးလာကြောင်း ဖော်ပြထားသည်။

သင်ပုန်းကွန်ပျူတာများ၊ စမတ်ဖုန်းများ၊ အီလက်ထရွန်နစ်စာအုပ်ဖတ်စက်များဖြင့် ဒစ်ဂျစ်တယ်မူသတင်းစာဖတ်ရှုမှုများမှာလည်း စုစုပေါင်းဖြန့်ချိမှု၏ ၁၄ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်ဟုဆိုသည်။ အမေရိကန်နိုင်ငံ၏ ဒုတိယစောင်ရေအများဆုံးသတင်းစာမှာ ယူအက်စ်အေတူဒေးဖြစ်ကာ ပုံနှိပ်မူနှင့် ဒစ်ဂျစ်တယ်မူ စောင်ရေ ၁ ဒသမ ၈ သန်း၊ နယူးယောက်တိုင်းမ်သတင်းစာကြီးမှာ စောင်ရေ ၁ ဒသမ ၆ သန်းရှိကြောင်း သိရသည်။

—*Ref: AP*



7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

# ပါကစ္စတန်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်၍ လူရှစ်ဦးသေဆုံး

**ပက်ရှ်ဝါ၊ မေ-၅**

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်အနီးရှိ အိမ်တစ်လုံးအား အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စီးက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ စစ်သွေးကြွများဟု မသင်္ကာသူ လူရှစ်ဦး သေဆုံးသွားခဲ့သည်။ ယင်းမှာ မောင်းသူမဲ့ကန်လေယာဉ်များ၏တိုက်ခိုက်မှုများကို ပါကစ္စတန်က ဆန့်ကျင်နေသော်လည်း အမေရိကန်က တိုက်ခိုက်မှုများ ဆက်လုပ်ရန် စိတ်အားထက်သန်နေခြင်းကို ပြသလိုက်ခြင်း ဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် ဖြစ်ပေါ်သော ယင်းတိုက်ခိုက်မှုမှာ ယခုရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်မောင်းသူမဲ့လေယာဉ်မှ တိုက်ခိုက်မှုဖြစ်သည်။ ပါကစ္စတန်ပါလီမန်က ယင်းတိုက်ခိုက်မှုများကို အဆုံးသတ်ရန်တောင်းဆိုထားပြီး ပါကစ္စတန်နိုင်ငံမှ လူအများအပြားကလည်း ယင်းတိုက်ခိုက်မှုများမှာ နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို ထိပါးခြင်းဟု ယူဆကြသည်။

ယခုတိုက်ခိုက်မှုတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်က မြောက်ဝါဇီရစ္စတန်ပြည်နယ် ဒရာနစ်ရှ်တာဒေသမှ အိမ်တစ်လုံးအား ဒုံးကျည် ရှစ်စင်းအထိ ပစ်လွှတ်ခဲ့ကြောင်း အမည်မဖော်မလိုသော ပါကစ္စတန်ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။

အမေရိကန်လေယာဉ်များက နယ်စပ်ဒေသရှိ ပါကစ္စတန်စစ်စခန်းများကို တိုက်ခိုက်ခဲ့ပြီးနောက် ပါကစ္စတန်က အာဖဂန်နစ္စတန်စစ်ပွဲအတွက် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များအသုံးပြုနေသော ထောက်ပံ့ရေးလမ်းကြောင်းများကို နိုဝင်ဘာလမှစ၍ ပိတ်ပင်ထားကြောင်း သိရသည်။

*—Ref: AP*


## လေယာဉ်မယ်လျှောက်လွှာများခေါ်ယူခြင်း

အဲမန္တလေးလေကြောင်းလိုင်းတွင် လေယာဉ်မယ် (Cabin Crew) အဖြစ်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများအလိုရှိသည်။

လိုအပ်သောအရည်အချင်းများမှာ–

- မြန်မာနိုင်ငံသား အမျိုးသမီးဖြစ်ရမည်။
- အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။
- အသက်(၁၈)နှစ် မှ (၂၂)နှစ်အတွင်း ဖြစ်ရမည်။
- အရပ်အမြင့် အနည်းဆုံး (၅) ပေ (၃) လက်မနှင့်အထက်ရှိရမည်။ (အထက်ဖော်ပြပါအရပ်နှင့်အချိုးကျသောကိုယ်အလေးချိန်ရှိရမည်။)
- ပညာအရည်အချင်းအနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ရမည်။
- မြန်မာ နှင့် အင်္ဂလိပ်စကား ကျွမ်းကျင်စွာပြောဆိုရေးတတ်ရမည်။ (အထက်ပါဘာသာစကား(၂)မျိုးအပြင်တခြားနိုင်ငံခြားဘာသာစကား တတ်ကျွမ်းသူ ဦးစားပေးမည်။)
- ကျန်းမာသန်းစွမ်း၍ သင့်တင့်သော မျက်နှာ အမူအယာ ရှိရမည်။
- စိတ်ပါဝင်စားသူများ လျှောက်လွှာများကို အင်္ဂလိပ်စာဖြင့် ရေးသားပြီး ဓာတ်ပုံ(၂) ပုံပူးတွဲပေးပို့ရမည်။ (ပတ်စပို့ပုံနှင့်ကိုယ်လုံးပေါ်ပုံ) လျှောက်လွှာများကို ၂၁ရက်၊ မေ၊ ၂၀၁၂နောက်ဆုံးထားပေးပို့ကြပါရန်။



မန်နေဂျာ (အုပ်ချုပ်ရေး)၊ အဲမန္တလေးကုမ္ပဏီလီမိတက်
အမှတ်(၁၄၆)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း +၉၅ (၀၁) ၅၂၅ ၄၈၈ ၊ ၅၀၀ ၅၂၀

www.airmandalay.com

Air Mandalay
Safety, Reliability & Comfort





## Business and Legal Consulting Firm

We are starting a Myanmar based business services company that will offer accounting, legal and business advice to foreign investors and SMEs that wish to establish a presence in Myanmar.

## Seeking Managing Director and Senior Lawyer

Unique opportunity offering stock option and salary to the correct candidate. All positions are for local employment in Yangon.

### JOB DETAILS

- Manage a team of accountants and lawyers.
- Consult with foreign investors on legal matters.
- Help shape the firm's business philosophy in Myanmar.
- Overall responsibility for the department(s).

### REQUIREMENTS

- English proficiency suitable for business communication.
- Experience working as a manager or lawyer/consultant.
- Highly motivated
- Bachelor Degree or higher

### Other positions required:

- Copywriter English/Myanmar
- Personal Assistant (must speak English)
- Accountant
- Junior Lawyer

See more information on **www.interactivethailand.com/myanmar**

All applicants must submit their application and resume by **the 13th of May** to **cf@interactivethailand.com**. More information about the positions can be found on **www.interactivethailand.com/myanmar**. Interviews will be held in Yangon in mid-May.

Late applicants may also be considered.



New Arrivals
Code - 7812
16,000 ks
Code - 2811
16,000 ks
(Slimfit)
Code - 4821
16,500 ks
Code - 6312
21,000 ks
Double Button at Neck
100% COTTON
100% STRONG
MARK®
WILLIAMS
Excellence through passion
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618




Oramin-F Special Promotion
အော်ရာမင် – အက်(ဖ်)ကို အစဉ်အမြဲအားပေးကြသော
အော်ရာမင် – အက်(ဖ်)ချစ်သူအမျိုးသမီးများအတွက်
ဆေးကတ်ခွဲများ နှင့် Queens Oramin-F 2012 Live Show DVD
လဲလှယ်ပေးခြင်း အစီအစဉ်...
လက်ဆောင်လဲလှယ်နိုင်သောနေရာများ....
အော်ရာမင်-အက်(ဖ်)
ဆေးကတ်ခွဲ (၆)ခု
Queen
Oramin-F
2012
Live Show DVD
Promotion ကာလ
ဧပြီလနှင့်မေလ(၂)လတည်းသာ
Queen
Oramin-F
2012
Manufactured by DAEWON PHARM. CO., LTD.
နုပျိုလင်းလက် စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက် Oramin-F
MARKETED BY: AA MEDICAL PRODUCTS LTD.

7 Day News Journal
# International
Vol.11, No.9 • MAY 10 , 2012

## ပြင်သစ်သမ္မတ ရွေးကောက်ပွဲ ဆာကိုဇီ ရှုံးနိမ့်

**ပါရီ၊ မေ - ၇**

မေလ ၆ ရက်က ပြုလုပ်ခဲ့သော ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ဝါဒီ ဖရန်ဆွာဟော်လန်ဒီက လက်ရှိကွန်ဆာဗေးတစ် သမ္မတနီကိုလပ်စ်ဆာကိုဇီအပေါ် အသာစီးရရှိကာ ပြင်သစ်နိုင်ငံ၏ သမ္မတဖြစ်လာသည်။ ရွေးကောက်ပွဲတွင် ဟော်လန်ဒီက မဲအရေအတွက် ၅၁ ဒသမ ၉ ရာခိုင်နှုန်း ရရှိကာ ဆာကိုဇီက ၄၈ ဒသမ ၁ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း သိရသည်။

ပြင်သစ်သမ္မတ ရွေးကောက်ပွဲရလဒ်သည် ဥရောပ၏ ဒုတိယ အကြီးဆုံး စီးပွားရေးနှင့် ချူကလီးယား လက်နက်များပိုင်ဆိုင်သော ကုလလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သည့် ပြင်သစ်နိုင်ငံအတွက်သာမက ဥရောပတိုက်တစ်ခုလုံးအတွက် သက်ရောက်မှုများရှိနိုင်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပါရီမြို့တွင် ၎င်းအပေါ် ထောက်ခံသူများကို စကားပြောကြားရာ၌ မစ္စတာဟော်လန်ဒီက သူ၏အောင်ပွဲမှာ ဥရောပ၏ ဘဏ္ဍာရေးခြိုးခြံချွေတာမှုအစီအစဉ်အပေါ် ဆန့်ကျင်လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟုဆိုသည်။ စာ(၄၅)သို့


ကျူခေနိနူ ဖြေအငူန    ကျသအသ - ဗ်ကာ

## မဟာဗျူဟာမြောက် ဆွေးနွေးမှုများမတိုင်မီ ကန်နိုင်ငံခြားရေးဝန်ကြီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိ

**နယူးဒေလီ၊ မေ - ၆**

အီရန်နိုင်ငံမှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသောနေ့မှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်လည်း အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာကြောင်းသိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးမစ္စတာ အက်စ်၊ အမ် ခရစ်ရှနတို့ဦးဆောင်မည့် အိန္ဒိယ-အမေရိကန် မဟာဗျူဟာမြောက်ဆွေးနွေးမှုအတွက် အကြီးတန်းသံတမန်များနှင့်အခြားဝန်ကြီးဌာနများမှ အရာရှိကြီးများ ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံဆွေးနွေးပြီးဖြစ်သော်လည်း အာရှတစ်ဝန်း လှည့်လည်ပြီး တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ သွားရောက်ခဲ့သောဟီလာရီကလင်တန်က အိန္ဒိယနိုင်ငံသို့လည်း လည်ပတ်လိုသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

စာ(၄၅)သို့

## ဘာလီကျွန်း ဗုံးခွဲမှုများနှင့်ပတ်သက်၍ အင်ဒိုနီးရှား 'အလုံးစုံဖျက်ဆီးရေးသမား' တရားရုံးတွင် အစစ်ခံမည်



**ဂျကာတာ၊ မေ - ၆**

အင်ဒိုနီးရှားနိုင်ငံတွင် လူအသေအပျောက် အများဆုံးဖြစ်စေခဲ့သော ၂၀၀၂ ခုနှစ် ဘာလီကျွန်း ဗုံးဖောက်ခွဲမှု၌ ပါဝင်ခဲ့မှုအတွက် ပါကစ္စတန်နိုင်ငံရှိအိုစမာဘင်လာဒင်သေဆုံးရာမြို့တွင် အဖမ်းဆီးခံခဲ့ရသော အင်ဒိုနီးရှား၏အလုံးစုံဖျက်ဆီးရေးသမားဟု ကင်ပွန်းတပ်ခံရသူအား မေလ ၆ ရက်တွင် တရားရုံး၌ စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

အူမာပါတက်(၄၅ နှစ်)သည် ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်က ဘာလီကျွန်း နိုက်ကလပ်နှစ်ခုတွင် လူပေါင်း ၂၀၂ ဦး သေဆုံးစေခဲ့သော တိုက်ခိုက်မှုများနှင့် ၂၀၀၀ ပြည့်နှစ် ဂျကာတာမြို့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများအတွက် ဗုံးများကိုတပ်ဆင်ပေးခဲ့သည်ဟု စွပ်စွဲခံထားရသူဖြစ်သည်။

စာ(၄၅)သို့

## အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သုံးညဆက်တိုက် ညမထွက်ရအမိန့်ထုတ်ပြန်

**ကိုင်ရို၊ မေ - ၇**

ကန့်ကွက်ဆန္ဒပြသူများနှင့် တိုက်ခိုက်မှုများဖြစ်ပေါ်ကာ လူသေဆုံးမှုများရှိခဲ့ပြီးနောက် ကိုင်ရိုမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန တည်ရှိရာ ခရိုင်ဒေသတွင် သုံးညဆက်တိုက် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်းသိရသည်။

မေလ ၄ ရက်က ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများတွင် စစ်သားတစ်ဦးအပါအဝင် လူနှစ်ဦးသေဆုံးခဲ့ပြီး လူပေါင်းရာချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လူပေါင်း ၃၀၀ ကို ထိန်းသိမ်းခဲ့ပြီးနောက် အီဂျစ်နိုင်ငံကို အုပ်ချုပ်နေသော လက်နက်ကိုင်တပ်ဖွဲ့များ ထိပ်သီးကောင်စီက အဘက်စီယာခရိုင်တွင် ည ၉ နာရီမှ နံနက် ၄ နာရီအတွင်း ညမထွက်ရ အမိန့် ထုတ်ပြန်ထားခြင်းဖြစ်သည်။

သမ္မတအဖြစ် ရွေးကောက်ပွဲဝင်မည့် အစ္စလာမ်ကိုယ်စားလှယ် ဟာဇမ်ဆာလာအဘူအစ်မေးလ်အား သတ်မှတ်အရည်အချင်းမပြည့်မီဟု ဆုံးဖြတ်ခဲ့ပြီးနောက် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကြီးမားသော ချီတက်ဆန္ဒပြပွဲများရှိခဲ့ပြီး ၎င်းကို ထောက်ခံသူများက ကာကွယ်ရေးဝန်ကြီးဌာနသို့ ဦးလှည့်ခဲ့ကြသည်။

စာ(၄၅)သို့

NEWS ANALYSIS

## အီဂျစ်အတွက် မူဆာလား

စာ(၃၆)သို့



၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အချပ်ပို
Vol.11, No.9 • MAY 10 , 2012

# ကမ္ဘာ့အမျိုးသမီးရေးရာ အကြီးအကဲ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆို

**အိဖြူလွင်**

**ရန်ကုန်၊ မေ-၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကမ္ဘာ့အမျိုးသမီးရေးရာဌာနအကြီးအကဲသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် မေလ ၆ ရက်က လာရောက်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံရှိအမျိုးသမီးများ၊ မိန်းကလေးငယ်များ တွေ့ကြုံနေရသော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ကြည့်ရှုလေ့လာသွားမည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သူမ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း လူမှုရေးအဖွဲ့အစည်းများမှ အမျိုးသမီးခေါင်းဆောင်များနှင့် တွေ့ဆုံမှုများ ပြုလုပ်ပြီး နေပြည်တော်ရှိအစိုးရအဖွဲ့တာဝန်ရှိသူများနှင့်ပါ တွေ့ဆုံမည်ဖြစ်ကာ အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာကိစ္စများ၊ ဘဝမြင့်မားရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

"လူမှုအဖွဲ့အစည်းများရှိလူများအားလုံး ပါဝင်ရန် အခန်းကဏ္ဍရှိရမည်ဖြစ်သည်"ဟု ဌာနအကြီးအကဲ မစ္စမီလန်နီဗာဗီယာက ပြောကြားခဲ့သည်။

အမေရိကန် အစိုးရသည် National Action Plan on Women Peace in Security ဟူသည့် အစီအစဉ်အရ ပဋိပက္ခဒေသများမှ လူမှုအဖွဲ့အစည်းများနှင့် တွဲ၍ အလုပ်လုပ်သွားရန်ရှိကြောင်း နိုင်ငံရေးအရလုပ်ပိုင်ခွင့်များ အပ်နှင်းရာတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ခွင့်ရရှိစေရန် ပြုလုပ်သွားမည်ဖြစ်သည်ဟု မစ္စမီလန်နီဗာဗီယာက ပြောကြားခဲ့သေးသည်။

သူမသည် မြန်မာနိုင်ငံခရီးစဉ်ပြီးပါက ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများသို့ သွားရောက်ကာ အမျိုးသမီးများရေးရာကိစ္စများကို သွားရောက်လေ့လာမည်ဟု သိရသည်။

# အပေါင်ဆိုင်များ အလုပ်ပါးလာ

**အေးမြတ်သူ**

**ရန်ကုန်၊ မေ - ၆**

ပုဂ္ဂလိကအမိန့်ရအပေါင်ဆိုင်များမှာ ယခင်နှစ်များထက် ယခုနှစ်ပိုင်းအတွင်း လုပ်ငန်းလည်ပတ်မှုနှုန်း ကျဆင်းလာပြီး အလုပ်မကောင်းတော့ကြောင်း ပုဂ္ဂလိကအမိန့်ရအပေါင်ဆိုင်လုပ်ငန်းများထံမှသတင်းရရှိသည်။

အပေါင်ဆိုင်များ အလုပ်ပါးလာခြင်းမှာ ဘဏ်လုပ်ငန်းများမှ ရွှေအပေါင် လက်ခံလာခြင်း၊ အစိုးရအသေးစား ငွေစုငွေချေးလုပ်ငန်းများ ပေါ်ပေါက်လာခြင်းနှင့် ပုဂ္ဂလိကအမိန့်ရအပေါင်ဆိုင်များ ယခင်ထက်များပြားလာမှုတို့ကြောင့်ဖြစ်သည်ဟုလည်း ပုဂ္ဂလိကအမိန့်ရအပေါင်ဆိုင်လုပ်ငန်းရှင် အချို့က သုံးသပ်ပြောဆိုခဲ့သည်။

ထို့အပြင် ယခုနှစ်နောက်ပိုင်း အလတ်တန်းစားလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရန်အတွက် လာရောက်ချေးငှားပေါင်နှံသူများ လျော့နည်းလာပြီး အဆိုပါအလတ်စားလုပ်ငန်းရှင်များသည် ရွှေကို အဓိကထားပေါင်နှံကာ အနိမ့်ဆုံးတန်ဖိုး ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၃၀၊ ၄၀ အထိ လာရောက်ချေးယူကြောင်း သတင်းရရှိသည်။

"ပစ္စည်းလာပေါင်တဲ့လူတွေတော့ တဖြည်းဖြည်းနဲ့လျော့လာတယ်။ ကျွန်တော်တို့နေရာက သီရိမင်္ဂလာဈေးကို မှီခိုရတာ။ အခု ဈေးက ပြောင်းသွားတော့ လူပါးသွားတာရယ်၊ လက်လုပ်လက်စားတွေပဲ မရှိတော့လို့လား မသိဘူး။ အခု ဘဏ်တွေကလည်း ရွှေတွေကို အပေါင်လက်ခံနေတာဆိုတော့ နောက်ပြီး အစိုးရဘက်ကနေ ငွေစုငွေချေးတွေ ချေးပေးနေတယ်လေ။ အဲဒီ့မှာက ကျွန်တော်တို့ထက် အတိုးနှုန်းက သက်သာတော့ အဲဒီ့မှာပဲ ချေးနေကြတာလား သေချာတော့မပြောနိုင်ပါဘူး"ဟု မင်္ဂလာအပေါင်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"အခုတလော ဆိုင်ကို လာပေါင်တဲ့သူနည်းနည်းပါးသွားတယ်။ ဘဏ်တွေကလည်း ရွှေအပေါင်လက်ခံနေတယ်။ သင်္ကြန်ပြီးနောက်ပိုင်း နည်းနည်းပိုပါးသွားတယ်။ နောက်ပြီး ရွှေဈေးက ကျတော့ ပစ္စည်းက သိပ်တော့ လာမရွေးကြသေးဘူး။ ဒါပေမဲ့ ပုံမှန်တော့ လာရွေးကြပါတယ်"ဟု သရဖီအပေါင်ဆိုင်ကပြောသည်။

တင်ဦးလေးအပေါင်ဆိုင်မှ တာဝန်ရှိသူကလည်း "လာပြီးပေါင်တဲ့ လူအရေအတွက်နည်းလာတယ်။ လုပ်ငန်းရှင်အလတ်တန်းစားတွေလည်း အရင်လိုသိပ်ပြီး လာမပေါင်ကြတော့ဘူး။ အရင်ဆို လူ ၅၀ လောက်ရှိရင် အခု လာပေါင်တဲ့လူတွေ ၃၀ လောက်ပဲရှိတော့မယ်။ အစိုးရသစ်တက်လာပြီးနောက် လာပေါင်တဲ့လူ နည်းနည်းလေးကျသွားတယ်ထင်တယ်။ သူတို့ပဲ အဆင်ပြေလို့လား၊ ဒါမှမဟုတ် အလုပ်အကိုင် ရင်းနှီးမြှုပ်မှုရပ်ထားတာပဲလား။ အဲဒီလို လူတွေရှိမှ ကျွန်တော်တို့လည်း အကျိုးအမြတ်ရှိမှာလေ။ အဲဒီလို နည်းတာတော့ ခြောက်လလောက်ရှိပြီ။ ဘာဖြစ်လို့လဲဆိုတာ ကျွန်တော်လည်းမသိဘူး၊

"အခုနောက်ပိုင်း ကျွန်တော်တို့ အပေါင်လုပ်ငန်းတွေ တော်တော်လေးအေးလာတယ်။ ၂၀၁၀ မတိုင်ခင်လောက်ကတည်းက အေးလာတာ။ အခု ဒီနောက်ပိုင်း ထိအေးတုန်းပဲ။ အခု ရပ်ကွက်တွေထဲမှာ ငါးယောက်အုပ်စုတစ်ဖွဲ့နဲ့ အစိုးရဘက်နေ အတိုးနှုန်းနည်းနည်းနဲ့ချေးပေးနေတာတွေလည်းရှိတယ်။ ဘဏ်တွေကလည်း အပေါင်ခံနေတာရယ်။ အဲဒါတွေကြောင့်လို့တော့ ကျွန်တော်ထင်တယ်"ဟု သာကေတမြို့နယ်ရှိပုဂ္ဂလိကအမိန့်ရအပေါင်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပစ္စည်းလာပေါင်တဲ့လူတွေ နည်းနည်းပါးလာတယ်။ ရွှေဈေးကျလို့လား မသိဘူး။ သင်္ကြန်အပြီးမှာ နည်းနည်းပါးလာတယ်။ အရင်က တစ်မြို့နယ်မှာ တစ်ဆိုင်၊ နှစ်ဆိုင်ပဲ ဖွင့်ခွင့်ရှိတာ။ အခုနောက်ပိုင်းကျတော့ လျှောက်တဲ့လူတိုင်းကို ဖွင့်ခွင့်ပေးနေတော့ ဆိုင်တွေကလည်း များလာတာရယ် နောက်ပြီး ဘဏ်တွေဘက်ကလည်း ရွှေအပေါင်တွေလက်ခံနေတော့ ကျွန်တော်တို့ဘက်မှာ ပစ္စည်းလာပေါင်တဲ့သူ နည်းနည်းလျော့သွားတာပေါ့"ဟု OK အပေါင်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အရှေ့ဒဂုံမြေကွက်များ ဈေးတက်လာဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၅**

စံပြစက်မှုလယ်ယာတည်ထောင်ရန် သိမ်းယူခဲ့သည့် အရှေ့ဒဂုံရှိဝန်ထမ်းမြေကွက်များမှာ အရောင်းအဝယ်ကောင်းပြီး ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သတင်းရရှိသည်။

အဆိုပါမြေကွက်များကိုစီမံကိန်းအတွက် သိမ်းယူပြီးနောက် ရန်ကုန်တိုင်းဒေသကြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက ကျပ်ငွေ ၁၂,၀၀၀ ပြန်လည်ထုတ်ပေးမည်ဟု ကြေညာခဲ့သည်။ သို့သော် ယင်းကာလ၌ပင် ပြင်ပဈေးကွက်တွင် မြေကွက်တစ်ကွက်လျှင် ကျပ်နှစ်သိန်းဝန်းကျင်ဖြင့် ဝယ်ယူရန် ကမ်းလှမ်းမှုများရှိခဲ့သည်။ ယင်းကာလမတိုင်မီက အဆိုပါမြေကွက်များသည် တစ်ကွက်ကို ကျပ် ၁၀ သိန်းဝန်းကျင်ရှိသည်။

"မသိမ်းတော့ဘူးလို့ သတင်းတွေထွက်ပြီးနောက် အရောင်းအဝယ် ပြန်လိုက်လာတယ်။ အရင်ကထက်လည်း ဈေးပိုရတယ်" ဟု ဒဂုံမြို့သစ်မြောက်ပိုင်းရှိမဟာမြေ အိမ်ခြံမြေအကျိုးဆောင်မှ ဒေါ်သန်းသန်းမြကဆိုသည်။ ဧပြီလကုန်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အရှေ့ဒဂုံရှိသိမ်းယူထားသော မြေကွက်ပေါင်း(၈၀၇၉)ကွက်ကို အထောက်အထားခိုင်ခိုင်လုံလုံပြနိုင်ပါက ပိုင်ရှင်ထံ ပြန်လည်ပေးအပ်မည်ဟု သတင်းထုတ်ပြန်ခဲ့ သည်။ ယင်းနောက် အဆိုပါမြေကွက်များမှာ ဝယ်လိုသူများလာပြီး ဈေးနှုန်းများလည်း တက်လာသည်။

ထို့အပြင် သန်လျင်၊ ကျောက်တန်း၊ သီလဝါစက်မှုဇုန်အနီး မြေကွက်များမှာ အရောင်းအဝယ်လုပ်ရန်အတွက် မေးမြန်းစုံစမ်းမှုများရှိလာကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦး သန်းဦးက ဆိုသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန် ဂျပန်နိုင်ငံသို့ သွားရောက်စဉ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး သီလဝါစက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

ယခုရက်ပိုင်း မြို့တွင်းသာ မန်အိမ်ခြံမြေဈေးကွက်မှာမူ အရောင်းအဝယ်မှာ အနည်းငယ်အေးနေပြီး သိန်း ၃,၀၀၀ အောက် ခြံမြေအချို့သာ အရောင်းအဝယ်ဖြစ်နေကြောင်း ယူနတီအိမ်ခြံမြေအကျိုးဆောင်မှ ကိုဇော်ဇော်ကဆိုသည်။

"အငှားတွေကတော့ သင်္ကြန်မတိုင်မီကလို ကောင်းနေတုန်းပဲ"ဟု ကိုဇော်ဇော်ကရှင်းပြသည်။ မြန်မာနိုင်ငံရေးအပြောင်းအလဲတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ကိုယ်စားလှယ်များလွှတ်၍ ပြည်တွင်းအခြေအနေများကို စုံစမ်းကြသည်။ ယင်းပုဂ္ဂိုလ်များသည် လုံးချင်းအိမ်များ၊ ကွန်ဒိုများငှားပြီး နေထိုင်၍ လေ့လာမှုများရှိသည်။ ထို့အပြင် အိုင်အင်န်ဂျီအိုများမှ ငှားရမ်းမှုများလည်း ရှိသည်။ သို့သော် ပမာဏမများကြောင်း အထက်ပါပုဂ္ဂိုလ်များထံမှ သိရသည်။

အငှားများမှာ လုံးချင်းအိမ် သိန်းသုံးဆယ်မှ ဆယ်သိန်းကြား၊ ကွန်ဒိုများ ၈ သိန်းမှ ၁၅ သိန်းကြား ငှားရမ်းမှုများရှိကြောင်း သိရသည်။

# သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုပြင်ဆင်ပြီး ပုံမှန်အတိုင်းရောင်းချနေ

မေဝင်းမွန်

**ရန်ကုန်၊**

**မေ -၇**

ယခုလ ၅ ရက်ကဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် မရွှေဥကျေးရွာနှင့် သံပုရာခုံကျေးရွာကြားရှိလယ်ကွက်အတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှုကို ပြင်ဆင်ပြီးစီးပြီဖြစ်၍ ယခုအခါပုံမှန်အတိုင်း ဓာတ်ငွေ့ပြန်လည်ရောင်းချနေပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၊ စီအင်န်ဂျီဌာနမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

မေလ ၅ ရက်ညနေပိုင်းက သဘာဝဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှုဖြစ်ပွားခဲ့သဖြင့် သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို ညနေ ၄ နာရီခန့်ကရပ်နားပြီးပိုက်လိုင်းပြုပြင်ခဲ့ရာ မေလ၆ရက်နံနက်၃နာရီ၄၅မိနစ်တွင်ပြင်ဆင်ပြီးစီးခဲ့သဖြင့် မေလ ၆ ရက်နံနက် ၈ နာရီမှ စတင်ကာ ပုံမှန်အတိုင်း ဓာတ်ငွေ့ရောင်းချမှုပြုနိုင်ခဲ့သည်ဟုသိရသည်။

"ပိုက်လိုင်းပြုပြင်နေတဲ့အချိန်မှာစီအင်န်ဂျီယာဉ်တွေအတွက်ကို အဖျောက်သဘာဝဓာတ်ငွေ့ရေနံမြေကနေ အစားထိုးပေးထားပါတယ်။ ပမာဏကတော့ သဘာဝဓာတ်ငွေ့ကုဗပေ ၈ သန်းလောက်ပဲပေးနိုင်ပါတယ်။ လယ်ကွင်းထဲမှာဖြစ်တဲ့အတွက် ထိခိုက်ဒဏ်ရာရမှုတွေ ပျက်စီးဆုံးရှုံးမှုတွေမရှိပါဘူး" ဟုအထက်ပါတာဝန်ရှိသူကပြောသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ခဲ့သည့်ထိုရက်ပိုင်းက အစားထိုးပေးသည့် အဖျောက်ရေနံမြေမှသဘာဝဓာတ်ငွေ့မှာ ဖိအားနည်းသဖြင့် အရောင်းဆိုင်တိုင်းရောင်းချမှုအဆင်မပြေဘဲ အရောင်းဆိုင်၄၀တွင်ဆိုင် ၂၀ ခန့်သာရောင်းချနိုင်ခဲ့သည်ဟုသိရသည်။

သဘာဝဓာတ်ငွေ့အရောင်းဆိုင်အချို့ရောင်းချမှုရပ်နားခဲ့သဖြင့် ခရီးသည်တင်ယာဉ်များနှင့် တက္ကစီယာဉ်များဓာတ်ငွေ့ဝယ်ယူမှုအခက်အခဲများနှင့်ကြုံတွေ့ခဲ့ရပြီး ကြာရှည်စွာတန်းစီစောင့်ဆိုင်းရမှုများရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရှိသဘာဝဓာတ်ငွေ့ယာဉ်များအတွက် ညောင်တုန်းသဘာဝဓာတ်ငွေ့ရေနံမြေမှ ရန်ကုန်ရွာမသဘာဝဓာတ်ငွေ့ထိန်းသိမ်းရေးစခန်းသို့ဓာတ်ငွေ့များ ပို့လွှတ်ရောင်းချခြင်းဖြစ်ပြီး နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၈ သန်းမှ ၁၉ သန်းကြား ရောင်းချရသည်ဟုသိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

## အစိုးရနှင့် ချင်းအမျိုးသားတပ်ဦး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရ

အောင်သူရ

ရန်ကုန်၊ မေ - ၈

ချင်းအမျိုးသားတပ်ဦး(CNF)နှင့်ပြည်ထောင်စုအဆင့် အစိုးရငြိမ်း ချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အပစ်အခတ်ရပ်စဲခြင်း သဘောတူညီချက်အပါအဝင် အချက် ၁၅ ချက်အား သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦး အောင်မင်းဦးဆောင်သောပြည် ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦးမှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲခေါင်းဆောင် ဒေါက်တာရွှေခါးရဲတို့အဖွဲ့သည် မေလ ၇ ရက်နေ့က ဟားခါးမြို့၌ တွေ့ဆုံ ဆွေးနွေးပြီး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။

ချင်းအမျိုးသားတပ်ဦးနှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့သည် ဇန်နဝါရီလ ၆ ရက်က ဟားခါးမြို့ တွင် တွေ့ဆုံဆွေးနွေးပြီး ပဏာမ သဘောတူညီချက်ကိုးချက်အား လက်မှတ်ရေးထိုးခဲ့ကြသည်။

## ပုဂ္ဂလိကဘဏ်များ ဒေါ်လာကို သတ်မှတ်ငွေလဲနှုန်းထက် ပို၍ရောင်းချပါက တိုင်ကြားနိုင်

အားမာန်

ရန်ကုန်၊ မေ-၇

နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ် ခွင့်လိုင်စင် ရထားသော(AD- Authorized Dealer) ပုဂ္ဂလိကဘဏ်များသည် ဒေါ်လာကိုကုမ္ပဏီများသို့ ဘဏ်အချင်းချင်း ရောင်း ဝယ်သောအခါ ဗဟိုဘဏ်က သတ်မှတ်သောနှုန်းထက် ပိုမိုရောင်းချပါက တိုင်ကြားနိုင်ကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "နိုင်ငံခြား ငွေဝယ်လိုသော ကုမ္ပဏီများက ပုဂ္ဂလိဘဏ်ကို သွားဝယ်မယ်ဆိုရင် ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်တဲ့ Exchange Rateထက် + (or) - 0.3% ထက်ကျော်လွန်ပြီး ရောင်းဝယ်နေတာကို တွေ့လို့ရှိရင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို တိုင်ကြားနိုင်တယ်။ ဘယ်နေ့ဘယ်အချိန်မှာ ဘယ်ကုမ္ပဏီက သွားပြီးဝယ်တဲ့အခါ ဘယ်စျေးနဲ့ ရောင်းပါတယ်ဆိုတာ မှတ်ပြီး တိုင်လို့ရတယ်။"ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

AD လိုင်စင်ကို ပုဂ္ဂလိက ဘဏ် ၁၁ဘဏ်ရရှိထားပြီး၊ အစိုးရက အကောင်အထည်ဖော်နေသော နိုင်ငံခြားငွေစျေးနှုန်း တည်ငြိမ်နေရေးနှင့် နိုင်ငံခြားငွေ ပေါင်းစည်းရေးလုပ်ငန်းများ အောင်မြင်ရန် ပုဂ္ဂလိကဘဏ်များ ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အ ရေးကြီးသည်။ အထက်ပါ သတ်မှတ်ချက်အတိုင်း ဘဏ်များက ရောင်းချပေးလျှင် ပို့ကုန်ရငွေကို ပြင်ပတွင် စျေးကစားရောင်းဝယ်မှုများ လျော့နည်းသွားနိုင်ပြီး၊ ငွေလဲနှုန်းပေါင်းစည်းရေးဆောင်ရွက်မှု ပိုမိုအောင်မြင်လာနိုင်ကြောင်း ၎င်းကပြောသည်။

**BREAKING NEWS**

ရန်ကုန်မြို့ရှိကြော်ငြာဆိုင်းဘုတ်များ ဖြုတ်သိမ်းရေးအတွက် တတိယအကြိမ် အစည်းအဝေးကို မေလ၈ရက်ညနေပိုင်းတွင် ကျင်းပခဲ့ပြီး ဆိုင်းဘုတ်များ ဖြုတ်သိမ်းသောအခါ အလျား ပေ ၂၀၊ အနံ၉ပေအောက် ဆိုင်းဘုတ်ငယ်များ အားလုံးကို သုံးလအတွင်း ဖြုတ်သိမ်းရန် ပြင်ဆင်ဆုံးဖြတ်ခဲ့သည်။ ဆိုင်းဘုတ်ကြီးများမှာမူ ယခုဘဏ္ဍာနှစ်(၂၀၁၂-၁၃)အကုန် ၂၀၁၃ မတ်လ၃၁ထိ ခွင့်ပြုပြီး၊ လာမည့်ဘဏ္ဍာနှစ်များတွင်မှ ဖြည်းဖြည်းချင်း လျှော့ချဖြုတ်သိမ်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆုံးဖြတ်ခဲ့သည်။

မျက်နှာဖုံးမှအဆက်

## ပို့ကုန်ရငွေရဲ့နိဂုံးလား

ပို့ကုန်ရငွေ(Export Earning)မှာယခင်ဒေါ်လာထက်တန်ဖိုးမြင့်ကာ သီးခြားရှိခဲ့ရာမှ ယခုအခါ ဒေါ်လာနှင့် ပို့ကုန်ရငွေအကြား စျေးနှုန်းကွာဟာမှု နည်းပါးလာပြီး တစ်ခုတည်းသောနှုန်းဖြစ်ရန်နီးစပ်လာပြီဖြစ်သည်။ သို့သော် ပို့ကုန်ရငွေမှာ နိုင်ငံခြားငွေလဲလှယ်ရေးစျေးကွက်တွင် လုံးဝမရှိတော့သည်၊ပျောက်ကွယ်သွားသည်တော့ မဟုတ်သေး။

သို့သော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် ၁၉၇၇ မှစတင်ခဲ့သော တစ်ဒေါ်လာငွေလဲနှုန်းခြောက်ကျပ်ဆိုသောသတ်မှတ်မှုမှာမူ ၂၀၁၂ ဧပြီ ၂ရက်မှစ၍တရားဝင်နိဂုံးချုပ်သွားသည်။ ဗဟိုဘဏ်က နိုင်ငံခြားငွေလဲနှုန်းတည်ငြိမ်စေရန်နှင့် နိုင်ငံခြားငွေပေါင်းစည်းရေးတို့အတွက် ဒေါ်လာနှင့် ကျပ်ငွေလဲနှုန်းကို ထိန်းကျောင်းငွေလဲနှုန်းရှင်စနစ် (Managed Floating Exchange Rate)စတင်ကျင့်သုံးခဲ့သောကြောင့်ဖြစ်သည်။ တရားဝင်ငွေလဲနှုန်း ပြောင်းလဲသတ်မှတ်သော ဧပြီ၂တွင် တစ်ဒေါ်လာလျှင် ၈၁၈ ကျပ်ဖြင့် သမိုင်းဝင်စျေးစဖွင့်သည်။ ထိန်းကျောင်းငွေလဲလှယ်နှုန်းရှင်စနစ်ဖြင့် နေ့စဉ်ကျပ်ငွေနှင့် ကမ္ဘာသုံးငွေဖြစ်သော အမေရိကန်ဒေါ်လာလဲလှယ်နှုန်း သတ်မှတ်ရာတွင် Authorized Dealer လိုင်စင်(AD)နိုင်ငံခြားငွေ တရားဝင်ရောင်းဝယ်ခွင့်ရရှိထားသော ဘဏ် ၁၁ဘဏ်၏ ရောင်းလိုအား၊ ဝယ်လိုအားနှင့် ပြင်ပငွေလဲလှယ်ရေးစျေးကွက်အခြေအနေပေါ် မူတည်၍ နေ့စဉ်သတ်မှတ်ခြင်းဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာ ၁၇ ခုနှင့် ဘဏ် ၁၁ ဘဏ်တို့က တရားဝင်သတ်မှတ်ထားသော နှုန်းကိုအခြေခံ၍ ဝ ဒသမ၈ရာခိုင်နှုန်းထက်မနည်းဘဲ၊ မများဘဲ ရောင်းဝယ်ကြရခြင်းဖြစ်သည်။

အဆိုပါစနစ်ကြောင့် ယခင်အစိုးရများ သတ်မှတ်ခဲ့သော တစ်ဒေါ်လာခြောက်ကျပ်ကျော်ဆိုသောနှုန်း၊ ကုန်သွယ်ရေးတွင် အခွန်ဆောင်ရာ၌တစ်ဒေါ်လာ၄၅၀ကျပ်ဖြင့် တွက်ခြင်းများ မရှိတော့ပေ။ ထို့အပြင် ငွေလဲနှုန်း ပိုမိုတည်ငြိမ်လာသည်။ပြင်ပငွေလဲနှုန်းသည်ပင် လုံးဝ ပျောက်မသွားသော်လည်း တရားဝင်ငွေလဲနှုန်းပေါ် မူတည်၍ ပြောင်းလဲနေပြီး၊တရားဝင်နှုန်းနှင့်ပြည်ပငွေလဲလှယ်ရေးစျေးကွက် ပေါက်စျေးနှုန်းကွာဟမှု ကျဉ်းမြောင်းသွားသည်။

"တစ်ဒေါ်လာ ခြောက်ကျပ်ကျော်ဆိုတာပျောက်သွားတာတော့ တကယ်အောင်မြင်တာပေါ့"ဟု ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်က ထိန်းကျောင်းငွေလဲနှုန်းရှင်စနစ်နှင့် ပတ်သက်၍ မှတ်ချက် ပေးသည်။

ထို့အပြင် ဗဟိုဘဏ်က နိုင်ငံခြားငွေလဲနှုန်းပေါင်းစည်းရေးအတွက် ဆက်တိုက်ဆောင်ရွက်မှုများကြောင့် ပို့ကုန်ရငွေ(Export Earning)နှင့် အပြောင်းအလဲများစွာဖြစ်ပေါ်ခဲ့သည်။ မြင်သာမှုအရှိဆုံးမှာ နိုင်ငံခြားငွေလဲလှယ်ခွင့်ရသော ဘဏ် ၁၁ ဘဏ်တွင် ဝယ်ယူ၍ MFTB ဘဏ်တွင် ငွေစာရင်းဖွင့်လိုက်သည်နှင့် ငွေစာရင်းထဲရောက်သမျှငွေ အားလုံးမှာ ပို့ကုန်ရငွေဖြစ်လာခြင်းနှင့် MFTB ဘဏ်တွင် ငွေစာရင်းဖွင့်သော နိုင်ငံခြားငွေအားလုံးအပေါ် ၂ရာခိုင်နှုန်း အခွန်ကောက်ခံခြင်းကို ထိုဘဏ်က ယခုနှစ်မေ ၁ ရက်မှစ၍မ ကောက်တော့ခြင်းဖြစ်သည်။ ထို့အပြင်မေ၁ရက်မှစ၍ပင် အစိုးရ၏နိုင်ငံခြားငွေလက်ခံသောဘဏ်အားလုံးတွင် နိုင်ငံခြားငွေစာရင်းဖွင့်ထားသူ အားလုံး၏ ငွေအားလုံးကိုပို့ကုန်ရငွေဟုသတ်မှတ်ပေးပြီး၊ Import Right ပေးခဲ့သည်။ ထို့အပြင် ပို့ကုန်ရငွေ ဝယ်ယူလိုသူများက အထက်ပါဘဏ် ၁၁ ဘဏ်တွင် ဝယ်ယူသောအခါဗဟိုဘဏ်က တရားဝင်သတ်မှတ်သော ငွေလဲနှုန်း၏ဝဒသမ၃ရာခိုင်နှုန်းထက် မပိုသောနှုန်းဖြင့် ရောင်းဝယ်ကြရန် ဗဟိုဘဏ်က ညွှန်ကြားထားသည်။ ထိုသို့ညွှန်ကြားထားခြင်းမှာ တရားဝင် ငွေလဲနှုန်းနှင့် ပို့ကုန်ရငွေကြား တန်ဖိုးကွာဟချက် ကျဉ်းမြောင်းပြီး၊ ပို့ကုန်ရငွေစျေးကစားခြင်း လျော့နည်းရန်ဖြစ်ကြောင်းလည်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ သို့သော်ဘဏ်များမှာ နိုင်ငံခြားငွေရောင်းဝယ်မှုကို အကန့်အသတ်ဖြင့်သာ လုပ်နိုင်သေးသည်။

ယခင်ပို့ကုန်ရငွေကို ပြည်ပသို့ ကုန်စည်များ တင်ပို့ရာမှ၊ ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိသော နိုင်ငံခြားငွေကို သတ်မှတ်အခွန်ပေးဆောင်ပြီးမှသာ ပို့ကုန်ရငွေဟု သတ်မှတ်သည်။ ပို့ကုန်ရငွေဖြင့်သာ သွင်းကုန်များကို ဝယ်ယူတင်သွင်းနိုင်သော Import right ရှိသည်။

"Earning ကို လိုက်ဝယ်စရာ မလိုတော့ဘူး။ အရင်ကဆိုကုန်သည်တွေက Earning လိုချင်ရင် လိုက်ရှာရတယ်။ လွယ်လွယ်ပြောရရင် လက်ထဲမှာ ဒေါ်လာရှိရင် Import လုပ်လို့ရပြီ" ဟု CB ဘဏ်အုပ်ချုပ်ဒါရိုက်တာ ဦးဖေမြင့်က ပြောသည်။

"ကိုယ့်ငွေစာရင်းအကောင့်ထဲ ဝင်လာသမျှပိုက်ဆံက Import Right ရှိသွားတာပေါ့၊ Earning ဖြစ်သွားတာပေါ့" ဟု AGD အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးသက်လွင်ရွှေက ပို့ကုန်ရငွေအပြောင်းအလဲနှင့် ပတ်သက်၍ ပြောသည်။

ပို့ကုန်ရငွေကို ယခင်ကဲ့သို့ သီးခြားမဝယ်ရတော့သော ထိုအခွင့်အရေးကို သွင်းကုန်လုပ်ငန်းရှင်အများစုက အသုံးချနေကြသည်ဟု ဆိုသည်။ သို့သော် တချို့သော လုပ်ငန်းရှင်များကလည်း ထိုမူဝါဒအပြောင်းအလဲကိုမသိ၍ အသုံးမချနိုင်သေးသူများ လည်းရှိသည်။

နိုင်ငံခြားငွေနှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲများ ပြုလုပ်ထားသော်လည်းပြည်တွင်းငွေလဲလှယ်ရေး စျေးကွက်တွင်မူ ပို့ကုန်ရငွေမှာ ယခင်ကဲ့သို့ ဒေါ်လာနှင့် စျေးများစွာမကွာသော်လည်း ရှိနေဆဲဖြစ်သည်။ မေ ၇ ရက်တွင် တရားဝင် ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ဝယ်စျေး ၈၂၄ ကျပ်ဖြစ်သည်။ ထို့ကြောင့် ဘဏ်များတွင် တစ်ဒေါ်လာလျှင်ဝယ်စျေး ၈၁၆ ကျပ်၊ ပြန်ရောင်းစျေး ၈၃၀ ကျပ်ဖြစ်သည်။ ပို့ကုန်ရငွေပေါက်စျေးမှာမူ ဝယ်စျေး ၈၂၈ ကျပ်၊ ရောင်းစျေး ၈၃၀ ကျပ်စျေးပေါက်သည်။



ပို့ကုန်ရငွေဟူ၍ သီးခြားမရှိတော့ဘဲ တရားဝင်ငွေလဲနှုန်းဖြင့် အတူတူဖြစ်စေလိုပါက အချက်နှစ်ချက်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ပြည်ပသို့ကုန်စည်တင်ပို့၍၊ ဝန်ဆောင်မှုပေး၍ ရရှိသော နိုင်ငံခြားငွေအပေါ် အခွန်ကောက်ခံခြင်းကို ပယ်ဖျက်ပေးရန်နှင့် ပို့ကုန်ရငွေဖြင့်သာပြည်ပမှ သွင်းကုန်များတင်သွင်းနိုင်သည် (Import Right ရှိသည်) ဆိုသော စနစ်တို့ကို ဖျက်ပေးရန် ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

မေ ၁ ရက်မှစ၍ MFTB ဘဏ်တွင် ငွေစာရင်းဖွင့်ထားသူအားလုံးမှာ ၂ရာခိုင်နှုန်းကို အခွန်အဖြစ် ဘဏ်မှမဖြတ်တောက်တော့သော်လည်းပြည်တွင်းအခွန်ဦးစီးဌာနက ဘဏ္ဍာနှစ်ကုန်အတွင်းမှ စာရင်းချုပ်၍ အခွန်ကောက်မည်ဟု သတင်းထွက်ပေါ်နေခြင်းကြောင့် လုပ်ငန်းရှင်များမှာ ၂ ရာခိုင်နှုန်းမှာ ကင်းလွတ်ခွင့် ရရှိသည်လား သို့မဟုတ် ပုံစံပြောင်း၍ ဆောင်ရမည်လားဟု ဇဝေဇဝါဖြစ်နေကြသည်။

ဘဏ်လုပ်ငန်းကျွမ်းကျင်သူဖြစ်သော ဦးသန်းလွင်က ပို့ကုန်ရငွေကို သီးခြားမရှိအောင်ဆောင်ရွက်ခြင်းမှာ တိုင်းပြည်စီးပွားရေးအတွက် ကောင်းကြောင်းပြောသည်။ ယခင်အစိုးရများလက်ထက်ကတည်းက ဆောင်ရွက်ခဲ့သော ပို့ကုန်ဦးစားပေးစနစ်ကို မကျင့်သုံးတော့ဘဲ၊ သွင်းကုန်ကို စျေးကွက်လိုအပ်ချက်အတိုင်းတင်သွင်းခွင့်ပြုရန်လိုသည်။ သွင်းကုန်တင်သွင်းမှုကို မကန့်သတ်ခြင်းကြောင့်ဒေါ်လာ၏လိုအပ်ချက်မြင့်တက်လာပြီး၊ငွေလဲနှုန်းမှာဖြစ်သင့်သောနှုန်းကို စျေးကွက်၏ ထိန်းကျောင်းမှုဖြင့် ဖြစ်လာလိမ့်မည်ဟု ဦးသန်းလွင်က ရှင်းပြသည်။ "Importကို မကန့်သတ်နဲ့ သွင်းချင်သလောက်သွင်းခွင့်ပြုလိုက် ဒါဆိုရင် ဒေါ်လာရဲ့ Demand လည်းတက်လာမယ်။Demandတက်လာရင်ဒေါ်လာကကိုယ်လိုချင်တဲ့နှုန်းရလာမယ်။ စျေးကွက်က သူ့ဟာသူ ထိန်းကျောင်းသွားလိမ့်မယ်။ နိုင်ငံတကာမှာလည်း ဒီအတိုင်းပဲလုပ်တာ"ဟုဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌတာဝန် ကာလရှည်ထမ်းဆောင်ခဲ့ဖူးသော ဦးသန်းလွင်က ဆက်ပြောသည်။

သို့သော် နိုင်ငံခြားငွေစျေးနှုန်း တည်ငြိမ်ရေးနှင့် ငွေလဲနှုန်းပေါင်းစည်းရေး ဆောင်ရွက်နေသော်လည်း ကန့်သတ်မှုအချို့ရှိသည်။ ယင်းမှာ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ခွင့် ရရှိထားသော ပုဂ္ဂလိကဘဏ်များနှင့် ငွေလဲလှယ်ရေးကောင်တာများတွင် ဒေါ်လာအရောင်းအဝယ်ပြုလုပ်သောအခါ စျေးကွက်လိုအပ်ချက်အတိုင်း ရောင်းနိုင်ခြင်း၊ ဝယ်ယူနိုင်ခြင်း မရှိသေးခြင်းဖြစ်သည်။ "ငွေလဲကောင်တာနဲ့ဘဏ်တွေမှာက သွားဝယ်ရင် ပစ္စည်းမရှိတာနဲ့ ရောင်းမယ်ဆို မဝယ်တော့တာနဲ့ ပိုက်ဆံကန္ဒမ်းရင် မဝယ်တာနဲ့ အကန့်အသတ်ရှိတယ်။ အပြင်မှာကတော့ ရောင်းချင်သလောက်ရောင်း၊ ဝယ်ချင်သလောက်ဝယ်လို့ရတယ်"ဟု ပြင်ပငွေလဲလှယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ထို့ကြောင့်ပင် ဗဟိုဘဏ်က တရားဝင်ငွေလဲနှုန်းသတ်မှတ်၍ ငွေလဲကောင်တာနှင့် ပုဂ္ဂလိကဘဏ်များတွင်ပါ နိုင်ငံခြားငွေ ရောင်းဝယ်ခွင့်ပြုထားသော်လည်း ပြင်ပစျေးကွက်မှာ ပျောက်ကွယ်မသွားဘဲ ရှိနေခြင်းဖြစ်သည်။

ပုဂ္ဂလိကဘဏ်များ၌ အကန့်အသတ်ဖြင့် ဒေါ်လာရောင်းဝယ်နိုင်ကြခြင်းမှာ ဘဏ်များ၌ နိုင်ငံခြားငွေ နည်းနေသေးခြင်းကြောင့်ဖြစ်ကြောင်းလည်း ဘဏ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်သူတစ်ဦးက ပြောသည်။ ပြင်ပငွေလဲလှယ်ရေးလုပ်ငန်းများကို ယခုအတိုင်းဆက်လက်ရှိစေပြီး၊ အနာဂတ်တွင် တရားဝင်လုပ်ငန်းများဖြစ်လာရန်မှာ လမ်းကြောင်းဖွင့်ပေးနိုင်ပါက ငွေလဲလှယ်နှုန်းပိုမိုတည်ငြိမ်၍ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့လာနိုင်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ သို့သော် ပို့ကုန်ရငွေမှာ အထက်ပါအခြေအနေများကြောင့် လုံးဝမရှိတော့ဘဲ၊ တရားဝင်ငွေလဲနှုန်းနှင့် တူညီသွားပြီး တစ်ခုထဲသော နှုန်းဖြစ်ရန်မှာ ကာလတိုအတွင်း မဖြစ်နိုင်သေးကြောင်း လုပ်ငန်းရှင်များနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012



## ပန်ဝါမှ တိုက်ပွဲများကြောင့် လူ၃၁ဦး သေဆုံးကြောင်း အစိုးရဘက်မှသတင်းထုတ်ပြန်

**ရန်ကုန်၊ မေ - ၇**

ကချင်ပြည်နယ်အတွင်းမြန်မာ့တပ်မတော်နှင့် ကေအိုင်အေ (ကချင်လွတ်မြောက်ရေးတပ်မတော်) တို့ အကြား ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများအနက် ဧပြီ ၂၇ရက်မှ မေ ၃ ရက်အထိ ခြောက်ရက်ကြာ ပန်ဝါမြို့နယ် လုပီရွာအနီး ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့်လူပေါင်း ၃၁ ဦး သေဆုံးခဲ့ကြောင်း မေလ ၄ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် သတင်းထုတ်ပြန်ထားသည်။

ကချင်ပြည်နယ် ပန်ဝါမြို့နယ်ခွဲ လုပီရွာအနီးတွင်ရှိသော အမှတ် ၁၀၀၂ နယ်ခြားစောင့်တပ်ဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်သော ကေအိုင်အေတပ်များနှင့် မြန်မာ့တပ်မတော်တို့အကြား ဧပြီလ ၂၇ ရက်မှ စတင်ကာ မေလ ၃ ရက်အထိ ခြောက်ရက်ကြာ တိုက်ပွဲပေါင်း ၁၁ ကြိမ် ဖြစ်ပွားခဲ့ပြီး တိုက်ပွဲများကြောင့်လူပေါင်း၃၁ဦး သေဆုံးခဲ့ကြောင်း သေဆုံးသူများထဲတွင် ၂၉ ဦးမှာ ကေအိုင်အေဘက်မှဖြစ်ပြီး နှစ်ဦးမှာ မြန်မာတပ်မတော်ဘက်မှ ဖြစ်သည်ဟု သတင်းစာများတွင် ဖော်ပြထားသည်။ကချင်ပြည်နယ်အတွင်းတွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ ဧပြီလဆန်းမှ မေလ ပထမပတ်အထိ တိုက်ပွဲပေါင်း ၁၃၀ ခန့် ဖြစ်ပွားခဲ့ကြောင်း ကေအိုင်အိုတွဲဖက်အတွင်းရေးမှူး ဦးလနန်၏ ပြောကြားချက်ကို ဧရာဝတီ သတင်းဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ကချင်ပြည်နယ်တွင် ဧပြီလဆန်းမှစတင်ကာ နှစ်ဖက်ပိုမိုတင်းမာလာသည်။ စစ်ရေးအရှိန်များ ပိုမိုမြင့်လာပြီး တိုက်ပွဲဖြစ်ပွားမှုများစိပ်လာကာ နေရပ်စွန့်ခွာထွက်ပြေးရသူဦးရေမှာလည်း တိုးပွားလျက်ရှိသည်။ နှစ်ဖက်စစ်ရေးအရှိန်များလျှော့ချရန် တွေ့ဆုံဆွေးနွေးနိုင်ရန် တစ်ဖက်နှင့်တစ်ဖက် တွေ့ဆုံမည့်နေရာကို ညှိနှိုင်းနေဆဲဖြစ်ကြောင်း ကချင်ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့မှ သိရသည်။

## ပြည်ထောင်စုလွှတ်တော် အရေးပေါ်ခေါ်ယူဖွယ်မရှိသေး

ဒုတိယသမ္မတတစ်ဦးဦး နုတ်ထွက်ပါက ရွေးချယ်တင်မြှောက်ခဲ့သော
သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ပြန်လည်ရွေးချယ်တင်မြှောက်ရမည်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ မေ - ၈**

လွှတ်တော်အစည်းအဝေးများ ရပ်နားထားချိန်ဖြစ်သော်လည်း ယခုရက်ပိုင်းအတွင်း ပြည်ထောင်စုလွှတ်တော်အစည်း အဝေးအရေးပေါ် ခေါ်ယူရန် အရိပ်အယောင်မတွေ့ရသေးကြောင်း လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ပြောကြားသည်။

လွှတ်တော်အစည်းအဝေးများသည် မေလနှင့် ဇွန်လများအတွင်း ခေတ္တရပ်နားထားမည်ဖြစ်သည့်အတွက် ဇူလိုင်လဆန်းတွင် ပြန်လည်ခေါ်ယူဖွယ်ရှိသည်ဟု လွှတ်တော်ရုံးမှ တာဝန်ရှိသူ၏ ပြောကြားချက်အရသိရသည်။

နိုင်ငံတော်ဒုတိယသမ္မတတစ်ဦးဦး ရာထူးသက်တမ်းမကုန်မီ နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း ထာဝစဉ် မစွမ်းဆောင်နိုင်တော့ခြင်း စသည်ဖြင့် ရှိခဲ့ပါက ယင်းဒုတိယသမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ကသာ သတ်မှတ်များနှင့် အညီ ရွေးချယ်တင်မြှောက်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၃ (စ)တွင် အတိအလင်းဖော်ပြထားသည်။

လက်ရှိ နိုင်ငံတော်သမ္မတ နှစ်ဦးအနက် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးမှာ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်နှစ်ရပ်ရှိ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်မှုဖြင့် ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်ကာ၊ ဒုတိယသမ္မတ ဦးစိုင်းမောက်ခမ်းမှာ ပြည်ထောင်စုလွှတ်တော်မှ အရပ်သားကိုယ်စားလှယ်များက ရွေး ချယ်တင်မြှောက်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် ကျင်းပချိန်မဟုတ်ပါက လွှတ်တော်အကြီးအမှူးသည် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ ၂၁ရက်အတွင်းပြည်ထောင်စုလွှတ်တော် အစည်းအဝေးခေါ်ယူပြီး သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်ပေးရမည်ဖြစ်သည်။



**ကားသွင်းခွင့်မူဝါဒသစ်ကြောင့် ရန်ကုန်မြို့ရှိ အဓိကကားရောင်းဝယ်ရေးစခန်းတစ်ခုဖြစ်သော ဟံသာဝတီကားပွဲစားတန်းတွင် မေ၇ရက်မှစ၍ ကားဈေးများပြုတ်ကျပြီး အရောင်းအဝယ်များ ရပ်တန့်သွားသည်။ ကားအရောင်းစင်တာများတွင်လည်း အလားတူပင်ဖြစ်သည်။မူဝါဒသစ်ချမှတ်ပြီးနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကဦးဆောင်၍ ကားတင်သွင်းခြင်းနှင့်သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲကို လာမည့်အပတ်တွင် ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်သည်။ ““ကားတင်သွင်းတဲ့အခါမှာ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ ဌာနဆိုင်ရာတွေဘက်က လုပ်ကိုင်ပေးရမယ့် ကိစ္စတွေကို ဆွေးနွေးညှိနှိုင်းပြီး အကောင်အထည်ဖော်သွားမယ်””ဟု ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။ ကား အရောင်းအဝယ်များ အေးစက်ရပ်တန့်နေသော ဟံသာဝတီကားပွဲစားတန်းကို မေ၈ရက်က တွေ့ရစဉ်။**

သတင်း-အောင်သူရ၊ပြည်သိမ်း ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အိန္ဒိယက မြန်မာ့ပြည်ပဆန်ဈေးကွက် နေရာဝင်လု

**ကိုကိုကြီး**

**ရန်ကုန်၊ မေ - ၈**

မြန်မာ့ဆန်တန်ချိန်ပမာဏအများအပြားကို နှစ်စဉ် အာဖရိကဈေးကွက်သို့ အဓိကတင်ပို့ရာတွင် အိန္ဒိယနိုင်ငံကလည်း ယင်းဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့လာခြင်းကြောင့် မြန်မာ့ဆန် ပြည်ပဈေးကွက်ရရှိမှု ကျဆင်းနေကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။

အိန္ဒိယနိုင်ငံသည် ၎င်းနိုင်ငံတွင် သိုလှောင်ထားသည့် အရန်ဆန် ပမာဏအများအပြားကို ယခုနှစ်မှစတင်ပြီး အာဖရိကဈေးကွက်သို့ ထိုးဖောက်ရောင်းချလာခြင်းကြောင့် ဈေးကွက်ဝေစုတစ်ခုတည်းကိုသာ အများဆုံး အားထားနေရသည့် မြန်မာ့ဆန်ဈေးကွက်တွင် မျှော်လင့်မထားသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာသည်။

မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သည် အာဖရိကဈေးကွက်သို့တင်ပို့ရာတွင် ၂၅မှတ်တန်း ဆန်အမျိုးအစားချင်း တူညီမှုရှိသော်လည်း ဈေးနှုန်းပိုင်းတွင်မူ အိန္ဒိယက တစ်တန်လျှင် ကန်ဒေါ်လာ ၂၀ ဈေးမြင့်နေသည်။

“၂၀ လောက် ဈေးကြီးပေမယ့် သူတို့ဘက်မှာ အားသာချက်တွေ အများကြီးရှိတယ်”ဟု ၎င်းကပြောသည်။

အိန္ဒိယနိုင်ငံသည် ဆိပ်ကမ်းစနစ်သာလွန်ကောင်းမွန်မှုရှိခြင်း၊ ငွေပေးချေရာတွင် မြန်မာနိုင်ငံအနေဖြင့် L/C(Letter of Credit) စနစ်ကိုဆောင်ရွက်နိုင်ခြင်းမရှိဘဲ T/T(Telegraph Transfer)စနစ်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အာဖရိကဈေးကွက်တွင် မြန်မာ့ဆန်ကို ဝယ်လက်အသစ်ရှာဖွေနိုင်ရန်ခက်ခဲပြီး မူလ ဝယ်ယူသည့်သူများကိုသာ ရောင်းချနိုင်ခြင်းတို့ကြောင့် ဈေးကွက်ရရှိမှုပိုင်းတွင် အားနည်းရခြင်းဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌက ပြောသည်။

ဘုရင့်နောင်မှ ဆန်တင်ပို့သည့်လုပ်ငန်းရှင်တစ်ဦးက “ပြည်တွင်းငွေဈေး မတည်ငြိမ်ဘူး။ နယ်က ရန်ကုန်ကို လာတဲ့အခါမှာ သယ်ယူပို့ဆောင်ခတွေ အရမ်းမြင့်နေတော့ မယှဉ်နိုင်ဘူး။ ဆိပ်ကမ်းတွေ မလုံလောက်ဘူး။ သင်္ဘောဆိုရင်ဒီမှာနေရာမရှိလို့ပင်လယ်ဝမှာ ထိုင်စောင့်နေရတာ ၁၅ ရက်လောက် ကြာသွားတယ်။ အိန္ဒိယနိုင်ငံရဲ့ဆိပ်ကမ်းကို ရောက်တဲ့သင်္ဘောက တစ်ပတ်လောက်အကြာမှ ထွက်လို့ရတယ်”ဟု ပြောသည်။

“ဘဏ်စနစ်က အရမ်းကိုပြဿနာရှိတယ်။ သူတို့(အိန္ဒိယ)ဆီမှာ L/C နဲ့ ရောင်းလို့ရတယ်။ သူတို့က ဝယ်လက်ကို L/C နဲ့ ရောင်းလိုက်တယ်။ ရောင်းလိုက်ပေမယ့် ပြည်တွင်းကုမ္ပဏီကို ဘဏ်ကနေ L/C ကို အပေါင်ခံထားပြီးတော့ ပိုက်ဆံပြန်ချေးပေးတယ်။ ဒီမှာ အဲဒီလို လုပ်ပေးတာမရှိဘူး။ ဒီမှာက L/C နဲ့ မရောင်းနိုင်တော့ နိုင်ငံတကာက မဝယ်ဘူး”ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံမှ အာဖရိကသို့ တင်ပို့ရာတွင် သင်္ဘောသယ်ဆောင်သည့် ကုန်ကျစရိတ်သည် အိန္ဒိယက အာဖရိကသို့ တင်ပို့သည့် ကုန်ကျစရိတ်ထက် ဆန်တစ်တန်လျှင် ကန်ဒေါ်လာ ၂၀ မှ ၃၀ ထိ ကွာဟမှုရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ယခုချိန်တွင် မြန်မာ့ဆန်တစ်တန်လျှင် နိုင်ငံတကာဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၄၂၀ မှ ၄၃၀ ထိ ပေါက်ဈေးရရှိသော်လည်း ယခုနှစ်တွင်မူ တစ်တန်လျှင် ကန်ဒေါ်လာ ၃၃၀ သာရရှိကြောင်း ၎င်းကပြောသည်။

“တစ်တန်ပေါ်မှာ ဒေါ်လာ ၁၀၀ ကျတယ်။ အဲဒီအတွက် တောင်သူတွေအပေါ်မှာ တင်းတစ်ရာကိုခြောက်သောင်းလောက် (တောင်သူများထံမှ ဝယ်ယူရာတွင် ပြီးခဲ့သည့်နှစ်နှင့် ယခုနှစ်ကြားတွင် ဈေးနှုန်းကျဆင်းမှု) ဟသွားတယ်”ဟု ၎င်းက ပြောသည်။

ဘုရင့်နောင်မှ ဆန်လုပ်ငန်းရှင်က ယခုကဲ့သို့ ပြည်ပဆန်တင်ပို့ရာတွင် တစ်တန်ဈေးနှုန်း ရရှိမှု ကျဆင်းခြင်းကြောင့် ပြည်တွင်းမှ ဝယ်ယူရာတွင်ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ မှ ၁,၀၀၀ ကြား ဈေးလျှော့ပြီးဝယ်ကြောင်းပြောသည်။

ဦးအောင်သန်းဦးက အိန္ဒိယက ၎င်းတို့နိုင်ငံတွင် သိုလှောင်ထားသည့်အရန်ဆန်ပမာဏ တန်ချိန်၁၃သန်းကျန်ရှိနေခြင်းကြောင့် လတ်တလောတွင်ဈေးနှုန်းကျဆင်းမှု ဆက်လက်ရှိနိုင်ကြောင်း ပြောသည်။

## သဘာဝဘေးအန္တရာယ်များကြောင့် မေလဆန်းတွင် လူခြောက်ဦးသေဆုံး

**အိဖြူမွန်၊ သန်းဌေး**

**ရန်ကုန်၊ မေ - ၈**

တိုင်းဒေသကြီးလေးခုတွင် မေလဆန်း၌ဖြစ်ပွားသော သဘာဝ ဘေးအန္တရာယ်များကြောင့် လူခြောက်ဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

တိုင်းဒေသကြီးလေးခုဖြစ်သော ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးသက်လေပြင်းနှင့် မိုးကြိုးပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး၊မအူပင်မြို့နယ်တွင်ဧပြီ၃၀ရက်မှမေလ ၁ ရက်အတွင်း မိုးသက်လေပြင်းများ ကျရောက်သောကြောင့် တန်ဖိုးကျပ်ဆယ့်ရှစ်သိန်းကိုးသောင်း ဆုံးရှုံးခဲ့ပြီး ၂၆၉ ဦးမှာ လေဘေးဒုက္ခသည်ဖြစ်ခဲ့ရသည်။ မအူပင်မြို့နယ် စစ်ချောင်းကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းလှေငယ် ၁၂စီး တိမ်းမှောက်ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့သည်။ပဲခူးတိုင်းဒေသကြီး၊မိုးညိုမြို့နယ် ရွာသစ်ကျေးရွာတွင် လေ ဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦး ဒဏ်ရာပြင်းထန်စွာရခဲ့ပြီး ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မိုးသက်လေပြင်းများ ကျရောက်ခဲ့ပြီး မိုးကြိုးပစ်ခတ်မှု ကြောင့် သုံးရက်အတွင်း လူငါးဦး သေဆုံးခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဧပြီလကုန်နှင့် မေလဆန်းပိုင်းတွင် အပူချိန်ပြင်းထန်မှုကြောင့် မိုးသက်လေပြင်း ကျရောက်ခြင်းနှင့်မိုးသီးကြွေကျခြင်း မိုးကြိုးပစ်ခြင်းများကြုံတွေ့နိုင်ကြောင်း သတင်း ထုတ်ပြန်ခဲ့သည်။

7DAY NEWS JOURNAL
Vol.11, No.9 • MAY 10 , 2012

## မျက်နှာဖုံး - ကားပါမစ်ကိုင်ထားသူများ အထိနာ မှ

"တချို့ဆို အလုပ်သမား ကားပါမစ် ၈၀၊ ၁၀၀ လောက် ဝယ်ကိုင်ထားကြတာ။ အဲဒီလူတွေ လည်းရှုံးတာပေါ့"ဟု စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ထို့အပြင် ဟံသာဝတီ ကားပွဲစား တန်းတွင်လည်း ကားတင်သွင်း ခွင့်မူဝါဒသစ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနက တရားဝင်ကြေညာသော မေလ ၇ ရက်၌ ကားအရောင်းအဝယ် ရပ်တန့်သွားသည်။

"အပေါ်ကားလည်း အဝယ်မရှိဘူး။ အောက်ကားလည်း အဝယ်မရှိဘူး။ မနေ့က သိန်း ၁၅၀ တန်ကားကို ဒီနေ့သိန်း ၁၂၀ နဲ့ ရောင်းတာ ဘယ်သူမှမဝယ်ဘူး" ဟု ကားပွဲစားတစ်ဦးက ပြောသည်။

ထို့အပြင် ယာဉ်အို၊ ယာဉ်ဟောင်းလဲလှယ်သည့်အထူးပါမစ် ဈေးနှုန်းမှာ ကျပ်သိန်း ၁၂၀ မှ ယနေ့ကျပ်သိန်း၆၀ ခန့်အထိဈေးကျသွားခဲ့ပြီး အလုပ်သမားများနှင့် သင်္ဘောသားများအတွက် ချပေးသောပါမစ်များမှာ ကျပ်ငါးသိန်းဖြင့် ဝယ်မည့်သူမရှိ ဖြစ်သွားသည်။

ယခင်က ယာဉ်အို၊ ယာဉ်ဟောင်းလဲလှယ်သည့် ပါမစ်မှာ ကျပ်သိန်း ၁၅၀ ထိ ဈေးရှိခဲ့ပြီး အလုပ်သမားများနှင့် သင်္ဘောသားများအတွက် ချပေးသော ပါမစ်မှာ ကျပ် ၁၈ သိန်းအထိဈေးရှိခဲ့သည်။

"၂၀၀၇ အထက် အင်ဂျင်ပါဝါ ၁၃၀၀ အောက်ကားဆိုရင် မည်သူမဆို လွတ်လွတ်လပ်လပ် သွင်းခွင့်ရတော့မယ်လို့ ကြားတဲ့သတင်းကြောင်း စလစ်ဈေးတွေ ကျပြီး အဲဒီနောက်မှာပဲ ဆီစားများတဲ့ ၊ လူကြိုက်များတဲ့ မန်ချက်စတာကားတွေ လူကြိုက်နည်းသွားပြီး ဈေးကွက်ထဲမှာ အဲဒီကားတွေ ကျပ်သိန်းသုံးရာအောက်ကျသွားတယ်။ ဝယ်မယ့်သူတောင်မရှိတော့ဘူး" ဟု ဟံသာဝတီကားပွဲစား ကိုသန်းဝင်းက 7Day News သို့ပြောသည်။

အဆိုပါ ရှေ့ငါး ၂ ဒသမ ၅ မှာ ယခု သတင်းမတိုင်ခင်က လူကြိုက်များပြီး ဈေးနှုန်းမှာ ကျပ်သိန်းလေးရာခန့်ရှိသည်။

Sakura ကား အရောင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကလည်း "အဲဒီသတင်းကြောင့် ကားဈေးနှုန်းတွေ မငြိမ်မသက်ဖြစ်နေတဲ့အတွက် ဝယ်သူမရှိဘူး။ စလစ်မိတ္တူကလည်း ဝယ်တဲ့သူမရှိတော့ဘူးလေ။ ဒီမတိုင်ခင်ကတော့ ဒီမှာ အမြင့်ကားကြီးတွေ လူကြိုက်များတယ်"ဟု ပြောသည်။

၂၀၀၇ အထက် ပွိုင့်သရီးကားများကို မည်သူမဆို တင်သွင်းခွင့်ပြုလိုက်ပြီဟု သတင်းများကြောင့် ယခုလအတွင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)တွင် အကွာရာ န/ပ အပ်နှံကြသော ကားပိုင်ရှင်များအကျပ်ရိုက်နေပြီး စလစ်မိတ္တူများအား မည်သို့ပြုလုပ်ရမည်ကို မသိတော့ကြောင်း ယင်းကားပိုင်ရှင်များထံမှ သိရသည်။

"အစားထိုးကားတင်သွင်းခွင့်စလစ်က ကျပ်သိန်းတစ်ရာအောက်နဲ့ ရောင်းရင်တောင် ဝယ်မယ့်သူက မရှိဘူးဖြစ်နေတယ်" ဟု အကွာရာ န၊ သုံးရာကျော် ဟိုင်းလတ်ကားပိုင်ရှင်တစ်ဦးက 7Day News သို့ပြောသည်။

ထို့အပြင် သတ်မှတ်အခွန်ဆောင်ထားလျှင် ကားတင်သွင်းခွင့်ရမည်ဆို၍ အခွန်ကိုတကူးတက ဆောင်ထားသောပြည်ပရောက် မြန်မာအလုပ်သမားများအတွက် ယခုကဲ့သို့ မူဝါဒပြောင်းသွားခြင်းကြောင့် နစ်နာကြောင်းလည်း လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ရုတ်တရက်ကြီး မူဝါဒပြောင်းလိုက်တော့ ဒုက္ခပေးသလိုပဲ" ဟု ကားပါမစ်ရောင်းဝယ်လုပ်ကိုင်နေသူတစ်ဦးကလည်း သူ၏အမြင်ကိုပြောသည်။

မူဝါဒချမှတ်သူများအနေဖြင့် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်သင့်ပြီး ယခင်ကဲ့သို့ရုတ်တရက် မူဝါဒသစ်များအကောင်အထည်ဖော်လုပ်ကိုင်ခြင်းမျိုး မပြုလုပ်သင့်ကြောင်း လုပ်ငန်းရှင်အချို့က ပြောသည်။ ကားဟောင်းအပ်နှံ၍ အစားထိုးကား တင်သွင်းရန် စီစဉ်ထားသူများမှာလည်း ယခုသတင်းကြောင့် ဘာလုပ်ရမှန်းမသိ တွေဝေသွားသူများလည်း ရှိသည်။

သို့သော် ပြည်သူအများစုမှာ ကားစီးနိုင်မည့်အိပ်မက်နီးကပ်လာသည့်အတွက် ယခုမူဝါဒသစ်ကို ကြိုက်နှစ်သက်ကြသည်။

## အရန်ဆန်အတွက် မိုးစပါးကိုလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူမည်ဟုဆို



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ မေ - ၆**

နိုင်ငံတော်အရန်ဆန်အတွက် နွေစပါးဝယ်ယူရာတွင် တောင်သူလယ်သမားများဆီမှသာ တိုက်ရိုက်ဝယ်ယူတော့မည်ဖြစ်ကြောင်း နိုင်ငံတော်အရန်ဆန် ဝယ်ယူရေးကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

နွေစပါးကိုနိုင်ငံတော်အရန်ဆန်အဖြစ်ဝယ်ယူရာတွင် မူလက ကုန်သည်စက်ပိုင်များမှတစ်ဆင့် ဝယ်ယူရန် စီစဉ်ခဲ့သည်။ သို့သော် ယင်းသို့ ဝယ်ယူရာတွင် ဒေသအတော်များများ၌ သတ်မှတ်ဈေးနှင့်ဝယ်ယူမှုများရှိနေကြောင်း အဆိုပါကော်မတီမှ အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်က ရှင်းပြသည်။

"အရန်ဆန်ဝယ်ဖို့ စာချုပ်ချုပ်ထားသူတွေကို ၂၃ရက်နေ့ကတည်းက လယ်သမားဆီက ဘယ်လောက် ဝယ်ထားပြီလဲဆိုတဲ့စာရင်းတောင်းတယ်။ လေး၊ငါးမြို့နယ်ပဲ စာရင်းတက်လာတယ်။ ဒါသတ်မှတ်ဈေးနဲ့ မဝယ်ဘူးဆိုတာပြတာပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

အရန်ဆန် နွေစပါးဝယ်ယူရာတွင် ဆန်တန် ၁၀၀ စာချုပ်ချုပ်တိုင်း လယ်သမားဆီက စပါးတင်း ၁၀,၀၀၀ ဝယ်ယူထားသည့်စာရင်းပြရမည်။ အဆိုပါစပါးကိုလည်း တင်းတစ်ရာလျှင် ကျပ် ၃၂၀,၀၀၀ ဈေးနှင့် ဝယ်ယူရမည်ဟုပါရှိသည်။ ယင်းသို့စာချုပ်ချုပ်ပြီးဝယ်ယူမှုမရှိသူများကို ဦးစွာသတိပေးပြီးနောက် ထိရောက်စွာအရေးယူမှုများပြုလုပ်သွားမည်ဟု သိရသည်။

နွေစပါးကို ကော်မတီက ချိတ်ဆက်ဝယ်ယူရာတွင် မြို့နယ်တွင်းရှိ တောင်သူများစုပေါင်း၍ ပမာဏတစ်ခုရရှိပါက မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းကို ဖြစ်စေ ကော်မတီကိုဖြစ်စေ တိုက်ရိုက်ချိတ်ဆက်ရောင်းချနိုင်သည်။

လက်ရှိ နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူရရှိထားမှုတွင် မိုးစပါး၌ စုစုပေါင်း ဝယ်ယူထားသည့်ပမာဏ၏ ၃၅ ရာခိုင်နှုန်း၊ နွေစပါးတွင်စုစုပေါင်းဝယ်ယူထားသည့်ပမာဏ၏ ၁၅ရာခိုင်နှုန်းသာ ကော်မတီက ရရှိထားကြောင်း သိရသည်။

မိုးစပါးအတွက် နိုင်ငံတော်အရန်ဆန်ဝယ်ယူရာတွင် မြို့နယ်ကော်မတီများဖွဲ့ပြီး တောင်သူများ ဆီမှ တိုက်ရိုက် တစ်တင်း ၄၆ ပေါင်ကိုက်ဖြင့် တင်းတစ်ရာလျှင် ကျပ် ၃၃၀,၀၀၀ နှင့် ဝယ်ယူခဲ့သည်။ စက်ပိုင်၊ ကုန်သည်များထံမှ ဝယ်ယူခြင်းမရှိပေ။ နွေစပါးကို အရန်ဆန်ဝယ်ယူရာတွင် မူလက ကုန်သည်၊စက်ပိုင်များမှတစ်ဆင့် ကော်မတီက ၂၅မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၃,၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ ယင်းသို့ ဝယ်ယူရာတွင် ဆန်တစ်တန်ဝယ်ယူလျှင် တောင်သူဆီမှစပါးတင်း၁၀,၀၀၀ ဝယ်ယူထားသည့်အထောက်အထားကို စာချုပ်ချုပ်ဆိုထားသည့် စက်ပိုင်၊ ကုန်သည်များက ဖော်ပြရမည်ဖြစ်သည်။

## နိုင်ငံခြားငွေလဲနှုန်း ပေါင်းစည်းရေးလုပ်ငန်းအောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ရန်လို

### Managed Floating Exchange Rate Regime ဖြင့် ဗဟိုဘဏ်မှ ဈေးကွက်၏ဈေးနှုန်းအပေါ် ထိန်းကျောင်းမှုစနစ်

**ဖူးပွင့်(အင်းယားမြေ)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်၍ ယခင်ကျင့်သုံးလျက်ရှိသော Multiple Exchange Rate မှ Managed Floating Exchange Rate Regime အား စတင်ကျင့်သုံးလျက်ရှိသည်။

AD လိုင်စင်ရရှိထားသော ဘဏ် ၁၁ ဘဏ်၏ ဝယ်လို/ရောင်းလိုအား (Supply & Demand)နှင့် ပြင်ပဈေးကွက်အခြေအနေအပေါ်မူတည်၍ Auction ပြုလုပ်ကာ ဈေးနှုန်းအား သတ်မှတ်ခြင်းဖြစ်သည်။ သတ်မှတ်သောနှုန်းသည် ဗဟိုဘဏ်၏ Reference Rate ဖြစ်၍ ၎င်းအပေါ် မူတည်ပြီး MC လိုင်စင်ရထားသော ဘဏ်များမှ ±0.8% အတွင်း ဝယ်/ရောင်းကြရန် ဗဟိုဘဏ်မှ ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

AD လိုင်စင်ရဘဏ်များရှိ အမေရိကန်ဒေါ်လာငွေအား Account Transfer ဖြင့် ကုမ္ပဏီများသို့လည်းကောင်း၊ ဘဏ်အချင်းချင်းသော်လည်းကောင်း၊ သတ်မှတ်သောနှုန်း Reference Rate ±0.3% ဖြင့် ရောင်း/ဝယ်နိုင်ကြောင်း၊ ဗဟိုဘဏ်မှ ၃. ၄. ၁၂ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်ထားသည်။ လက်ရှိ ဈေးနှုန်းအရ တွက်ချက်မည်ဆိုပါက ၇. ၅. ၁၂ ရက်တွင် CBM Rate 824 K ဖြစ်၍ Earnings ဟု ယခုခေါ်ကြသော ပို့ကုန်ရငွေကဲ့သို့ သုံးစွဲ၍ ရငွေတန်ဖိုးမှာ 821 နှင့် 827 K ကြား တန်ဖိုးဖြင့် ရောင်းချရမည်ဖြစ်သည်။ ထိုသို့ရောင်းချရာတွင် ပို့ကုန်ရငွေ(နိုင်ငံခြားငွေ) လိုအပ်သော ကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်နှင့် ချိတ်ဆက်ပြီး မိမိဝယ်လိုသော ပမာဏအား ဝယ်ယူလိုသော ကုမ္ပဏီ၏ Account သို့ Transfer လုပ်၍ လွှဲပြောင်းပေးခြင်းဖြင့် အရောင်းအဝယ်ဖြစ်မည် ဖြစ်ပါသည်။ Account Transfer ဖြင့် ရောင်းဝယ်ခွင့်ပြုခြင်းဖြင့် မလိုလားအပ်သော အချိန်ကြန့်ကြာမှု၊ ငွေသားများ ထုတ်ယူသယ်ဆောင်ရောင်းဝယ်ရသော ကိစ္စရပ်များ လျော့ပါးပြီး လုံခြုံစိတ်ချမှုကို ရရှိစေမည် ဖြစ်သည်။ ယခင်ကဲ့သို့ Export Earning ဈေးနှုန်းဟူ၍ Customer များ၏ လိုအပ်ချက်အပေါ်မူတည်၍ ဈေးနှုန်းများကို လိုသလို ကစားခြင်းစနစ်လည်း ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေဈေးနှုန်း တည်ငြိမ်ရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးလုပ်ငန်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဘဏ်လုပ်ငန်းလုပ်ကိုင်နေသော ပုဂ္ဂလိကဘဏ်များအနေဖြင့် Policy ကို နားလည်ပြီး ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု ဗဟိုဘဏ်မှ အရာရှိတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးနှင့် ပတ်သက်၍ တားမြစ်ကန့်သတ်ချက်များအား အဆင့်ဆင့်လျှော့ချပေးနေမှုအပေါ်တွင် အခွင့်အရေးယူခြင်းမရှိဘဲ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ပြီး မူဝါဒများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ဗဟိုဘဏ်၊နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။

## ပွဲဈေးနှုန်းများလည်းကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၅**

ဘုရင့်နောင်ကုန်စည်ဒိုင် ပွဲအရောင်းအဝယ်ဈေးကွက်တွင် သင်္ကြန်ပြီးကာလမှစ၍ အရောင်းအဝယ်အေးနေသောကြောင့် ဈေးနှုန်းများမှာလည်း ယခုရက်ပိုင်းတွင် ကျဆင်းနေကြောင်း ကုန်စည်အရောင်းအဝယ်ဈေးကွက်မှ ပွဲကုန်သည်များက ပြောသည်။

"အဓိကကတော့ အရောင်းအဝယ်နည်းလို့ ဈေးတွေကျလာတယ်ပြောရမယ်။ ဈေးတွေလည်း ဒီရက်ပိုင်းကျလာတယ်။ နိုင်ငံခြားဝယ်လက်လည်းနည်းနေတာကြောင့်ပါတယ်"ဟုပွဲကုန်သည်တစ်ဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ယခုမေ ၄ ရက်က အရောင်းအဝယ်ပြုလုပ်သော ပွဲဈေးနှုန်းများမှာ မတ်ပဲ RC မှာ ၁ တန်လျှင် ၃၉၅,၀၀၀-၆,၀၀၀ကျပ်၊ SQRC မှာ ၁ တန်လျှင် ၄၄၁,၀၀၀ကျပ်၊ ပဲစင်းငုံမှာ ၁ တန်လျှင် ၄၁၅,၀၀၀- ၆,၀၀၀ကျပ်၊ ခရမ်းရွှေဝါပဲတီစိမ်းမှာ အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၆၃,၀၀၀-၆၆,၀၀၀ ကျပ် ဈေးရှိသည်။

"ဈေးက အတက်အကျနည်းတော့ အရောင်းအဝယ်လုပ်တဲ့သူလည်းနည်းတယ်။ ကုန်စည်ဒိုင်လာတဲ့သူကိုက နည်းတာ။ တချို့က ဘယ်ဈေးတွေဖွင့်လဲဘယ် ဈေးနဲ့အရောင်းအဝယ်လုပ်လဲကြည့်ပြီးတော့ ပြန်သွားကြတာ။ အရောင်းအဝယ်လုပ်တဲ့သူ နည်း တယ်"ဟု ကုန်စည်ဒိုင်၏ လက်ရှိ အနေအထားကို ပွဲကုန်သည်တစ်ဦးက ပြောသည်။

မတ်ပဲသည် နေ့စဉ်ကွန်တိန်နာ ၁၀ ပုံးဝန်းကျင် ပွဲအရောင်းအဝယ်ဖြစ်သော်လည်း ကျန်ပဲများမှာ ၅ ပုံးဝန်းကျင်သာ အရောင်းအဝယ်ရှိကြောင်း သိရသည်။ လတ်တလောအနေအထားအရ ဈေးကွက်အရောင်းအဝယ်နည်းနေသောကြောင့် ပွဲဈေးနှုန်းများမှာ ဆက်လက်ကျဆင်းနိုင်ကြောင်း ပွဲကုန်သည်အချို့က ခန့်မှန်းပြောကြားသည်။